www.burmeseclassic.com

# မင်းမြတ်သူရ

ရွှေလင်းယုန်



BURMESE CLASSIC

www.burmeseclassic.com

# မင်းမြတ်သူရ

ရွှေလင်းယုန်

တာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၅၄၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၅၂၅၀၅၀၇

၂၀၀၇ ခုနှစ် ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ

အမှတ်(၁၃) ၁၃ လမ်း၊ လသာမြို့နယ်၊

ရန်ကုန်

ပုံနှိပ်သူ . . . ဦး[illegible](၁၁၇၃) စေတနာOFFSET

အမှတ်(၁၃) (၁၃)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

မောင်ကျော်လှိုင်

စေတနာစာပေမှ

စီစဉ်ထုတ်ဝေသည်။

# မင်းမြတ်သူရ

## ရွှေလင်းယုန်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယာစန္ဒာကိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မဓနာသုခရွှေဇိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်ဓား
၈။ ဆားပုလင်းမင်းအောင်နှင့် ဓနမင်းဇော်သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူတာရာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးသားကောင်းမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးနိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပန္နလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းငွေ့တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်



www.burmeseclassic.com

www.burmeseclassic.com



၂၈။ မိုးမခရထားသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ပဲ့မချောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းကေရီ
၃၂။ ဂူမှာထပ်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ပွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူ့ဘားမောင်ဒဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် ဘာနော့ယက္ခ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့်မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးက်ခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဖိဝဖိုးရွှေလိုဏ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့်စိန်ပန်းနီနီ
၅၃။ ရေပြာဘိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမယ်ဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သဇင်မြိုင်

BURMESE CLASSIC

၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျမ်ဒါမင်းထင်နှင့်သေမင်းနာရီစင်
၆၁။ ခေါင်းမင်းရာဇာ
၆၂။ မောင်နှံဓူနုစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ဂျမ်ဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြည်လုံးကျော်
၆၇။ ယက္ခညီနောင်
၆၈။ တိမ်ကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်
၇၀။ လျှို့ဝှက်ကော်ဖော
၇၁။ အောင်ပင်လယ်ရွာစား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနောစကြာ
၇၄။ ရလေလိုလေ အိုတာရွေ
၇၅။ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၇၆။ မြေဖြူရှင်မ
၇၇။ ကျောက်စိမ်းအမိန့်တော်
၇၈။ လင်းနို့ဘုရင်
၇၉။ မြင်းရည်တက်သူ့ရဲကောင်း
၈၀။ ပတ္တမြားဆန်ကျီး အိုးပြည်တန်
၈၁။ ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
၈၂။ ရွှေနန်းတော်သို့သွားရာလမ်း



ယခုလထုတ်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

ထင်မြတ်သူ၏
နောက်ထွက်မည့်စာအုပ်များ



ရွှေမျက်နှာသခင်မ
လှူဝင်စားကျောင်းတော်
မိုးလုံးပြည့်လျှံ
အဖြူရောင်လွှင့်ပြင်
မှော်လင်းယုန်
ယောက်ျားတံခွန် လူရည်ချွန်
တောင်တော်ရှင်မ
မရှိခဲ့သောအရှင်
ရတနာမုံစိန်တိုး
ရဲမက်တော်
ရန်ကြီးအောင်
မြင့်မိုရ်တောင်တက်သမား
ကမ္ဘာကျော်မောင်သာ
အမုန်းဝက်ပါ

## ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယိုရိုက်ကူးသောစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်မား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဓါးသမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရွာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးသားကောင်းမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကျီးညိုနှင့် တန်ခိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ မြေဝါတောင်နတ်မင်း
၁၂။ ဂူမှာထီးတစ်တောင်
၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေယကျွ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝဇိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၁၈။ လနတ်သမီး
၁၉။ ဒေါင်းမင်းရာဇာ

www.burmeseclassic.com

www.burmeseclassic.com


၂၀။ နေနဲ့လနှစ်ပါးဆိုင်

၂၁။ မောင်နဲ့ခုနှစ်ဖော်

၂၂။ ပျောက်သောသူ ရှာလျှင်တွေ့

၂၃။ မိုးကြိုးတံခွန်

၂၄။ ပွဲလက်မောင်နှမ

၂၅။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်

၂၆။ ပွဲမပြောက်မိုးနတ်မယ်

၂၇။ နတ်သမီးရှင့် ရွှေခေါင်းလောင်း

၂၈။ လိုတရ ကံကြီးရှင်

၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ

၃၀။ တိမ်ကြားမင်းခေါင်

၃၁။ တစ်ကျွန်းပြန် ဘိုးမှန်

၃၂။ ယက္ခညီနောင်

၃၃။ ပန်းကိုးပွင့်ဒေဝီ

၃၄။ အောင်ပင်လယ်ရွာစား

၃၅။ လေးကျွန်းမောင်ကြီး

၃၆။ နေမင်းစေတမန်

၃၇။ ရလေ လိုလေ အိုတာရွှေ

၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်

၃၉။ သူရိယစန္ဒာကိုထီး

၄၀။ မြေဖြူရှင်မ

၄၁။ မြင်းရည်တက်သူရဲကောင်း

၄၂။ ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန်




❐ ငွေရှာမရလို့

စိတ်ညစ်လာရင်

ရိုးသားကြိုးစားပြီး

ကတိသစ္စာတည်ကြည်အောင် (လေးလေးနက်နက်)

နေကြည့်စမ်းပါ။

ငွေက အလိုလို

သင့်ရှေ့ကိုရောက်လာပါလိမ့်မယ်။

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ညသည်၌ နယ်မြို့လေးတစ်မြို့ရှိ ကျားသုံးကောင်ဟု အမည်တွင်သော စားသောက်ဆိုင်ကြီးတွင် လူများနှင့် စည်စည်ကားကားရှိနေလေ၏။

ကျားသုံးကောင် စားသောက်ဆိုင်ကြီးသည် မြို့စွန်တွင်ရှိပြီး အုတ်ဖြင့်ပြုလုပ်ထားသော သုံးထပ်အဆောက်အအုံကြီးဖြစ်၏။ ထိုစားသောက်ဆိုင်၏။ ပိုင်ရှင်မှာ တရုတ်သူဌေး ကျင်ဝှက်ဆိုသူဖြစ်ပြီး သူသည် လွန်စွာအလှအပကြိုက်သူဖြစ်သဖြင့် ညသို့ရောက်သည်နှင့် ဆိုင်၏ပတ်ပတ်လည်တွင် ရောင်စုံမီးများ ထွန်းညှိလေ၏။

ဆိုင်ပတ်ဝန်းကျင်ရှိ သစ်ပင်များတွင်လည်း မီးရောင်စုံများ ထွန်းညှိထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ညသို့ရောက်သည်နှင့် ကျားသုံးကောင် စားသောက်ဆိုင်ရှေ့သို့ ဖြတ်သန်းသွားလာသူများသည် ဆိုင်ကြီးကို ငေးမောကြည့်ဘဲ မနေနိုင်ချေ။

တရုတ်သူဌေးကျင်ဝှက်သည် အစားအသောက်နှင့်တွဲဖက်၍ အရက်ကိုပါရောင်း၏။

ထို့ပြင် စီးပွားရေးအကွက်မြင်သူဖြစ်သဖြင့် ကျားသုံးကောင် စားသောက်ဆိုင်ကြီး၏ အပေါ်ထပ်တွင် မိန်းမချောင်များကို ခေါ်ယူ၍ တွေ့ဆုံဆွေးနွေးထား၏။

ထိုအခါ ပျော်ရွှင်လိုသူတို့အတွက် ကျားသုံးကောင် စားသောက်ဆိုင်ကြီးသည် နတ်ဘုံနတ်နန်းတမျှ ဖြစ်နေလေ၏။

ထို့ကြောင့် အပျော်ရှာလိုသူတို့၏ ပါးစပ်များတွင် ကျားသုံးကောင် စားသောက်ဆိုင်ကြီးသည် ကျော်ကြား၏။

တရုတ်သူဌေး ကျင်ဝှက်၏ အစီအမံကောင်းမှုကြောင့် ကျားသုံးကောင်စားသောက်ဆိုင်ကြီး၏ ဂုဏ်သတင်းသည် အနီးအနား မြို့များသို့တိုင် ကျော်ကြား၏။

ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်အစိုးရလက်ထက်ဖြစ်သဖြင့် မြို့အုပ်၊ အရေးပိုင် စသော လူများသည် ကျားသုံးကောင်ဆိုင်ကြီးကို မမြင်ဟန်ဆောင်ထားကြ၏။

၎င်းတို့ကိုယ်တိုင် ထိုဆိုင်ကြီးသို့ သွားရောက်၍ နတ်စည်းစိမ်ကို ခံစားကြ၏။



ထိုအခါ တရုတ်သူဌေးကျင်ဝှက်ကလည်း ကြေးရှူးသိတတ်စွာဖြင့် နတ်ဘုံ နတ်နန်းသဖွယ် ပျော်ချင်တိုင်းပျော်စေ၏။ ထို့အတွက် အခကြေးငွေတစ်ပြားတစ်ချပ်မှ မပေးရဘဲ အိမ်အပြန်လက်ဆောင် ပစ္စည်းများပင် ပြန်ပေး၏။

ထို့ကြောင့် ဗြိုဟ်ကရက်အရာရှိကြီးများသည် ကျား သုံးကောင်ဆိုင်ကြီးကို မမြင်ဟန် မကြားဟန်ပြုထားကြ၏။

ကျားသုံးကောင်စားသောက်ဆိုင်ကြီး၏ အောက်ထပ်တွင် အရက်နှင့် စားသောက်ဖွယ်ရာများကို ရောင်းချပေး၏။ ဆိုင်၏ ဒုတိယထပ်တွင် အနီးအနားမြို့များမှ လာရောက်ပျော်ပါးလိုသူများ အတွက် တည်းခိုနိုင်ရန် အခန်းများရှိ၏။

ဆိုင်၏ အပေါ်ဆုံးထပ်တွင်မူ ချောမောလှပသော နတ်သမီး လေးများကို ထားရှိလေ၏။

တရုတ်သူဌေးကျင်ဝှက်ကမူ ဆိုင်ကြီး၏ အပေါ်ဆုံး ခေါင်မိုးပေါ်တွင် သီးခြားအိမ်ငယ်လေးတစ်လုံး ဆောက်လုပ်နေထိုင်၏။

ထိုအိမ်လေး၌ အိမ်ရှင်မ မရှိသေးချေ။ ထိုအိမ်ရှင်မနေရာ အတွက် နတ်သမီးလေးများက တစ်လှည့်စီ ပြုလုပ်ပေးကြ၏။

ကျင်ဝှက်နှင့် ရင်းနှီးသူများက ၎င်းကို ပယောဂဆန်သူတစ်ဦး ဟု ထင်မှတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ကျင်ဝှက်သည် မိန်းကလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းပြုသော်လည်း ၄င်းတို့နှင့် ရောရောနှောနှော နေထိုင်လေ့မရှိချေ။

ကျင်ဝှက်သည် အရက်နှင့် စားသောက်ဖွယ်ရာများကို လည်း မက်မောတွယ်တာခြင်း မရှိ။ ကျင်ဝှက်ဘဝတွင် အရေးကြီးဆုံး အရာမှာ ငွေပင်ဖြစ်၏။

သူသည် ငွေကိုသာ ကိုးကွယ်၏။ ငွေကိုအလွန်ချစ်သော ကြောင့် ငွေရမည်ဆိုလျှင် မည်သည့်အလုပ်ကိုမဆို လုပ်၏။

ကျင်ဝှက်နှင့် အနီးကပ်နေထိုင်သူများက ကျင်ဝှက်သည် မိသားစုမရှိ၊ တစ်ကိုယ်တည်းနေထိုင်သော်လည်း အဘယ်ကြောင့် ငွေမက်လောဘကြီးနေသနည်းဟု မေးခွန်းထုတ်ကြ၏။

ထိုအခါ ကျင်ဝှက်က မှေးစင်းသော မျက်လုံးများ ဝိတ်အောင် တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား… ကျင်ဝှက်ဘဝမှာ ငွေထက် အရေးကြီးတာ ဘာမှမရှိဘူး။ ကျင်ဝှက်ရဲ့ မိသားစုဟာ ငွေပဲ၊ ကျင်ဝှက်ရဲ့မိန်းမယားဟာလည်း ငွေပဲ၊ ကျင်ဝှက်ဟာ ငွေနဲ့ ကင်းကွာလို့မရဘူး။ ဒါကြောင့် ငွေရဲ့နေရာမှာ ဘယ်သူ့ကိုမှ အစား ထိုးလို့မရဘူး "

ဟု ပြောလေတော့၏။





ကျားသုံးကောင်ဆိုင်ကြီး၏ အနောက်တွင် ထင်းနှင့် အာလူး၊ ကြက်သွန် စသည်တို့ကို သိုလှောင်သော ဂိုဒေါင်ငယ်လေး တစ်လုံးရှိ၏။

ညသို့ရောက်သောအခါ ထိုဂိုဒေါင်ငယ်လေး၏ လှေကား ထစ်များတွင် မှောင်ရိပ်ကျ၍ နေလေ၏။

ထိုမှောင်ရိပ်လေးကို ခိုကပ်၍ အိပ်စက်နေသော လူငယ်လေး တစ်ဦးလည်း ရှိ၏။

ထိုလူငယ်လေးမှာ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်၍ တစ်မြို့လုံး က သူ့ကို မိုးမြေဟု ခေါ်ကြ၏။

မိုးမြေသည် မိကိုးရာမဲ့ ဆင်းရဲလွန်းသဖြင့် တစ်မြို့လုံး၏ အမိုးမဲ့ ဘုံကျွန်လေးဘဝဖြင့် နေထိုင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်နေ့လုံး ဘုံကျွန်အလုပ်များကို လုပ်ကိုင်၍ ညသို့ရောက်လျှင် ကျားသုံးကောင်စားသောက်ဆိုင်သို့ ပြန်လာခဲ့၏။

စားသောက်ဆိုင်အနောက်ရှိ မှောင်ရိပ်ကျသော လှေကားထစ်များသည် သူ၏ နားခိုရာဖြစ်၏။ မိုးမြေသည် ထိုနေရာလေးတွင် လှဲအိပ်၍ မီးရောင်စုံလင်းထိန်နေသော စားသောက်ဆိုင်ကြီးကို ငေးကြည့်နေတတ်၏။

ထိုဆိုင်ကြီးသို့ ငွေကြေးတတ်နိုင်သူများ လာရောက်စားသောက်ကြ၏။ မြူးတူးပျော်ပါးကြ၏။ စည်းစိမ်ဥစ္စာရှိသူတို့အတွက် ထိုနေရာသည် နတ်ဘုံနတ်နန်းသဖွယ် မှတ်ယူနိုင်ကြ၏။

သူသည် တစ်ခါတစ်ရံတွင် စားသောက်ဆိုင်ကြီးအနီးသို့ တိုးကပ်၍ စားသောက်နေသူများကို ပြတင်းပေါက်မှ ချောင်းမြောင်းကြည့်ခဲ့ဖူး၏။

ထိုသူများအားလုံး အကောင်းဆုံးဟင်းလျာများကို မှာယူစားသောက်ပြီး အရက်သေစာများကို မှာယူစားသောက်ကြ၏။

ထိုထက်ပို၍ ပျော်ရွှင်မြူးတူးလိုသူများသည် ဆိုင်ကြီး၏ အပေါ်ဆုံးထပ်သို့ တက်ကြ၏။

ဆိုင်သို့ ရောက်လာသူအားလုံး ပျော်ရွှင်မြူးတူးနေပြီး မိမိဘဝနှင့် ကွာခြားလှ၏။

အဘယ်ကြောင့် ဤမျှကွာခြားနေသည်မသိ။ သူတို့အားလုံး ပျော်မြူးနေချိန်တွင် မိမိတစ်ကိုယ်တည်း မှောင်ရိပ်ထဲတွင် အထီးကျန်





နေသလိုရှိ၏။

မိုးမြေသည် အိပ်လို့မရသည့်အခါတိုင်း ကျားသုံးကောင်ဆိုင်ကြီးကို ကြည့်၍ အတွေးနယ်ချဲ့နေတတ်၏။

ယနေ့ညလည်း အိပ်မရသဖြင့် ဆိုင်ကြီးသို့ ငေးမောရင်း ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း ကွာခြားပုံအကြောင်းကို တွေးတောနေမိ၏။

ထိုအခိုက်မှာပင် စားသောက်ဆိုင်အနောက်ရှိ တံခါးပွင့်သွားပြီး ဝိန်လိုလိုလူကြီးတစ်ဦးသည် မိုးမြေရှိရာသို့ လျှောက်လှမ်းလာ၏။

၄င်းမှာ ကျားသုံးကောင်စားသောက်ဆိုင်ကြီးတွင် အလုပ်လုပ်နေသော ဦးသော်ကောင်းဆိုသူဖြစ်၏။

အဘိုးကြီးသည် စိတ်သဘောထားကောင်းမွန်ပြီး မိုးမြေကို သနားကရုဏာသက်ဟန်ဖြင့် ထမင်းကျန် ဟင်းကျန်များကို ကျွေးတတ်၏။

ဦးသော်ကောင်းသည် မှောင်ရိပ်ထဲတွင် ထိုင်နေသော မိုးမြေရှေ့တွင် ရပ်လိုက်ပြီး

" မအိပ်သေးဘူးလား မိုးမြေ၊ မင်းအတွက် ကြာဇံနဲ့ ခေါက်ဆွဲကြော်တွေ ယူလာတယ် "

ဟု ပြောလေ၏။ မိုးမြေက ခေါက်ဆွဲထုပ်ကို လှမ်းယူလိုက်ပြီး

" မအိပ်သေးပါဘူး အဘရယ်၊ ဒီနေ့ည ဗိုက်ဆာနေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ၊ ခေါက်ဆွဲကြော်တွေ တဝကြီးစားရတော့မယ်၊ အခုလို စောစောနာထားပြီး ကျွေးမွေးတာ ကျေးဇူးတင်ပါတယ် ”

ဟု ပြောလေ၏။ ထိုအခါ ဦးသော်ကောင်းဆိုသော အဘိုးကြီးက သက်ပြင်းချ၍

“ ဆိုင်မှာပိုလျှံတဲ့ အစားအစာတွေကို လူလေးစားတော့လည်း အကျိုးမဲ့မဖြစ်ဘူးပေါ့ကွာ ”

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက

“ ကျွန်မစားလည်း အကျိုးမဲ့ပါဘူး အဘရယ်၊ အမိုက်ကောင်းထဲရောက်ရင် ဇွတ်ကျားတို့၊ ခွေးနက်တို့ စားလို့ရတာပေါ့၊ တကယ်တော့ ဒီအချိန်မှာ သူတို့လည်း ဆာလောင်နေမှာပါ ”

ဟု ပြောလေ၏။

ထိုအခါ ဦးသော်ကောင်းက မိုးမြေကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

“ ဘာပဲဖြစ်ဖြစ် အဘပေးထားတဲ့ အစားအစာတွေကို လူကလေး စားလိုက်ပါ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် လူကလေးရဲ့ ဝမ်းစီးငြိမ်းသွားပြီပေါ့၊ အဘသွားတော့မယ် ”

ဟု ပြောကာ မှောင်မိုက်ထဲမှ ကျားသုံးကောင်စားသောက်ဆိုင်ကြီးဆီသို့ ပြန်လည်ထွက်ခွာသွားလေ၏။

မိုးမြေသည် မိုက်ထဲတွင် ဆာလောင်သလိုရှိသဖြင့် ဦးသော်





ကောင်း ရွှန်းကြဲသော ခေါက်ဆွဲကြော်များကို တဝကြီးစားလိုက်လေ၏

နောက်တစ်နေ့တွင် မိုးမြေသည် မြို့ထဲရှိ ကျောင်းဆရာကြီး၏ နေအိမ်ကို ပြင်ဆင်ရာတွင် ကူညီလုပ်ကိုင်ပေးရန်သွားလေ၏။ ကျောင်းဆရာကြီးသည် လွန်စွာကပ်စေးနည်းလှသဖြင့် အခကြေးငွေမပေးဘဲ ထမင်းစားချိန်သို့ရောက်သောအခါ ငါးရည်၊ တို့စရာဖြင့် နယ်ဖတ်ကျွေးမွေး၏။

ညနေစောင်းသောအခါ မိုးမြေစားသောစက်ရန် ဝဲကြီးလှော်တစ်ထုပ်ပေးလိုက်ပြီး အိမ်သို့ပြန်နိုင်းလေ၏။

မိုးမြေသည် ကျောင်းဆရာကြီးကို မြူစူခြင်းမရှိဘဲ ကျားသုံးကောင် စားသောက်ဆိုင်ကြီးကို ပြန်ခဲ့လေ၏။

ဆိုင်သို့ရောက်သောအခါ ဦးသော်ကောင်းက စောင့်ကြို နေပြီး

“ လူလေး… မင်း ဒီနေ့တော်တော်စောဝါလား၊ မင်းကို တွေ့ချင်လို့ စောင့်နေတာ အတော်ပဲ ”

ဟုပြောလေ၏။ မိုးမြေက ဦးသော်ကောင်း၏စကားကြောင့် ရုတ်မှောင်ကြုတ်၍

“ ကျားသုံးကောင်မှာ သူဌေးကျင်ဝှက် စိတ်ညစ်ရတဲ့ လူတစ်ယောက်ရောက်နေတယ်၊ သူ့တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော် ဖြစ်ပြီး မနက်ဖြန်သေရတော့မဲ့ အမှုအရာပေါက်နေပေ့ါ ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖို့ လုံးဝမကြိုးစားဘူး၊ အတော်ခေါင်းမာတဲ့ လူပဲကွာ "

ဟု ပြောလေ၏။ ထိုအခါမိုးမြေက နားမလည်ဟန်ဖြင့် ကြည့်၍

" ဒီလူဟာ ကျားသုံးကောင်ကို ဖျော်ပါဖို့ ရောက်လာတာ မဟုတ်ဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးသော်ကောင်းက ခေါင်း ခါယမ်း၍

" မဟုတ်ဘူးကွ၊ သူ့လိုလူမျိုးနဲ့ ကျားသုံးကောင်ဟာ လုံးဝမအပ်စပ်ဘူး၊ သူဟာ ကျားသုံးကောင်ကို တည်းခိုဖို့သက်သက်နဲ့ ရောက်လာတာကွ၊ ကျားသုံးကောင်မှာ အရက်သောက်ဖို့ မိန်းမတွေ ရှိတာကို သူစိတ်ဝင်စားပုံမရဘူး၊ သူ့ရဲ့အမူအရာဟာ ဒါမျိုးတွေ လိုက်စားတဲ့ အမူအရာလည်းမရှိဘူး "

ဟု ပြောလေ၏။ မိုးမြေက စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

" သူ့မှာ ငွေမျိုးအလိုင်းအဝိုင်းလည်း ရှိပုံမရဘူးလား"

ဟု ပြောလေ၏။ ထိုအခါ ဦးသော်ကောင်းက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီလူဟာ ငွေမဲ့မျိုးမဲ့တစ်ယောက် ဖြစ်လိမ့်မယ်၊ တကယ်တော့ ကျားသုံးကောင်ကို ဒီလူရောက်လာတာ သူ့ရဲ့ရောဂါအခြေအနေဆိုးလွန်းလို့ကွ၊ ငါ့အထင်တော့ ဒီလူဟာ သေလောက်တဲ့ ရောဂါတစ်ခုရှိပုံရတယ်၊ ဆေးဆရာခေါ်ဖို့ပြောတာ လည်း မရဘူး၊ သူဟာ တစ်ချိန်လုံး သွေးတွေအန်နေတယ်၊ အခန်းထဲ



မှာလည်း ခေါခေါပြိုလဲကျတယ်၊ ဒါကြောင့် သူ့ကို စောင့်ကြည့်ဖို့ လူတစ်ယောက်လိုတယ်၊ သူ့ရွှေးကျင်ဝှက်ကတော့ သူ့ကို အတော် စိတ်ညစ်နေပြီ "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက မျက်မှောင်ကြုတ်၍

" ဒီလူကြီးမှာ သူ့ရွှေးကျင်ဝှက်ကို ပေးဖို့ ပိုက်ဆံလုံလုံ လောက်လောက်ပါရဲ့လား "

ဟု မေးမြန်းလေ၏။ ဦးသော်ကောင်းကသက်ပြင်းချ၍

" ဒီလူကြီးမှာ ငွေရေးကြေးရေးတော့ ပြေလည်ပုံရတယ်ကွ၊ သူဟာ သူ့ရွှေးကျင်ဝှက်ကို တစ်လစာငွေတွေ ကြိုပေးထားတယ်၊ ဒါကြောင့် လူလေးသူ့ကို စောင့်ရှောက်ပေးလိုက်ပါကွာ ကုသိုလ် ရပါတယ် "

ဟု ပြောလေ၏။

မိုးမြေသည် လူငယ်တစ်ယောက်ဖြစ်သော်လည်း သူတစ်ပါး၏အခက်အခဲကို ကူညီလိုစိတ်ရှိ၏။ ထို့ကြောင့် ဒုက္ခရောက်နေသော သူကို ကူညီရန် ဆုံးဖြတ်လိုက်ပြီး

" ဒါဆိုရင်လည်း ကျွန်ုပ်ကူညီပါ့မယ် အဘရယ်၊ ဒီလူကြီး ဆီကို အခုပဲ သွားကြရအောင် "

ဟု ပြောလေ၏။

ထို့နောင်တွင်မူ မိုးမြေသည် အဘိုးကြီး ဦးသော်ကောင်းနှင့်အတူ ကျားသုံးကောင်စားသောက်ဆိုင်ကြီးအတွင်းသို့ လိုက်ပါလေ၏။

www.burmeseclassic.com



တောသောက်ဆိုင်အတွင်းရှိ အခန်းငယ်လေးတွင် လွန်စွာပိန်လှီပြီး အားအင်ချိနဲ့နေသော လူကြီးတစ်ဦးကို တွေ့ရလေ၏။

ဦးသော်ကောင်းက မိုးမြေကို လက်ညှိုးထိုးပြ၍

“ ခင်ဗျားကို ပြုစုဖို့ သူ့ကို ခေါ်ထားလိုက်ပါ၊ ဒီကောင်လေးက စိတ်သဘောထားသိပ်ကောင်းတယ် ”

ဟု ပြောလေ၏။ ထိုအခါ ပိန်လှီလှီလူကြီးက မျက်မှောင်ကြုတ်ကြည့်၍

“ မလိုပါဘူး၊ ကျုပ်အနားမှာ ဘယ်သူမှရှိဖို့မလိုဘူး။ ကျုပ်တစ်ယောက်တည်း အေးအေးနေချင်တယ်၊ ခင်ဗျားတို့ အခန်းထဲက ထွက်သွားကြ ”

ဟု မောင်းနှင်ထုတ်လေ၏။

မိုးမြေသည် ထိုလူကြီးကို ဂရုဏာသက်သွားပြီး အနီးသို့ တိုးကပ်သွားကာ

“ ဦးလေး... ကျုပ်က တစ်မြို့လုံးရဲ့ခိုင်းဖတ်ကောင်လေး တစ်ယောက်ပါ၊ ကျုပ်မှာ မိဘဆွေမျိုးလည်းမရှိဘူး၊ နေစရာအိမ်လည်း မရှိဘူး။ ညဆိုရင် ဒီဆိုင်အနောက်က လှေကားထစ်လေးမှာ အိပ်ရတယ်၊ ဒါပေမဲ့ ကျုပ်ကိုယုံပါ၊ ကျုပ်က တစ်မြို့လုံးကလူတွေကို စေတနာထားတယ်၊ သူတို့မှာ အခက်အခဲဖြစ်ရင် ကူညီပေးတယ်၊ ခိုင်းစရာရှိရင် ငွေရေးကြေးရေးကို မမျှော်ကိုးဘဲ ဝိုင်းကူလုပ်ပေးလိုက်တယ်၊ ကျုပ်ကူညီလိုက်လို့ သူတို့စိတ်ချမ်းသာသွားရင် ကျေ





တယ်၊ ဒါကြောင့် ဦးလေး နေမကောင်းဖြစ်နေတာကိုလည်း ကူညီပါရစေ ”

ဟု ပြောလေ၏။ ထိုအခါ လူကြီးက မိုးမြေ၏မျက်နှာကို သေချာကြည့်လိုက်ပြီး

“ မင်းဟာ တစ်မြို့လုံးရဲ့ခိုင်းဖတ် နင်းပြားကောင်လေး တစ်ယောက်ပေါ့ ”

ဟု ရေရွတ်လေ၏။ မိုးမြေကခေါင်းညိတ်၍

“ ဟုတ်ပါတယ် ဦးလေးရယ်၊ ဒီတစ်မြို့လုံးမှာ ကျုပ်ထက် နိမ့်ကျတဲ့သူ မရှိပါဘူး ”

ဟု ပြောလေ၏။ မိုးမြေ၏စကားကို နားထောင်၍ လူကြီးက ချောင်းတဟွတ်ဟွတ်ဆိုးရင်း

“ ကောင်းပြီ၊ ဒါဆိုရင် မင်းကိုငါ့အနားမှာ ခေါ်ထားမယ်၊ အခကြေးငွေ ဘယ်လောက်ပေးရမလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ မိုးမြေက

“ တစ်ပြားမှ ပေးစရာမလိုပါဘူးဗျာ၊ ဦးလေး နေမကောင်းဖြစ်နေတာကို ကူညီပြီး ကျုပ်က ကုသိုလ်လိုချင်တယ်၊ ကျုပ်ကိုပေးရင် ကုသိုလ်တွေပဲပေးပါ ”

ဟု ပြောလေ၏။ မိုးမြေ၏စကားကြောင့် လူကြီး၏ မျက်လုံးများဝင်းလက်သွားပြီး

“ ကုသိုလ်ပဲပေးပါဟုတ်လား၊ မင်းရဲ့စိတ်ဓာတ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သွားပြီ၊ တကယ်တော့ ကုသိုလ်ဆိုတာ ပေးလို့ရတဲ့အရာ မဟုတ်ဘူးကွ၊ တောင်းယူလို့လည်း မရဘူး၊ ကိုယ်တိုင်လုပ်မှရတယ်၊ ကိုင်း… မင်း ငါ့အခန်းထဲမှာပဲ အိပ်ပေတော့၊ မင်းကို တစ်ခု ကြိုပြီးပြောထားရမယ်၊ ငါ့အကြောင်းကို ဘယ်တော့မှမမေးပါနဲ့၊ ဆေးကုဖို့လည်း မတိုက်တွန်းပါနဲ့၊ ငါ့ရောဂါကို ငါ့ဘာသာ ကုနိုင်တယ်၊ ဘယ်ဆေးဆရာမှ ကုစရာမလိုဘူး၊ နောက်ပြီးတော့ ငါ့ရောဂါဟာ ရှုမ်းနေပြီကွ၊ သိကြားမင်းဆင်းပြီးကုရင်တောင် မပျောက်နိုင်တော့ဘူး"

ဟုပြောလေ၏။

မိုးမြေသည် လောလောဆယ် လူကြီးနှင့် အငြင်းမပွားလိုသဖြင့် ခေါင်းညိတ်လိုက်ပြီး

" တောင်းပါပြီဗျာ၊ ဦးလေးပြောတဲ့အတိုင်း လိုက်နာပါ့မယ်၊ တကယ်တော့ ဦးလေး စိတ်ချမ်းသာဖို့သာ အရေးကြီးပါတယ် "

ဟုပြောလေ၏။

ထိုအခါ ဝိန်လိုလိုလူကြီးက ချောင်းတဟွတ်ဟွတ်ဆိုးရင်း

" သိပ်ဟုတ်တာပေါ့ကွာ၊ ဒီအချိန်မှာ ငါစိတ်ချမ်းသာဖို့ သိပ်လိုအပ်တာပေါ့ "

ဟုပြောလေ၏။

မိုးမြေသည် ထိုနေ့မှစ၍ ဖွကျသောလူကြီးအား ပြုစုစောင့်ရှောက်ပေးရ၏။





လူကြီးသည် လွှန်စွာအားနည်းနေပြီး တစ်ကိုယ်လုံး သွေးမရှိသကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။

သူသည် မကြာခဏ ချောင်းဆိုးတတ်ပြီး ချောင်းဆိုးလိုက်တိုင်း သွေးများပါလာတတ်၏။

မိုးမြေသည် လူကြီးကို စိတ်မသက်သာဟန်ဖြင့်ကြည့်၍

" ဦးလေးရောဂါ အခြေအနေအတော်ဆိုးနေပြီ၊ ဆေးဆရာတစ်ယောက်နဲ့ပြလိုက်ပါလား "

ဟုတိုက်တွန်းလေ၏။ ထိုအခါ လူကြီးက မျက်နှာကိုရှုံ့မဲ့၍

" မင်းရဲ့စေတနာကို ငါနားလည်တယ်၊ ငါခေါင်းမာနေတာ မဟုတ်ဘူးကွ၊ ငါက ဆေးပညာကိုနားလည်တဲ့ ဆေးဆရာတစ်ယောက်ကွ၊ ငါ့ရဲ့ဝေဒနာကို ငါအသိဆုံးပဲ၊ ငါ ဘယ်လိုမှ ဆေးကုလို့မရတော့ဘူး"

ဟုပြောလေ၏။

ထိုအခါ မိုးမြေက သက်ပြင်းချ၍

" ဦးလေးရောဂါက ဘာရောဂါမို့လို့လဲ "

ဟုမေးလေ၏။ ထိုအခါ လူကြီးက ခေါင်းခါယမ်း၍

" ငါ့ရောဂါက အဆိပ်မိတဲ့ရောဂါကွ၊ ဒီရောဂါက ဖြေဆေးမရှိဘူး၊ ဒီအဆိပ်ကိုဖြေချင်ရင် နှင်းဖုံးတောင်က ရှားပါးတဲ့ ဖန်းတစ်ပွင့်ကို စားရတယ်၊ အဆိပ်ဖြေဆေးကို လိုချင်ရင်လည်း အဲဒီပန်းကိုရမှ ဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ မိုးမြေက မောလျှဟန်ဖြင့် သက်ပြင်းချ၍

" ဒါဆိုရင် ဦးလေးကို ဘယ်သူအဆိပ်ခတ်တာလဲ၊ အဲဒီလူကိုရော ပုလိပ်က အရေးမယူဘူးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ပိန်လှီလှီလူကြီးက မိုးမြေကို မျက်မှောင်ကြုတ်ကြည့်၍

" ဟောကောင်… မင်းငါ့ကို ဘာဖြစ်လို့ မေးခွန်းတွေထုတ်တာလဲ၊ မင်း စည်းကမ်းချက်ကို ဖောက်ဖျက်တာလား "

ဟု ကြိမ်းမောင်းလေ၏။

မိုးမြေကလက်ကာပြ၍

" စိတ်မရှိပါနဲ့ ဦးလေးရယ်၊ ကျွန်ုပ်မှားသွားတယ်၊ ဦးလေး စကားကို စိတ်ဝင်စားလွန်းလို့ သတိလက်လွှတ် ဖြစ်သွားတယ်၊ နောက်ဆိုရင် ဦးလေးမကြိုက်တာ မပြောတော့ပါဘူး "

ဟုပြောလေ၏။

လူ့ဥစ္စာကြီးသည် မိုးမြေကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

" အေး… ဒီတစ်ခါတော့ ပထမဆုံးအနေနဲ့ မင်းကို ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ်တော့ မင်းကို လုံးဝ ခွင့်မလွှတ်ဘူး၊ အခန်းထဲက မောင်းအထုတ်ပဲ "

ဟု ပြောလေ၏။





လူကြီးသည် ထိုညက မိုးမြေနှင့် စကားမစပ်တော့ဘဲ အိပ်မောကျသွားလေ၏။ မိုးမြေသည် ထိုအခါမှပင် ခဏမျှ မှေးစက်ရ၏။

အရုဏ်တက်အချိန်သို့ရောက်သောအခါ လူကြီးအိပ်ရာမှ နိုးလာပြီး ချောင်းတဟွတ်ဟွတ်ဆိုးလာသဖြင့် မိုးမြေအိပ်ရာမှနိုးလာ၏။ လူကြီးသည် နံနက်စာအဖြစ် ဆန်ပြုတ်အနည်းငယ်ကိုစား၏။

ဆန်ပြုတ်စားပြီး ခဏကြာလျှင် အန်ထုတ်ပြန်၏။ လူကြီးသည် တဖြည်းဖြည်း အားအင်ချည့်နဲ့လာဟန်ရှိ၏။ မိုးမြေသည် ရောဂါဝေဒနာပြင်းထန်လာသည့် လူကြီးကို နားချမ်းမရသည့်အဆုံးတွင် ကရုဏာသက်စွာဖြင့်ပြုစုပေးလေ၏။

လူကြီးသည် ရောဂါဝေဒနာဆိုးဝါးလာသည်နှင့် အမျှ တစ်နေ့တခြား ဒေါသအိုး ပေါက်ကွဲလာ၏။ သို့သော် မိုးမြေက လူကြီးကို စိတ်ရှည်ရှည်ဖြင့် ပြုစုပေးလေ၏။

မိုးမြေသည်လူကြီးထံမှ အခကြေးငွေမရရှိသော်လည်း ဆွေမျိုးရင်းချာကဲ့သို့ သဘောထားကာ ပြုစုပေးရှာ၏။ လူကြီးသည် အားအင်ချည့်နဲ့နေသော်လည်း မိုးမြေအား အော်ဟစ်ကြိမ်းမောင်း၏။

မကျေမနပ်ဆဲဆိုပြီး မိုးမြေမခံနိုင်အောင် ပြောဆို၏။ မိမိသည် သေခါနီးလူတစ်ယောက်၏ နောက်ဆုံးခရီးကို ပြုစုပေးနေခြင်းဟု ယူဆထား၏။

ထို့ကြောင့် လူ့ဥစ္စာကြီးအား စိတ်မဆိုးဘဲ သည်းညည်းခံ



www.burmeseclassic.com

www.burmeseclassic.com



ပြုစုပေး၏။

မိုးမြေက လူကြီး၏အံဖက်များကို ကျူးရင်း

" ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေရတာလဲ၊ ဦးလေးက သေတော့မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်လည်း ဘဝကူး ကောင်းအောင် တရားစာလေး ဘာလေးရွတ်နေပါလား "

ဟု ပြောဆိုလေ၏။

ထိုအခါ လူကြီးက မိုးမြေကို မကျေမချမ်းကြည့်၍

" ဟေ့ကောင် ... မင်းငါ့ကို အထင်သေးလှချည်လား၊ ငါ့ကို သေခါနီး ဘုရားကြိုက်အောင် လုပ်မပြချင်တော့ဘူး၊ ငါဟာ ဒီဋ္ဌိကွ၊ ငါ့ထိုက်နဲ့ ငါ့ကံ ငရဲကိုပဲ ရောက်ပါစေတော့၊ ပျော်ပျော်ကြီး သွားလိုက်မယ် "

ဟု ပြောလေ၏။

သုန်ရှင်းရေးသမား အတိုးကြီးသည် မကြာခဏလာရောက် ကြည့်ရှုပြီး မိုးမြေအား အားပေးစကားပြော၏။

တရုတ်သူဌေးကျင်ဝှက်သည် လူ့ဌစာကြီးအား ကျား သုံးကောင်ဆိုင်ကြီးတွင် ဆက်လက်ထားချင်ပုံမရချေ၊ လူ့ဌစာကြီးက တစ်လစာငွေကိုပေးထားသဖြင့် ကျင်ဝှက်တစ်ယောက် အခက်တွေ့နေ လေ၏။

မည်သို့ပင်ဖြစ်စေ မိုးမြေသည် လူ့ဌစာကြီးအား ငြီးငြင်ခြင်း မရှိဘဲ တစ်ရက်ပြီးတစ်ရက် ပြုစုစောင့်ရှောက်ပေး၏။ သို့သော်





ထိုလူကြီး၏ အခြေအနေသည် တဖြည်းဖြည်း ပိုမိုဆိုးရွားလာ၏။

ထိုလူကြီးသည် အစားအသောက်ကိုပင် မဝင်တော့ဘဲ သွေး များ မကြာခဏ အန်ချနေ၏။ မိုးမြေ လူ့ဌစာကြီးကို ပြုစု စောင့်ရှောက်ပြီး ခုနစ်ရက်မြောက်သောနေ့တွင် ၄င်းက ပင်ပန်းကြီးစွာ ဖြင့် သွေးများကို အန်ချလိုက်ပြီး

" ငါ့ရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပြီ၊ သေမင်းနိုင်ငံကို သွားရတော့မှာပေါ့၊ ဘာပဲဖြစ်ဖြစ် မရောက်ဖူးတဲ့နေရာကို ပျော်ပျော် ကြီး သွားလိုက်တာ ကောင်းပါတယ်ကွာ၊ ဒီနေရာကို လူတိုင်းရောက် ကြမှာပဲ၊ မင်းကိုယ်တိုင် ငါ့နောက်ကို လိုက်လာရဦးမှာပါ၊ ငါ့အသက် ရှိသေးပြီး အမျိုးဇာတ်ကိုထိန်းသိမ်းနိုင်တဲ့အတွက် ငါကျေနပ်တယ်၊ ဒီမှာ ကောင်လေး၊ မင်းကို ငါ စောင့်ကြည့်နေတာကြာပြီ၊ မင်းမှာ တွေးခေါ် ...ခြင်နိုင်စွမ်းရှိတယ်၊ အရွယ်နဲ့မလိုက်အောင်လည်း စိတ်သဘောထား ...ကောင်းပြီး သည်းခံနိုင်စွမ်းရှိတယ်၊ ဒါကြောင့် မင်းကိုငါ တာဝန် ...ခု ပေးချင်တယ်၊ ငါ့ရဲ့တာဝန်ကို မင်းလက်ပြောင်းပြီး ယူလိုက်ပါ၊ ...ဒါဆိုရင် အန္တရာယ်နဲ့တွေ့ပြီး မင်း သေချင်သေသွားမယ်၊ ဒါပေမဲ့ ...င်းဘဝဟာ အဓိပ္ပါယ်ရှိသွားမှာပါ "

ဟဲ့ပြောလေ၏။

လူ့ဌစာကြီး၏ စကားကြောင့် မိုးမြေသည် စိတ်ဝင်စားသွား ...၏

" ဘဝမှာ အဓိပ္ပါယ်ရှိတယ်ဆိုတာ ဘာလဲ၊ အ...လာလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တော့ ကျုပ်ဘဝဟာ ဒမ်းရေးအတွက် တစ်နေကုန် သူများ ခိုင်းတာကို လုပ်ပေးနေရတာချည်းပဲ "

ဟုပြောလေ၏။

ထိုအခါ လူ့ငွစာကြီးက ချောင်းတဟွတ်ဟွတ်ဆိုးရင်း

" မောရတဲ့အထဲမှာ မင်းကိုရှင်းပြရဦးမယ်ကွာ၊ လူဟာ အသက်ရှင်နေသမျှ ကာလပတ်လုံး ကိုယ်တစ်ယောက်တည်းအတွက် အလုပ်မလုပ်ရဘူး၊ အများကောင်းကျိုးရှိမဲ့အလုပ်မျိုးကို လုပ်ရမယ်၊ ငါဟာ လူတွေရဲ့အသက်ကို ကယ်တင်ပေးရတဲ့ ဆေးဆရာ တစ်ယောက်ကွ၊ ငါ့ဘဝတစ်လျှောက်လုံး ငါ့ကိုယ်ကျိုးအတွက် ဆေး မကုခဲ့ဖူးဘူး၊ ကိုယ်ကျိုးထက် လူနာတွေရဲ့အကျိုးကိုပဲ ကြည့်ခဲ့တယ်၊ ဒါကြောင့် ငါ့ရဲ့ ဆေးဆရာဘဝတစ်လျှောက်လုံး ဆရာသက်ရှည် ဆိုပြီး အများရဲ့ကြည်ညိုလေးစားခြင်းကို ခံခဲ့ရတယ်၊ ဒါပေမဲ့ ငါ့ဆီကို မချော်လင့်ဘဲရောက်လာတဲ့ လူတစ်ယောက်ကြောင့်၊ ငါဟာ ဆေးဆရာဘဝကို စွန့်လွှတ်ပြီး စွန့်စားခန်းတွေဖွင့်ဖို့ ဖြစ်လာတယ်"

ဟု ပြောလေ၏။

မိုးမြေက လူ့ငွစာကြီးကို ကြည့်၍ စိတ်လှုပ်ရှားစွာဖြင့်

" ဦးလေး အသက်နဲ့လဲပြီး နောက်ဆုံးလုပ်ခဲ့တဲ့ အလုပ် ဆိုတာ ဘာလဲ၊ ကျုပ်ကို ပြောပြစမ်းပါ၊ ကျုပ်ဟာ ဦးလေး ပြောပြမှ ဘဝရဲ့ အဓိပ္ပာယ်ရှိခြင်းကို နားလည်သွားတယ်၊ ကျုပ်ဘဝ တစ်လျှောက်လုံး စားဝတ်နေရေးအတွက်ပဲ ရုန်းကန်နေခဲ့ရလို့





အဓိပ္ပာယ်ရှိတဲ့အလုပ်ကို မလုပ်ခဲ့ဖူးဘူး၊ ဒါပေမဲ့ ကျုပ်လူတွေကို စောင့်ရှောက်ထားတယ်၊ ကျုပ်ကြောင့် သူတစ်ပါး စိတ်ချမ်းသာအောင် နေခဲ့ကြိုးစားတယ် "

ဟု ပြောလေ၏။ ထိုအခါ လူ့ငွစာကြီးက ချောင်း တဟွတ်ဟွတ်ဆိုးရင်း

" မင်းစိတ်ဓါတ်က မဆိုးပါဘူး၊ အများအတွက် သယ်ပိုး ထိုက်ရှိသားပဲ၊ မင်းကို ငါ့ဘဝရဲ့ နောက်ကြောင်းရာဇဝင်ကို ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ၊ ငါကသေတော့မှာပဲ၊ လူလေး ငါ့ရဲ့ စကားကို နားထောင်ပါ၊ နောက်ပြီးတော့ ငါ့ရဲ့ မပြီးဆုံးသေးတဲ့အလုပ်ကို ဆက်လုပ်ပါ၊ ငါဟာ မြန်မာပြည်အထက်ပိုင်း မြင်းခြံမြို့မှာ ဆေးဆရာ ကြီး ဦးသက်ရှည်ဆိုပြီး သတင်းကြီးခဲ့တယ်၊ တစ်ညတော့ ငါ့ရဲ့ ဆေးခန်းထဲကို လူစိမ်းတစ်ယောက် ရောက်လာပြီး မူးလဲသွားတယ်၊ ငါဟာ လူနာကို စစ်ဆေးကြည့်တော့ လူနာရဲ့ရောဂါအခြေအနေဟာ ကုသလို့ ရတော့တဲ့ နောက်ဆုံးအဆင့်ကို ရောက်နေပြီဆိုတာသိလိုက်ရတယ်၊ ဒါပေမဲ့ ငါတတ်ကျွမ်းတဲ့ဆေးပညာကို အစွမ်းကုန်သုံးပြီး ကုသ လိုက်တဲ့အခါမှာ လူနာဟာ သေကံမရောက် သက်မပျောက်ဘဲ လူ့လောကမှာ ဆက်ပြီးနေထိုင်ခွင့်ရခဲ့တယ်၊ ငါဟာ အမည်မသိ လူစိမ်းကို ငါ့ရဲ့ဆေးတိုက်မှာပဲခေါ်ယူပြီး ဆေးကုသခဲ့တယ်၊ လူစိမ်းဟာ ဆေးကုသတဲ့အတွက် အခကြေးငွေလည်း ငါ့ကို မပေးနိုင်ခဲ့ပါဘူး၊ သူ့ရဲ့လွယ်အိတ်ထဲမှာ မှိုင်းခံစက္ကူနဲ့ရစ်ပတ်ထားတဲ့ ပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်တော့ မြန်မာဘုရင်တွေ ကိုင်ဆောင်ခဲ့တဲ့ သန်လျက်တစ်ချောင်းကို တွေ့လိုက်ရတယ်၊ ငါဟာ လူစိမ်းရဲ့လက်မှာ သန်လျက်တစ်ချောင်းကိုတွေ့ရတဲ့အတွက် အလွန်အံ့သြသွားခဲ့တယ်၊ သန်လျက်မှာပါတဲ့ ရှေးဆန်တဲ့ မြန်မာစာအရေးအသားကို လေ့လာဖတ်ကြည့်တော့ ပုဂံမင်းကိုင်ဆောင်ခဲ့တဲ့ သန်လျက်ဖြစ်ကြောင်း တွေ့လိုက်ရတယ်၊ သန်လျက်ဆိုတာ ငါတို့ မြန်မာဘုရင်တွေ ကိုင်ဆောင်ရတဲ့ မင်းမြောက်တန်ဆာငါးပါးထဲက တစ်ပါးအပါအဝင်ပဲ၊ ဒါကြောင့် ဒီသန်လျက်ကို ဘယ်မှာအခုံးချမလဲလို့ လေးလေးနက်နက် မေးမြန်းကြည့်တယ်၊ ဒီတော့မှ ဒီကောင်တွေရဲ့ ယုတ်မာပက်စက်တဲ့ အကြံအစည်ကို နားလည်သွားတယ်၊ လူနာဟာ ရှေးဟောင်းပစ္စည်းတွေကို အမဲလိုက်သလို လိုက်လံရှာဖွေနေတဲ့ စကြာဂိုဏ်းကြီးရဲ့အဖွဲ့ဝင်တစ်ယောက်ပဲ၊ စကြာဂိုဏ်းဟာ အင်မတန်လက်နက်အင်အား၊ လူအင်အား တောင့်တင်းတယ်၊ စကြာဂိုဏ်းထဲမှာ အရည်အချင်းရှိတဲ့လူတွေနဲ့ ပညာတတ်တဲ့လူတွေ အများကြီးပါတယ်၊ ဗျူဂိုကရက် အစရှိတချို့တောင် စကြာဂိုဏ်းထဲမှာပါတယ်လို့ သိရတယ်၊ ငါ့ရဲ့လူနာဟာ စကြာဂိုဏ်းထဲက သန်လျက်ကို ခိုးယူပြီး မျက်နှာဖြူအရာရှိ တစ်ယောက်ကို ရောင်းချမလို့ပဲ၊ ဒီကောင်တွေဟာ ငွေသာရမယ်ဆိုရင် ဘနဖူး သိုက်တူးမဲ့ကောင်တွေပဲ၊ မြန်မာဘုရင်ရဲ့ သန်လျက်ဟာ မြန်မာပြည်မှာပဲရှိသင့်တယ်၊ တိုင်းတစ်ပါးကို မရောက်သင့်ဘူး၊ ဒါကြောင့် ပုဂံမင်းကိုင်ဆောင်ခဲ့ဖူးတဲ့ သန်လျက်ကို





ငါ့အသက်နဲ့လဲပြီး ကာကွယ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒီအချိန်မှာပဲ စကြာဂိုဏ်းကလူတွေ သူတို့ ဂိုဏ်းဝင်ရှိတဲ့နေရာကို အနံ့ခံပြီးလိုက်လာကြတယ်၊ ဒီအချိန်ကစပြီး ငါဟာ ဆေးဆရာဘဝကို စွန့်လွှတ်ပြီး မြန်မာပြည်အနှံ့ လှည့်လည်ပြေးလွှားနေခဲ့ရတယ်၊ စကြာဂိုဏ်းသားတွေဟာ အင်အားတောင့်တင်းလွန်းလို့ ငါ့နောက်ကို နောက်ယောင်ခံပြီး လိုက်လာနိုင်ခဲ့ကြတယ်၊ ဒီလိုနဲ့ မြို့တစ်မြို့ကိုရောက်တော့ ငါဟာ ကံဆိုးချင်တော့ စကြာဂိုဏ်းသားတွေရောင်းတဲ့ ထမင်းဆိုင်ကိုမှဝင်ပြီး စားသောက်မိတယ်၊ စကြာဂိုဏ်းသားတွေဟာ ငါကို လုပ်ကြံချင်တဲ့ ရည်ရွယ်ချက်နဲ့ ဟင်းချိုထဲမှာ အဆိပ်ခတ်ပြီးသတ်ဖို့ လုပ်ကြံခဲ့တယ်၊ ဒါပေမဲ့ ငါဟာ ဆေးဆရာတစ်ဦးဖြစ်တဲ့အတွက် ဟင်းချိုထဲမှာပါတဲ့ အဆိပ်ကိုရိပ်မိပြီး၊ အကုန်အစင်မသောက်ဘဲ နောက်ဖေးပေါက်က ထွက်ပြေးခဲ့တယ်၊ ဒီအချိန်ကစပြီး ငါ့ရဲ့ရောဂါဝေဒနာတွေ တဖြည်းဖြည်း ဆိုးဝါးလာခဲ့တယ်၊ ငါဟာ စကြာဂိုဏ်းသားတွေ လက်ကလွတ်အောင် အရင်ကလို သွက်သွက်လက်လက် မပြေးလွှားနိုင်တော့ဘူး၊ ငါတတ်ကျွမ်းတဲ့ ဆေးပညာကို အသုံးပြုပြီး ကုသဖို့ ကြိုးစားပေမဲ့ စကြာဂိုဏ်းရဲ့အဆိပ်ဟာ ဖြေဆေးမရှိတဲ့အတွက် သေမဲ့နေ့ကိုပဲ စောင့်နေရတယ်၊ နောက်ဆုံးမှာ ပြေးလွှားရင်း ငါနဲ့ ဘယ်လိုမှ မသက်ဆိုင်တဲ့ ကျားသုံးကောင်လိုဆိုင်မျိုးကို ရောက်ခဲ့ရတာပဲ၊ တကယ်တော့ ကျားသုံးကောင်ဟာ ငါနောက်ဆုံး ခေါင်းချရမဲ့နေရာပါ၊ ဒီတော့ မင်းကို ငါမှာချင်တာက ပုဂံမင်းရဲ့သန်လျက်ကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်းခြားတိုမရောက်အောင် မင်းဆက်ပြီးတာဝန်ယူပါ၊ ငါကတော့ တာလွန်ဘဝကို သွားရတော့မှာပါ "

ဟု ပြောကာ လှူဒွစာကြီးသည် ချောင်တဟွတ်ဟွတ်ဆိုးကာ သွေးများ အန်ကျလေ၏။

မိုးမြေသည် လှူဒွစာကြီးပြောသော ပုဂံမင်းသန်လျက်ကြီးကို လွန်စွာစိတ်ဝင်စားနေပြီဖြစ်၏။ သူသည် အရွယ်ရောက်သည့် အချိန်မှစ၍ သူတစ်ပါး နိုင်းဖတ် အလုပ်များကိုသာ လုပ်ကိုင်ခဲ့ရ၏။ စားဝတ်နေရေးအတွက် ရုန်းကန်နေခဲ့ရ၏။ လှူဒွစာကြီးပြောသော အဓိပ္ပာယ်ရှိသည့် အလုပ်ဆိုသည်ကို စိတ်ဝင်စားနေမိ၏။ မြန်မာဘုရင်တစ်ပါး၏သန်လျက်သည် တိုင်းတစ်ပါးသို့ မရောက်ရှိသင့်ပေ။ ထို့ကြောင့် လှူဒွစာကြီးကို ကြည့်၍

" ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ကျုပ်လည်း ဦးလေးလိုပဲ သန်လျက်ကို စကြာဂိုဏ်းသားတွေ လက်ထဲမရောက်အောင် ကာကွယ်မယ်၊ ဒီလူတွေဟာ ကိုယ်ကျိုးရှာသမားတွေပဲ၊ ငွေသာရမယ်ဆိုရင် ဘာနဖူးသိုက်တူးမဲ့လူတွေ၊ သူတို့လက်ထဲကို သန်လျက် မရောက်အောင် ကျုပ်အစွမ်းကုန်ကြိုးစားမယ်၊ ဒါနဲ့ နေပါဦး သန်လျက်ကိုယူပြီး ကျုပ်က အမြဲတမ်း ထွက်ပြေးနေရမှာလား "

ဟု မေးမြန်းလေ၏။ ထိုအခါ လှူဒွစာကြီးက

" ပုဂံမင်းရဲ့သန်လျက်ကို ယုံကြည်စိတ်ချရမဲ့ လူရဲ့လက်ကို အပ်ရမယ်၊ ဒါပေမဲ့ အဲဒီလူဟာ ဘယ်လိုလူဆိုတာ ငါတော့ မသိသေး





ဘူး ငါကိုယ်တိုင်လည်း ယုံကြည်စိတ်ချရမဲ့လူကို ရှာမတွေ့သေးတော့ ခြင်းဘဲပြည်အနှံ့ ပြေးလွှားနေရတာပဲ၊ ဘာပဲဖြစ်ဖြစ် ပုဂံမင်းရဲ့ သန်လျက်အတွက်တော့ မင်းအစွမ်းကုန်ကြိုးစားပါကွာ "

ဟု မှာကြားလေ၏။ ထိုအခါ မိုးမြေက ခေါင်းညိတ်၍

" စိတ်ချပါ ဦးလေးရယ်၊ ကျုပ်အစွမ်းကုန်ကြိုးစားပါ့မယ်၊ ကျုပ်တို့ဘုရင်မင်းမြတ်ရဲ့ သန်လျက်တော်ဟာ တိုင်းခြားလက်ကို ရောက်စေရဘူး။ ဒီသန်လျက်ကို ယုံကြည်စိတ်ချရတဲ့လူရဲ့ လက်ထဲ ကို မရောက်မီ ကျုပ်မရရအောင် ကာကွယ်မယ်၊ ဦးလေးကို ကျုပ် ကတိပေးပါတယ် "

ဟု ပြောလေရာ ချောင်းတဟွတ်ဟွတ်ဆိုးနေသော လှူဒွစာ ကြီးသည် မျက်နှာဝင်းလက်သွားပြီး

" မင်းကို အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆိုတာ သိတယ်၊ ငါကိုယ်စား ပုဂံမင်းရဲ့သန်လျက်ကို တိုင်းခြား မရောက် အောင် ထိန်းသိမ်းနိုင်စွမ်းရှိလိမ့်မယ်လို့ ငါယုံကြည်တယ် "

ဟု ပြောရင်း သွေးများ အန်ချလိုက်ပြန်လေ၏။

လှူဒွစာကြီး၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသဖြင့် မိုးမြေသည် အနီးသို့ သွားရင်း ပြုစုပေးရပြန်၏။ ဦးသက်ရှည်သည် ညက တစ်ညလုံး သွေးများ အန်ချနေလေ၏။

ထို့နောက် တဖြည်းဖြည်း အားနည်းပျော့လာပြီး မိုးမြေအား ခုတင်အောက်ရှိ ကတ္တီပါအိတ်ထဲမှ သန်လျက်ကို ထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



အဝ်လေ၏။

မိုးမြေသည် ပုဂံမင်းကိုင်ဆောင်ခဲ့သည်ဆိုသော သန်လျက် ကို အံ့သြစွာ ကြည့်ရှုနေ၏။ သန်လျက်၏အသွားကို သံဖြင့်ပြုလုပ်ထား ပြီး လက်ကိုင်ကို မှန်စီရွှေချထား၏။ လူ့ဥစ္စာကြီးက အားငယ် ရျော့တော့သော လေသံဖြင့်

" လူလေး မင်းလက်ထဲကို သန်လျက်အပ်လိုက်ပြီ၊ ငါ့ရဲ့ မပြီးဆုံးသေးတဲ့ တာဝန်တွေကို မင်းဆက်ယူလိုက်ပေတော့ "

ဟု ပြောကာ လူ့ဥစ္စာကြီးသည် မျက်လုံးမှိတ်၍ ခုတင် ပေါ်တွင် အိပ်စက်၍နေလေ၏။ ထိုညကလူ့ဥစ္စာကြီးသည် နောင်ဘ တွင် အိပ်စက်ရင်းသတိပြန်မလည်လာတော့ချေ။

မိုးမြေသည် နံနက်အရုဏ်တက်ချိန်သို့ ရောက်သောအ လူ့ဥစ္စာကြီး သေဆုံးကြောင်း သိလိုက်ရလေ၏။ ထို့ကြော လူ့ဥစ္စာကြီး၏ အကြောင်းကို တရုတ်သူဌေးကျင်ဝှက်အား အကြော မကြားမီ ပုဂံမင်းကိုင်ဆောင်ခဲ့သော သန်လျက်ကို ကတ္တီပါအိတ်ထဲ ထည့်၍ မည်သူမျှမမြင်အောင် ထွက်ခဲ့လေ၏။

ထို့နောက် ၄င်းအိပ်စက်ရာ ဂိုထောင်ငယ်လေးရှေ့ ရောက်သောအခါ ထင်းစည်းများကြားတွင် သန်လျက်ကို ဖွက်ထ လိုက်လေ၏။

ထို့နောက် ကျားသုံးကောင် စားသောက်ဆိုင်သို့ ပြန် လူ့ဥစ္စာကြီးသေဆုံးကြောင်း သတင်းပို့လိုက်၏။ ထိုအခါ တ





သူဌေးကျင်ဝှက်သည် အိပ်မှုန်စုံမွှားဖြင့် ရောက်ရှိ လာပြီး လူ့ဥစ္စာကြီး လောင်းကို ကြည့်ကာ

"တောက်… ငါ့ဆိုင်တော့ နာမည်ပျက်ပါပြီကွာ၊ သေမဲ့လူကို ထားမိတာ ငါ့အမှားပါပဲ "

ဟု မြည်တွန်ကာ တခဏမျှ အကြံထုတ်နေလေ၏။

ထို့နောက် အကြံရရှိဟန်ဖြင့် မိုးမြေနှင့် သန့်ရှင်းရေးသမား အိုးကြီးဘက်သို့ လှည့်၍

" ဒီမှာ၊ ဒီလူကြီးသေတဲ့အကြောင်းကို ခင်ဗျားတို့နှစ်ယောက်ပဲ သိတယ်၊ ဘယ်သူမှမသိကြဘူး၊ ဒါကြောင့် ဒီလူကြီးရဲ့အလောင်းကို သိ သူမသိ ခိုးဝှက်ယူသွားပြီး မြို့ပြင်က သင်္ချိုင်းမှာ သွားပစ်လိုက် "

ဟု ပြောလေ၏။ ထိုအခါ သန့်ရှင်းရေးသမား အဘိုးကြီးက ခါင်းကုတ်၍

" သင်္ချိုင်းက သုဘရာဇာမေးရင် ဘယ်လိုဖြေရမလဲ "

ဟု မေးလေ၏။ ထိုအခါ သူဌေးကျင်ဝှက်က

" သုဘရာဇာကောင်ကို ငါ့ဆီလွှတ်လိုက်၊ ဒီကိစ္စအားလုံးကို တာဝန်ယူတယ်လို့ ပြောလိုက်၊ ဒီကောင့်ပါးစပ်ကို ပိုက်ဆံနဲ့ လိုက်ရင် ပြီးသွားမှာပါ၊ တကယ်တော့ ဒီကိစ္စမှာ ငါတို့ မကောင်း ရှိက်လုပ်တာ မဟုတ်ဘူး၊ ငါ့ဆိုင်မှာ လူသေတာ ဧည့်သည်တွေ အောင် ကာကွယ်လိုက်တာပါပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထို့နောက်တွင်မူ သန့်ရှင်းရေးသမား အဘိုးကြီးနှင့် မိုးမြေသည် ဆိုင်အနောက်ဘက်သို့ လှည်းတစ်စီးကို ယူဆောင်လာကာ လူ့ပွဲစားကြီး၏အလောင်းကို လှည်းပေါ်သို့ ဆောင်ဖြင့်ပတ်၍ တင်လေ၏။

ထို့နောက် အလောင်း၏အပေါ်မှ ထင်းစည်းများကို တင်ကာ မြို့ပြင်သို့ ထွက်သွားကြလေ၏။

မိုးမြေတို့သည် ၎င်းတို့၏လှည်းကို မည်သူမျှ သံသယမဖြစ်ဘဲ မြို့ပြင်သချိုင်းသို့ ရောက်ခဲ့လေ၏။ ထို့နောက် သချိုင်းစောင့် သူဘရာစာကို အကျိုးအကြောင်း ပြောပြကာ လူ့ပွဲစားကြီး၏အလောင်းကို မြှုပ်နှံလေ၏။

လူ့ပွဲစားကြီး၏အလောင်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တရုတ်သူဌေးတျင်ဗုက်က တာဝန်ယူမည်ဟု ပြောလိုက်သောအခါ သူဘရာစာသည် ကောင်းမွန်စွာ မြှုပ်နှံပေးလေ၏။

မိုးမြေသည် သူ၏လက်သို့ သန်လျက်ရောက်ရှိလာသည့်နေ့မှ စ၍ သန်လျက်ကို လုံခြုံစွာ သိမ်းဆည်းရသော အလုပ်တစ်ခု ပိုလာ၏။

သူသည် တစ်မြို့လုံးအလုပ်ကို လုပ်ရသော့ လူငယ်လေး ဖြစ်သဖြင့် သန်လျက်ကို သိမ်းဆည်းရန် နေရာရှားပါး၏။ ထို့ကြောင့် ၎င်းနိုကစ်နေထိုင်ရသော ထင်းပုံများကြားတွင် သန်လျက်ကို ဖွက်ထားရလေ၏။

သူသည် သန်လျက် လက်ထဲရောက်ခဲ့ချိန်မှစ၍ အိပ်ကောင်း





ခြင်းလည်း မအိပ်ရ။ စားကောင်းခြင်းလည်း မစားရ ဖြစ်ခဲ့၏။ နေ့လယ်ဘက် အလုပ်လုပ်နေသည့်အခါတိုင်း သန်လျက်ထံသို့သာ စိတ်ရောက်နေလေ၏။

သန်လျက်ပျောက်ဆုံးသွားလျှင် တမလွန်ဘဝသို့ ရောက်နေသော လူ့ပွဲစားကြီး မကျေမနပ် ဖြစ်မှာ သေချာ၏။

ထို့ကြောင့်ပင် မိုးမြေသည် သန်လျက်နှင့်ပတ်သက်၍ နေ့ည မျက် စောင့်ကြပ်နေရ၏။ ယနေ့အထိ သန်လျက်နောက်သို့ လိုက်နေသော ကြေးဝိုင်းသားများ၏ အရိပ်အယောင်ကိုမှ မမြင်ရသေးချေ။

၎င်းတို့သည် သန်လျက်နှင့်ပတ်သက်၍ မျက်ခြေပြတ် နေပုံရ၏။ တစ်နေ့သ၌ မိုးမြေသည် အလုပ်စောစောသိမ်းပြီး ကျားသုံးကောင် စားသောက်ဆိုင်သို့ ပြန်လာခဲ့၏။

မိုးမြေသည် ဆိုင်အနောက်မှပတ်၍ သူ့နိုကစ်နေထိုင်ရာ ပိုဒေါင်လေးသို့ရောက်သောအခါ မြင်ရသော မြင်ကွင်းကြောင့် အလွန် ထိတ်လန့်တုန်လှုပ်သွားလေ၏။

ကျားသုံးကောင် စားသောက်ဆိုင်ကြီးရှိ အလုပ်သမားများသည် ထင်းပုံကြီးများကို အောက်သို့ချနေကြောင်း တွေ့ရ၏။ မိုးမြေသည် ထင်းပုံများကြားတွင် သန်လျက်ကို ဖွက်ထားသဖြင့် ခေါင်းနပန်းကြီး သွားပြီး ပိုဒေါင်လေးအနီးသို့ ကမန်းကတန်း ပြေးသွားလေ၏။

ထိုအခါ သန်လျက်ဖွက်ထားသောနေရာတွင် ထင်းစည်းများ သည် အောက်သို့ ပြန့်ကျဲရောက်ရှိနေကြောင်း တွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားလေ၏။

ထို့နောက် ထင်းပုံများဖယ်ရှား၍ သန်လျက်လေးကို အလောတကြီး ရှာဖွေလေရာ သန်လျက်သည် ထင်းပုံများအောက်တွင်ပင် ကြားညှပ်၍ ရှိနေကြောင်း တွေ့ရ၏။

ဆိုင်ရှိ အလုပ်သမားများသည် ထင်းပုံကြားရှိ သန်လျက်ကို တွေ့ရှိပုံ မရသေးချေ။

ထိုအခိုက်မှာပင် အလုပ်သမားတစ်ဦးသည် သန်လျက်ဖွက်ထားသော ထင်းပုံ အနီးသို့ တိုးလာ၏။ မိုးမြေသည် အလုပ်သမားကို ကြည့်၍ ကမန်းကတန်း လက်ကာပြလိုက်ပြီး

" နေပါဗျာ၊ ကျွန်ုပ် မ,ပေးပါ့မယ်၊ ဘယ်ကို မ,မှာလဲပြော"

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ အလုပ်သမားက

" အေးအေးဆေးဆေး နေစမ်းပါ မိုးမြေရာ၊ မင်း တစ်နေကုန် ပင်ပန်းလာတယ် မဟုတ်လား၊ ဆိုင်ထဲမှာ ထင်းပြတ်သွားလို့ မီးဖိုဆောင်ကို ပို့ရမယ် "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက

" ရပါတယ်ဗျာ... ကျွန်ုပ်လည်း ပိုခေါင်မှာ နိုကပ်နေတဲ့လူပဲ၊ ဝိုင်းကူမ,ပေးရမှာပေါ့၊ ကဲ... ခင်ဗျားတို့က ဟိုဘက်က ထင်းစည်းကို သွားမ၊ ကျွန်ုပ် ဒီထင်းစည်းတွေ မ,ပေးမယ် "

ဟု ပြောလေ၏။

ထိုအခါ အလုပ်သမားတစ်ဦး ရောက်လာပြန်ပြီး





" ထမင်းချက်လူကြီးက ဟိုဘက်က ထင်းစည်းတွေကို [illegible]နေသေးလို့ မလိုချင်သေးဘူးတဲ့ကွ၊ ဒီဘက်က ထင်းစည်းတွေကိုပဲ သယ်ဖို့ မှာလိုက်တယ် "

ဟု ပြောလေရာ မိုးမြေသည် အခက်တွေ့သွားပြန်၏။

ထင်းစည်းများကို မ,လိုက်လျှင် ထင်းစည်းများအောက်တွင် ဖွက်ထားသော သန်လျက်လေးကို အလုပ်သမား တွေ့သွားနိုင်၏။

မိုးမြေသည် ထင်းပုံကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်လိုက်၏။ ထို့နောက် အကြံတစ်ခုရသွားပြီး

" ဒါဆိုရင် ထင်းစည်းတွေကို ကျွန်ုပ် ဒီကနေ မ,ပေးမယ်၊ ခင်ဗျားတို့ ဆိုင်ထဲကို သွားပို့ပေတော့ "

ဟု ပြောကာ ထင်းပုံရှေ့တွင်ရပ်၍ အလုပ်သမားများအား ထင်းစည်းများကို ကမ်းပေးလေ၏။

အလုပ်သမားသုံးယောက်သည် ထင်းသုံးစည်းစီ သယ်ဆောင်[illegible] သွားကြ၏။ မိုးမြေသည် စိတ်လှုပ်ရှားစွာဖြင့် အလုပ်သမားသုံးယောက်အား ထင်းသုံးစည်းစီ ကမ်းပေးပြီး နောက်ဆုံးသယ်ရန်အတွက် မြေပေါ်၌ ထင်းစည်းနှစ်စည်းသာ ကျန်ခဲ့၏။

ထိုထင်းစည်းနှစ်စည်းအနက် တစ်စည်း၏အောက်တွင် သန်လျက်ထည့်ထားသော ကတ္တီပါအိတ်လေးရှိ၏။

အလုပ်သမားက မိုးမြေ၏ကြောင်အမ်းအမ်းဖြစ်နေသော [illegible]အရာကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဆော့ကောင် ထင်းစည်းပေးလေကွာ၊ ဘာကြောင့်ကြည့်နေတာလဲ "

ဟု မေးလေ၏။

မိုးမြေသည် အလုပ်သမားကိုကြည့်၍ ထင်းစည်းတစ်စီးကို ထမ်းပေးလိုက်ပြီး

" ဆိုင်ကို အဲဒီအစည်းလေး သယ်သွားပေတော့၊ ကျန်တဲ့အစည်းကိုတော့ ကျုပ်ယူပြီး လိုက်ခဲ့ပေးမယ် "

ဟု ပြောလေ၏။ ထိုအခါ အလုပ်သမားက

" ပေးစမ်းပါကွာ၊ မင်းဘာသာ နားနေစမ်းပါ၊ ငါတို့ဘာသာ ငါတို့သယ်ပါ့မယ် "

ဟု ပြောလေ၏။

မိုးမြေက လွန်စွာအကျပ်တွေ့နေပြီး

" သွားစမ်းပါကွာ၊ ကျုပ်သယ်ပြီးလိုက်ခဲ့ပါ့မယ်၊ ကျားသုံးကောင်ရောက်ရင် စားစရာလေး ဘာလေး နည်းနည်းပါးပါး တောင်းမလို့ဗျ၊ ဟဲ… ဟဲ… ထင်းစည်းမပါဘဲ ကျားသုံးကောင်ထဲကို မဝင်ရဲဘူးဗျ၊ သူ့အလုပ်တွေ ကူလုပ်ပေးမှ စားဖိုမှူးကြီးက ကျုပ်ကို စားစရာလေး ဘာလေး ကျွေးမှာပေါ့ဗျ "

ဟု ပြောလေရာ အလုပ်သမားသည် မိုးမြေကိုကြည့်၍ သဘောပေါက်သွားပြီး

" ကောင်းပြီ၊ ဒါဆိုရင်လည်း ငါထင်းတစ်စည်းယူပြီး သွား





တော့မယ်၊ မင်း အတော်လည်တဲ့ကောင်ပဲ "

ဟုပြောလေ၏။

မိုးမြေသည် ထိုအခါမှပင် သက်ပြင်းချလိုက်ပြီး ထင်းစည်းအောက်မှ ကတ္တီပါအိတ်ကို ကမန်းကတန်းထုတ်လိုက်ပြီး ဝိုဒေါင်ထဲရှိ ဖြက်သွန်အိတ်အောက်တွင် ဝှက်ထားလိုက်လေ၏။

ထို့နောက် ထင်းစည်းကို ပြန်မထမ်းယူကာ ကျားသုံးကောင်ဆိုင်ဘက်သို့ ထွက်ခဲ့လေ၏။

ဆိုင်သို့ရောက်သောအခါ စားဖိုမှူးလူဝကြီးထံတွင် ထမင်းကျန် ထင်းကျန်များကို တောင်းရမ်းလိုက်လေ၏။

ထိုအခါ စားဖိုမှူးကြီးသည် ကရုဏာသက်ဟန်ဖြင့် ခေါက်ဆွဲကြော်များကို ထည့်ပေးလိုက်လေ၏။

မိုးမြေသည် ထိုအချိန်မှစ၍ သန်လျက်လေးနှင့်ပတ်သက်၍ နိမိတ်သောက ပိုမိုပွားများလာ၏။

ပုဂံမင်း၏ သန်လျက်သည် ရွှေရောင်ဖိတ်ဖိတ်တောက်နေသဖြင့် မသမာသူများ လောဘပွားများဖွယ်ရာဖြစ်၏။

ထို့ကြောင့် သန်လျက်ကို ယခုထက်ပို၍ လုံခြုံစိတ်ချရသောနေရာတွင် ပြောင်း၍သိမ်းဆည်းထားရန် ဆုံးဖြတ်လိုက်၏။

သန်လျက်ထည့်ထားသော ကတ္တီပါအိတ်လေးကို ဂိုဒေါင်ထဲတွင် မထားတော့ဘဲ ဝိုဒေါင်၏ခေါင်မိုးကြားတွင် ဝှက်ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဌာနကြီး ဦးသက်ရှည်ပြောသော ကြောဝိုထ်းသားများကိုမူ အရိပ်အယောင်မျှ မတွေ့ရသေးချေ။

ကြောဝိုထ်းသားများသည် လူ့ဌာနကြီးနှင့် ကတ္တီပါအိတ်လေးကို ရှုတ်ချေပြတ်နေပုံရ၏။

မိုးမြေသည် သန်လျက်ကို ထိမ်းသိမ်းရင်း ယုံကြည်စိတ်ချရသူ တစ်ဦး၏ လက်ထဲသို့ အပ်နှံရန် ဆုံးဖြတ်ထား၏။

ပန်းအိမ် ကွန်ပျူတာ
အိုင်အမှတ်(၇) မျက်နှာစာလမ်း ကျောက်မြောင်းရပ်





တစ်နေ့သ၌ ကျားသုံးကောင်စားသောက်ဆိုင်တစ်ခုလုံး တုန်လှုပ်ချောက်ခြားသွားသော သတင်းတစ်ရပ်ကို ကြားရ၏။

ထိုသတင်းမှာ ကျားသုံးကောင်စားသောက်ဆိုင်ပိုင်ရှင် ကျင်ဝှက်တစ်ယောက် ဓားထိုးခံရ၍ သေဆုံးခြင်းပင်ဖြစ်၏။

သူဌေးကျင်ဝှက်ကို ဓားဖြင့်ထိုးသူမှာ စားသောက်ဆိုင်၏ သန့်ရှင်းရေးလုပ်သူ မဝင်းဆိုသော မိန်းမပင်ဖြစ်၏။

မဝင်းသည် လွန်စွာအရုပ်ဆိုးသောကြောင့် တစ်ဆိုင်လုံးက ရုပ်ဆိုးမဟုခေါ်ဝေါ်ကြ၏။

သူမသည် အလွန်အသားမည်းပြီး သွားအလွန်ခေါ၏။ တိုယ်လုံးကိုယ်ပေါက်မှာလည်း မိန်းမတစ်ယောက်အနေနှင့် စွဲမက်ဖွယ် မရှိချေ။



www.burmeseclassic.com

တရုတ်သူဌေးကျင်ဝှက်သည် မဝင်းကို အခန်းရှင်းခိုင်းရင်း မတော်မတရား ပြုကျင့်ရန် ကြံစည်သည်ဟုဆို၏။

ထိုအခါ မဝင်းသည် အရုပ်ဆိုးသော်လည်း ကိုယ်ကျင့်တရား တောင်းမွန်သူဖြစ်သဖြင့် ကျင်ဝှက်လက်မှ လွတ်မြောက်အောင် ကြိုးစား၏။

နောက်ဆုံးတွင် မလွတ်မြောက်သည့်အဆုံး သူဌေးကျင်ဝှက် အား ဖန်းသီးလိုးသောအားဖြင့်ထိုးလိုက်သည်ဆို၏။

သူဌေးကျင်ဝှက် အသက်ခံရသည်ကို ကြားသည့်လူတိုင်း မယုံနိုင်အောင် အံ့သြကြ၏။

အဘယ်ကြောင့်ဆိုသော် သူဌေးကျင်ဝှက်သည် နတ်သမီးလေး များကို မွေးမြူထားသူဖြစ်ပြီး သူအလိုရှိလျှင် မိန်းကလေးများကို အများသို့ အချိန်မရွေးခေါ်ယူနိုင်၏။

ထိုသို့ အရုပ်ဆိုးမတစ်ယောက်ကို မတော်မတရားကြံစည်ခြင်း ကို ကြားသိသူတိုင်း မယုံနိုင်အောင်ဖြစ်ရ၏။

သို့သော် မဝင်းကိုယ်တိုင် ပုလိပ်ဌာနသို့သွားကာ သူဌေး ကျင်ဝှက်ကို သူမသတ်ကြောင်း ဝန်ခံ၏။

သူဌေးကျင်ဝှက်ကိုယ်တိုင်လည်း မဝင်းကို စော်ကားခဲ့မိ ကြောင်း ဝန်ခံ၏။

သူဌေးကျင်ဝှက်သည် သေခါနီးတွင် နောင်တတရား ရရှိသွားပုံ ရ၏။





ထို့ကြောင့် မိမိပိုင်ဆိုင်သော စည်းစိမ်ဥစ္စာများကို ထုခွဲရောင်း ချ၍ အလွန်ထူးခြားသော အမွေခွဲဝေမှုကြီးတစ်ခုပြုလုပ်ရန် လူယုံတော် ကြီးကို မှာကြားခဲ့၏။

လူယုံတော် အဘိုးကြီးသည် ကျင်ဝှက်၏စကားကို ကြားမိ သောအခါ မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး သေချာအောင် ပြန်လည်မေးမြန်း၏။

ကျင်ဝှက်သေဆုံးသောအခါ လူယုံအဘိုးကြီးသည် မြို့မိမြို့ဖ များကိုခေါ်ယူ၍ ကျင်ဝှက်၏ဆန္ဒကို ပြောပြ၏။

မြို့လူကြီးများသည် ကျင်ဝှက်၏ဆန္ဒကို ကြားသိသောအခါ မယုံနိုင်ဟန်ဖြင့် တအံ့တသြရေရွတ်လိုက်ကြ၏။

ထိုအချိန်တွင် ကျင်ဝှက်၏ ထူးဆန်းသောအမွေခွဲဝေမှုကြီးသည် တစ်မြို့လုံးသို့ ပျံ့နှံ့သွားလေ၏။

ထို့နောက် လူယုံတော်အဘိုးကြီးသည် ကျင်ဝှက်သေဆုံးပြီး နောက်နေ့ညမှာပင် မိုးမြေကို ကျားသုံးကောင်စားသောက်ဆိုင်သို့ခေါ် သွား၏။

မိုးမြေသည် တရုတ်သူဌေးကျင်ဝှက်၏ အသုဘတွင် ခိုင်းစေ သည်ဟု ထင်မှတ်ကာ ကျားသုံးကောင်စားသောက်ဆိုင်ကြီးသို့ တက်ခဲ့ ၏။

လူယုံတော်အဘိုးကြီးသည် မိုးမြေအား သီးသန့်အခန်းတစ်ခန်း သို့ခေါ်ဆောင်သွား၏။

www.burmeseclassic.com



မိုးမြေသည် ထိုအခန်းထဲသို့ ရောက်သောအခါ မြို့မိမြို့ဖများကို တွေ့ရသဖြင့် အံ့သြသွားလေ၏။

ထိုလူကြီးများအားလုံး မိုးမြေအား အံ့သြဟန်ဖြင့် ဝိုင်းကြည့်နေ ကြ၏။

မိုးမြေသည် ရပ်ရွာလူကြီးများ၏အကြည့်ကို မခံနိုင်တော့ သဖြင့် ခေါင်းကိုငုံ့ကာ

" ကျွန်ုပ်ကို ဘာခိုင်းမလို့လဲ "

ဟုမေးလေ၏။

ထိုအခါ တရုတ်သူဌေးကျင်ဝှက်၏ လူယုံတော်အဘိုးကြီးက

" မိုးမြေ မင်းကို ဒီလိုခေါ်တာ ခိုင်းဖို့မဟုတ်ဘူးကွ၊ မင်း အတွက် အလွန်ဝမ်းသာစရာကောင်းတဲ့ သတင်းတစ်ပုဒ်ကို ပြောပြ မလို့၊ မင်းရဲ့ကံစာတာ ပြောင်းလဲလာပုံများ သိပ်အံ့သြဖို့ကောင်း တယ်ကွာ၊ အင်းပေါ့လေ ရှေ့ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးဆက်ပဲ ထင်ပါတယ် "

ဟုပြောလေ၏။

မိုးမြေသည် လူယုံအဘိုးကြီး၏မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်၍

" ကျွန်ုပ်တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ ကျွန်ုပ်ရဲ့ ကံစာတာက ဘာကြောင့်ပြောင်းလာတာလဲဗျ "

ဟုပြောလေ၏။





ထိုအခါ တရုတ်သူဌေးကျင်ဝှက်၏ လူယုံတော်ကြီးက မိုးမြေ ၏ပုခုံးကို လက်ဖြင့်ပုတ်၍

" မင်းအတွက် ဝမ်းသာစရာသတင်းကို အခုပဲ ပြောလိုက်တော့ မယ်၊ တရုတ်သူဌေးကျင်ဝှက်ဟာ သူ့ရဲ့စည်းစိမ်တစ်ဝက်ကို မင်းကို ခွဲပေးရမယ်လို့ မှာခဲ့တယ်ကွ "

ဟုပြောလေ၏။

မိုးမြေသည် လူယုံတော်အဘိုးကြီး၏စကားကြောင့် လွန်စွာ အံ့သြသွားပြီး

" ဗျာ... တရုတ်သူဌေးကျင်ဝှက်က ကျွန်ုပ်ကို စည်းစိမ်ဥစ္စာ တွေ တစ်ဝက်ခွဲပေးမယ်ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ သူနဲ့ကျွန်ုပ်နဲ့က ဆွေမျိုးလည်း တော်တာမဟုတ်ဘူး၊ နောက်ပြီးတော့ သူတစ်ပါးဆီက ရလာတဲ့ စည်းစိမ်ဥစ္စာကို ကျွန်ုပ်မလိုချင်ပါဘူးဗျာ "

ဟုငြင်းဆန်လေ၏။

ထိုအခါ လူယုံတော်အဘိုးကြီးက မိုးမြေကို ကရုဏာသက်ဟန် ဖြင့်ကြည့်၍

" တကယ်တော့ ကံကြမ္မာဟာ ထူးဆန်းလွန်းပါတယ်ကွာ၊ မင်းနဲ့ သူဌေးကျင်ဝှက်နဲ့က သူစိမ်းတွေမဟုတ်ဘူးကွ၊ မင်းတို့ နှစ်ယောက်ဟာ ဆွေမျိုးတော်စပ်တယ်၊ ဆွေမျိုးမှ ရိုးရိုးဆွေမျိုး မဟုတ်ဘူး၊ သားအဖတွေကွ၊ တကယ်တော့ ဒါတွေအားလုံးဟာ သူဌေးကျင်ဝှက်ရဲ့အပြစ်တွေပါကွာ၊ သူဌေးကျင်ဝှက် မသေမီမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြစ်တွေကို အားလုံးဝန်ခံသွားခဲ့တယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက ကျင်ဝှက်ဟာ ဒီမြို့မှာ စီးပွားရှာဖို့ ရောက်လာခဲ့တယ်၊ အဲဒီတုန်းက ကျင်ဝှက်ဟာ မြို့ခံမိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တယ်၊ ကျင်ဝှက်ဟာ သူ့ရဲ့ခေါက်ဆွဲဆိုင်မှာ မြို့ခံမိန်းမချောလေးတစ်ယောက်ကို ငှားရမ်းခဲ့တယ်၊ နောက်တော့ အလိုမတူဘဲ အနိုင်ကျင့်စော်ကားခဲ့တယ်၊ မိန်းမချောလေးဟာ ကျင်ဝှက်ကို မုန်းတီးနာကြည်းပြီး မြို့ကထွက်သွားခဲ့တယ်၊ မိန်းမချောလေးဟာ အဲဒီအချိန်ကစပြီး မြို့ကပျောက်သွားခဲ့တယ်၊ နောက်တစ်နှစ်လောက်အကြာမှာ မြို့ပေါ်က လူတွေဟာ ဘုရားခြေရင်းက ဇရပ်မှာ တစ်နှစ်သားအရွယ်ရှိတဲ့ မင်းကိုတွေ့ရတော့တာပါပဲ၊ မြို့ပေါ်က လူတွေဟာ ကလေးကို ဇရပ်ပေါ်မှာ ဘယ်သူစွန့်ပစ်သွားသလဲဆိုတာ မသိခဲ့ဘူး။ ကလေးဖိုင်ရင် ဘယ်သူလဲဆိုတာလည်း မရိပ်စားမိခဲ့ဘူး ဒီကလေးနဲ့ပတ်သက်ပြီး အကြောင်းစုံကိုသိတဲ့လူဟာ တစ်ဦးပဲရှိတယ် အဲဒီလူဟာ ကျင်ဝှက်ပဲ၊ မိန်းမချောလေးဟာ သူနဲ့ရတဲ့ကလေးကို မြို့ပေါ်ကဇရပ်မှာ စွန့်ပစ်ထားကြောင်း ကျင်ဝှက်ကို အကြောင်းကြားခဲ့တယ်၊ ဒါပေမဲ့ သူဌေးကျင်ဝှက်ဟာ အကြင်နာတရားကင်းမဲ့ခဲ့တယ် ကလေးရဲ့မိခင်ကတောင် စွန့်ပစ်ခဲ့တာပဲဆိုပြီး ကိုယ့်ရင်သွေးကို ကိုယ်လျစ်လျူရှုခဲ့တယ်၊ ဒီလိုနဲ့မင်းဟာ ဘုရားလူကြီးတွေရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းခဲ့ရတာပဲ ”

ဟုပြောလေတော့၏။





မိုးမြေသည် လူယုံတော်ကြီး၏စကားကို နားထောင်၍ ရင်ထဲတွင် နာကျင်လာ၏။

သူဌေးကျင်ဝှက်နှင့်မိမိ သားအဖတော်ကြောင်းလည်း ရိပ်စားမိလာ၏။ အပြစ်ကင်းစင်သော ကလေးငယ်ကို စွန့်ပစ်ရက်သော မိဘနှစ်ပါး၏အတ္တကိုလည်း နားမလည်နိုင်အောင်ဖြစ်ခဲ့၏။

မိဘနှစ်ပါး၏ အတ္တလွန်ဆွဲပွဲတွင် မိမိဓားစာခံဖြစ်ခဲ့ရ၏။

အခုတော့ ဖခင်ဖြစ်သူ သေဆုံးခဲ့လေပြီ။ မိုးမြေသည် မိဘနှစ်ပါး၏အကြောင်းကို မမျှော်လင့်ဘဲ သိရှိရသဖြင့် ရင်ထဲတွင် ချောက်ချားစိတ်လှုပ်ရှားနေပြီး

“ ကျုပ်ကို သူတို့အားလုံး စွန့်ပစ်ခဲ့ကြတယ်၊ ကျုပ်ဟာ ဘယ်သူလဲဆိုတာ မသိဘဲ ကြီးပြင်းခဲ့ရတယ်၊ မိဘမရှိလို့ ငယ်စဉ်က သူတစ်ပါးရဲ့အနှိမ်ခံရတယ်၊ ကျုပ်ရဲ့အမေက ကျုပ်ကို ဘာဖြစ်လို့ စွန့်ပစ်ခဲ့ရတာလဲ၊ တရုတ်သူဌေးကျင်ဝှက်ကလည်း သူ့တာဝန်ကိုသူ ဘာဖြစ်လို့ မယူခဲ့ရတာလဲ၊ သူသေတော့မှ ကျုပ်ဟာ သူ့သားဆိုတာ သိခွင့်ရတယ်၊ မသေခင်ကတည်းက ဆင်းရဲနွမ်းပါးခဲ့ရတဲ့ ကျုပ်ကို ကူညီစောင့်ရှောက်ဖို့ ကောင်းတာပေါ့၊ ဟားဟားဟား… အခုတော့ ကျုပ်ရဲ့အမေဟာ ကျုပ်ကို သူ့ရဲ့ ပိုဒေါင်လှေကားဝမှာ ဘာကြောင့် အိပ်ခွင့်ပေးသလဲဆိုတာ သိခွင့်ရပြီ၊ သြော် အတော်ရက်စက်ရောတဲ့ အမေပါလား ”

ဟု မချိတင်ကဲ ရေရွတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့မိမြို့ဖများသည် မိုးမြေကို ကရုဏာသက်ဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြပြီး လူကြီးတစ်ဦးက ဝင်ရောက်၍

" ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပါပဲ လူလေးရယ်၊ တိုကျောင်ဝှက်ဟာ ငယ်စဉ်က လူလေးကို သားတစ်ယောက်အဖြစ် အသိအမှတ်မပြုခဲ့ဘူး၊ ဒါပေမဲ့ သူသေဆုံးတဲ့အခါမှာတော့ သား အရင်းလိုသတ်မှတ်ပြီး အမွေတွေခွဲပေးခဲ့တာပဲ မဟုတ်ဘူးလား ဘာပဲဖြစ်ဖြစ် ကိုယ့်မိဘဆန္ဒကိုတော့ မပစ်ပယ်သင့်ပါဘူးကွာ "

ဟုနားချလေ၏။ ထိုအခါ မိုးမြေက ခေါင်းခါယမ်း၍

" ကျုပ်အမွေတွေကို မမက်ပါဘူး၊ ကျုပ်လုပ်အားနဲ့ရတဲ့ငွေ တစ်ပြားကို တန်ဖိုးထားတယ်၊ လုပ်အားမပါဘဲရတဲ့ငွေတစ်သိန်းကို တော့ လုံးဝမလိုချင်ဘူး၊ ကျုပ်မှာ အချောင်သမားစိတ်ဓာတ်မရှိဘူး ဒါကြောင့် ဦးကျောင်ဝှက်ရဲ့အမွေတွေကိုတော့ လက်မခံပါရစေနဲ့၊ ဒါနဲ့ နေပါဦး၊ ကျုပ်ကို စွန့်ပစ်သွားတဲ့ အမေဆိုတဲ့အမျိုးသမီးက ဘယ်မှာ လဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ တရုတ်သူဌေးကျောင်ဝှက်၏ လူယုံတော်အဘိုးကြီးက သက်ပြင်းချ၍

" ဒီအကြောင်းတွေကို သူဌေးကျောင်ဝှက် သိပုံရတယ်၊ ဒါပေမဲ့ လူလေးအမေ ဘယ်သူလဲဆိုတာ ပြောမသွားခဲ့ဘူး၊ သူဟာ လူလေးရဲ့ အမေအကြောင်းကို လျှို့ဝှက်ထားချင်ပုံရတယ် "





ဟု ပြောလေ၏။ မိုးမြေက စိတ်လှုပ်ရှားဟန်ဖြင့် ခေါင်းခါ ယမ်း၍

" သူတို့ဟာ ကိုယ့်အတ္တအတွက်ပဲ ကိုယ်ကြည့်တယ်၊ ကျုပ်ရဲ့ ဘဝကို လှစ်လျူရှုထားကြတယ်၊ ကျုပ်ဟာ သူတို့ကြောင့် မိဘမဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရတယ်၊ လူ့ငယ်ဘဝတစ်လျှောက်လုံး ရွယ်တူလူငယ်လေး တွေရဲ့ အနှိမ်ကိုခံခဲ့ရတယ်၊ ကျုပ်ရဲ့ကျေးဇူးရှင်ဟာ ဒီမြို့က ဆေးရုံလူကြီးတွေပဲ၊ မိဘတွေပစ်ထားတဲ့ ကလေးတစ်ယောက်ကို သူတို့က မေတ္တာနဲ့ ကျွေးမွေးပြုစုခဲ့တယ်၊ ကျုပ်လိုချင်တာ မေတ္တာဗျ၊ ဒါ သူသေတော့မှ ကျုပ်ကို စည်းစိမ်ဥစ္စာတွေ အများကြီးပေးခဲ့တယ်၊ ကျုပ် ဒါတွေကို လက်မခံနိုင်ဘူး၊ လိုလည်းမလိုချင်ဘူး။ ဒါကြောင့် ကျုပ်အဖေပေးခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကို အများကောင်းကျိုးရှိတဲ့ နေရာတွေကို လှူဒါန်းလိုက်ပါ "

ဟု ပြောကာ ကျားသုံးကောင်စားသောက်ဆိုင်မှ ဆင်းခဲ့လေ တော့၏။

ထိုအခါ မြို့မိမြို့ဖများသည် မိုးမြေကို အထူးအဆန်းသတ္တဝါ တစ်ဦးသဖွယ် ကြည့်ရှုရင်း ကျန်ရစ်ခဲ့ကြ၏။

တရုတ်သူဌေးကျောင်ဝှက်၏ လူယုံတော်အဘိုးကြီးသည် မိုးမြေ ထံသို့ အကြိမ်ကြိမ်လာရောက်၍ စည်းစိမ်ဥစ္စာများကို လက်ခံယူရန် တောင်းပန်၏။

သူဌေးကျောင်ဝှက်သည် စည်းစိမ်ဥစ္စာများ၏ တဝက်တိတိကို

www.burmeseclassic.com

www.burmeseclassic.com



မိုးခြေထံသို့ ပေးခဲ့ပြီး ကျန်သောပစ္စည်းများကို ၄င်း အစေ့ပြုကျွ
သော ဓဝင်းအား ပေးခဲ့၏။

မိုးခြေသည် စည်းစိမ်ဥစ္စာများကို လက်မခံလိုကြောင်း အကြ
ကြိမ် ငြင်းဆန်ခဲ့၏။ မိုးခြေထံသို့ လူယုံတော်အတိုးကြီးသာမက မြို့
မြို့ဇများလည်း လာရောက်၍ စည်းစိမ်ဥစ္စာများကို လက်ခံ
တိုက်တွန်းကြ၏။

နောက်ဆုံးတွင် မိုးခြေသည် ဥစ္စာပစ္စည်းများကို လက်မခံ
မြို့မှထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

ဤမြို့၌ ဆက်လက်နေထိုင်လျှင် တရုတ်သူဌေးကျင်ဝှ
စည်းစိမ်ဥစ္စာများကို လက်ခံယူရန် တိုက်တွန်းခြင်းခံရပေမည်။

မိုးခြေသည် မြို့မှထွက်ခွာရန် နီးသောအခါ ဝိုဒေါင်ယော
လေး၏ ခေါင်မိုးပေါ်တွင်ဝှက်ထားသော ကတ္တီပါအိတ်လေး
ပြန်လည်ရယူခဲ့၏။

သူသည် ဘူတာရုံသို့သွားကာ ရထားကြီးဖြင့် မြို့နှင်လေးမှ
ထွက်ခဲ့၏။ မိုးခြေ စီးနင်းလိုက်ပါလာသော ရထားသည် မြို့
တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ခဲ့လေ၏။

မြို့တစ်မြို့သို့ရောက်သောအခါ ရထားကို ရပ်နား၍ ကျေး
သွေးများကို ဖြည့်လေ၏။ မိုးခြေသည် ကုန်တွဲပေါ်မှဆင်း၍ ဘူတာ
အနီးတဝိုက်သို့ လှည့်လည်ကြည့်ရှုလေ၏။ ❖

သူသည် ဘူတာရုံလေးအနီးရှိ ဆိုင်လေးတစ်ဆိုင်သို့ဝင်



အကြော်များကိုစားလေ၏။ အကြော်စားရင်း မိန်းမကြီးသုံးယောက်၏
စကားဝိုင်းကို နားစွင့်နေမိ၏။

ထိုမိန်းမကြီးများ၏ စကားဝိုင်းသည် အလွန်စိတ်ဝင်စားဖွယ်
ကောင်းလှ၏။ ရွှေများကို အရွှမကြီးတစ်ယောက်တဲ့သို့ ခြင်မကောင်း
အောင် ဝတ်ဆင်ထားသော မိန်းမကြီးတစ်ယောက်

" အခုဆိုရင် ဒီမြို့ကလူတွေအားလုံး ဦးသုခတို့ ညီအစ်ကိုဆီ
မှာ ရောက်နေကြပြီ၊ ဒီလူကြီးတွေ သေခါနီးမှ ဘာအရှုးထလဲ
မသိဘူး "

ဟု ပြောလေ၏။ ထိုအခါ အသက်အရွယ်နှင့်မလိုက်အောင်
ချွန်မင်းစွာ ပြင်ဆင်ထားသော မိန်းမကြီးတစ်ယောက်က ဝင်ရောက်၍

" သူတို့ဘာသာ တောထွက်ပြီးတော့ တရားအားထုတ်ရင်
ထုတ်ပေါ့၊ တောထွက်ခါနီး စည်းစိမ်ဥစ္စာတွေကို ဘုရားကျောင်းတန်
ဆောင်တွေမှာ လှူဒါန်းလိုက်ရင် ပြီးတာပဲ၊ အခုတော့ သူတို့
တောမထွက်မီမှာ စည်းစိမ်ဥစ္စာတွေကို မြို့ပေါ်က လူငယ်တွေထဲက
တစ်ယောက်ကို ခွဲဝေပေးမယ်တဲ့၊ ဒါဟာ လူငယ်တွေကို ရန်တိုက်ပေး
သလိုရှင် "

ဟု ပြောလေ၏။ ထိုအခါ မိန်းမကြီးတစ်ယောက် ဝင်ရောက်၍

" ဟုတ်တယ်၊ အခုဆိုရင် ဦးသောဂတို့အိမ်မှာ မြို့က လူငယ်
တွေ စုရုံးစုရုံး ရောက်နေကြပြီ၊ သူတို့အားလုံး စည်းစိမ်ဥစ္စာတွေကို
ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဦးသောဂတို့ကို အလိုလိုက် အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးနေကြတယ်၊ ဒီကိစ္စဟာ ရယ်စရာတော့ အတော်ကောင်းတယ် ”

ဟု ပြောလေ၏။

ရွှေများကို မြင်မကောင်းအောင် ဝတ်ဆင်ထားသော မိန်းမကြီးက

“ ဘာပဲဖြစ်ဖြစ် လူငယ်တွေ သူတို့ကြောင့် ရန်ပွဲဖြစ်ရာသော ချာတယ်၊ သူတို့အစီအစဉ်က လူငယ်တွေကို ရန်ဖြစ်အောင် လုပ်ပေးလိုက်သလို ဖြစ်နေပြီ ”

ဟု ပြောလေ၏။

မိုးမြေသည် မိန်းမကြီးသုံးယောက်၏ စကားကို နားထောင်၍ ဦးဘောဂနှင့် ညီအစ်ကိုများအကြောင်းကို အလွန်စိတ်ဝင်စားသွား၏။

ထို့ကြောင့် မိန်းမကြီးများရှိရာသို့သွား၍ ဦးဘောဂအိမ်ရှိရာကို မေးမြန်းလေ၏။ ထိုအခါ အရွယ်နှင့်မလိုက်အောင် လွန်မင်းစွာ ပြင်ဆင်ထားသော မိန်းမကြီးက နှာခေါင်းရှုံ့၍

“ ဒီမှာကောင်လေး၊ နင်လည်း လောဘဖြစ်သွားပြီ မဟုတ်လား၊ ဒါဆိုရင် အမြန်ဆုံးသွားပေတော့၊ ဟိုရောက်ရင် ဦးဘောဂတို့ အကြိုက်ကို လိုက်ပြီးတော့ သူတို့သုံးယောက်ကို မြှောက်ပင့်ပေး ခြေဆုပ်လက်နယ်ပြုပေး၊ ဒါဆိုရင်တော့ ဦးဘောဂတို့ပေးမဲ့အမွေတို့ နှင့် မျှော်လင့်လို့ရနိုင်မယ် ”

ဟုပြောလေ၏။





မိုးမြေသည် စကားမတွေ့ပြန်တော့ဘဲ မြို့စွန်ရှိ ဦးဘောဂတို့နေထိုင်ရာ အိမ်ကြီးသို့ ထွက်ခဲ့လေ၏။

အတန်ကြာသောအခါ ဦးဘောဂတို့နေထိုင်ရာ ကျွန်းအိမ်မည်းကြီးသို့ရောက်လာ၏။

ကျွန်းအိမ်မည်းကြီး၏ ပတ်ပတ်လည်တွင် သီးပင်စားပင်များ စေ့စေ့ဆာဆာရှိသော စိုက်ခင်းကြီးရှိ၏။

မိုးမြေသည် ခြံတံခါးကိုတွန်း၍ အတွင်းသို့ ဝင်သွားသောအခါ ခြံထဲတွင် လူငယ်များစွာကိုတွေ့ရ၏။

လူငယ်များသည် မြက်ခုတ်သူခုတ်၊ အမှိုက်လှဲသူလှဲနှင့် အလုပ်ရှုပ်နေကြ၏။

သို့သော် ခြံဝင်းကြီးတစ်ခုလုံး ပြောင်ရှင်းနေသဖြင့် ၎င်းတို့၏ အပြုအမူများသည် အလုပ်မရှိ အလုပ်ရှာနေသကဲ့သို့ ဖြစ်နေ၏။

လူငယ်များသည် မိုးမြေကိုမြင်သောအခါ မလိုလားဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြကုန်၏။ ၎င်းတို့သည် ခြံဝင်းအတွင်းသို့ လူငယ်တစ်ဦး ထပ်မံဝင်ရောက်လာခြင်းကို လိုလားပုံမရချေ။

ကျွန်းအိမ်မည်းကြီး၏ တံခါးဝသို့ရောက်သောအခါ ဧည့်ခန်းထဲတွင် ကျွန်းခုတင်ကြီးသုံးလုံးကိုချ၍ လဲလျောင်းနေသော လူကြီးသုံးဦးကို တွေ့ရ၏။

လူကြီးများ၏အနီးတွင် ဝိုင်းရံ၍ ခြေဆုပ်လက်နယ်ပြုပေးနေကြသော လူငယ်များကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခုတင်ကြီးအနီးရှိ စားပွဲတွင်လည်း ကြက်ကြော်၊ ငှက်ကြော်၊ ငှက်ပျောသီး၊ ဒူးရင်းသီး၊ သရက်သီး၊ ပဲလှော်၊ ထန်းလျက်စသော စားသောက်ဖွယ်ရာများကိုလည်းတွေ့ရ၏။

ထိုစားသောက်ဖွယ်ရာများသည် ခုတင်ပေါ်ရှိ လူကြီးသုံးဦး စားသောက်ရန်အတွက် မြို့ခံလူငယ်များ ယူဆောင်လာခြင်း ဖြစ်ဟန်တူ၏။

လူငယ်များသည် မိုးမြေကိုမြင်သောအခါ ပြိုင်ဘက်တစ်ဦး တိုးလာပြီဟူသောဟန်ဖြင့် မကျေမနပ် ကြည့်ရှုကြပြန်၏။

ထိုလူငယ်များအနက် ခွန်အားဗလ သန်မာဟန်ရှိသော လူငယ်တစ်ဦးက မိုးမြေကို မျက်မှောင်ကြုတ်ကြည့်၍

" ဟေ့ကောင်··· နောက်မှလာပြီး ရှေ့တက်လို့မရဘူး၊ နောက်ကနေ တန်းစီရမယ် "

ဟုပြောလေ၏။

ထိုလူငယ်သည် လူကြီးတစ်ဦး၏ပခုံးအား အလွန်စေတနာထား ဟန်ဖြင့် နှိပ်နယ်ပေးလေ၏။

ဝိန်ရှည်ရှည်လူငယ်တစ်ဦးကလည်း မိုးမြေကို မကျေမချမ်း ကြည့်၍

" ဟေ့ကောင်···မင်း ဒီမြို့ကမဟုတ်ဘူးလား၊ ဦးလေးတို့ကို ကန်တော့မဲ့လူကလည်း စားစရာသောက်စရာ တစ်ခုမှပါမလာပါလား "





ဟု ပြစ်တင်ကဲ့ရဲ့လေ၏။ မိုးမြေက လူငယ်ကိုကြည့်၍

" ကျုပ် အချောင်သမား မဟုတ်ဘူး၊ ကျုပ် ဒီကိုလာ ထတည်းက ဘာအကျိုးကိုမှ မျှော်ကိုးလို့မဟုတ်ဘူး၊ ထူးဆန်းတဲ့ အကြောင်းအရာတစ်ခုကို ကြားရလို့ ဒီကိုလာခဲ့တာဗျ၊ ဒီရောက်တော့ ကျုပ်ထင်မှတ်ထားတာထက်တောင် ပိုပြီးထူးဆန်းနေတာတွေ့ရတယ်"

ဟု ပြောလေ၏။ မိုးမြေ၏စကားကြောင့် မျက်လုံးများမှိတ်၍ အနှိပ်ခံနေသော လူကြီးတစ်ဦးသည် မျက်လုံးဖွင့်လာပြီး မိုးမြေကို စိတ်ဝင်စားဟန်ဖြင့် ကြည့်၍

" ဒီမှာကောင်လေး၊ ငါတို့မိဘအမွေတွေကို မင်း မလိုချင်ဘူးလား၊ ငါတို့ညီအစ်ကိုသုံးယောက်ရဲ့အမွေတွေက နည်းနည်းနောနော မဟုတ်ဘူးနော်၊ ဒီဒေသမှာ လယ်တွေ ယာတွေ ဆီစက်တွေ ဆန်စက်တွေ လက်ညှိုးထိုးမလွဲအောင်ရှိတယ်၊ မင်း စိတ်ကူးမလွဲနဲ့၊ ငါတို့သုံးယောက် စည်းစိမ်ဥစ္စာကိုစွန့်ပြီး တောထွက်သွားရင် ဒီဥစ္စာတွေကို ငါတို့ ကြည်ဖြူတဲ့လူငယ်တွေရမှာကွ "

ဟု လောဘတက်အောင် ပြောဆိုလေ၏။

မိုးမြေက ခေါင်းခါယမ်း၍

" ကျုပ် အချောင်သမား မဟုတ်ဘူးဗျ၊ ကျုပ်လုပ်အားမပါတဲ့ ငွေကြေးကို ကျုပ်မလိုချင်ဘူး၊ ကျုပ် ဒီကိုရောက်လာတာ အမွေပစ္စည်းတွေကိုမက်လို့ ရောက်လာတာမဟုတ်ဘူး၊ ဦးလေးတို့ရဲ့ အဓိအစဉ် စိတ်ဝင်စားလို့ ရောက်လာတာ၊ တကယ်တော့ ဒီမြို့က

www.burmeseclassic.com



လူငယ်တွေအားလုံး ဦးလေးကိုဝိုင်းပြီး ညာနေကြတယ်၊ သူတို့ဟာ မလိုအပ်ဘဲ မြို့ထဲမှာ မြက်ခုတ်နေကြတယ်၊ အမှိုက်တွေ လှဲကျင်းနေကြတယ်၊ တကယ်တော့ မြို့ကြီးတစ်ခုလုံး ရှင်းလင်းနေပြီး ဒါတွေကို လှမြင်ကောင်းအောင် လုပ်နေကြတယ်၊ နောက်ပြီး ဦးလေးတို့အနားမှာလည်း ပုရွက်ဆိတ်လို ဝိုင်းအုံပြီး နှိပ်နယ်ပေးနေကြတယ်၊ ဦးလေးတို့ဟာ မလိုအပ်ဘဲ နှိပ်နယ်တာကိုခံနေတဲ့အတွက် ကြာရင်နာကျင်ကိုက်ခဲနေလိမ့်မယ်၊ ဟောဒီစားပွဲကြီးပေါ်မှာလည်း ကြည့်ဦး၊ စားစရာတွေ တောင်လိုပုံနေတာပဲ၊ ဦးလေးတို့ အသက်အရွယ်နဲ့ ဒီအစားတွေကို အကြာကြီးစားရင် မြန်မြန်ရောဂါရမှာ သေချာတယ်၊ တကယ်တော့ သူတို့အားလုံးဟာ စေတနာ မေတ္တာရှိလို့ ပြုစုစောင့်ရှောက်နေတာ မဟုတ်ဘူး၊ စည်းစိမ်ဥစ္စာတွေကို ရလိုစောနဲ့ လုယက်ပြုစုနေတာ ဖြစ်တယ်၊ ဒါတွေကိုသာယာပြီး သဘောကျနေရင် ဦးလေးတို့ဟာ အလွန်မိုက်မဲရာကျမှာပေါ့၊ တကယ်တော့ အမွေဆိုတာ ခံစားထိုက်သူမှ ခံစားရတာပါ၊ တကယ်လို့ စည်းစိမ်ဥစ္စာတွေ မလိုတော့ဘူးဆိုရင် ထုခွဲရောင်းချပြီး အများအကျိုးရှိမဲ့နေရာတွေမှာ အသုံးပြုလိုက်ရင် အကောင်းဆုံးပါပဲ၊ လောကမှာ ကိုယ့်အတွက်မလိုအပ်ပေမဲ့ သူတစ်ပါးအတွက် လိုအပ်တာတွေ အများကြီးရှိတယ်ဆိုတာ ဦးလေးတို့သိမှာပါ၊ သူတို့အားလုံးဟာ ဦးလေးတို့ကြိုက်အောင် ဟန်ဆောင်ကြမှာပဲ၊ ဒါတွေဟာ အစစ်အမှန်တွေ မဟုတ်ဘူး၊ အပေါ်ယံ အတုအယောင်တွေပဲဖြစ်တယ်"





ဟုပြောလိုက်လေ၏။

ထိုအခါ လူကြီးသုံးယောက် နံဘေးရှိလူငယ်များသည် မိုးမြေကို မတွေ့မနေ့ကြည့်၍ ထိုင်ရာမှ ထရပ်လိုက်ပြီး ခွန်အားသန်မာသောသူက

" ဟေ့ကောင်… မင်းစကားတွေ ရှင့်သီးလှချည်လား၊ ငါတို့ကလူတွေကို အသားလွတ်စော်ကားနေပါလား၊ ငါတို့အားလုံးဟာ စေတနာနဲ့ ဦးလေးတို့ တောထွက်ခါနီး လာပြီးကုသိုလ်ယူတာကွ၊ ဦးလေးတို့ပေးမဲ့ အမွေပစ္စည်းတွေကို ဘယ်သူမှစိတ်မဝင်စားကြဘူးကွ "

ဟုပြောလေ၏။

ထိုအခါ မိုးမြေက တဟားဟားရယ်မောလိုက်ပြီး

" ဟား ဟား ဟား… နားရှိလို့သာကြားရတယ်၊ ကျုပ်တော့ မယုံဘူး၊ ဟောဒီက လူကြီးတွေသာ အမွေတွေကို ခွဲဝေမပေးဘူးလို့ ကြေညာလိုက်ရင် မင်းတို့အားလုံး ဒီအိမ်က ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြမှာပဲ "

ဟုပြောလေရာ လူငယ်များသည် မျက်စိမျက်နှာပျက်သွားကြလေ၏။

ထိုအခါ ဦးဘောဂဆိုသောလူကြီးက ထိုင်ရာမှထ၍ ထက်ခုပ်တီးလိုက်ပြီး

" ကြိုက်သွားပြီ ကောင်လေး၊ မင်းရဲ့စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါကြိုက်တယ်၊ မင်းဟာ အချောင်သမားမဟုတ်ဘူး၊ ကိုယ့်အားကိုယ်ကိုးချင်တဲ့ စိတ်ဓာတ်ရှိတယ်၊ တကယ်တော့ မြို့ကလူငယ်တွေအားလုံး ငါတို့ကို လိမ်နေကြတာပဲ၊ သူတို့ဟာ စည်းစိမ်ဥစ္စာတွေကို မရဘူးဆိုရင် ဒီနေရာက ထွက်ခွာသွားကြမှာပဲ၊ မင်းပြောတဲ့စကားက သိပ်မှန်တယ်၊ ဒါကြောင့် ငါဆုံးဖြတ်လိုက်ပြီ၊ နို့သုံးယောက် တောထွက်သွားရင် စည်းစိမ်ဥစ္စာတွေကို ထုခွဲရောင်းချပြီး အများအကျိုးရှိတဲ့နေရာတွေမှာ အသုံးချတော့မယ်"

ဟုပြောလေ၏။

ထိုအခါ ဦးဘောဂတို့ ညီအစ်ကိုသုံးယောက်ကို လာရောက်လုပ်ကိုင်ပေးနေသော လူငယ်များသည် မျက်စိမျက်နှာပျက်သွားကြပြီး ဟန်မဆောင်နိုင်သော လူငယ်တစ်ဦးက

" ဘယ်လိုလုပ်လိုက်တာလဲ ဦးလေးရယ်၊ ကျုပ်တို့ဘာအလုပ်မှမလုပ်ဘဲ ဦးလေးတို့ဆီမှာလာပြီး ဝတ်ကြီးဝတ်ငယ်ပြုစုနေတာ သုံးရက်ရှိပြီဗျ၊ မြေထဲမှာ မြက်တွေခုတ်လှန်းလို့ လက်တွေလည်း ပေါက်ကုန်ပြီ၊ အမှိုက်တွေလှဲရတာလည်း ခါးချိုးနေပြီ၊ အခုတော့ အမွေတွေကို မပေးတော့ဘူးဆိုတော့ ကျုပ်တို့ နစ်နာတာပေါ့ဗျာ "

ဟုညည်းညူလေရာ ကျန်လူငယ်များကလည်း ဝိုင်းခံယောက်ခံကြလေ၏။

ထိုအခါ လူကြီးတစ်ဦးက လှဲနေရာမှထ၍ လက်သီးဆုပ်ကာ





" ဟောကောင်တွေ သေချာကြစမ်း၊ မင်းတို့က အချောင်သမားတွေ၊ လိုချင်တာရှိလို့ မေတ္တာမရှိဘဲ ငါတို့ဆီလာပြီး ပြုစုနေတာ၊ ငါတို့လိုချင်တာ ဟန်ဆောင်မှုတွေ မဟုတ်ဘူးကွ၊ လိမ်ညာလှည့်ဖျားတာကို ငါတို့တွေ သိပ်မုန်းတယ်၊ မင်းတို့အားလုံး လောဘသားတွေ၊ အချောင်သမားတွေ၊ တကယ်တော့ နောက်ဆုံးရောက်လာတဲ့လူငယ်ထမှ ကိုယ့်အားကိုယ်ကိုးပြီး ယောကျ်ားပီသတဲ့လူကွ၊ မင်းတို့အားလုံး ထောဝတ်ထားဖို့ပဲကောင်းတယ်၊ ငါတို့ပေးမဲ့ စည်းစိမ်ဥစ္စာတွေနဲ့ တန်ဘူး၊ ဒါကြောင့် ဒီအိမ်က အခုချက်ချင်းထွက်သွားပေတော့"

ဟုမောင်းနှင်ထုတ်လိုက်ရာ လူငယ်များသည် မကျေမနပ်ရေရွတ်ကြပြီး ဦးဘောဂတို့အိမ်ကြီးမှ ဝရုန်းသုန်းကား ထွက်သွားကြလေ၏။ ထိုအခါ အိမ်ကြီး၌ ဦးဘောဂတို့သုံးဦးနှင့် မိုးမြေသာ ကျန်ရစ်ခဲ့လေ၏။

ဦးဘောဂက လူငယ်များထွက်ခွာသွားသောအခါ စားပွဲခုံပေါ်တွင် ကျန်ရစ်ခဲ့သော မြောက်မြားလှသည့် စားသောက်ဖွယ်ရာများတို ကြည့်ကာ တဟားဟား ရယ်မောကာ

" ဟားဟားဟား... ဒီကောင်တွေပြန်သွားတော့လည်း စားပွဲပေါ်မှာ စားစရာတွေ အများကြီးကျန်ခဲ့တယ်၊ ဒါဟာ အမြတ်ပဲထွ "

ဟုပြောလေရာ ကျန်သောလူကြီးတစ်ဦးက မျက်နှာရှုံ့မဲ၍

" ဒါအမြတ်မဟုတ်ဘူးကွ၊ ဒီကောင်တွေလာပြီး နှိပ်နယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ အကြောင်းမပြောဘဲအပြင် တစ်ကိုယ်လုံး ထုရိုက်ထားသလို နာကျင်နေတယ်ကွ၊ ငါတို့ညီအစ်ကိုတွေ ကိုယ့်အတတ်ကိုယ်စူးပြီးနဲ့ တူပါတယ်ကွာ"

ဟုညည်းညူလေ၏။

ဦးသောဂက တဟားဟားရယ်မောရင်း သူ၏ညီဘက်သို့ လှည့်ကာ

" ဟား ဟား ဟား... ဒီစိတ်ကူးကို မင်းပဲရတာ၊ ဒီလောက်တော့ခံလိုက်ပေါ့ကွာ၊ အစကတည်းက မင်းစိတ်ကူးကို ငါတို့ဝိုင်းဖျက်ခဲ့တာပဲ၊ ဒါဟာ အဓိပ္ပာယ်မရှိဘူးလို့၊ မြို့ပေါ်ကလူငယ်တွေကို စည်းစိမ်ဥစ္စာနဲ့မျှားပြီးခေါ်ရင် အရည်အချင်းရှိတဲ့လူတော့ ရောက်လာမှာမဟုတ်ဘူး၊ ပိုက်ဆံမက်တဲ့လူတွေပဲ ရောက်လာမှာ"

ဟုပြောလေ၏။ ထိုအခါ အိပ်ရာပေါ်မှထလာသော လူကြီး တစ်ဦးက

" ဟုတ်တယ်၊ ငါတို့ဆီကို ရောက်လာတဲ့လူငယ်တွေ အားလုံး ငွေမက်တဲ့လူချည်းပဲ၊ ဒီကောင်တွေကြည့်ရတာ အရည်အချင်းလည်း မရှိဘူး၊ စည်းစိမ်ဥစ္စာလည်း သိပ်မက်ကြတယ်၊ ဒီကောင်တွေ အမြန်ဆုံး တို့အိမ်ကထွက်သွားတာကောင်းတယ်ကွ"

ဟုပြောလေ၏။

ထိုအခါ ဦးသောဂက စားပွဲခုံပေါ်ရှိ ငှက်ပျောသီးတစ်လုံးကို ယူ၍စားလိုက်ပြီး





" ဒါပေမဲ့ ငါတို့အမြတ်ထွက်ပါတယ်ကွာ၊ ဘာဖြစ်လို့လဲ ဆိုတော့ မြို့ကလူငယ်တွေနဲ့ အတွေးအခေါ်အယူအဆ လုံးဝမတူတဲ့ လူငယ်တစ်ယောက် ရောက်လာလို့ပဲ၊ ဒီကောင်ဟာ အရည်အချင်းရှိ တယ်လို့ ငါယုံကြည်တယ် "

ဟုပြောလေ၏။ ဦးဗလဆိုသော လူကြီးက မိုးမြေကိုကြည့်၍

" မင်းဘာဖြစ်လို့ ငါတို့အိမ်ကိုရောက်လာတာလဲ၊ စည်းစိမ် ဥစ္စာတွေကို လိုချင်လို့လား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးမြေက ခေါင်းခါယမ်း၍

" ခင်ဗျားတို့စည်းစိမ်ဥစ္စာတွေ ဘယ်လောက်များများ [illegible] မလိုချင်ပါဘူး၊ ဒီမြို့က လူငယ်တွေကို ကျုပ်အလွန်အံ့ဩမိ တယ်၊ ကိုယ့်ရဲ့လုပ်အားမပါဘဲ ငွေကိုလိုချင်ကြတယ်၊ လောဘ [illegible]လည်း ကြီးကြတယ် "

ဟုပြောလေ၏။

မိုးမြေ၏စကားကိုနားထောင်၍ ဦးသောဂက ခေါင်းတဆတ် ဆတ်ညိတ်၍

" မင်းရဲ့စကားကိုတော့ ကြိုက်သွားပြီ၊ ငါတို့လိုချင်တာ မင်းလိုစိတ်ဓာတ်မျိုးကွ၊ သူတို့လို လှည့်လှည့်လူဖျင်းတွေမဟုတ်ဘူး "

ဟုပြောလေ၏။ မိုးမြေသည် ဦးသောဂ၏စကားကြောင့် နားလည်ဟန်ဖြင့် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" နေပါဦး၊ ဦးလေးတို့က တရားကျင့်ကြံဖို့ တောထွက်တော့မယ်ဆို၊ ဒီကြောင့် စည်းစိမ်ဥစ္စာတွေကို အမွေပေးနေတာ မဟုတ်ဘူးလား "

ဟုမေးမြန်းလေ၏။

ထိုအခါ လူကြီးသုံးယောက်အနက် အငယ်ဆုံးဖြစ်ဟန်တူသော လူကြီးက

" ဟောကောင်လေး၊ ငါတို့ ဥပဓိရုပ်တွေကို သေသေချာချာကြည့်စမ်း၊ တရားရပြီး တောထွက်မဲ့ ရုပ်တွေလား "

ဟုမေးမြန်းလေ၏။ မိုးမြေက လူကြီးသုံးဦး၏ မျက်နှာတို့ မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

" ကျုပ်လည်း ထင်ပါတယ်၊ ခင်ဗျားတို့သုံးယောက်ကြည့်ရတာ တရားရတဲ့ရုပ် တစ်ယောက်မှမပါဘူး၊ ဒါဆိုရင် လူတော်တွေကို အမွေပေးမယ်ဆိုပြီး လုပ်ကြံသတင်းလွှင့်တာ အကြောင်းတစ်ခုခုရှိရမယ် "

ဟုပြောလေ၏။

ထိုအခါ ဦးဘောဂက ခေါင်းညိတ်၍

" မင်းမဆိုးဘူး၊ ငါတို့ ရည်ရွယ်ချက်ကို ရိပ်မိသားပဲ စဉ်းစားချင့်ချိန်တတ်တယ်၊ စည်းစိမ်ဥစ္စာတွေလည်း မမက်မောဘူး ဒါဟာ ငါတို့လိုချင်တဲ့ အရည်အချင်းတွေပဲ၊ ဒါပေမဲ့ မင်းနဲ့ ပတ်သက်ပြီး ငါတို့စမ်းသပ်ချင်တဲ့ အရည်အချင်းတစ်ခု ကျန်သေး





သယ်၊ အဲဒါကတော့ သတ္တိပဲ "

ဟုပြောလေ၏။

လူကြီး၏ စကားကြောင့် မိုးမြေက လက်သီးကိုဆုပ်၍

" ကျုပ် မိုက်ရူးရဲတော့မလုပ်တတ်ဘူး၊ ဒါပေမဲ့ လိုအပ်တဲ့အခါ သတ္တိရှိဖို့တော့ အသင့်ပဲ "

ဟုပြောလေ၏။

မိုးမြေ၏စကားကြောင့် ဦးဗလဆိုသောလူကြီးက ဝင်ရောက်၍

" သတ္တိရှိတယ်ဆိုတာ ပါးစပ်နဲ့ သက်သေပြလို့ရမဘူး၊ လက်ရုံးရည်နဲ့ သက်သေပြဖို့လိုတယ် "

ဟုပြောလေ၏။

ထိုအခါ ဦးဘောဂဆိုသောလူကြီးက ဝင်ရောက်၍

" ဒီကောင်မှာ လက်ရုံးရည် ဘယ်လောက်ရှိတယ်ဆိုတာ မကြာခင်သိရမှာပါ "

ဟုပြောလေ၏။

ထို့နောက် မိုးမြေသည် ဦးဘောဂတို့ ညီအစ်ကိုသုံးယောက်နှင့်အတူ ညစာစားလေ၏။

ညစာစားပြီးနောက် အိမ်ရှေ့သို့ထွက်၍ ရေနွေးကြမ်း၊ လက်ဖက်၊ ဝဲလှော် စသည်တို့ကို စားသောက်ကြလေ၏။

ထို့နောက် ဦးဘောဂက မိုးမြေ၏ဘဝနောက်ကြောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းလေ၏။ မိုးမြေသည် သန်လျက်လေးအကြောင်းကို ထိန်ချန်၍ သူ့ဘဝဇာတ်ကြောင်းကို ပြောပြလေ၏။

ပုဂံမင်း၏ သံလျက်ကို လှို့ဝှက်ထားရမည်ဟု ဆေးဆရာကြီး ဦးသက်ရှည်က မှာကြားထားသောကြောင့်ဖြစ်၏။

မိုးမြေ၏စကားဆုံးသောအခါ ဦးဘောဂက

" မင်းရဲ့ဘဝဟာ အလွန်ထူးခြားတာပဲ၊ အနှစ်နှစ်ဆယ်လုံးလုံး ပျောက်ဆုံးခဲ့ရတဲ့မိဘအရင်းကို ပြန်တွေ့ခဲ့ရတယ်၊ ကိုယ့်အဖေ ဘယ်သူလဲ သိတဲ့အချိန်မှာ အဖေဟာ လူ့လောကမှာမရှိတော့ဘူး မင်းလို ဆင်းရဲသားနင်းပြားလေးတစ်ယောက်အတွက် အိပ်မက်တောင်မမက်ဘူးတဲ့ အမွေတွေကို မင်းအဖေပေးခဲ့တယ်၊ ဆင်းရဲတဲ့လူအများဟာ အလွန်ချမ်းသာချင်ကြတယ်၊ မင်းကတော့ စည်းစိမ်ဥစ္စာတွေကို ငြင်းပယ်ခဲ့တယ်၊ မင်းရဲ့ကိုယ့်အားကိုယ်ကိုးချင်တဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်ကွာ"

ဟုပြောလေ၏။ မိုးမြေက သက်ပြင်းပြ၍

" ချီးကျူးစရာမလိုပါဘူးဗျာ၊ ကျုပ်က ရှင်းရှင်းလေးပဲ တွေးတယ်၊ လူတိုင်းချမ်းသာချင်သလို စည်းစိမ်ဥစ္စာတွေနဲ့ နေချင်ကြတာပဲ၊ ဒါပေမဲ့ ကိုယ့်လုပ်အားမပါတဲ့ငွေကို ကျုပ်မလိုချင်ဘူး "

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ဦးဘောဂတို့ခြံစည်းရိုးအနီးသို့ မီးတုတ်ကိုင် လူတစ်စု ချဉ်းကပ်လာသည်ကို မြင်တွေ့ရလေ၏။





ဦးဘောဂသည် မီးတုတ်ကိုင်လူများကိုကြည့်၍

" မိုးမြေရဲ့သတ္တိကို စမ်းဖို့လူတွေရောက်လာပြီ "

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ခြံရှေ့သို့ မီးတုတ်ကိုင်လူများ ဝိုင်းအုံလာပြီး

" ငါတို့ကို ငွေတွေမရအောင် လုပ်တဲ့ကောင်ထွက်ခဲ့စမ်း"

ဟုအော်ဟစ်လေ၏။

" ဟေ့ကောင်… မင်းမှာ သတ္တိဘယ်လောက်ရှိသလဲဆိုတာ ကြည့်မယ်၊ ထွက်ခဲ့စမ်း "

ဟူသော အော်ဟစ်သံများကို ကြားရ၏။

ဦးလောဘက ခြံရှေ့သို့ကြည့်၍

" ညွှန့်ခင်နဲ့စောဦးတို့လူစုပါလား၊ ဒီကောင်တွေဟာ ငါတို့ရဲ့ အမွေတွေကိုလိုချင်လို့ ထိပ်ဆုံးက ကြိုးစားနေခဲ့တဲ့လူတွေကွ၊ အခု အမွေတွေမရလို့ မစားရတဲ့အမဲ သဲနဲ့ပက်မယ်ထင်တယ် "

ဟု ပြောလေ၏။ ဦးဗလဆိုသော လူကြီးကလည်း

" ဒီကောင်တွေက ဒီနယ်မြေတစ်ဝိုက်မှာ ကျက်စားတဲ့အကောင်တွေပေါ့၊ မြို့မှာတော့ မိုက်တိမိုက်ကန်းအကောင်တွေကွ၊ သူတို့ဟာ ငါတို့ညီအစ်ကိုတွေဆီက အမွေတွေကို အများကြီးမျှော်လင့်ထားတာကွ၊ အခု မင်းကြောင့် သူတို့ရဲ့မျှော်လင့်ချက်တွေ ပျက်စီးသွားရပြီ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေက လူကြီးသုံးဦးကို မည်သည့်စကားမျှမဆိုတော့ဘဲ မြို့ဝသို့ ထွက်သွားလေ၏။ မီးတုတ်ကိုင်လူများက မိုးမြေကို ကြည့်၍

" ဟေ့ကောင်… မင်း အသားမနာချင်ရင် ဒီမြို့က ထွက်သွားပေတော့၊ ဦးဘောဂတို့ ညီအစ်ကိုသုံးယောက်ရဲ့ အမွေတွေကို ငါတို့မရရင် မင်းလည်း မရစေရဘူး "

ဟု ပြောလေ၏။ မိုးမြေက ထိုလူကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

" ဦးဘောဂတို့ အမွေတွေကို ကျုပ်ယူမယ်လို့ ခင်ဗျားတို့ကို ဘယ်သူပြောသလဲ၊ ကျုပ်တာ ခင်ဗျားတို့လို အချောင်သမားမဟုတ်ဘူး "

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ စောဦးဆိုသောလူက လက်သီးကိုဆုပ်၍

" ဟေ့ကောင်… မင်း ငါတို့ကို စော်ကားပြန်ပြီ၊ ဒီမြို့မှာ ငါတို့ဘာကောင်တွေလဲဆိုတာ မင်းသိလား "

ဟု ကြိမ်းမောင်းလေ၏။ ထိုအခါ မိုးမြေက ခေါင်းခါယမ်း၍

" ခင်ဗျားတို့ ဘာကောင်တွေလဲဆိုတာ ကျုပ်သိဖို့မလိုဘူး။ ခင်ဗျားတို့သိရမှာက ဒီလူကြီးသုံးယောက်ရဲ့အမွေတွေကို ကျုပ်စိတ်မဝင်စားဘူး၊ ဒီလူကြီးသုံးယောက်ပေးမဲ့ အမွေတွေကိုလည်း ကျုပ်မယူဘူး၊ ဒါကို ခင်ဗျားတို့ မြဲမြဲမှတ်ထား "





ဟု ပြောလေ၏။ ထိုအခါ ညွှန့်ခင်ဆိုသောလူသည် စိတ်မထိန်းနိုင်တော့ဘဲ မိုးမြေအား လက်သီးဖြင့်ထိုးလိုက်လေ၏။

မိုးမြေသည် အစပိုင်းတွင် သည်းခံနေသော်လည်း သည်းမခံနိုင်သည့်အဆုံးတွင် ညွှန့်ခင်နှင့်စောဦးအား ပြန်လည်တိုက်ခိုက်လေ၏။

စောဦးနှင့် ညွှန့်ခင်သည် မိုးမြေ၏တိုက်ခိုက်ခြင်းကို မခံနိုင်တော့ဘဲ မြေပေါ်သို့လဲကျသွားလေ၏။

မီးတုတ်များကိုင်၍ ရပ်တဲ့နေကြသော ၎င်းတို့၏ တပည့်များသည်း မိုးမြေကို ထိတ်လန့်သွားကြ၏။

မိုးမြေက ထိုလူများကို လှည့်ကြည့်၍ လက်သီးကိုဆုပ်ကာ

" ဒီကောင် နှစ်ကောင်ကို ကျုပ်ရှေ့က အမြန်ခေါ်သွားကြစမ်း၊ ကြာရင် ကျုပ်လူသတ်မိလိမ့်မယ် "

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ မီးတုတ်ကိုင်လူများသည် မိုးမြေကို ထိတ်လန့်သွားကြပြီး စောဦးနှင့်ညွှန့်ခင်ကိုတွဲ၍ ထွက်ခွာသွားကြလေ၏။

မိုးမြေ မြို့တွင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးဘောဂက လက်ခုပ်တဖြောင်းဖြောင်းတီး၍

"မင်းမှာရှိတဲ့ သတ္တိကို မင်းပြလိုက်ပြီ၊ မင်းဟာ ကိုယ်စွမ်းဉာဏ်စွမ်းရော ထက်မြက်တဲ့ ကောင်လေးပဲ "

ဟု ပြေလေ၏။

ဦးဗလဆိုသော လူကြီးသည် ဝင်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်၊ မင်းမှာ ငါတို့လိုချင်တဲ့ အရည်အချင်းတွေ အားလုံးရှိတယ် "

ဟု ချီးမွမ်းပြန်၏။

ထိုအခါ မိုးမြေက လူကြီးသုံးယောက်ကို ကြည့်၍

" ခင်ဗျားတို့မှာ အကြံအစည်တစ်ခုတော့ ရှိပုံရတယ်၊ ဒီအကြံအစည်ကို ကျုပ်ကို ဖွင့်ပြောပါ၊ ကျုပ်ကူညီနိုင်ရင် ကူညီပါ့ မယ် "

ဟု ပြောလေ၏။

မိုးမြေ၏စကားအဆုံးတွင် ညီအစ်ကိုသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ဦးဘောဂဆိုသော လူကြီးက

" အတိတ်ကာတတ်ကြောင်းတွေကို ပြန်ပြောရရင်တော့ အရှည်ကြီးပဲကွ၊ အတိုပြောရရင်တော့ ငါတို့ညီအစ်ကိုသုံးယောက်ရဲ့ ဖခင်ကြီးဟာ အလွန်ကျော်ကြားတဲ့ ဆေးဆရာ ကြီးကွ၊ ဖခင်ကြီးဟာ ဆေးပညာကို ကျွမ်းကျင်ပါတယ်၊ ဒါပေမဲ့ ငါတို့ဖခင်ကြီး ဆေးပညာ မှာ ကျော်ကြားတာဟာ သူ့ရဲ့အစွမ်းကြောင့် သက်သက်မဟုတ်ဘူး ကွ၊ ထူးဆန်းတဲ့ သစ်ကနက်သား ယမင်းရုပ်ကလေးကြောင့်ကွ "

ဟု ပြောလေ၏။

မိုးမြေက နားမလည်ဟန်ဖြင့် ကြည့်၍

" ဗျာ… ဆေးဆရာကြီးကျော်ကြားတာဟာ သူ့ရဲ့အစွမ်း





ကြောင့် မဟုတ်ဘူး ဟုတ်လား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးဘောဂက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါတို့အဖေဟာ ဆေးပညာကို အလွန် ကျွမ်းကျင်တဲ့ သမားတော်ကြီးတစ်ယောက်ပဲ၊ ဒါပေမဲ့ ငါတို့ဖခင်ကြီး ဟာ မမျှော်လင့်ဘဲ သစ်ကနက်သားနဲ့လုပ်ထားတဲ့ အရုပ်လေးတစ်ရုပ် ကို ရလိုက်တယ်၊ ဒီအရုပ်လေးကိုတွေ့စက ဖခင်ကြီးဟာ အစွမ်း သတ္တိရှိတယ်လို့လည်း မယုံကြည်ဘူး၊ ဒါကြောင့် အိမ်ရဲ့ဧည့်ခန်း တစ်နေရာမှာပဲ သစ်ကနက်သားအရုပ်လေးကို ထားလိုက်တယ်၊ ဒါပေမဲ့ သစ်ကနက်သားအရုပ်လေး ရောက်လာတဲ့အချိန်ကစပြီး ဖခင်ကြီးရဲ့ဆေးပညာဟာ ပိုမိုအစွမ်းထက်လာတယ်လို့ ထင်ရတယ်၊ ဖခင်ကြီးဟာ အရင်တုန်းက သူ ဘယ်လိုမှကုသလို့မရတဲ့ လူနာတွေကို သစ်ကနက်သားယမင်းရုပ်လေး ရောက်လာတဲ့အချိန်ကစပြီး ပျောက် ကင်းအောင် ကုသနိုင်ခဲ့တယ်၊ ဖခင်ကြီးရဲ့ ဂုဏ်သတင်းဟာ တဖြည်းဖြည်း ပျံ့နှံ့လာခဲ့တယ်၊ ဒီတော့မှ ဖခင်ကြီးဟာ မမျှော်လင့်ဘဲ အိမ်ကိုရောက်လာတဲ့ သစ်ကနက်သားယမင်းရုပ်လေးကို တန်ဖိုးထား တော့တယ်၊ ယမင်းရုပ်လေးကို ဘုရားခန်းထဲက ရေးကျမ်းစာအုပ်တွေ ထားတဲ့ ကလပ်ပေါ်မှာ တယုတယ တင်ထားခဲ့တယ် "

ဟု ပြောလေ၏။ မိုးမြေက စိတ်ဝင်စားဟန်ဖြင့်

" နေပါဦး၊ သစ်ကနက်သားယမင်းရုပ်လေးဟာ ဦးဘောဂ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖခင်ကြီးဆီကို ဘယ်လိုလုပ်ပြီးရောက်လာခဲ့တာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးဗလက ခေါင်းညိတ်၍

“ ယမင်းရုပ်လေး အိမ်ကိုရောက်လာတာတော့ သိပ်ထူးဆန်းတယ်၊ အဲဒီနေ့က မိုးတွေအရမ်းရွာတဲ့ နေ့တစ်နေ့ပေါ့၊ လေပြင်းမုန်တိုင်းတွေ တိုက်ပြီး ငါတို့ရပ်ကွက်ထဲက သစ်ပင်တွေ တဖြောင်းဖြောင်း ပြိုကျခဲ့တယ်၊ ငါတို့ အိမ်နားမှာ အလွန်ကြီးမားတဲ့ ကျွန်းပင်ကြီးတစ်ပင်ရှိတယ်၊ ဒီကျွန်းပင်ကြီးဟာလည်း လေမုန်တိုင်းဒဏ်ကြောင့် မထင်မှတ်ဘဲ ပြိုလဲသွားခဲ့ရတယ်၊ ကျွန်းပင်ကြီးလဲကျပြီး သစ်ခေါင်းထဲကနေ အလွန်ထူးဆန်းတဲ့ သစ်ကနက်သားယမင်းရုပ်လေးကို တွေ့ရတော့တာပဲ ”

ဟု ပြောလေ၏။ မိုးမြေက မျက်မှောင်ကြုတ်၍

“ ကျွန်းပင်ကြီးရဲ့သစ်ခေါင်းထဲကို ဘယ်သူကလာပြီး သစ်ကနက်သားရုပ်လေးကို ထည့်ထားလည်းဆိုတာ စဉ်းစားစရာပဲ ”

ဟု ပြောလေ၏။ ထိုအခါ ဦးဘောဂက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ကျွန်းပင်ကြီးထဲမှာ သစ်ကနက်သားရုပ်ကလေး ဘယ်လိုလုပ်ရောက်လာလဲဆိုတာ ငါတို့ညီအစ်ကိုသုံးယောက်လုံး စဉ်းစားခဲ့ကြတယ်၊ နောက်ဆုံးမှာ ဖခင်ကြီးဟာ သစ်ကနက်သားရောက်လာပုံကို မစဉ်းစားတော့ဘဲ ယမင်းရုပ်လေးကို တရိုတသေ သိမ်းထားခဲ့တယ်၊ ယမင်းရုပ်လေးကို နံ့သာဖြူ ကရမက် စတဲ့





အမွှေးနံ့သာတွေကို ပက်ဖျန်းလိုက်ရင် ယမင်းရုပ်လေးရဲ့အစွမ်းဟာ ပိုပြီးပြလေ့ရှိတယ်၊ နောက်တော့ ဖခင်ကြီးဟာ လူနာတွေကို ဆေးကုရင် အခက်အခဲတွေ့လာတဲ့အခါ ယမင်းရုပ်လေးရှေ့မှာထိုင်ပြီး နံ့သာဖြူတွေ ပက်ဖျန်းပြီး ဆုတောင်းလေ့ရှိတယ်၊ ယမင်းရုပ်လေးရှေ့မှာ ပန်းအိုးလေးတစ်လုံးထားပြီး လှပတဲ့ပန်းတွေကိုလည်း ထိုးထားလေ့ရှိတယ်၊ ဒီလို ယမင်းရုပ်လေးကို အလေးအနက်ပြုရင်း ဆေးကုတာ ပိုပြီးဆေးစွမ်းထက်ကြောင်း တွေ့ရတယ်၊ ဒီလိုနဲ့ ငါတို့ ဖခင်ကြီးဟာ နှစ်ပေါင်းများစွာ ယမင်းရုပ်လေးအကူအညီနဲ့ ဆေးတွေ ကုသခဲ့တယ်၊ ဖခင်ကြီးရဲ့ဂုဏ်သတင်းဟာလည်း ဆေးလောကမှာ ကျော်ကြားပြီးရင်း ကျော်ကြားခဲ့တယ်၊ ငါတို့ နယ်တကြောမှာ သမားတော်ကြီး ဆရာမင်းဆိုရင် မသိတဲ့လူ မရှိလောက်အောင် ဂုဏ်သတင်းကျော်ကြားခဲ့တယ်၊ ငါတို့ညီအစ်ကိုသုံးယောက်ဟာ ဖခင်ကြီးရဲ့ဆေးပညာကို စိတ်မဝင်စားခဲ့ဘူး၊ ဖခင်ကြီးဟာ သူ့ရဲ့ ပညာအမွေကို ပေးခဲ့ချင်ပေမဲ့ ငါတို့သုံးယောက်စလုံး သင်ယူဖို့ စိတ်မဝင်စားတဲ့အတွက် ဖခင်ကြီးသေဆုံးတဲ့အခါမှာ ဆေးပညာဟာ သူ့ရဲ့ အတူ ပျောက်ကွယ်သွားခဲ့တယ်၊ ဖခင်ကြီးဟာ ဆေးကျမ်းတွေ အများကြီး ရေးခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီဆေးကျမ်းတွေကို ငါတို့ စိတ်မဝင်စားခဲ့ဘူး၊ ဖခင်ကြီးရဲ့ နောက်ဆုံးအချိန်ရောက်တဲ့အခါမှာ ငါတို့သုံးယောက်ကိုခေါ်ပြီး ငါတို့သုံးယောက် ဆေးပညာကိုသေနာ ပေါ်လို့ မသင်ယူတာကို သူအပြစ်မယူကြောင်း ပြောခဲ့တယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတစ်လျှောက်လုံး ဆေးကုသတဲ့နေရာမှာ အကူအညီပေးခဲ့တဲ့ သစ်တနက်သားယမင်းရုပ်လေးကိုတော့ ငါတို့ မပျောက်ပျက်အောင် သိမ်းဆည်းဖို့ အလေးအနက် မှာကြားခဲ့တယ်၊ ငါတို့သုံးယောက်ဟာ သေတောင်းပေါင်းလဲဖြစ်နေတဲ့ ဖခင်ကြီးရဲ့ဆန္ဒကို လိုက်လျောတဲ့ အနေနဲ့ သစ်တနက်သား ယမင်းရုပ်လေးကို မပျောက်ပျက်အောင် ထိန်းသိမ်းပါ့မယ်လို့ ကတိပေးခဲ့တယ်၊ ငါတို့ရဲ့ ကတိစကားကို ကြားတဲ့အခါမှာ ဖခင်ကြီးဟာ ချမ်းသာစွာ သေဆုံးခဲ့တယ် ''

ဟု ပြောလေ၏။ ဦးဗလဆိုသော လူကြီးက ဝင်ရောက်၍

'' ငါတို့ဟာ ဖခင်သေဆုံးတော့ မြို့မှာမနေချင်တာနဲ့ အောက်ပြည်အောက်ရွာကို စုန်ဆင်းရင်း ဒီအရပ်ကို ရောက်လာခဲ့တာပဲ၊ ညီအစ်ကိုသုံးယောက်စလုံး အိမ်ရာထူထောင်ဖို့ စိတ်မဝင်စားကြဘူး၊ ငါတို့ဖခင်ကြီးဟာ ဆေးဆရာအနေနဲ့ စည်းစိမ်ဥစ္စာတွေ အများအပြား ရှာဖွေထားခဲ့တယ်၊ ဒါကြောင့်လည်း ဖခင်ကြီးမရှိတဲ့ နောက်မှာ မတောင့်မတ နေထိုင်နိုင်ခဲ့တယ်၊ ဒီအနီးပတ်ဝန်းကျင်မှာ ငါတို့ညီအစ်ကိုတွေ ပိုင်ဆိုင်တဲ့လယ်တွေ လက်ညှိုးထိုးမလွဲအောင် ရှိတယ်၊ ငါတို့သုံးယောက်ဟာ တစ်မြို့လုံးရဲ့အမြင်မှာ လူ့ဂွစာကြီးတွေလို့ နာမည်ကြီးခဲ့ပေမဲ့ အလှူအတန်းနဲ့ပတ်သက်ရင် ငါတို့သုံးယောက်ကို ဘယ်သူ့ရွေးမှ မယှဉ်နိုင်ပါဘူး၊ ဒါကြောင့် မြို့မိမြို့ဖတွေက ငါတို့ညီအစ်ကိုတွေကို လေးစားကြတယ်၊ ဒီလိုနဲ့ ငါတို့ဟာ အေးချမ်းသာယာတဲ့ မြို့ကလေးမှာ ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့တယ်၊





အေးချမ်းသာယာတဲ့ ငါတို့ညီအစ်ကိုသုံးယောက် ရဲ့ဘဝလေးဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ပျက်စီးခဲ့ရတယ်၊ အဲဒီနေ့ကို သေသေချာချာပြောရရင် တန်ဆောင်မုန်းလပြည့်နေ့ ညကြီးပဲ၊ အဲဒီညမှာ ငါတို့ညီအစ်ကိုသုံးယောက်ဟာ ရှေးဟောင်း ပုံပြင်ဖြစ်တွေကိုပြောပြီး အိပ်မပျော်ဘဲရှိနေကြတယ်၊ ဒါကြောင့် ခြံဝင်းထဲကိုဆင်းထိုင်ပြီး လက်ဖက်သုပ်၊ ဂျင်းသုပ် စတာတွေကို စားသောက်ကြတယ်၊ ဒီအချိန်မှာပဲ ကောင်းကင်က မီးပုံးပျံကြီးတစ်လုံး အရောင်လင်းလက်ပြီး ဆင်းသက်လာတာကို မြင်လိုက်ရတယ်၊ ငါတို့ညီအစ်ကိုသုံးယောက်ဟာ မမျှော်လင့်ဘဲ အလွန်ကြီးမားတဲ့ မီးပုံးပျံကြီးကိုမြင်လိုက်တဲ့အတွက် အံ့သြသွားခဲ့တယ်၊ ဒါကြောင့် မီးပုံးပျံကြီးကို ငေးစိုက်ကြည့်နေတုန်း မီးပုံးပျံကြီးဟာ ငါတို့ ခြံဝင်းထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ဆင်းလာခဲ့တယ်၊ မီးပုံးပျံကြီးဟာ ငါတို့မြင်နေကျမီးပုံးပျံတွေထက် ပိုကြီးတယ်၊ အလွန်ကျယ်ဝန်းတဲ့ ငါတို့ခြံကြီးထဲကို မီးပုံးပျံကြီး ဆင်းသက်လာပြီး မီးပုံးပျံထဲက အလှပတဲ့ မိန်းကလေးတစ်ယောက်ထွက်လာတာ မြင်လိုက်ရတယ်၊ မီးပုံးပျံထဲကထွက်လာတဲ့ မိန်းမလှလေးကို ငါတို့သုံးယောက်လုံး မျက်တောင်မခတ်စတမ်း ငေးကြည့်နေခဲ့တယ်၊ မိန်းမလှလေးက သူ့နာမည် စန္ဒာဒေဝီလို့ ခေါ်ပါတယ်၊ အလွန်အရေးကြီးတဲ့ အကြောင်းကိစ္စကြောင့် ရှင်တို့ဆီကို ကျွန်မ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာပါလို့ ပြောတယ်၊ ဒီအခါ ငါက မိန်းကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအကူအညီလိုလို့လဲ၊ ငါတို့ကူညီနိုင်ရင် ကူညီပေးပါ့မယ်လို့ ပြောလိုက်တယ်၊ ဒီအခါမှာ မိန်းမလှလေးက ငါ့ရဲ့မျက်လုံးတွေကို ညှို့ငင်အားကောင်းတဲ့အကြည့်နဲ့ ကြည့်လိုက်ပြီး ကျွန်မ ရှင်တို့ဆီ လာတာ ယမင်းသူစာရှစ်လေးနဲ့ ပတ်သက်နေပါတယ်၊ အဲဒီယမင်းရုပ်လေးကို ကျွန်မလိုချင်တယ်၊ ရှင်တို့ပိုင်ဆိုင်တဲ့ ယမင်းသူစာရုပ်လေးကို ကျွန်မကို ခဏငှားပါလို့ ပြောတယ်၊ အဲဒီညက ငါတို့ ညီအစ်ကို သုံးယောက်ဟာ မိန်းမလှလေးရဲ့မျက်နှာကိုကြည့်ပြီး မှင်သက်သလို ဖြစ်သွားတယ်၊ ငါတို့ဟာ ဖခင်ကြီး မသေဆုံးမီမှာကြားထားတဲ့ စကားအတိုင်း ယမင်းသူစာရုပ်လေးကို အသက်နဲ့လဲကာကွယ်ဖို့ ဆုံးဖြတ်ထားကြတယ်၊ ဒါပေမဲ့ စန္ဒာဒေဝီဆိုတဲ့ မိန်းမလှက ယမင်းသူစာရုပ်ကို လိုချင်တယ်လည်းဆိုရော ငါတို့သုံးယောက်ဟာ မငြင်းဆန်ခဲ့မိဘူး၊ ဒါဟာ အလွန်ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ၊ ငါတို့သုံးယောက်ဟာ ယမင်းသူစာရုပ်လေးကို စန္ဒာဒေဝီရဲ့လက်ထဲကို လိုလိုချင်ချင်နဲ့ ပေးအပ်ခဲ့တယ်၊ စန္ဒာဒေဝီဟာ ယမင်းသူစာရုပ်လေးကို ငါတို့လက်ထဲက တရိုတသေလှမ်းယူလိုက်ပြီး အလွန်လှတဲ့ ယွန်းသေတ္တာလေးထဲကို ထည့်ပြီး ငါတို့ခြံဝင်းထဲက ထွက်ခွာသွားတယ်၊ စန္ဒာဒေဝီ ထွက်ခွာသွားပြီး များမကြာမီ ငါတို့ညီအစ်ကိုသုံးယောက်ဟာ အိပ်မက်က လန့်နိုးလာသလို ဖြစ်လာခဲ့တယ်၊ ဒါပေမဲ့ ဒီအချိန်မှာ မိန်းမလှလေးနဲ့ ယမင်းသူစာအရုပ်လေးဟာ မရှိတော့ပါဘူး၊ ခြံထဲမှာ မိန်းမလှလေးရောက်ရှိခဲ့တယ်ဆိုတဲ့ သက်သေအနေနဲ့ မီးပုံးပျံကြီး





တစ်ခုပဲ ကျန်ရစ်ခဲ့တယ်၊ ငါတို့တွေဟာ ဖခင်ကြီးမသေဆုံးမီ ယမင်းသူစာရုပ်လေးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပေးပါ့မယ်လို့ ကတိပေးခဲ့တယ်၊ ငါတို့ ညီအစ်ကိုသုံးယောက်စလုံး မိန်းမလှလေး တောင်းဆိုတာကို မငြင်းဆန်ပဲ ယမင်းသူစာရုပ်လေး ကို ပေးလိုက်မိတာ အလွန်အံ့ဩဖို့ကောင်းတယ်၊ ငါတို့တွေဟာ သတိရလာတဲ့အချိန်မှာ ယမင်းသူစာရုပ်လေး ဆုံးရှုံးပြီဆိုတာသိရလို့ အလွန်စိတ်ထိခိုက်ကြေကွဲသွားမိတယ်၊ သေဆုံးသွားတဲ့ ငါတို့ရဲ့ ဖခင်ကြီးကို ပေးထားတဲ့ကတိကို ငါတို့ကိုယ်တိုင် ဖျက်လိုက်မိပြီ၊ ယမင်းသူစာရုပ်လေးနဲ့ ပတ်သက်လို့ အလွန်တန်ဖိုးထားတဲ့ ငါတို့ ညီအစ်ကိုသုံးယောက်ဟာ မိန်းမလှလေးတောင်းဆိုတာကို လွယ်လွယ် ကူကူ လိုက်လျောလိုက်မိသလဲဆိုတာ တွေးလို့မရခဲ့ဘူး၊ ဖခင်ကြီး အပေါ်ထားခဲ့တဲ့ ငါတို့ရဲ့ကတိစကားတွေပျက်ပြီဆိုပြီး ရင်ထုမနာ ဖြစ်ခဲ့တယ်၊ တကယ်တော့ ငါတို့ညီအစ်ကိုတွေဟာ မိန်းမလှလေးနဲ့ တွေ့တဲ့အခါမှာ ဆေးမိသလိုဖြစ်ပြီး သူ့ဆန္ဒကို လိုက်လျောခဲ့မိတာပဲ၊ ငါတို့အံ့ဩမိတာက စန္ဒာဒေဝီဆိုတဲ့ မိန်းမချောလေးဟာ မီးပုံးပျံကြီးကို စီးပြီး ဘယ်အရပ်က ရောက်လာတာလဲ၊ ငါတို့အဖေရဲ့ လျှို့ဝှက် သိမ်းဆည်းထားတဲ့ ယမင်းသူစာရုပ်လေးကို သူဘယ်လုပ်သိနေနိုင်တာ လဲ၊ သူဟာ ဘာဖြစ်လို့ ငါတို့ဆီက ယမင်းရုပ်လေးကို ငှားရမ်းသွားခဲ့ တာလဲ၊ ယမင်းသူစာရုပ်လေးကို ခေတ္တခဏ ငှားရမ်းသွားခဲ့ရင် အချိန်တန်ရင် ငါတို့ဆီကို ပြန်ပို့ပေးရတော့မှာပေါ့၊ ဒါပေမဲ့ သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



တိတိပြည့်တဲ့အချိန်အထိ ယမင်းသူစာရုပ်လေးကို ပြန်ပို့မပေးခဲ့ဘူး။ ငါတို့ဖခင် သမားတော်ကြီးဆရာမင်းဟာ ယမင်းသူစာရုပ်လေးနဲ့ ဝတ်သတ်ပြီး လျှို့ဝှက်ပြီးထားခဲ့တယ်၊ ဒါပေမဲ့ ဒီလျှို့ဝှက်ချက်ကို စန္ဒာဒေဝီဆိုတဲ့ မိန်းမလှလေးက ဘယ်လိုကြောင့်သိနေနိုင်တာလဲ၊ ဒါတွေအားလုံးဟာ ငါတို့ညီအစ်ကိုတွေအတွက်တော့ ပဟေဠိတွေပါပဲ၊ ဒီပဟေဠိတွေရဲ့အဖြေကို ငါတို့သိချင်တယ်၊ ငါတို့ဖခင်ကြီးရဲ့ နောက်ဆုံးအမွေဖြစ်တဲ့ ယမင်းသူစာရုပ်လေးကို ငါတို့ပြန်လိုချင်တယ်၊ ဒါပေမဲ့ ငါတို့ညီအစ်ကိုတွေဟာ အသက်ကြီးပြီ၊ အစွမ်းအစတွေလည်း မရှိတော့ပါဘူး၊ ဒါကြောင့် စန္ဒာဒေဝီဆိုတဲ့ မိန်းဏလေးကိုလည်း လိုက်မရှာနိုင်တော့ပါဘူး၊ ငါတို့ကိုယ်စား စန္ဒာဒေဝီကို ရှာဖွေဖို့ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ကို ငါတို့သိပ်လိုချင်ခဲ့တယ်၊ ဒါကြောင့် ငါတို့ရဲ့အမွေတွေကို ပေးမယ်ဆိုပြီး မြို့ပေါ်က လူငယ်တွေကို စည်းရုံးခဲ့တာပဲ၊ ဒါပေမဲ့ ငါတို့ဆီကို အရည်အချင်းရှိတဲ့လူငယ်တွေ ရောက်မလာပါဘူး၊ ငါတို့ရဲ့စည်းစိမ်ဥစ္စာတွေကို လိုချင်လို့ ညာဝါးစားသောက်မဲ့လူတွေပဲ ရောက်လာခဲ့တယ်၊ ဒါပေမဲ့ ငါတို့ ကံကောင်းပါတယ်၊ ကံကြမ္မာကမျက်နှာသာပေးလို့ ငါတို့နဲ့မင်း ဆုံစည်းခွင့်ရခဲ့တယ်၊ မင်းဟာ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ဆိုတာလည်း ငါတို့ယုံတယ်၊ စွန့်လွှတ်စွန့်စားတဲ့ သတ္တိရှိတာကိုလည်း တွေ့ရတယ်၊ ဒါကြောင့် ငါတို့ဖခင်ကြီးရဲ့ ယမင်းသူစာအရုပ်လေးကို ရှာဖွေဖို့ မင်းကိုပဲ အကူအညီတောင်းရတော့မှာပဲ ”





ဟု ပြောလေ၏။ မိုးမြေက လူကြီးတို့စကားကို နားထောင်၍

“ ကျုပ် အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်၊ ကျုပ် ...ုတ်လေရာမှာ အမြဲစုံစမ်းပေးမယ်၊ ဒါနဲ့ ယမင်းသူစာရုပ်လေးနဲ့ ...တ်သက်ပြီး အမှတ်အသားတွေ ဘာတွေ မကျန်ခဲ့ဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဘောဂက ဘုရားခန်းထဲသို့ ...င်သွားပြီး ယမင်းသူစာရုပ်လေးကို ရိုက်ထားသောဓါတ်ပုံကို ...ယူဆောင်လာ၏။

ဓါတ်ပုံလေးသည် ဆေးသားဖျက်ပြယ်စပြုနေသော်လည်း ...မင်းသူစာရုပ်လေးကို ကောင်းစွာမြင်တွေ့နိုင်၏။ မိုးမြေက ...မင်းသူစာရုပ်လေးကို သေချာစွာမှတ်သားလိုက်ပြီး

“ ဒီလောက်ဆိုရင် ဒီယမင်းသူစာရုပ်လေးကို တောင်း...ောင်း မှတ်မိသွားပြီ ”

ဟု ပြောလေ၏။ ထိုအခါ လူကြီးသုံးယောက်သည် မိုးမြေကို ...မှန်ကျေးဇူးတင်သွားပြီး ဦးဘောဂဆိုသော လူကြီးက

“ ငါတို့ဖခင်ကြီးရဲ့ ယမင်းသူစာရုပ်လေးကို ရအောင်ယူ...ယ်ဆိုရင် မင်းဟာ ငါတို့ရဲ့ကျေးဇူးရှင်အစစ်ပါပဲကွာ၊ ဒါကြောင့် ...ငါတို့တွေ ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို မင်းအတွက်ပဲ လွှဲပေးပါ့...် ”

ဟု ပြောလေ၏။ မိုးမြေက ခေါင်းခါယမ်းလိုက်၍

“ ဒါတွေ ကျုပ်အတွက် မလိုပါဘူးဗျာ၊ ဘဝပေး...ခြအနေ



www.burmeseclassic.com

www.burmeseclassic.com



အရ တစ်မြို့လုံးရဲ့အနိုင်ခံဖြစ်နေရပေမဲ့ သူများအခက်အခဲတွေ တတ်နိုင်သရွေ့ ကူညီပေးလိုက်ရရင် ကျုပ်ရင်ထဲမှာ သိပ်ကြည်နူးတာ အဲဒီကျေနပ်မှုပီတိကို ဘာနဲ့မှမလဲနိုင်ဘူး၊ ဒါကြောင့် ယမင်းသူ ရှစ်လေးကို ကျုပ် ရောက်လေရာအရပ်မှာ ရှာဖွေပေးပါ့မယ်၊ ကျုပ် မြန်မာတစ်ပြည်လုံးလှည့်ပြီး သွားလာနေရမှာပါ၊ နေရာဒေသ သွားပြီး ကွဲပြားခြားနားတဲ့ လူနေမှုစရိုက်တွေကို လေ့လာရ ကျုပ်သဘောကျတယ်၊ ဒီလိုသွားလာနေရတဲ့ဘဝကိုလည်း ကျေ ပျော်ရွှင်မိပါတယ် ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိုးမြေသည် ထူးဆန်းသော လူကြီးသုံး ယောက်နှင့် သုံးရက်ခန့်အတူနေပြီးနောက် နောက်တစ်နေ့မှာပင် လ ထွက်ခဲ့လေ၏။

▲▲▲





ဤသို့ဖြင့် မိုးမြေသည် မြို့ရွာများ တစ်ရွာပြီးတစ်ရွာ ပြောင်းရွှေ့ သွားလာနေခဲ့၏။ သူသည် ပုဂံမင်းကိုင်ဆောင်ခဲ့သည့် သော သန်လျက်ကို လုံခြုံစွာ ထိန်းသိမ်းရင်း ခရီးဆက်ခဲ့ရလေ၏။

လူဝှစာကြီးသုံးယောက်နှင့် တွေ့ဆုံပြီးနောက် သူ၏ဘဝ၌ ခန့်အသစ်တစ်ခု တိုးခဲ့ရ၏။

သူ၏ ပထမတာဝန်မှာ ပုဂံမင်း၏သန်လျက်တော်ကို ကြည်စိတ်ချရသော လူတစ်ဦး၏လက်သို့ အပ်နှံရန်ဖြစ်၏။

ဒုတိယတာဝန်မှာ လူ့ဝှစာကြီးသုံးယောက်၏၊ ဖခင် ဆရာကြီး ပိုင်ဆိုင်သော ယမင်းသူစာရှစ်လေးကို ပြန်လည်ရှာဖွေ ရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်သွားလာရင်း မိမိ၏စားဝတ်နေရေးကို ပြေလည်အောင် အလုပ်အမျိုးမျိုးလုပ်၍ ကြရှင်းရ၏။

သူသည် မြို့တစ်မြို့တွင် ကြာကြာနေထိုင်ခြင်းမရှိဘဲ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့နေထိုင်ခဲ့လေ၏။

တစ်နေ့သ၌ မိုးမြေသည် မြန်မာပြည်အလယ်ပိုင်း မြို့လေးတစ်မြို့သို့ ရောက်ရှိခဲ့လေ၏။

ထိုမြို့လေး၏ မြို့စွန်ရှိ စေတီလေးသို့သွားရောက်ဖူးမြော်ပြီး မြေလမ်းအတိုင်း မြို့တွင်းသို့ တစ်ဦးတည်း လျှောက်လှမ်းလာခဲ့၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသော ရထားလုံးတစ်စီးကို မြင်တွေ့ရ၏။

မိုးမြေသည် ရထားလုံးကို ကြည့်၍ ကမန်းကတန်း ဘေးသို့ ရှောင်တိမ်းလိုက်ရ၏။

သို့သော် ရထားလုံးပေါ်က လူက

" ခွေးမသား… ရထားလုံးလာတာ မမြင်ဘူးလား သေချင်လို့လား၊ မင်းဘာကောင်လဲ "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

မိုးမြေသည် ထိုလူ၏မောက်မာမှုကြောင့် ရင်ထဲတွင် မချိ သလို ဖြစ်သွားပြီး ထိုလူကို မျက်မှောင်ကျုံ့ကြည့်၍

" ဟေ့လူ… ခင်များ မိုက်ရိုင်းလှချည်လား၊ ရထားလုံး ရှုလို့မကောင်းဘဲ တိရစ္ဆာန်လိုမောင်းလာတဲ့လူက ကျုပ်ကို ကြိမ်းမောင်းရသလား "

ဟု ပြန်လည်ကြိမ်းမောင်းလိုက်၏။

ထိုအခါ ရထားလုံးပေါ်မှလူသည် ဒေါသတကြီး ပြေးဆင်းလာပြီး လက်သီးကိုဆုပ်ကာ

" ဟေ့ကောင်… မင်း ဗိုလ်တုတ်ကို ဒီလိုပြောရဲလား၊ ဒီမြို့မှာ ဗိုလ်တုတ်ဘာကောင်လဲ သိလား "

ဟု မေးမြန်းလေ၏။

ထိုအခါ မိုးမြေက ဗိုလ်တုတ်ဆိုသူကို မခန့်လေးစား ပြုံးလည်ကြည့်လိုက်ပြီး

" ခင်များဘာသာ ဗိုလ်တုတ်မကလို့ ဗြိတ်တုတ်ပဲဖြစ်ဖြစ် ကျုပ်စိတ်မဝင်စားဘူး၊ ခင်များရဲ့မိုက်ရိုင်းစော်ကားမှုတွေကို ဒီနေရာ မှာပဲရပ်ပါ "

ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ ဗိုလ်တုတ်ဆိုသူသည် စိတ်မထိန်းနိုင်တော့ဘဲ မိုးမြေကို ဒေါသတကြီး အော်ဟစ်ဆဲဆို၍ လက်သီးဖြင့် ဝင်ထိုးလေ၏။

မိုးမြေသည် ဗိုလ်တုတ်၏ လက်သီးကို ရှောင်တိမ်းလိုက်ပြီး ၎င်း၏မျက်နှာအား လက်သီးဖြင့် အားကုန်ထိုးချလိုက်၏။

ထိုအခါ ဗိုလ်တုတ်သည် မြေပေါ်သို့ ဒိုင်းခနဲလဲကျသွားပြီး ပက်လက်လှန်ဖြင့် မြေပေါ်သို့ ပြိုလဲကျသွား၏။ မိုးမြေသည် မြေပေါ်တွင်





www.burmeseclassic.com

www.burmeseclassic.com



လဲကျပြီး ငြိမ်မြဲနေသော ဗိုလ်တုတ်ကို ခါးသောက်၍ကြည့်လိုက်ပြီး

" လူတွေကို မိုက်ရိုင်းလို့မရဘူးဆိုတာ ခင်ဗျားအတွက် သင်ခန်းစာ ကောင်းကောင်းရသွားပြီ "

ဟု ပြောကာ ဗိုလ်တုတ်၏ရထားလုံးပေါ်သို့ တက်၍ ကြာပွတ်ကို ရွှမ်းခနဲရိုက်ကာ မြို့ထဲသို့ မောင်းနှင်ထွက်သွားလေ၏။

ထိုမြင်ကွင်းကို ကြည့်ရှုနေသော မလှမ်းမကမ်းရှိ ဈေး ကျောင်းသားလေးများသည် တစ်မြို့လုံးအနှံ့လှည့်လည် ပြောဆိုလေ၏။

အမှန်စင်စစ် ဗိုလ်တုတ်သည် တစ်မြို့လုံးကို အနိုင်ကျင့် စော်ကားနေသော လူမိုက်တစ်ဦးဖြစ်၏။ ဗိုလ်တုတ်၏ မိုက်ကြေး ခွဲမှုကြောင့် မြို့သူမြို့သားများ စိတ်ဆင်းရဲ ဒုက္ခကြုံတွေ့ရ၏။

ဈေးကျောင်းသားလေးများ၏ သတင်းဖြန့်မှုကြောင့် တစ်မြို့ လုံးရှိလူများသည် ဗိုလ်တုတ်အား အလဲထိုးနိုင်လာသော မိုးမြေ၏ သတင်းကို ကြားသိသွားကြ၏။

မိုးမြေသည် ဗိုလ်တုတ်၏ရထားလုံးကြီးကို မောင်းနှင်၍ မြို့လယ်ခေါင်ရှိ လူစည်ကားသော ခေါက်ဆွဲဆိုင်ကြီးသို့ သွား၏

ထိုခေါက်ဆွဲဆိုင်ရှေ့၌ မိုးမြေ၏ရထားလုံး ရပ်သောအခါ ဆိုင်ထဲရှိလူများသည် ဗိုလ်တုတ်လာရောက်သည့်အထင်နှင့် စိတ်ပျက် လက်ပျက် ဖြစ်သွား၏။

သို့သော် ရထားလုံးပေါ်၌ ဗိုလ်တုတ်ကိုမမြင်ဘဲ မိုးမြေ





ဆင်းလာသောအခါ အံ့သြသွားကြ၏။

မိုးမြေသည် ခေါက်ဆွဲဆိုင်ထဲသို့ ဣန္ဒြေရရ လှမ်းဝင်သွားပြီး ကြောင်ငေးငေးကြည့်နေသော ဆိုင်ရှင်တရုတ်ကြီးအား ခေါက်ဆွဲ တစ်ခွက် မှာကြား၏။

ထိုအခါ ဆိုင်ရှင်တရုတ်ကြီးသည် မအောင့်အီးနိုင်တော့ဘဲ မိုးမြေရှိရာသို့ လာရောက်၍

" ဒီရထားလုံးဟာ လူမိုက်ဗိုလ်တုတ်ရဲ့ရထားလုံး မဟုတ် လား "

ဟု မေးမြန်းလေ၏။ ထိုအခါ မိုးမြေကခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီရထားလုံးဟာ လူမိုက်ဗိုလ်ဘုတ်ရဲ့ ရထားလုံးပဲ၊ သူ့ကို ကောင်းကောင်းပညာပေးပြီး ရထားလုံးကို ယူလာခဲ့တယ် "

ဟု ပြောလေရာ ဆိုင်ရှင်တရုတ်ကြီးသည် လွန်စွာအံ့အားသင့် သွားပြီး ဆိုင်ထဲရှိလူများသည်လည်း မိုးမြေအားထူးဆန်းသတ္တဝါ တစ်ဦးသဖွယ် ဝိုင်းအုံကြည့်ရှုနေကြ၏။

ထိုမြို့၌ လူမိုက်ဗိုလ်တုတ်သည် အလွန်ကြောက်စရာကောင်းပြီး ဆိုးရွားလှသဖြင့် ၎င်းအားအနိုင်တိုက်လာသော သူ့အား သူရဲကောင်း သဖွယ် ဝိုင်းဝန်းချီးကျူးကြလေ၏။

မိုးမြေသည် မြို့ကလေးကိုကြည့်၍ သဘောကျသွားပြီး ထိုမြို့လေး၌ နေထိုင်ရန် ဆုံးဖြတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေသည် မြို့စွန်ရှိ စေတီလေးကို သွားရောက်ဖူးမျှော်ရင်း စေတီလေး၏မလှမ်းမကမ်းတွင် ဇရပ်ငယ်လေးရှိကြောင်း သိရ၏

ထိုဇရပ်၌ပင် အိပ်စက်နားနေရန် ဆုံးဖြတ်လိုက်ပြီး ဇရပ်ရှိရာ သို့ ထွက်ခဲ့၏။ ဇရပ်သို့မရောက်မီ ညောင်ပင်ကြီးတစ်ပင်အောက် တွင် ရေအိုးစင်လေးရှိ၍ ဝင်ရောက်နားခိုရင်း ရေသောက်လေ၏

ထိုအခိုက်မှာပင် ညောင်ပင်ကြီးနောက်မှ

" တစ်နေကုန် ဈေးရောင်းတာလည်း ဘာမှမရသေးဘူးဗျာ ဗိုက်ထဲကလည်း ဆာလိုက်တာ "

ဟူသော ညည်းညူသံကို ကြားရ၏။

မိုးမြေသည် ထိုအသံကြောင့် ညောင်ပင်ကြီးအနောက်သို့ ကြည့်လိုက်သောအခါ အသက်ဆယ်နှစ်ဝန်းကျင် လူငယ်လေးတစ်ဦး သည် မြေပဲလှော်ထုပ်လေးများ သီထားသောကြိုးကို ခါးတွင်ချည် အိပ်စက်နေကြောင်းတွေ့ရ၏။

မိုးမြေသည် လူငယ်ကိုမြင်သောအခါ ကရုဏာသက်သွားပြီး ညနက်ပိုင်းတွင် စားသောက်ရန်ဝယ်လာသော ခေါက်ဆွဲထုပ်ကို သတိရလိုက်၏။

ထို့ကြောင့် လူငယ်လေးအနီးသို့သွား၍

" ငါ့ညီ ဗိုက်ဆာနေရင် ဟောဒီ ခေါက်ဆွဲထုပ် စားလိုက်ပါကွာ "

ဟု ပြောလေ၏။





မိုးမြေ၏စကားကြောင့် လူငယ်သည် မျက်လုံးဖွင့်ကြည့်ပြီး ခေါင်းခါယမ်း၍

" ရပါတယ် အစ်ကိုရယ်၊ မစားပါဘူး၊ ကျွန်တော်ဒီနေ့ ဈေးရောင်းမကောင်းလို့ ညောင်ပင်အောက်မှာအိပ်ရင်း ငြီးငြူလိုက် မိတာပါ၊ ဒီနေ့ညစာ အငတ်ခံလိုက်လို့ရပါတယ်ဗျာ "

ဟု ပြောလေ၏။

မိုးမြေသည် လူငယ်ကိုပိုမို၍ ကရုဏာသက်သွားပြီး ၄င်း ယူဆောင်လာသော ခေါက်ဆွဲထုတ်ကို စားသောက်ရန်သာ ပေးလိုက် ၏

လူငယ်သည် မိုးမြေလက်ထဲမှ ခေါက်ဆွဲထုပ်ကို မြင်ရ သောအခါ ဗိုက်ထဲတွင် ပိုမိုဆာလောင်လာပြီး

" ကျေးဇူးပါပဲ အစ်ကိုရယ်၊ အခုလို ခေါက်ဆွဲကြော်မျိုး စားရတာကြာပြီဗျ "

ဟုဆိုကာ အနီးရှိ စမ်းချောင်းလေး၌ လက်ဆေး၍ ခေါက်ဆွဲကြော်ကို စားသောက်၏။

မိုးမြေသည် လူငယ်စားသောက်နေဟန်ကို ကြည့်၍ ရင်ထဲ တွင် ကြည်နူးမှုပီတိများ ဖြစ်ပွားနေမိ၏။

ဆာလောင်ငတ်မွတ်နေသော လူတစ်ယောက်အဖို့ ခေါက်ဆွဲ ကြော်တစ်ထုပ်သည် အလွန်အသုံးဝင်လှ၏။

လူငယ်က ခေါက်ဆွဲကြော်စားသောက်ပြီးသောအခါ မိုးမြေ



www.burmeseclassic.com

www.burmeseclassic.com



၏ နောက်ကြောင်းရာဇဝင်ကို မေးလေ၏။

မိုးမြေက ဤမြို့လေးတွင် နေထိုင်ရန် ဆုံးဖြတ်လိုက်ကြောင်း ပြောဆိုပြီး နောက်တစ်နေ့တွင် မြို့ထဲတွင် လှည့်လည်၍ အလုပ်ရှာမည် ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ လူငယ်က ဝမ်းသာအားရဖြင့်

" ဒါဆိုရင် အစ်ကိုနဲ့ကျုပ်တော့ မိတ်ဆွေတွေဖြစ်လို့ရပြီ"

ဟု ပြောလေ၏။

လူငယ်လေးသည် မိုးမြေနေထိုင်ရန် ကြံရွယ်ထားသော ရေပ်၌ပင် နေထိုင်ကြောင်း သိရ၏။

လူငယ်သည် ကျန်ရှိနေသေးသော မြေပဲလှော်များကို မြို့ထဲတွင် လှည့်လည်ရောင်းချရန် ထွက်ခွာသွားလေ၏။

လူငယ်ထွက်သွားသောအခါ မိုးမြေသည် သူ၏ဘဝရှေ့ရေးကို တွေးတောနေမိ၏။

လူ့ပွဲစားကြီးသုံးယောက် ရှာဖွေမိုင်းထားသော ယမင်းသူစာရုပ်လေးနှင့်ပတ်သက်ပြီး သူသည် အမြို့မြို့အရွာရွာ လှည့်လည်စုံစမ်းခဲ့၏။

သို့သော် ယမင်းသူစာရုပ်လေးနှင့် ပတ်သက်၍ အရိပ်အယောင်မျှ မမြင်ရချေ။ ယမင်းသူစာရုပ်လေးကို ယူဆောင်သွားသည် ဆိုသော မိန်းမချောလေးမှာလည်း ယနေ့ထက်တိုင် ပျောက်ဆုံးနေလေ၏။



သူ၏လွယ်အိတ်ထဲတွင် ပုဂံမင်းကိုင်ဆောင်ခဲ့သည်ဆိုသော သန်လျက်တော်ရှိ၏။

ထိုသန်လျက်ကို ယုံကြည်စိတ်ချရသူတစ်ယောက်လက်သို့ အပ်နှံရန် ကြံစည်ခဲ့သော်လည်း ယနေ့ထက်တိုင် မိမိလိုချင်သောလူကို မတွေ့သေးချေ။

မိုးမြေသည် သူ၏ဘဝရှေ့ရေးကို တွေးတောရင်း ခဏကြာချောင် မျက်လုံးများမှေးစင်းလာပြီး အိပ်စက်သွားလေ၏။

ထိုအချိန်မှာပင် တစ်စုံတစ်ဦး၏လှုပ်နိုးခြင်းကို ခံရသဖြင့် သူသည် အိပ်ရာမှ လန့်နိုးလေ၏။ ထိုအခါ မြေပဲလှော်ရောင်းနေသော လူငယ်လေးကိုတွေ့ရပြီး လူငယ်လေးက

" အစ်ကို ဒီနေရာက အမြန်ဆုံးပြေးတော့ "

ဟု ပြောလေ၏။ မိုးမြေက မျက်မှောင်ကြုတ်၍

" ဘာဖြစ်လို့ ပြေးရမှာလဲ ပြောစမ်းပါ "

ဟု မေးလေ၏။ ထိုအခါ လူငယ်လေးက

" အစ်ကို့ကို လူမိုက်ဗိုလ်တုတ်နဲ့ တပည့်တပန်းတွေ ရှာဖွေနေကြပြီ၊ ကျုပ်မြေပဲလှော်ရောင်းရင်း ဒီသတင်းကိုရလို့ လာပြောတာ ကြ။ "

ဟုပြောလေ၏။

မိုးမြေက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ကောင်းပြီ၊ ဒီလိုကောင်မျိုးကို မှတ်လောက်သားလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပညာပေးဖို့ ငါ့မှာတာဝန်ရှိတယ်၊ ဒါကြောင့် ဒီကောင်တွေကို ဖြန့်ပြီးတိုက်ရမယ် ”

ဟုပြောလေ၏။

ထိုအခါ လူငယ်က မိုးမြေကိုကြည့်၍

“ ဟင်… အစ်ကိုက တစ်ယောက်တည်း၊ ဟိုက လူခိုး လူမိုက်တွေကအများကြီး၊ ဖြစ်ပါ့မလား ”

ဟုပြောလေ၏။ မိုးမြေက ခေါင်းညိတ်၍

“ ဖြစ်ပါတယ်ကွာ၊ ဘာမှမပူပါနဲ့၊ ဒီကောင်တွေထက် ငါ သတ္တိရှိပါတယ် ”

ဟုပြောပြီး အနီးပတ်ဝန်းကျင်၌ ၄င်းတို့ကို တိုက်ခိုက်ရန် လက်နက်တိုရှာဖွေလေ၏။

ထိုအခါ အနီးရှိ ဝါးရုံပင်မှ ဝါးရင်းတုတ်တစ်ချောင်းကို ရရှိလေ၏။ မိုးမြေသည် ဝါးရင်းတုတ်တစ်ချောင်းကို ရရှိ၍ ချောင်း ခေါင်မိုးပေါ်သို့တက်ကာ ရန်သူများကို စောင့်မျှော်နေလေ၏။

မြေပဲလှော်ရောင်းသောလူငယ်လေးသည် မိုးမြေနှင့် လူမိုက် များ၏ရန်ပွဲကို စိတ်မချဟန်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ချုံပုတ်များ အနောက်တွင် ပုန်းကွယ်၍ ကြည့်ရှုနေလေ၏။

ခဏကြာလျှင် လူမိုက်ဗိုလ်တုတ်ခေါင်းဆောင်သော လူခိုး လူမိုက်များသည် ဇရပ်ပေါ်၌မိုးမြေကို ရှာဖွေလေ၏။

ထိုအခါ မိုးမြေကိုမတွေ့ရသဖြင့် လူမိုက်ဗိုလ်တုတ်က





“ ဒီကောင် ဒီအနီးပတ်ဝန်းကျင်မှာပဲ ရှိရမယ်၊ ငါတို့ ရှာဖွေကြမယ် ”

ဟု ပြောလေ၏။

ထို့နောက် လူမိုက်ဗိုလ်တုတ်နှင့်တပည့်များသည် ဇရပ် ပတ်ဝန်းကျင်သို့ လှည့်လည်၍ ရှာဖွေကြလေ၏။

ဗိုလ်တုတ်သည် ဇရပ်ပေါ်တွင် ခါးထောက်၍ တပည့်များ ကို စောင့်ကြည့်နေလေ၏။

မိုးမြေသည် ဗိုလ်တုတ်စောင့်ကြည့်နေသည်ကို မြင်ရသော အခါ ထုပ်တန်းပေါ်မှခုန်ချ၍ ဗိုလ်တုတ်၏ခေါင်းကို ဝါးရင်းတုတ်ဖြင့် ရိုက်ချလိုက်၏။

ဗိုလ်တုတ်သည် အားခနဲအော်၍ မေ့မြောသွားလေ၏။ မိုးမြေ သည် ထိုအခါမှပင် ဇရပ်ပေါ်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ဆင်းလာပြီး လူခိုးလူမိုက်များ၏ဝေးရာသို့ ထွက်ခဲ့လေ၏။

ဗိုလ်တုတ်၏တပည့်များသည် ဇရပ်ဝန်းကျင်အနှံ့ လှည့်လည် ရှာဖွေကြပြီး ပြန်လည်ရောက်ရှိလာ၏။

ထိုအခါ ဇရပ်ပေါ်တွင် မူးမေ့လဲနေသော ဗိုလ်တုတ်ကို တွေ့ရှိရပြီး အလွန်အံ့သြသွားကြ၏။

ထို့နောက် အခြေအနေမဟန်မှန်းသိကြသဖြင့် ဗိုလ်တုတ်ကို ထမ်း၍ မြို့သို့ ပြန်ပြေးကြလေ၏။

ဗိုလ်တုတ်သည် ထိုအချိန်မှစ၍ ဇရပ်၌နေထိုင်သော မိုးမြေကို

လာရောက်စော်ကားဝံ့ခြင်းမရှိတော့ချေ။

မိုးမြေသည် နောက်တစ်နေ့မှစ၍ မြို့ထဲသို့လှည့်လည်၍ မိမိနေထိုင်စားသောက်ရန် အလုပ်ရှာဖွေရလေ၏။

ထိုအခါ မြို့ထဲရှိလူအများစုသည် မိုးမြေကို နှစ်သက်ကြသော်လည်း ဂိုဏ်းတော်တို့၏ရန်ကိုကြောက်လန့်၍ မည်သည့်ဆိုင်မှ အလုပ်မပေးနိုင်ကြောင်းတွေ့ရ၏။

မိုးမြေသည် တစ်မြို့လုံးအနှံ့ ခြေတိုအောင် အလုပ်ရှာပြီးနောက် အလုပ်မရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ရေဝိသို့ပြန်လာ၏။

ထိုအခါ ဈေးရောင်းပြီးပြန်လာသော လူငယ်လေးက

" အစ်ကို မြို့ထဲမှာ အလုပ်မရဘူးလား "

ဟုပြောလေ၏။

မိုးမြေက ခေါင်းခါယမ်းလိုက်၍ ဖြစ်ကြောင်းကုန်စင်တို ပြောပြလိုက်လေ၏။ ထိုအခါလူငယ်လေးက

" မြို့ကလူတွေကို အပြစ်တင်လို့မရဘူးအစ်ကို၊ လူမိုက်ဂိုဏ်းတော်တို့အဖွဲ့ဟာ ဆိုင်တွေကို လူမိုက်တွေလွှတ်ပြီး ဖျက်ဆီးလေ့ရှိတယ်၊ ဂုလိပ်ကလည်း လူမိုက်ဂိုဏ်းတော်ရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို မမြင်ဟန်ဆောင်ထားတယ်၊ ဒါကြောင့် ဂိုဏ်းတော်ဟာ ဒီမြို့မှာ ထင်တိုင်းကြဲနေတာပေါ့၊ ဂိုဏ်းတော်မှာ မယားသုံးယောက်ရှိတယ်၊ အဲဒီမယားတွေကလည်း အလွန်အသုံးအဖြုန်းကြီးတယ်၊ ဂိုဏ်းတော်ဟာ မယားတွေရဲ့စရိတ်ကာမိအောင် မြို့ထဲမှာလှည့်လည်ပြီး မိုက်ကြေး



ခွဲလေ့ရှိတယ်၊ အစ်ကို့ကို အလုပ်မပေးနိုင်တာ အဲဒါကြောင့်ပဲ "

ဟု ပြောလေရာ မိုးမြေသည် ခံပြင်းသွား၏။ ထို့ကြောင့် လက်သီးဆုပ်၍

" ဘာပဲဖြစ်ဖြစ် ဒီမြို့မှာ ငါ အလုပ်မရ,ရအောင် ရှာမယ်၊ ငါ နောက်ရက်တွေအထိ အလုပ်ရှာလို့မရရင် လူမိုက်ဂိုဏ်းတော်နဲ့ တပည့်တွေကို ဒီမြို့က မောင်းထုတ်ပစ်မယ်၊ ဒါမှ မြို့ကလူတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ဥစ္စာစီးပွားရှာဖွေနိုင်ကြမယ် "

ဟု ပြောလေ၏။ မိုးမြေ၏စကားကြောင့် လူငယ်လေးတဝမ်းသာသွားရဖြင့်

" ဒါဆိုရင်တော့ သိပ်ကောင်းတာပေါ့အစ်ကိုရယ်၊ ဒီမြို့မှာ လူမိုက်ဂိုဏ်းတော်တို့မရှိရင် အကုန်စိတ်ချမ်းသာကြမှာပဲ "

ဟု ပြောလေ၏။

မိုးမြေသည် နောက်ရက်များတွင် မြို့ထဲသို့လှည့်လည်၍ အလုပ်တောင်းသော်လည်း မည်သည့်ဆိုင်တွင်မှ အလုပ်မရသဖြင့် လူမိုက်ဂိုဏ်းတော်နှင့်အဖွဲ့ကို ပိုမိုရွံမုန်းလာမိ၏။

သုံးရက်မြောက်သောနေ့တွင် မိုးမြေသည် လူမိုက်ဂိုဏ်းတော်ကို နှိမ်နင်းရန်အတွက် ၎င်း၏နေအိမ်ရှိရာ မြို့လယ်ခေါင်သို့ ထွက်ခဲ့လေ၏။

လူမိုက်ဂိုဏ်းတော်သည် မယားသုံးယောက်၏ အကူအညီဖြင့် မြို့လယ်ခေါင်၌ အရက်ဆိုင်ဖွင့်ထား၏။ မိုးမြေသည် အရက်ဆိုင်ရှေ့

www.burmeseclassic.com



သို့ ရောက်သောအခါ မိုးလင်းစအချိန်ဖြစ်သဖြင့် အရက်သောက်သူ မရှိဘဲ ရှင်းလင်းနေ၏။

ဗိုလ်တုတ်၏မယားသုံးယောက်အနက် အကြီးဆုံးမယားက မိုးမြေကိုကြည့်၍

" အရက်သောက်မလား "

ဟု မေးလေ၏။ မိုးမြေက ၄င်းကို လေသံမာမာဖြင့်

" ဗိုလ်တုတ်နဲ့တွေ့ချင်တယ်၊ ဒင်းကို ခေါ်ပေးစမ်း "

ဟု အော်ဟစ်လေ၏။ ထိုအခါ ဗိုလ်တုတ်၏မယား တစ်ယောက်က

" အောင်မယ်… နင်တို့က ငါ့ယောက်ျားနဲ့ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ ဒီအချိန်ဟာ ငါ့ယောက်ျား ဘယ်တော့မှအိပ်ရာ မထဘူး"

ဟု ပြန်လည်အော်ဟစ်လေ၏။

မိုးမြေက ထိုမိန်းမသုံးယောက်ကို ခပ်ကြမ်းကြမ်း ကိုင်တွယ်ရန် ဆုံးဖြတ်လိုက်ပြီး အနီးသို့တိုးကပ်လာသော မယားကြီး၏ပါးကို ဖြန်းခနဲရိုက်၍

" လူမိုက်မယားလုပ်ရတာကို ဘုရင်ခံကတော်လုပ်ရတာ လောက် ဘဝင်မမြင့်နေနဲ့၊ ဗိုလ်တုတ်ကို သွားခေါ်စမ်း၊ မခေါ်ရင် တစ်ဆိုင်လုံး မီးရှို့ပစ်မယ် "

ဟု ပြောလေရာ ဗိုလ်တုတ်၏မယားနှစ်ယောက်သည်



၄င်းတို့၏ယောက်ျားကြီးကို သွားရောက်၍ နှိုးယူလေ၏။

ဗိုလ်တုတ်သည် ဝိတ်ခြင်ထောင်ကိုဖွင့်၍ အိပ်ရာထဲမှ ကမန်း ကတန်း လူးလဲထလေ၏။ မိုးမြေသည် ဗိုလ်တုတ်ကိုချခံရန် အချိန်မပေး တော့ဘဲ ခြင်ထောင်ထဲမှထွက်လာသော ဗိုလ်တုတ်ကို လက်သီးဖြင့် အားကုန်ထိုးယူလိုက်ရာ ဗိုလ်တုတ်သည် ခြင်ထောင်နှင့်အတူ လုံးထွေး ၍ ခုတင်ပေါ်မှ ပြုတ်ကျလေ၏။

ဗိုလ်တုတ်၏မယားသုံးယောက်လည်း ငယ်သံပါအောင် အော်ဟစ်ကြလေ၏။ မိုးမြေသည် ဗိုလ်တုတ်ရှိရာသို့ ပြေးသွားပြီး အကျီကော်လံစကို ဆွဲကိုင်ကာ လက်သီးဖြင့် ထပ်မံထိုးလိုက်ပြန်၏။

ထိုအခါ ဗိုလ်တုတ်သည် အရက်ပုလင်းများ တင်ထားသော စင်ပေါ်သို့ နောက်ပြန်လန်ကျကာ စင်ကျိုးပြီး အရက်ပုလင်းများ အစွမ်းခွမ်း ကွဲလေ၏။

ဗိုလ်တုတ်၏ မယားသုံးယောက်သည် ကြောက်လွန်း၍ အခန်းထောင့်တွင် ပုန်းကွယ်နေကြ၏။ ဗိုလ်တုတ်က နာကျင်စွာ အော်ဟစ်ပြောဆို၍

" ဟေ့ကောင်… ငါ့မှာ ဘာအပြစ်ရှိလို့ ထိုးရတာလဲ "

ဟု မေးမြန်းလေ၏။ မိုးမြေက ၄င်း၏အမေးကို မဖြေဘဲ ဗိုလ်တုတ်ကို လက်ပြန်ဖြတ်ရိုက်လိုက်ရာ စားပွဲခုံပေါ်သို့ ပြိုလဲကျပြီး စားပွဲခုံ ကျိုးကျပြန်၏။

မိုးမြေက လဲကျသွားသော ဗိုလ်တုတ်ကို ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားမှာ ကာအပြစ်ရှိလို့ ထိုးရသလဲဆိုတော့ ခင်ဗျားဟာ လူမိုက်ဖြစ်နေလို့ပဲ၊ ဖိနှိပ်ချုပ်ချယ်တဲ့ နယ်ချဲ့အစိုးရလက်ထက်မှာ ပြည်သူတွေဟာ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့နေရတယ်၊ ဆင်းရဲဒုက္ခ တွေ့နေတဲ့လူတွေကို ခင်ဗျားတို့လိုလူတွေက ထပ်ပြီး နှိပ်စက်ညှဉ်းပန်း သေးတယ်၊ ဒါကြောင့် လူမိုက်တွေကိုအလိုမရှိဘူး၊ ကျုပ် ဒီမြို့မှာရှိ သရွေ့ လူမိုက်ဆိုတာ မရှိစေရဘူး "

ဟု ကြုံးဝါးကာ လူမိုက်ဗိုလ်တုတ်အား လက်သီးဖြင့် ထ ထိုးကြိတ်ပြန်၏။

လူမိုက်ဗိုလ်တုတ်သည် မျက်နှာတစ်ပြင်လုံး သွေးချင်းချင်း နေပြီး မိုးမြေအားမယှဉ်နိုင်တော့ဘဲ ခြေသလုံးဖက်၍ တောင်းပန်တ

" တော်... တော်ပါတော့ဗျာ၊ ကျုပ် ဒီမြို့မှာ လူမိုက် မလုပ်ဝံ့တော့ပါဘူး၊ ကျုပ် ဒီနေ့ကစပြီး လိမ်လိမ်မာမာနေပါ့မယ် "

ဟု တောင်းပန်လေ၏။ ထိုအခါ မိုးမြေက ဗိုလ်တုတ်၏ ဆံပင်ကို ဆောင့်ဆွဲလိုက်ပြီး

" ကောင်းပြီ၊ ဒါဆိုရင် ခင်ဗျားစကားကို ခင်ဗျားတည် စေ၊ ဒီမြို့မှာ ခင်ဗျား လူမိုက်လုပ်နေတဲ့သတင်းကြားရင် ကျုပ်လာ ဆုံးမဦးမယ် "

ဟု ပြောကာ ဗိုလ်တုတ်၏အိမ်ထဲမှာ ခြေသံပြင်းပြင်းနှင့် ပြန်လည်ထွက်ခွာခဲ့လေတော့၏။

လူမိုက်ဗိုလ်တုတ်သည် ၎င်းအား နာကျင်အောင် ထိုးနှက်





တ်ဝတ်စက်စက် ပြောဆိုသွားသော လူငယ်၏နောက်ကျောကို ကြည့်၍ ချုံးပွဲချငိုကြွေးပြီး ကျန်ခဲ့လေ၏။

မိုးမြေ၏ဆုံးမမှုကြောင့် လူမိုက်ဗိုလ်တုတ်သည် မယားများ ကို ခေါ်ယူ၍ အနီးအနားမြို့သို့ ပြောင်းရွှေ့သွားလေတော့၏။

လူမိုက်ဗိုလ်တုတ်မရှိတော့သောအခါ မိုးမြေအတွက် အလုပ် ရှာရန် အဆင်ပြေခဲ့၏။ မိုးမြေသည် အဖျိုကြီးတစ်ဦး ပိုင်ဆိုင်သော မင်းဆိုင်တွင် ဝင်ရောက်၍ အလုပ်လုပ်လေ၏။

မိုးမြေသည် ထမင်းဆိုင်၏အလုပ်များကို ကြိုးကြိုးစားစား လုပ် ကိုင်လေ၏။ သို့သော် ဆိုင်ရှင်အဖျိုကြီးသည် မိုးမြေအား ာအဖြစ် ဌားရမ်းထားခြင်းမဟုတ်ဘဲ လူမိုက်တစ်ဦးကဲ့သို့ ဌားရမ်း ားကြောင်း တဖြည်းဖြည်းရိပ်စားမိလာ၏။

မိုးမြေသည် ထမင်းဆိုင်တွင် အလုပ်မယ်မယ်ရရ လုပ်ကိုင်ရ ခြင်း မရှိဘဲ ရုပ်ပြအနေဖြင့်သာ နေထိုင်ရသဖြင့် တဖြည်းဖြည်း ငြီးငွေ့လာ၏။ ထို့ကြောင့် ၎င်းနှင့်အတူနေထိုင်သော လူငယ်လေးအား ပြောပြလိုက်ရာ လူငယ်လေးက ရယ်မော၍

" ဟဲ ဟဲ... ဒါဆိုရင်လည်း ဒီထက်ပိုပြီး ရုပ်ပြကောင်း အောင် လုပ်လိုက်ပါလား အစ်ကိုရယ်၊ ဆိုင်ရှင်အဖျိုကြီးဟာ ဒီမြို့မှာ ချောဆုံး မိန်းမကြီးဗျ၊ သူ့ကိုလိုချင်တဲ့ ကာလသားတွေ မနည်းဘူး တို့ကို အဖျိုကြီးကလည်း မျက်နှာသာမပေးသားပဲ၊ အစ်ကိုသာ ဆိုင်ရှင်မိန်းမကြီးကိုယူလိုက်ရင် အားလုံးအဆင်ပြေသွားမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မိုးမြေက လူငယ်လေး၏ခေါင်းကိုပုတ်၍

" ဟော့ကောင်… မိန်းမယူမဲ့စကား ငါ့ကိုလာမပြောနဲ့ ငါ့ဘဝမှာ တာဝန်ဝတ္တရားတွေ အများကြီးရှိသေးတယ်၊ မိန်း တစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ပျော်ပိုက်ဖို့ ငါ့မှာအချိန်မရှိဘူး "

ဟု ပြောလေ၏။

မိုးမြေ ဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ပြီး ရက်အနည်းငယ် ကြာသောအခါ ဆိုင်ရှင်အဘိုးကြီးသည် ဝိုမို၍ ချက်နှာသာပေး ကြောင်း တွေ့ရ၏။

အဘိုးကြီးသည် မိုးမြေဝတ်ဆင်ရန် ပုဆိုးနှင့်အင်္ကျီများ မကြာခဏ ဝယ်ယူလာပေးကြောင်း တွေ့ရ၏။ မိုးမြေက ငြင်း သောအခါ အဘိုးကြီးက

" အမယ်လေး ငါ့မောင်ရယ်၊ လူပျိုအရွယ်လေးဖြစ် သူများလို လှလှပပနေစမ်းပါ၊ မောင်လေးကိုကြည့်ရတာ ပုဆိုးဆိုလည်း တစ်ထည် နှစ်ထည်ပဲရှိတယ်၊ အင်္ကျီဆိုလည်း အဖြူတမ်း ကာကီ အင်္ကျီကြီးကိုပဲ ဝတ်နေတာပဲ၊ အစ်မပေးတဲ့ အဆင်လှလှ အင်္ကျီ တွေ ဝတ်စမ်းပါ၊ ဒါမှ ငါ့မောင်ရဲ့ရုပ်ပိုထွက်မှာပေါ့၊ ငါ့မောင် ကြည့်ရတာ လူငယ်လေးပေမဲ့ အဘိုးကြီးလေးကျနေတာပဲ "

ဟု ပြောလေ၏။ မိုးမြေက ခေါင်းခါ၍

" ကျုပ်ဘဝဟာ တခြားလူတွေနဲ့ မတူပါဘူး၊ ကြမ်း စက်ထန်လွန်းပါတယ်၊ ဘဝခရီးကြမ်းကို လျှောက်လှမ်းနေတဲ့လူ





အပတွေ ဝတ်ဆင်ဖို့လည်း အချိန်မရှိပါဘူး၊ နောက်ပြီးတော့ ယောကျ်ားတွေဖြစ်ပြီး မိန်းမတစ်ယောက်လို အလှပြင်တာဟာ ဘာဝတရားကြီးကို ဆန့်ကျင်တာပဲ၊ သဘာဝတရားကြီးက ကျား ငှက်ပါတွေကို အလှပြင်ဖို့ ခွင့်မပြုဘူး၊ အစုခေတ်ကြီးမှာ ကျား ငှက်ပါတွေဟာ တဖြည်းဖြည်း မိန်းမဆန်လာတယ်၊ အားနွဲ့တဲ့ သားတွေဟာလည်း တဖြည်းဖြည်း ယောကျ်ားဆန်လာတယ်၊ ဟာ သဘာဝတရားကိုဆန့်ကျင်တဲ့အတွက် မကောင်းတဲ့အပြုအမူ ချုပ်ထင်တယ် "

ဟု ပြောလေသည်။ ထိုအခါ အတွေးအခေါ်ညှိဖျင်းသော ကြီးက ခေါင်းခါယမ်း၍

" မောင်လေးပြောတာတွေ အစ်မ ဘာမှနားမလည်ဘူး၊ သိတာကတော့ ငါ့မောင်ကို ဟောဒီလို ပုဆိုးလှလှလေးတွေနဲ့ လှလှလေးတွေ ဝတ်ထားတာမြင်ချင်တယ်၊ နောက်ကျရင် င်လေးအတွက်၊ ခေါင်းလိမ်းဆီတို့ ကိုယ်လိမ်းပေါင်ဒါတို့၊ ဖိနပ်တို့ ခဲ့ပေးမယ် "

ဟု ပြောလေ၏။ မိုးမြေက အဘိုးကြီးကို စိတ်ပျက်တာနဲ့ဖြင့် ကြည့်၏။

" အဲဒါတွေ ဝယ်လာရင်လည်း အစ်မ ပိုက်ဆံကုန်တာပဲ တင်မှာပဲ၊ ကျုပ်က ဒီလိုအသုံးအဆောင်တွေကို သုံးမှာမဟုတ် ယောကျ်ားတစ်ယောက်မှာ အလှပြင်အချိန်မရှိပါဘူးဗျား

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ တစ်ခုပြောချင်တယ်၊ အစ်မနဲ့ကျွန်တော်ဟာ ဘာမှ မသတ်ဆိုင်ဘူး၊ ဆိုင်ရှင်နဲ့အလုပ်သမားပဲ၊ ဒီလောက် ဂရုစိုက်နေစရာ မလိုပါဘူး ''

ဟု ပြောကာ အပိုကြီး၏ရှေ့မှ ကျောခိုင်းပြီး ထွက်လာခဲ့လေ၏။

အပိုကြီးသည် မိုးမြေ၏နောက်ကျောကိုကြည့်၍ မခံချိ မခံသာဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။ အမှန်စင်စစ် အပိုကြီးသည် ရုပ်ချော ချောမောလှပပြီး သူမကို ပိုးပန်းသူများပြားသော်လည်း အညတြ မိုးမြေကို သံယောဇဉ်ငြိတွယ်နေခြင်းဖြစ်၏။

အပိုကြီးသည် သူမကို ယောကျ်ားသားများ ဝိုင်းဝိုင်းလည်အောင် ပိုးပန်းနေပါလျက် မိုးမြေကဲ့သို့ အညတြတစ်ဦးက ဥပေက္ခာပြုခြင်းကို မကြေမချမ်း ဖြစ်လာ၏။

လူ၏စိတ်သည် ပိုမိုဆန်းကျယ်၏။ မရသောအရာကို ပိုမို၍ လိုချင်၏။ ထို့ကြောင့် အပိုကြီးသည် မိုးမြေ၏မေတ္တာကို ရရှိရန် ပိုမို၍ ပြင်းပြလာ၏။

အပိုကြီးသည် မိုးမြေကဲ့သို့သော အတွေ့အကြုံမရှိသော ယောကျ်ားအား မိန်းမမာယာနှင့် ထောင်ဖမ်းလျှင်မိနိုင်ကြောင်း ရိပ်စားမိ၏။

ထို့နောက် မိုးမြေအား အနီးအနားရှိ ဘုရားကျောင်းကန်များသို့ သွားရောက်လိုကြောင်း လိုက်လံပို့ဆောင်ခိုင်း၏။





ထိုနေ့သည် အပိုကြီး၏မွေးနေ့ဖြစ်သဖြင့် မိုးမြေသည် သူမ၏စကားကို ငြင်းပယ်ခြင်းငှာ မတတ်နိုင်ချေ။

အပိုကြီးသည် ဦးစွာ ဘုရားကျောင်းကန်များတွင် လှူဒါန်းရန် ပစ္စည်းများကို ဝယ်ယူမည်ဟု အကြောင်းပြကာ မြို့ထဲရှိဈေးထဲတွင် လှည့်လည်ကြ၏။

ထိုအခါ ဈေးရှိလူများသည် အပိုကြီးနှင့်မိုးမြေ ငြိစွန်းနေသည်ဟု ယူဆကာ ထင်ရာမြင်ရာကို ပြောဆိုကြလေ၏။

အပိုကြီးသည် ဈေးထဲရှိ မုန့်ဟင်းခါးဆိုင်သို့သွားကာ ဝင်ရောက်စားသောက်လေ၏။

ထိုသို့ စားသောက်ရင်း မိုးမြေအားလိုသည်ထက်ပို၍ ဂရုစိုက်ပြ၏။ ထိုအခါ အနီးပတ်ဝန်းကျင်ရှိ လူများသည် မိုးမြေနှင့် အပိုကြီး စာတ်လမ်းဖြစ်နေပြီဟု ယူဆသွားကြ၏။

မိုးမြေသည် အပိုကြီး၏အပြုအမူကို ရှက်လွန်း၍ မျက်နှာကြီး ရဲရဲနီနေ၏။ ထို့နောက်တွင်မူ အပိုကြီးသည် ကျောင်းကန်ဘုရားများတွင် လှည့်လည်၍လှူဖွယ်ပစ္စည်းများကို လှူဒါန်း၏။ ညနေစောင်းသောအခါ မြို့နှင့်မလှမ်းမကမ်းတွင်ရှိသော စေတီပေါ်သို့ တက်ကြ၏။

မိုးမြေသည် အပိုကြီး၏နောက်သို့ စိတ်ဒုက္ခကြီးစွာဖြင့် လိုက်ပါနေရ၏။

အပိုကြီးသည် လှူဖွယ်ပစ္စည်းများကိုလှူဒါန်းပြီးနောက် တောင်ထိပ်ရှိ ရှုခင်းကိုများကို ကြည့်ချင်သည်ဟု အကြောင်းပြကာ

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေအား ခေါ်ဆောင်သွားပြန်၏။

တောင်ထိပ်ရှိ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ မိုးမြေ၏နားတွင် ပူးကပ်ထိုင်၍

" မောင်လေး၊ အခုလို မနေ့သွားလာရတာပျော်ဘူးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ မိုးမြေက မျက်မှောင်ကြုတ်၍

" မပျော်ပါဘူးဗျာ၊ ခင်ဗျားနဲ့ ကျုပ်သွေးမတော်စပ်ဘဲ အခုလိုသွားလာနေရတာ မြို့ပေါ်ကလူတွေရဲ့ ပြောစရာတွေ ဖြစ်တော့မှာပေါ့ "

ဟု ပြောလေ၏။

ထိုအခါ အပျိုကြီးက မိုးမြေ၏အနီးသို့ ပိုမိုတိုးကပ်၍

" ပြောလည်းဘာဖြစ်လဲ မောင်လေးရယ်၊ မောင်လေး မမဟာ လူသားတွေပဲ၊ မမကတော့ အခုလို မောင်လေးနဲ့အတူ သွားလာနေရတာ သိပ်ပျော်တာပဲ၊ နောက်လည်း ဒီလို တစ်သက်လုံး သွားလာနေရရင် ဘယ်လောက်ကောင်းမလဲနော် "

ဟု အဓိပ္ပါယ်နှစ်ခွဖြစ်သော စကားကို ပြောလေ၏။

" ဒီမှာ ခင်ဗျားနဲ့ကျုပ် အခုလို သွားလာနေတာ နောက်ဆုံးမှတ်ပါ၊ နောက်ဘယ်တော့မှ သွေးသားမတော်တဲ့ မိန်းမတစ်ယောက်နဲ့ ကျုပ်ဒီလိုမျိုးသွားလာမနေဘူး၊ ကျုပ်ဘဝမှာ လုပ်စရာကိစ္စတွေ အများကြီးကျန်သေးတယ်၊ ရယ်ရွှယ်ချက်တွေ ရည်မှန်းချက်တွေလည်းရှိတယ်၊ မိန်းမတစ်ယောက်ရဲ့ရင်ခွင်မှာ ကျုပ်အချိန်ကုန်ခံနိုင်ဘူး "



ဟု လေသံမာမာဖြင့် ပြောဆိုလိုက်ရာ အပျိုကြီးသည် မျက်နှာပျက်သွားလေ၏။

ထို့နောက် ရှက်ရွံ့ဟန်ဖြင့် ချုံးပွဲချ၍ ငိုကြွေးလေ၏။

မိုးမြေသည် အပျိုကြီးကို မချော့တော့ဘဲ တောင်ပေါ်မှ တစ်ဦးတည်း ဆင်းလာခဲ့လေ၏။

ထိုအချိန်မှစ၍ အပျိုကြီး၏ဆိုင်တွင် အလုပ်ဆက်မလုပ်ဖြစ်တော့ချေ။ မြို့ပေါ်ရှိလူများသည် အပျိုကြီးနှင့် မိုးမြေ၏ ဇာတ်လမ်းကို ကိုယ်ထင်ရာစွပ်စွဲ၍ အမျိုးမျိုး ပြောဆိုကြလေ၏။

မိုးမြေသည် အပျိုကြီး၏ဆိုင်တွင် အလုပ်မဆင်းတော့ဘဲ အလုပ်တစ်ခုရရှိအောင် ဆက်လက်ရှာဖွေလေ၏။

မကြာမီ ဘူတာအနီးရှိ မုန့်ဆိုင်ကြီးတစ်ဆိုင်တွင် ထည့်ရောင်းချရသော အလုပ်ကို ရရှိလေ၏။

သို့သော် အလုပ်ရှင်မှာ ချောမောလှပသောညီအစ်မ သုံးယောက်ဖြစ်နေပြန်သဖြင့် မိုးမြေသည် ထိုအလုပ်ကို မလုပ်ချင်ကြောင်း ပြောကာ ဆိုင်မှ ထွက်ခဲ့ပြန်၏။

မိုးမြေ၏အပြုအမူကို ကြည့်၍ အတူနေထိုင်သော ထောင်လေးက ရယ်မောကာ

" အစ်ကိုတ်က အတော်ထူးတဲ့ကောင်ပဲ၊ အခြားသူတို့ အလုပ်

www.burmeseclassic.com



ပေးတဲ့ လူတွေအားလုံး မိန်းမချော မိန်းမလှတွေပဲ၊ ဒီလိုအလုပ်မျိုးကို တော်ရုံတန်ရုံယောကျ်ားတွေ မငြင်းဆန်နိုင်ဘူးထင်တယ် ”

ဟု ပြောလေ၏။ မိုးမြေကခေါင်းညိတ်၍

“ မိန်းမချော မိန်းမလှတွေကို အပျိုကြီးတစ်ယောက်တည်းနဲ့တင် ငါကြောက်သွားပါပြီ၊ ငါ့ဘဝမှာ လုပ်စရာတွေရှိသေးတယ်၊ အဲဒါတွေနဲ့ နီးနီးကပ်ကပ်နေလို့ မဖြစ်နိုင်ဘူး ”

ဟု ပြောလေ၏။

ထိုအချိန်၌ ရေပ်ဆီသို့ မောင်းနှင်လာသော နွားလှည်းတစ်စီးကို မြင်တွေ့ရလေ၏။

နွားလှည်းရေပ်အနီးသို့ရောက်သောအခါ နွားလှည်းပေါ်တွင် မြို့ပေါ်မှ မိန်းမလှတစ်ဦးနှင့် မိန်းမငယ်သုံးဦးကို မြင်တွေ့ရလေ၏။

ထိုမြင်ကွင်းကို မြင်သောအခါ လူငယ်ကမျက်လုံးပြူးသွားပြီး

“ ဟော… အစ်ကိုဆီကိုတော့ မိန်းမလှလေးတွေ လိုက်လာပြန်ပြီ၊ အစ်ကိုတော့ ဒုက္ခရောက်ပြီ ”

ဟု ပြောလေ၏။

မိုးမြေသည် နွားလှည်းကို မျက်မှောင်ကြုတ်၍ ကြည့်ရှုနေစဉ်မှာပင် နွားလှည်းသည် ရေပ်ရှေ့၌ ရပ်လိုက်ပြီး ချောမောလှပသော မိန်းမသည် ဦးစွာဆင်းလာလေ၏။

ကျန်သော မိန်းမများကလည်း နွားလှည်းပေါ်မှ ဆင်းကာ



မိုးမြေရှိရာရေပ်သို့ ကြည့်ရှုနေလေ၏။

မိန်းမလှသည် ရေပ်ဆီသို့ ဆင်မယဉ်သာဟန်ဖြင့် လျှောက်လာပြီး မိုးမြေကို ကြည့်ကာ

“ ရှင်ဟာ လူမိုက် ဗိုလ်တုတ်ကြီးကို ဒီမြို့က မောင်းထုတ်လိုက်တဲ့ ကိုမိုးမြေဆိုတာလား ”

ဟု မေးမြန်းလေ၏။

မိုးမြေသည် မိန်းမလှ၏စကားကြောင့် အံ့ဩသွားပြီး

“ ဟုတ်တယ်၊ ကျုပ်နာမည် မိုးမြေပဲ၊ ဘာထိစ္စရှိလို့ ကျုပ်ကို မေးရတာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ မိန်းမလှ၏ မျက်နှာဝင်းပသွားပြီး ရေပ်ပေါ်သို့ တက်ကာ မိုးမြေ၏အနီးတွင် ထိုင်လေ၏။

လှည်းပေါ်တွင် ကျန်သောမိန်းကလေးများသည် ပါလာသော ခြင်းတောင်းကိုယူ၍ ရေပ်ပေါ်သို့တက်လာကြ၏။

ထို့နောက် ရေပ်ပေါ်တွင် ကတ္တီပါကော်ဇောကို ခင်းလေ၏။

ကော်ဇောနှင့်အတူ ယူဆောင်လာသော ပန်းကန်ပြားများကို ချကာ ထန်းလျက်၊ မြေပဲလှော်၊ ရေနွေးကြမ်း စသော စားသောက်စရာများကို ပြင်ဆင်လေ၏။

မိုးမြေသည် မိန်းမပျိုများ၏အပြုအမူကို အံ့ဩဟန်ဖြင့်

www.burmeseclassic.com



ကြည့်နေ၏။ ထို့နောက် မိန်းမလှက ကော်ဇောနှင့်ထိုင်ကာ

" ကိုမိုးမြေ ကော်ဇောပေါ်မှာ တက်ထိုင်ပါ၊ ကျွန်မတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ကျွန်မတို့ဟာ နယ်လှည့်ပြီး ဖျော်ဖြေနေတဲ့ အငြိမ့်အဖွဲ့ပါ၊ ဗြိတိသျှကိုလိုနီခေတ်ကြီးမှာ အရာရာဟာ ကြီးနိုင်ငယ်ညှဉ်းဝါဒတွေရှိနေလို့ ကျွန်မတို့ဟာ ရောက်လေရာအရပ်တွေမှာ အာဏာပိုင်တွေနဲ့ တည့်အောင်ပေါင်းရတယ်၊ လူမိုက်ဆိုတဲ့လူတွေနဲ့လည်း ပစ်ပယ်ထားလို့မရဘူး၊ ဒါကြောင့် များသောအားဖြင့်တော့ ကျွန်မတို့ အငြိမ့်ကရာနေရာတွေမှာ အဆင်ပြေတာများတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ရက်က ဟိုဘက်မြို့မှာ ကျွန်မတို့အဖွဲ့ အငြိမ့်ကဖို့ရောက်နေတော့ လူမိုက်ဗိုလ်တုတ်ကြီးရဲ့ မတရားအနိုင်ကျင့်တာ ခံရပါတယ်၊ ကျွန်မတို့ဟာ ရောက်လေရာအရပ်တွေမှာ လူမိုက်တွေနဲ့ တည့်အောင်ပေါင်းတတ်ပါတယ်၊ ဒါပေမဲ့ လူမိုက်ဗိုလ်တုတ်ကြီး တောင်းတဲ့ငွေကြေးကတော့ များလွန်းအားကြီးတယ်၊ ကျွန်မတို့ အငြိမ့်အဖွဲ့ ဒီမြို့မှာ သုံးညကချင်တယ်ဆိုရင် တစ်ညကို တစ်ရာနှုန်းနဲ့ သုံးညအတွက် ငွေသုံးရာပေးရမယ်လို့ ပြောပါတယ်၊ ငွေသုံးရာဆိုတာ ဘယ်လူမိုက်မှ မတောင်းတဲ့ငွေကြေးပါ၊ ဒီလောက်များတဲ့ငွေတွေ ပေးရရင် ကျွန်မအငြိမ့်အဖွဲ့ အမြတ်အစွန်းကျန်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် သူ့ကို အကြိမ်ကြိမ် ညှိနှိုင်းဖို့ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ လူမိုက်ဗိုလ်တုတ်ကြီးဟာ ငွေသုံးရာကိုမှမရရင် ကျွန်မတို့ အဖွဲ့ ဒီမြို့မှာ အငြိမ့်မကရဘူးလို့ တစ်ချက်လွှတ် အမိန့်ထုတ်ပါတယ်၊ ဒါကြောင့်



ကျွန်မတို့ အငြိမ့်အဖွဲ့ ဒီမြို့မှာအငြိမ့်မကဘဲ ပြန်ဖို့ဆုံးဖြတ်နေတုန်း မြို့ခံလူတစ်ဦးက ဟောဒီဇရပ်မှာနေတဲ့ ကိုမိုးမြေဆိုတဲ့လူက လူမိုက်ဗိုလ်တုတ်ကြီးကို မောင်းထုတ်လိုက်ကြောင်း ပြောပါတယ်၊ ဗိုလ်တုတ်ကြီးဟာ ကိုမိုးမြေကိုမယှဉ်နိုင်လို့ ကျွန်မတို့မြို့မှာလာပြီး ဗိုလ်လုပ်သောင်းကျန်းနေတယ်လို့လည်း ပြောတယ်၊ ဒါကြောင့် ဗိုလ်တုတ်ကြီးကို တားဆီးပေးဖို့ ကိုမိုးမြေဆီမှာ အကူအညီလာတောင်းတာပါ၊ ကိုမိုးမြေသာ ကျွန်မတို့အငြိမ့်အဖွဲ့ကို အကူအညီပေးမယ်ဆိုရင် ကျေးဇူးမမေ့ပါဘူးရှင်၊ ကိုမိုးမြေအတွက် ထိုက်သင့်တဲ့ကြေးလည်း လုပ်ပေးပါ့မယ် "

ဟု ပြောလိုက်ရာ မိုးမြေက လတ်တောပြုံး၍

" တော်ပြီ မင်းသမီး၊ ဒီလောက်ဆို ခင်ဗျားစကားကို ကျုပ် နားလည်တယ်၊ ကျုပ်ကို တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး၊ ကျုပ်ဟာ လူမိုက်မဟုတ်ဘူး၊ ဗြိတိသျှကိုလိုနီခေတ်ကြီးမှာ ဖိနှိပ်ချုပ်ချယ်တဲ့ အင်္ဂလိပ်အစိုးရကြောင့် ပြည်သူတွေဟာ ဆင်းရဲတွင်းနက်နေကြတယ်၊ ဒုက္ခဆင်းရဲနဲ့လည်း ရင်ဆိုင်နေကြပါတယ်၊ ဒီလို အချိန်မျိုးမှာ ကိုယ့်အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီမှုမရှိဘဲ အနိုင်ကျင့်စော်ကားနေတဲ့ လူမိုက်ဆိုတဲ့လူတွေကို ကျုပ် သိပ်မုန်းတယ်၊ မင်းသမီးတို့နဲ့ ကျုပ် လိုက်ခဲ့ပါ့မယ် "

ဟု ပြောလိုက်လေ၏။

ထို့နောက် အငြိမ့်မင်းသမီးသည် မိုးမြေအား ယမ်းသောအားရ

www.burmeseclassic.com



ဖြင့် ခေါ်ဆောင်သွားလေ၏။ မြေပဲလှော်ရောင်းသော လူငယ်လေးအား

" အစ်ကိုရေ သတိထားဖြီးသာ သွားပေတော့ "

ဟု ပြောဆိုရင်း ရေပ်၍သာ ကျန်ရစ်ခဲ့လေ၏။ မိုးမြေ တစ်ခြားမြို့သို့ ရောက်သောအခါ အငြိမ့်သူ အငြိမ့်သားများသည် ဝမ်းသာအားရ ဆီးကြိုကြလေ၏။

အငြိမ့်အဖွဲ့ ကပြဖျော်ဖြေသော စာတ်ရုံကြီး၌ဝင် စားသောက်စရာမျိုးစုံနှင့် ညှိခံကာ အထူးညှိသည်တော်တစ်ဦး ကဲ့သို့ တွေ့ဆွေးပြုစုကြလေ၏။

အငြိမ့်အဖွဲ့တွင် ပျော်ရွှင်စွာနေတတ်သော လူရွှင်တော် အတိုးကြီးက

" လူမိုက်ဗိုလ်တုတ်ကြီးကို နှိမ်နင်းမဲ့လူဆိုလို့ လူမိုက်ကြီး တစ်ယောက် အောက်မေ့ပါတယ်၊ ပြဇာတ်မင်းသားနဲ့တူတဲ့ လူငယ် လေး တစ်ယောက်ပါလား၊ လူမိုက်မလုပ်ဘဲ ဇာတ်မင်းသားပဲ လုပ်ရင် ကောင်းတယ် "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေသည် လူရွှင်တော်အတိုးကြီး ဘက်သို့လှည့်၍ ခေါင်းခါယမ်းကာ

" ဒီမှာအဘ၊ ကျုပ်လူမိုက်မဟုတ်ပါဘူး၊ ကျုပ်ဟာ တရားမျှတမှုကို အလိုရှိတဲ့လူပါ၊ လူမိုက်တွေလို ပြည်သူတွေကို ဒုက္ခပေးတဲ့လူမဟုတ်ဘူး၊ ပြည်သူတွေဘက်က ရပ်တည်ပေးမဲ့လူပါ"

ဟု ပြောလေရာ ကျန်သောလူရွှင်တော်များက ဝိုင်းဝန်း၍





လက်ခုပ်လက်ဝါးတီးကြလေ၏။

အငြိမ့်မင်းသမီး ခင်လှကြည်က

" ဒီညတော့ ရှင့်ရဲ့အကူအညီကြောင့် ကျွန်မတို့အငြိမ့်ပွဲကို စိုးရိမ်ပူပန်စရာမလိုဘဲ တင်းတင်းကြီး ကနိုင်ပါပြီ "

ဟု ပြောလိုက်လေ၏။

ထိုအခါ အငြိမ့်အဖွဲ့သားများသည် ဝမ်းသာအားရဖြင့် အားခဲ၍ အော်ဟစ်လိုက်လေ၏။ ယနေ့ည အငြိမ့်ပွဲကပြမည် ဖြစ်ကြောင်း သတင်းသည် မြို့ထဲသို့ ပျံ့နှံ့သွားလေ၏။

မြို့သူမြို့သားများလည်း ပျော်ရွှင်ကြလေ၏။ အငြိမ့်မင်းသမီး ခင်လှကြည်သည် လူမိုက်ဗိုလ်တုတ်ကြီး၏ရန်ကို ကာကွယ်ရန်အတွက် တစ်ဖက်မြို့မှ မိုးမြေဆိုသောလူငယ်ကို အငြိမ့်ပွဲတွင် ခေါ်ထားကြောင်း သတင်းသည် ပျံ့နှံ့သွားလေ၏။

ထိုအခါ မြို့သူမြို့သားများသည် ယနေ့ည ပွဲကြီးပွဲကောင်း ကြည့်ရမည်ဟုဆိုကာ အငြိမ့်ပွဲကို ပိုမိုစိတ်ဝင်စားကြ၏။ သူရသတ္တိရှိသူ များက ယနေ့ည မည်မျှပင် အန္တရာယ်များစေကာမူ အငြိမ့်ပွဲကို ကြည့်ဖြစ်အောင်ကြည့်မည်ဟု အားခဲထားကြ၏။

အချို့သော မခံချင်သူ လူငယ်များကလည်း လူမိုက် ဗိုလ်တုတ်ကြီးကို အံတုခံနိုင်သည့် မိုးမြေဘက်မှ ရပ်တည်ပေးမည်ဟု ကြုံးဝါးကြ၏။

၎င်းတို့သည် တစ်ဖက်မြို့မှ မိုးမြေဟူသော သတ္တိခဲက



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်ဗိုလ်တုတ်ကြီးကို ယှဥ်ပြိုင်မည်ဆိုသောအခါ မိုးမြေဘက်မှ ရပ်တည်ရန် ဆုံးဖြတ်ကြ၏။

လူမိုက်ဗိုလ်တုတ်ကြီးနှင့် အပေါင်းအပါများသည် မြို့စွန်ရှိ ခြံကြီးတစ်ခြံထဲ၌ တွေ့ဆုံ၍ ယနေ့ညအငြိမ့်ပွဲကိုဖျက်ရန် တိုင်ပင်ကြ၏။

လူမိုက်ဗိုလ်တုတ်ကြီးသည် မိမိပြောင်းရွှေ့ခဲ့သော မြို့သို့ဝင် လိုက်လံ၍ ဖျက်လိုဖျက်ဆီးလုပ်သော မိုးမြေကို လွန်စွာ မကျေမချမ်း ဖြစ်မိ၏။ ဗိုလ်တုတ်ကြီး၏ အပေါင်းအပါလူမိုက်က

" မိုးမြေဆိုတဲ့အကောင်ဟာ အတော်လူပါးဝပါလား။ ဒီကောင်ဟာ ကျုပ်တို့မြို့မှာတောင် လာပြီးစော်ကားနေတယ်၊ ဒီကောင့်ကို ကျုပ်တို့ နှိမ်နင်းမှဖြစ်မယ်၊ သူ့ကို မနှိမ်နင်းနိုင်ရင် ကျုပ်တို့ ဒီတစ်သက် လူမိုက်လုပ်လို့ ရမှာမဟုတ်ဘူး "

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်တုတ်ကြီးက လက်သီးကိုဆုပ်၍ အနီးရှိ သစ်တိုင်းကို ဖျောင်းခနဲထိုးကာ

" သိပ်ဟုတ်တာပေါ့ကွာ၊ ဒီကောင့်ကို စိစိညက်ညက် ခြေဝစ်ရမယ်၊ ဒီလိုကောင်မျိုးဟာ ငါတို့လို လူမိုက်တွေနဲ့ ကျွှာရမဲ့ ဒီနေ့ည ခင်လှကြည်ပွဲကို မပျက်ပျက်အောင် ဖျက်မယ် "

ဟု ပြောလေ၏။ ထိုအခါ လူမိုက်များ၏ နောက်လိုက်တစ်ယောက်က

" မြို့ပေါ်ကလူတွေကတော့ အငြိမ့်ပွဲကို အလွန်ကြည့်ချင်နေကြတယ်၊ ဒါကြောင့် သူတို့အားလုံး ဒီကောင့်ဘက်က ရှိနေလိမ့်မယ် "

ဟု ပြောလေ၏။ ထိုအခါ လူမိုက်ဗိုလ်တုတ်ကြီးက အံကို ကြိတ်၍

" ဒီကောင်တွေ ဘယ်တုန်းက ငါတို့ကို ခေါ်ကြည့်ဖူးလို့လဲ၊ မိုးမြေဆိုတဲ့ကောင်ရောက်လာလို့ သတ္တိပြောင်နေတာကွ၊ ငါတို့ ဒီနေ့ည ကောင်းကောင်းအစွမ်းပြကြမယ် "

ဟု ပြောလေ၏။ လူမိုက်များသည် ခင်လှကြည်၏ အငြိမ့်ပွဲအား ဖျက်လိုဖျက်ဆီးလုပ်ရန် နည်းလမ်းများကို တိုင်ပင်ကြလေ၏။

ခင်လှကြည်အငြိမ့်ကနေစဉ် မီးတုတ်များကို ယူဆောင်သွားပြီး မီးတုတ်များဖြင့်ပစ်ရန် ကြံစည်ကြလေ၏။ ထို့ပြင် ဇာတ်ရုံကိုလည်း ဓါတ်ဆီလောင်း၍ မီးရှို့ရန် ကြံစည်ထား၏။

ထိုကဲ့သို့ လူမိုက်များ မကောင်းမှုဒုစရိုက်အလုပ်များကို တိုင်ပင်နေစဉ် ခြံကြီးထဲသို့ သရက်သီးခူးရန် ရောက်ရှိနေသော လူငယ်လေးသည် လူမိုက်များ၏ အကြံအစည်ကို သိရှိသွား၏။

ထို့ကြောင့် လူငယ်လေးသည် မြို့လယ်ခေါင် အငြိမ့်ပွဲရှိရာသို့ ပြေးခဲ့၏။ လူမိုက်များ၏ အကြံအစည်များကို အငြိမ့်ပွဲရှိ လူကြီးများကို ပြောပြလိုက်လေ၏။

မိုးမြေက လူမိုက်ဗိုလ်တုတ်၏အကြံအစည်ကို ကြားသိသော အခါ တောက်ခေါက်၍







www.burmeseclassic.com

www.burmeseclassic.com



" တောက်… ဒီကောင်တွေ အကော်အကြံပက်စက်[illegible] လူတွေပဲ၊ ကျုပ်တို့ သူတို့ရဲ့အကြံအစည်ကို မဖြစ်မနေ တားဆီး[illegible] ဖြစ်မယ် "

ဟု ပြောလေ၏။

ထိုအခါ အငြိမ့်မင်းသမီး ခင်လှကြည်က

" ကျွန်မတို့ ဒီည အငြိမ့်ကဖို့ ဖြစ်ပါ့မလား "

ဟု မေးမြန်းလေ၏။ မိုးမြေက လက်သီးဆုပ်၍

" အငြိမ့်ပွဲကို မဖြစ်ဖြစ်အောင်ကကြ၊ ကျုပ်တို့ လူမိုက်[illegible] ကို မရရအောင် နှိမ်နင်းမယ် "

ဟု ပြောလေ၏။ ထိုအခါ လူမိုက်များ၏သတင်းကို ပြော[illegible] သူ လူငယ်လေးက

" လူမိုက်ဗိုလ်တုတ်ကြီးတို့အဖွဲ့ဟာ ပွဲခင်းထဲမှာ လူ[illegible] အောင် သူတို့ခေါင်းမှာ ဝဝါဖြူတွေ စည်းထားကြလိမ့်မယ် "

ဟု သတင်းပေးလေ၏။

မိုးမြေက ခေါင်းညိတ်၍ လူငယ်လေး၏ ခေါင်းကိုပွတ်[illegible]

" မင်းပေးတဲ့သတင်းက သိပ်အဖိုးတန်တယ်၊ ဒီည လူမိုက်တွေကို ရှာဖွေတဲ့အခါမှာ ပိုပြီးလွယ်ကူသွားတာပေါ့ "

ဟု ပြောလေ၏။

ထို့နောက် မိုးမြေက မြို့ခံလူငယ်များနှင့် လူရွှင်တော်များ[illegible] ခေါ်၍ လူမိုက်ဗိုလ်တုတ်ကြီးတို့ရန်မှ ကာကွယ်ရန် နည်းလမ်းများ[illegible]





[illegible]ဆိုင်းဝင်ကြလေ၏။

မြို့သူမြို့သားများသည် သတ္တိခဲမိုးမြေနှင့် လူမိုက်[illegible]ဗိုလ်တုတ်ကြီးတို့၏ရန်ပွဲကို စပ်စုလိုစိတ်ဖြင့် လာရောက်ကြည့်ရှုကြ[illegible]လေ၏။ အချို့ သတ္တိနည်းသူများက အငြိမ့်ပွဲကို မကြည့်ဝံ့သဖြင့် [illegible]ပွဲ၏သတင်းကိုသာ နားစွင့်နေကြ၏။

အငြိမ့်ပွဲစသောအခါ မိုးမြေနှင့် သတ္တိခဲလူငယ်များသည် [illegible]ခေါင်းတုတ်ကိုယ်စီကိုင်၍ ပွဲခင်းထဲတွင် လှည့်လည်ကြည့်ရှု ကြ[illegible]လေ၏။ ပွဲခင်းထဲတွင် လူများ ကြိတ်ကြိတ်တိုးနေသဖြင့် လူမိုက်[illegible]ဗိုလ်တုတ်ကြီးနှင့် အပေါင်းအပါများကို ရှာဖွေကြ၏။

ညကိုးနာရီခန့်ရှိသောအခါ မိုးမြေသည် လူအုပ်ထဲတွင် [illegible]၍ ခေါင်းတွင် ဝတ်ဖြူစည်းထားသော လူတစ်ဦး ပွဲခင်း[illegible]ထဲတွင် သွားလာနေကြောင်း တွေ့ရ၏။

ထို့ကြောင့် မိုးမြေသည် ထိုလူ၏အင်္ကျီကော်လံကို ဆွဲကိုင်[illegible]လိုက်ပြီး

" ဟေ့လူ… ခင်ဗျားရဲ့လွယ်အိတ်ထဲကပစ္စည်းတွေကို [illegible]ပြစမ်း "

ဟု အမိန့်ပေးလိုက်၏။ ထိုအခါ ခေါင်းစည်းထားသော [illegible]သူသည် မိုးမြေ၏လက်မှရုန်းကန်ပြီး ထွက်ပြေးရန် ကြိုးစည်လေ၏။

မိုးမြေသည် ထိုလူအား ရန်သူတစ်ဦးဖြစ်ကြောင်း [illegible]များသဖြင့် ထိုသူ၏ရင်ဝကို ဒူးဖြင့်ဆောင့်ကန်လိုက်ပြီး [illegible]တောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထောင်းလိုက်သောအခါ ရန်သူသည် မေ့မြောသွားလေ၏။

ပွဲခင်းထဲရှိ လူများလည်း ရှက်ရှက်သဲသဲ ဖြစ်သွားလေ၏။ မိုးမြေက ထိုသူ၏လွယ်အိတ်ထဲတွင် ရှာဖွေလေရာ မီးတုတ်မှုန့် မီးခြစ်များကို တွေ့ရလေ၏။

ထို့နောက် ပွဲခင်းထဲတွင် မိုးမြေနှင့်ကာလသားများသည် လိုက်လံရှာဖွေရာ ဗိုလ်တုတ်ကြီး၏တပည့်များကို မီးတုတ်မီးခြစ်များနှင့် အတူ ဖမ်းဆီးရမိသွားလေ၏။

လူမိုက်ဗိုလ်တုတ်ကြီးကိုမူ အရိပ်အယောင်မျှ မတွေ့ရသေး ချေ။ ပွဲခင်းတစ်ခုလုံးလည်း လူမိုက်များကို မီးတုတ် မီးခြစ်များနှင့် ဖမ်းဆီးရမိသွားသဖြင့် လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

သို့သော် ဇာတ်စင်ပေါ်တွင် ပြက်လုံးထုတ်နေသော လူရွှင် တော်များက ပွဲကို မရပ်နားဘဲ ဣန္ဒြေရရဆက်ကသွားလေ၏။ မိုးမြေသည် ဗိုလ်တုတ်ကြီးကို မတွေ့ရသဖြင့် ပွဲခင်းထဲတွင် လှည့်လည် ရှာဖွေနေမိ၏။

ကာလသားများက ဗိုလ်တုတ်ကြီး ပွဲခင်းထဲက ထွက်ပြေးပြီ ဟု ဆိုကြ၏။ သို့သော် မိုးမြေက မကျေနပ်သေးဘဲ ဗိုလ်တုတ်ကြီးကို မရရအောင်ရှာဖွေမည်ဟုဆိုကာ ပွဲခင်းထဲတွင် လိုက်လံရှာဖွေပြန်၏။

အတန်ကြာအောင် ရှာဖွေပြီးနောက် ဗိုလ်တုတ်ကြီးကို မမြင်ရသဖြင့် ပွဲခင်းထဲမှ ထွက်ပြေးပြီဟု ထင်မြင်နေမိ၏။ ထိုအခိုက် မှာပင် အရှေ့မှသွားလာနေသော ရသေ့တစ်ဦးကို မသင်္ကာဖြစ်မြ





ငှင်း၏ရှေ့သို့ ဝိတ်၍ရပ်လိုက်၏။

ရသေ့က မိုးမြေကို စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်လိုက်၏။ မိုးမြေသည် ရသေ့၏မျက်နှာကို မီးအလင်းရောင်ဖြင့် ကြည့်လိုက် သောအခါ လူမိုက်ဗိုလ်တုတ်ကြီးဖြစ်နေကြောင်း ရိပ်စားမိသွား၏။

ထို့ကြောင့် တဟားဟား ရယ်မောကာ

" ဟား ဟား ဟား… ဗိုလ်တုတ်ကြီး ခင်ဗျားဟာ ရသေ့ယောင်ဆောင်ပြီး အခု ဘယ်ပြေးဦးမလို့လဲ "

ဟု အော်ဟစ်မေးမြန်းလိုက်ရာ ပွဲခင်းထဲရှိ လူများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ဗိုလ်တုတ်ကြီးသည် မိုးမြေရှေ့မှ ရှောင်လွှဲ၍ပြေးရန် သိလိုက်ရ သဖြင့် အံကိုကြိတ်ကာ လွယ်အိတ်ထဲမှ ပုဆိန်ငယ်လေးတစ်လက်ကို ထုတ်၍ ဆွဲယမ်းလိုက်လေ၏။

မိုးမြေသည် နောက်သို့ဆုတ်၍ ဗိုလ်တုတ်ကြီးနှင့် တိုက်ခိုက် ရန် အသင့်ပြင်နေလေ၏။ ဗိုလ်တုတ်ကြီးက ပုဆိန်ကိုဆွဲယမ်း၍

" ငါ့ကို အမျိုးမျိုး ဒုက္ခပေးတဲ့ကောင် ၊ ဒီတစ်ခါတော့ မင်းကို အသေသတ်ရမယ် "

ဟု ကြုံးဝါးကာ မိုးမြေအား ပုဆိန်ငယ်နှစ်လက်ဖြင့် ချွသမ်းတိုက်ခိုက်လေ၏။ မိုးမြေသည် ကိုယ်ကို နောက်သို့ဆုတ်၍ ဗိုလ်တုတ်ကြီး၏ ပုဆိန်ချက်များကို ရှောင်လွှဲရလေ၏။

ဗိုလ်တုတ်ကြီးသည် ပုဆိန်ငယ်ဖြင့် မိုးမြေအား လှမ်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ မိုးမြေသည် ကမန်းကတန်း ကိုယ်ကို တိမ်းညွှတ်လိုက်ရာ ပုဆိန်သည် ခေါင်းပေါ်မှ ဝှီးခနဲ ကျော်ဖြတ်သွားပြီး အနီး၌ မန်ကျည်းပင်ကြီး၌ သွားရောက်စိုက်ဝင်လေ၏။

မိုးမြေသည် လူမိုက်ဗိုလ်တုတ်ကြီးကို အလစ်ဝင်တိုက်ရန် ဆုံးဖြတ်လိုက်ပြီး ဗိုလ်တုတ်ကြီးအနီးသို့သွား၍ နံရိုးကို ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ အားခနဲအော်၍ နောက်သို့လန်ကျသွားလေ၏။

၎င်း၏လက်ထဲတွင် ကိုင်ဆောင်ထားသော ပုဆိန်နှစ်လက်မှာလည်း မြေပေါ်သို့ လွတ်ကျသွားလေတော့၏။ မိုးမြေသည် ဗိုလ်တုတ်ကြီး၏ ရင်ဝကို ခြေဖြင့်နင်းထားပြီး

" ဟောလူကြီး မလှုပ်နဲ့၊ လှုပ်တာနဲ့ လည်ပင်းရိုးကို ခြေနဲ့ ချိုးလိုက်မယ် "

ဟု ကြိမ်းဝါးကာ ဗိုလ်တုတ်ကြီး၏လည်ပင်းကို ခြေဖြင့် နင်းထားလေ၏။ ဗိုလ်တုတ်ကြီးသည် အခြေအနေမဟန်မှန်းသိသဖြင့် မရုန်းကန်ရဲတော့ဘဲ ငြိမ်သက်စွာနေရလေ၏။

ထိုအချိန်မှာပင် လူရှင်တော်များနှင့် မြို့ခံလူများ ရောက်ရှိလာပြီး ဗိုလ်တုတ်ကြီးအား ဝိုင်းဝန်းချုပ်နှောင်ကြ၏။ မြို့ခံလူများသည် လူမိုက်ဗိုလ်တုတ်ကြီးကို မုန်းတီးနာကြည်းနေပြီဖြစ်သဖြင့် ထိုးမည် ခုတ်မည် တကဲကဲ ဖြစ်နေလေ၏။

မိုးမြေက လက်ကာပြ၍





" အားလုံး သည်းခံကြပါဗျာ၊ ဒီကောင်ကြီးကို ကျုပ်တို့ ...ါင်းပြီး ပုလိပ်လက်အပ်ကြမယ်၊ ဒီကောင်ကြီး ပုလိပ်ကို လာဘ် ...ထားတယ်ဆိုပေမဲ့ မြို့လူထုစုပေါင်းပြီး ပုလိပ်လက်ကိုအပ်လိုက်ရင် ...ပ်တွေလည်း အရေးမယူဘဲ မနေဝံ့ပါဘူးဗျာ၊ သတင်းစာတွေက ...ည်း အငြိမ့်မင်းသမီးကို ဒုက္ခပေးပြီး အငြိမ့်ပွဲကို မီးရှို့ဖို့ကြံစည်တဲ့ ...ိုလ်တုတ်ကြီးအကြောင်းကို ရေးကြမှာပါ "

ဟု ပြောလေ၏။ ထို့နောက် မိုးမြေခေါင်းဆောင်သော မြို့ခံ ...ငယ်များသည် ဗိုလ်တုတ်ကြီးနှင့် အပေါင်းအပါများကို ကြိုးများ ...ည်၍ ဂါတ်တဲသို့သွားရောက်အပ်နှံကြလေ၏။

ပုလိပ်များသည် လူမိုက်ဗိုလ်တုတ်ကြီးနှင့် ရင်းနှီးကျွမ်းဝင်ကြ ...သော်လည်း မြို့လူထုက လူမိုက်များကို ကြိုးဖြင့်တုတ်၍ အပ်လာသော ...ါ အရေးမယူဘဲ မနေဝံ့ကြတော့ချေ။

ထိုညက အငြိမ့်မင်းသမီးခင်လှကြည်၏ အငြိမ့်အဖွဲ့သည် ...တော်ကခြင်းကိုမရပ်နားဘဲ ကပြနိုင်ခဲ့၏။

ခင်လှကြည်၏ အငြိမ့်ပွဲသည် ရုံပြည့်သွားသဖြင့် ရုံကိုပင် ...ှင့်ပေးလိုက်ရ၏။ ခင်လှကြည်တို့ အငြိမ့်အဖွဲ့သည် သုံးညလုံးလုံး ...ဖျော်ဖြေလေရာ မြို့လူထုသည် သုံးညဆက်တိုက် အားပေးကြ ...လေ၏။ မိုးမြေသည် အငြိမ့်ကပြနေသည့် သုံးရက်စလုံး ခင်လှကြည်၏ ...ငြိမ့်အဖွဲ့တွင် သောင်တင်နေ၏။

မိုးမြေသည် အငြိမ့်သုံးညကပြီး နောက်တစ်နေ့တွင်



www.burmeseclassic.com

ခင်လှကြည် အိပ်ရာမှမနိုးသေးသော်လည်း လှရှင်တော်များ နှုတ်ဆက်၍ အငြိမ့်အဖွဲ့မှ ထွက်ခဲ့လေ၏။

လှရှင်တော်များက အငြိမ့်မင်းသမီး ခင်လှကြည်ကို စောင့်ရန်ပြောသော်လည်း မိုးမြေသည် လှရှင်တော်များ၏စကားကို နားမထောင်ဘဲ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။

မိုးမြေသည် မြို့စွန်သို့ရောက်သောအခါ သစ်ပင်အောက်၌ ထိုင်၍ ကားကြုံလိုက်ရန် ကားစောင့်နေလေ၏။ ထိုသို့စောင့်မျှော်ရင်း နံနက်ခင်းနေရောင်ခြည်ဖြင့် တောင်ကုန်းမြင့်လေးပေါ်တွင် တည်ထားသော စေတီငယ်လေးကို မြင်တွေ့ရလေရာ ထိုအရပ်သို့ ထွက်ခဲ့လေ၏။

စေတီရှိရာသို့ရောက်လျှင် ဘုရားဝတ်ပြုလေ၏။ ဘုရားဝတ်ပြုပြီး ထိုင်ရာမှထရန်ပြင်လိုက်စဉ် သူ၏အနောက်မှ

" ကိုမိုးမြေ "

ဟူသောအသံကို ကြားရလေ၏။ ထို့ကြောင့် လှည့်ကြည့်လိုက်ရာ အငြိမ့်မင်းသမီး ခင်လှကြည်ကိုတွေ့ရလေ၏။

ခင်လှကြည်က

" ကျွန်မကိုမစောင့်ဘဲ ကိုမိုးမြေထွက်သွားတယ်ဆိုတာ ကျွန်မ အိပ်ရာနိုးနိုးခြင်း ကိုမိုးမြေမရှိတော့ဘူးဆိုတာ သိရလို့ ချက်ချင်းလိုက်လာတယ်၊ မြို့စွန်ရောက်တော့ ဈေးသည်လေး တစ်ယောက်က ကိုမိုးမြေ ဟောဒီစေတီပေါ်ကို တက်သွားတယ်ဆိုလို့ အနောက်က လိုက်လာတာ"

ဟုပြောလေ၏။

မိုးမြေက ခေါင်းညိတ်၍

" မင်းသမီး အိပ်ရေးပျက်မှာစိုးလို့ ကျုပ်နှုတ်မဆက်တာပါ၊ လှရှင်တော်တွေရဲ့ရန်ကလည်း စိုးရိမ်စရာမရှိတော့ဘူးဆိုတော့ ကျုပ်ခွဲခွာဖို့ ဆုံးဖြတ်လိုက်တာပါ "

ဟုပြောလေ၏။

အငြိမ့်မင်းသမီး ခင်လှကြည်က မိုးမြေကို ညှို့ငင်သော မျက်ဝန်းအစုံဖြင့်ကြည့်လိုက်ပြီး

" ကိုမိုးမြေရဲ့ဘဝကို စိတ်ဝင်စားလို့ ကျွန်မစုံစမ်းကြည့်သေးတယ်၊ ကိုမိုးမြေဟာ ဒီမြို့ဇာတိမဟုတ်ဘူးတဲ့၊ ခြေသလုံးအိမ်တိုင် သွားလာနေတဲ့ လူတစ်ယောက်လို့လည်း သိရတယ်၊ ကိုမိုးမြေ ဒီလိုခဲ ရှောက်ရှာနေပြီး ခြေဦးတည့်ရာ သွားနေတော့မှာလား "

ဟုမေးမြန်းလေ၏။

မိုးမြေက ခင်လှကြည်၏အမေးကြောင့် မျက်မှောင်ကြုတ် ထိုက်ပြီး

" ကျုပ် ပေတောလေလွင့်ပြီး သွားလာနေတဲ့လူမဟုတ်ပါဘူး ကျုပ်ဘဝမှာ တာဝန်ဝတ္တရားတွေရှိတယ်၊ အဲဒီဝတ္တရားထဲကတစ်ခုကို ခင်များနားလည်အောင်ပြောရရင် အလွန်ထူးဆန်းလှို့ဝှက်တဲ့ မိန်းမ တစ်ယောက်ကို ရှာဖွေရမယ် "



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

မိုးမြေ၏စကားကြောင့် ခင်လှကြည်က နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

"မိန်းမတစ်ယောက်ကို ရှာဖွေဖို့ ဟုတ်လား၊ အဲဒီမိန်းမက ဘယ်သူလဲ၊ ရှင့်ရဲ့ချစ်သူလား"

ဟုမေးမြန်းလေ၏။

မိုးမြေက အငြိမ့်မင်းသမီး ခင်လှကြည်၏ အမေးကြောင့် ခေါင်းခါယမ်း၍ သူမကို အဖြေမှန် ပြောသင့်မပြောသင့် စဉ်းစားနေမိ၏။

ထို့နောက် ခင်လှကြည်သည် မြန်မာပြည်အနှံ့လှည့်လည်သွားလာနေသူဖြစ်သဖြင့် ထူးဆန်းသောမိန်းမနှင့်ပတ်သက်၍ သဲလွန်စရနိုင်သဖြင့် ပြောပြရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်

" အဲဒီမိန်းမက ကျုပ်ချစ်သူမဟုတ်ပါဘူး၊ သူမဟာ ကျုပ်ရဲ့မိတ်ဆွေ အဘိုးကြီးသုံးယောက်ဆီကို လသာတဲ့ညတစ်ညမှာ မီးပုံးပျံကြီးစီးပြီး ရောက်လာခဲ့တယ်၊ နောက်တော့ အဘိုးကြီးသုံးယောက်ဆီက အလွန်အဖိုးတန်တဲ့ပစ္စည်းတစ်ခုကို ငှားရမ်းသွားခဲ့တယ်၊ သူဟာ အဲဒီပစ္စည်းကို ခေတ္တခဏသာ အသုံးပြုပြီး အဘိုးကြီးတွေဆီကို ပြန်ပို့ပေးမယ်လို့ဆိုခဲ့တယ်၊ ဒါပေမဲ့ ဒီနေ့အထိ အဘိုးကြီးတွေရဲ့ပစ္စည်းကို ပြန်ပို့မပေးခဲ့ဘူး၊ အဘိုးကြီးတွေဟာ



ထူးဆန်းတဲ့မိန်းမကို ရှာဖွေချင်ကြပေမဲ့ သူတို့ရဲ့အသက်အရွယ်အရ လုံးဝမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ကျုပ်ဟာ သူတို့ကိုယ်စား ထူးဆန်းတဲ့မိန်းမကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်တယ် "

ဟုပြောလေ၏။

ထိုအခါ မိုးမြေ၏စကားကို စိတ်လှုပ်ရှားစွာဖြင့် နားထောင်နေသော အငြိမ့်မင်းသမီးက

" ဟင်... အဲဒီမိန်းမဟာ မီးပုံးပျံကြီးစီးလာတယ် ဟုတ်လား၊ သူဟာ အလွန်လှပတဲ့မိန်းမတစ်ယောက် မဟုတ်လား"

ဟုမေးမြန်းလေ၏။

မိုးမြေသည် အငြိမ့်မင်းသမီး ခင်လှကြည်၏စကားကြောင့် [illegible]လုံးပြူးသွားပြီး

" ဟုတ်တယ်၊ သူဟာ နတ်သမီးတစ်ပါးလို လှတယ်၊ [illegible]င်းသမီး သူ့ကိုသိလို့လား "

ဟုမေးမြန်းလေ၏။

ထိုအခါ အငြိမ့်မင်းသမီးက ခေါင်းညိတ်၍

" ကျွန်မ သူ့ကိုမသိပါဘူး၊ ဒါပေမဲ့ သူနဲ့ ညတစ်ညမှာ [illegible]တွေ့ဖူးတယ်၊ အဲဒီတုန်းကလည်း အလွန်လှပတဲ့ မီးပုံးပျံကြီးကို [illegible]ပြီးရောက်လာတယ် "

ဟုပြောလေ၏။

မိုးမြေသည် အငြိမ့်မင်းသမီး၏စကားကြောင့် [illegible]သွားပြီး

www.burmeseclassic.com



" ကျူပ်မိတ်ဆွေ လူ့ဥစာကြီးသုံးယောက်တွေ့ဆုံခဲ့တဲ့ မိန်း
ဟာ သူပဲဖြစ်မယ်၊ မင်းသမီးနဲ့အဲဒီမိန်းမ ဘယ်လိုတွေ့ဆုံခဲ့တာလဲ"

ဟုပြောလေ၏။ ထိုအခါ အငြိမ့်မင်းသမီးက

" အဲဒီတုန်းက ကျွန်မဟာ အညာဘက်က မြို့လေးတစ်မြို့
မှာ အငြိမ့်ကနေခဲ့တယ်၊ အဲဒီမြို့မှာ အငြိမ့်သုံးညကပြီးတော့
ဆရာတော်တစ်ပါးနဲ့တွေ့ပြီး မြို့စွန်က ကျောင်းကလေးမှာ တရား
အားထုတ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် ကျွန်မရဲ့အငြိမ့်အဖွဲ့ဟာ
မြို့ပေါ်ကထွက်သွားခဲ့ပေမဲ့ ကျွန်မဟာ ကျောင်းကလေးမှာ တရား
အားထုတ်ပြီးနေရစ်ခဲ့တယ်၊ ကျောင်းကလေးမှာ တရားအားထုတ်
နေရင်း ခုနစ်ရက်ပြည့်တဲ့ညမှာ အိပ်လို့မပျော်သေးတာနဲ့ ကျောင်းဝင်း
ထဲက တောင်ကုန်းမြင့်လေးပေါ်မှာရှိတဲ့ စေတီပေါ်မှာ ပုတီးစိပ်ဖို့
ထွက်ခဲ့တယ်၊ ကျွန်မ ပုတီးစိပ်ဖို့ပြင်ဆင်နေတုန်းမှာပဲ ကောင်းကင်
မှာ မီးရောင်စုံနဲ့ အလွန်လှပတဲ့မီးပုံးပျံတစ်လုံးကို တွေ့လိုက်ရတယ်၊
မီးပုံးပျံကြီးဟာ ကျွန်မရှိတဲ့ တောင်ပေါ်ကို တဖြည်းဖြည်းဆင်းသက်
လာတယ်၊ ကျွန်မဟာ မီးပုံးပျံကို အလွန်အံ့ဩပြီး ကြည့်ရှုနေတုန်းမှာ
မီးပုံးပျံပေါ်က အလွန်လှပတဲ့မိန်းမတစ်ယောက် ဆင်းလာတာကို
တွေ့လိုက်ရတယ်၊ ဒီလိုမှောင်မိုက်တဲ့ ကာလညအချိန်မှာ မီးပုံးပျံစီးပြီး
တစ်ကိုယ်တည်းသွားလာနေတဲ့ မိန်းမတစ်ယောက်ဟာ အလွန်အံ့ဩ
ကောင်းတာပဲ၊ သူဟာ စေတီလေးဆီကို တန်းတန်းမတ်မတ်လျှောက်
လာပြီး မီးအိမ်လေးရဲ့အလင်းရောင်နဲ့ ကျွန်မမျက်နှာကိုမော့ကြည့်တယ်



ပြီးတော့ သူက သာယာတဲ့အသံနဲ့ 'ဘယ်သူများမှတ်တယ်၊ အငြိမ့်
မင်းသမီး ခင်လှကြည်ကိုး၊ မင်းနဲ့တွေ့ချင်နေတာနဲ့အတော်ပဲ၊
အိပ်ချင်သေးလို့ တောင်ကုန်းပေါ်တက်ပြီး ပုတီးစိပ်နေတယ်
ထင်တယ်၊ ဒီမြို့က လူသူအရောက်အပေါက်နည်းတဲ့ စေတီလေးမှာ
မင်းနဲ့တွေ့ဆုံရတာ ရေစက်ကြီးမားကြောင့်ထင်တယ်' လို့
ပြောဆိုခဲ့တယ်၊ ကျွန်မဟာ မီးပုံးပျံပေါ်ကဆင်းလာတဲ့ မိန်းမချောကို
အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားနဲ့ ကြည့်ပြီး 'ရှင် ရှင်ဘယ်သူလဲ၊
ဘာဖြစ်လို့ ကျွန်မကိုသိနေတာလဲ၊ ဒီလိုအချိန်ကြီးမှာ ကောင်းကင်
ပေါ်မှာ မီးပုံးပျံကြီးစီးပြီး ရောက်လာခဲ့တယ်၊ ဟုတ်လား' လို့
မေးလိုက်တယ်၊ ဒီအခါမှာ မိန်းမချောက 'ကျွန်မ မီးပုံးပျံစီးတာ
ဝါသနာပါလို့ ညဘက်တွေမှာ တစ်ကိုယ်တည်း မီးပုံးပျံစီးလေ့ရှိတယ်၊
မီးပုံးပျံကြီးနဲ့ ရွှေရောင်တစ်လက်လက်တောက်ပနေတဲ့ ကောင်းကင်
ပေါ်ကို တက်သွားရတာ အလွန်ပျော်ရွှင်ဖို့ကောင်းတယ်၊ မီးပုံးပျံပေါ်မှာ
စီးတဲ့လေက တောင်ပေါ်ဒေသတွေမှာတိုက်တဲ့ လေလိုပဲ၊ ကျွန်မက
တောင်မြင့်တွေအများကြီးရှိတဲ့ တိဘက်ပြည်မှာ နေလာခဲ့ဖူးတယ်၊
ဒါကြောင့် လေတဖြူးဖြူးတိုက်နေတာကို သိပ်သဘောကျတယ်၊
ပြီးတော့ မီးပုံးပျံပေါ်ကနေ ညအချိန်မှာ မြေပြင်ပေါ်ကို
ကြည့်ရတဲ့အရသာဟာ အလွန်ထူးဆန်းတယ်၊ ကျွန်မဟာ မိန်းမချော
ကို ကြည့်လိုက်ပြီး 'ကျွန်မက အငြိမ့်မင်းသမီး ခင်လှကြည်
ဆိုတာ ရှင်သိနေတယ်နော်၊ ကျွန်မတို့ အငြိမ့်ကို ရှင်ကြည့်ဖူးလို့လား' လို့

မေးမြန်းတယ်၊ ဒီတော့ မိန်းမချောလေးက ခေါင်းညိတ်လိုက်ပြီး 'ရှင်ဟာ သဘင်ပညာကို နားလည်တတ်ကျွမ်းတဲ့ အငြိမ့်မင်းသမီး တစ်ယောက်ပဲ၊ အငြိမ့်မင်းသမီး တော်တော်များများဟာ အဆို ကောင်းရင် အကမကောင်းခဲ့ဘူး၊ အကကောင်းတဲ့ မင်းသမီးတွေ ကလည်း အဆိုမကောင်းတာများတယ်၊ ဒါပေမဲ့ ရှင်ကတော့ အဆိုရော အကရောကောင်းတယ်၊ ဒါကြောင့် ရောက်လေရာမြို့တွေမှာ အောင်ပွဲခံတာ ထင်ပါရဲ့'လို့ ချီးကျူးတယ်၊ မိန်းမလှရဲ့ချီးကျူးစကား ကြောင့် ကျွန်မလည်း ကျေနပ်နှစ်သိမ့်သွားတယ်၊ ဒီအခါမှာ မိန်းမလှ က ဆက်ပြီးတော့ 'ရှင့်ရဲ့သဘင်ပညာ ကျွမ်းကျင်မှုကို ကျွန်မ အသိ အမှတ်ပြုတယ်၊ ဒါပေမဲ့ ကျွန်မတို့ မြန်မာပြည်မှာ သဘင်ပညာရှင်တွေ "အများကြီးပါ၊ အဆိုကောင်း အကကောင်းတဲ့ ပညာရှင်တွေလည်း အများကြီးရှိပါတယ်၊ ရှင့်ဘဝကို အငြိမ့်မင်းသမီးဘဝနဲ့ အဆုံး မသတ်စေချင်ဘူး'လို့ပြောတယ်၊ ဒီအခါမှာ ကျွန်မဟာ မိန်းမလှကို ချိုသြတကြီးကြည့်ပြီးတော့ 'ရှင်ဆိုလိုတာက ကျွန်မဟာ အငြိမ့်မင်းသမီး ဘဝတင်မကဘဲ ပြဇာတ်မင်းသမီး လုပ်ရမှာလား'လို့ မေးလိုက်တယ်၊ ဒီအခါမှာ မိန်းမလှကခေါင်းခါယမ်းလိုက်ပြီး 'မြန်မာပြည်မှာ သဘင်ပညာကျွမ်းကျင်တဲ့ ပြဇာတ်မင်းသမီးတွေလည်း အများကြီး ရှိတယ်၊ ဒီလိုပဲ ဇာတ်ရှင်မင်းသမီးတွေလည်း တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်နေတာပဲ'လို့ပြောတယ်၊ မိန်းမလှရဲ့စကား ကြောင့် ကျွန်မက နားမလည်နိုင်ဘဲ 'ဒါဆိုရင် ကျွန်မက ဘာ

ဖြစ်တဲ့ ဘာလုပ်ရမှာလဲ၊ ဒီပြင်အလုပ်လည်း ဘာအလုပ်မှ မလုပ်တတ်ဘူးရှင့်' လို့ပြောလိုက်တယ်၊ ကျွန်မရဲ့စကားကို နားထောင်ပြီး မိန်းမလှက 'လောကမှာ အလွန်ရှားပါးတဲ့အလုပ်တစ်ခုရှိတယ်၊ အဲဒါကတော့ လောကပါလအလုပ်ပဲ၊ လောကပါလဆိုတာ လောက ကို စောင့်ရှောက်တဲ့သဘောရှိတယ်၊ လူ့လောကကြီးမှာ အမြဲတမ်း ကြီးနိုင်ငယ်ညှဉ်းအမှုတွေ နိုင်လိုမင်းထက်အမှုတွေရှိတယ်၊ ဒီလို အလုပ်မျိုးကို လောကပါလ အကျိုးသယ်ပိုးတဲ့ လူတွေက ကူညီပြီး ဖြေရှင်းပေးရတယ်၊ ကျွန်မဟာ လောကပါလ အလုပ်ကို လုပ်တယ်၊ ကျွန်မနဲ့အတူ လောကပါလအလုပ်လုပ်တဲ့ မိန်းကလေးတွေ အများကြီး ရှိတယ်၊ ကျွန်မဟာ ရှင့်ရဲ့အငြိမ့်ပွဲတွေကိုကြည့်ပြီး ရှင်ဟာ အရည် အချင်းရှိတဲ့ မိန်းမတစ်ယောက်ဆိုတာ ရိပ်စားမိသွားတယ်၊ ဒါကြောင့် ကျွန်မတို့နဲ့အတူ လောကပါလအလုပ်ကိုလုပ်ဖို့ ဖိတ်ခေါ်တာပဲ၊ အတယ်တော့ လောကပါလဆိုတာ လောကကြီးရဲ့လိုအပ်မှုတစ်ခုပါ' လို့ပြောတယ်၊ အဲဒီတုန်းက ကျွန်မဟာ သူ့ရဲ့စကားကို နားမလည်ခဲ့ ဘူး၊ ဒါကြောင့် လောကကြီးကိုစောင့်ရှောက်ရမယ် ဆုတ်သား ကျွန်မတို့ လူ့လောကကြီးရဲ့စောင့်ရှောက်မှုကို ပုလိပ်တွေရှိနေတာပဲ၊ ပုလိပ်တွေက လူဆိုးတွေကို နှိမ်နင်းပေးတယ်၊ လူမိုက်တွေကို ဖမ်းဆီး တယ်၊ ဓါးပြတွေကို တိုက်ခိုက်တယ်၊ ဒီအလုပ်တွေကို ပုလိပ်တွေ လုပ်ရမှာပေါ့၊ ကျွန်မတို့ မိန်းမသားတွေက ယောကျ်ားတွေလုပ်တဲ့ အလုပ်ကို လိုက်လုပ်ဖို့ ဖြစ်ပါ့မလား၊ ရှင်တို့ဟာ စိတ်ကူးယဉ်လွန်း




စေတနာဒါနပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နေပြီထင်တယ်လို့ ပြောလိုက်တယ် ''

ဟု ပြော၍ အငြိမ့်မင်းသမီးသည် မောလျှပန်းဖြင့် ငေး[illegible] နားနေ၏။ မိုးမြေသည် အငြိမ့်မင်းသမီး ခင်လှကြည်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေလေ၏။

ခင်လှကြည်က ဆက်လက်၍

'' ဒီအခါမှာ မီးပုံးပျံပေါ်က ဆင်းလာတဲ့မိန်းမဟာ ကျွန်မတို့ သနားစရာသတ္တဝါအနေနဲ့ကြည့်ပြီး ပုလိပ်တွေက မကောင်းမှုလုပ်တဲ့ လူတွေကို ဥပဒေဘောင်အတွင်းကပဲ နှိမ်နင်းပေးနိုင်တယ်၊ ဥပဒေ ဘောင်နဲ့ လက်လှမ်းမမီတဲ့ကိစ္စတွေ လူ့လောကမှာ အများကြီးရှိတယ် အငြိမ့်သမလေးတစ်ယောက်ဟာ အနိုင်ကျင့်စော်ကားတာခံရပြီး ပုလိပ် ကိုတိုင်ရင် အရှက်ကွဲမှာစိုးလို့ တစ်ကိုယ်တည်း ကြိတ်မှိတ်နေခဲ့တယ် ဒီလိုအဖြစ်မျိုးတွေ လူ့လောကမှာ အများကြီးပါ၊ ပုလိပ်တွေဟာ တိုင်တဲ့လူရှိမှ မတရားတဲ့အမှုကို ဖြေရှင်းပေးနိုင်တယ်၊ အငြိမ့်သမ လေးဟာ အရှက်နဲ့ဂုဏ်သိက္ခာကို ကာကွယ်လိုက်တဲ့အတွက် ပုလိပ်က ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ ငါတို့ လောကပါလတွေကတော့ ဒီအမှုမျိုး ကို ကောင်းကောင်းဖြေရှင်းပေးနိုင်တယ်၊ အငြိမ့်သမလေးကိုယ်စား လုယုတ်မာကို အပြစ်ပေးနိုင်တယ်၊ ကျွန်မတို့ဟာ မိန်းမသားတော်[illegible] ဓမ္မဒီတာဝန်တွေကိုယူတယ်၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီတယ် ဆင်းရဲတဲ့လူတွေကို ထောက်ပံ့တယ်၊ တကယ်တော့ ကျွန်မတို့အလုပ် ဟာ အင်မတန်မြင့်မြတ်တဲ့အလုပ်ပါလို့ပြောခဲ့တယ်၊ ဒီအခါမှာ မိန်းမလှ[illegible]





[illegible]ကို ကျွန်မ လက်မခံနိုင်ခဲ့ဘူး၊ ဒါကြောင့် ရှင်တို့ဟာ အဓော် [illegible]ကူးယဉ်ဆန်တာပဲ၊ ဒီလိုအန္တရာယ်ရှိတဲ့အလုပ်တွေကို မိန်းကလေး [illegible] ဘယ်လိုလုပ်နိုင်မှာလဲ၊ ယောကျ်ားရင့်မကြီးတွေတောင် [illegible]တ်နိုင်တဲ့ကိစ္စကို ရှင်တို့ ဘယ်လိုလုပ်ကြမှာလဲလို့ ပြန်မေးလိုက် [illegible]တယ်၊ ဒီအခါမှာ မီးပုံးပျံပေါ်က မိန်းမလှက သတ်ပြင်းချပြီး [illegible]သားတွေကို သေသေချာချာလေ့ကျင့်ပေးရင် ယောကျ်ားတွေလို [illegible]ထက်မြက်နိုင်ပါတယ်၊ မတရားမှုတွေကို ဖြေရှင်းနိုင်ပါတယ်လို့ [illegible]တယ်၊ ဒါပေမဲ့ အဲဒီတုန်းက မိန်းမလှရဲ့စကားကို ကျွန်မ [illegible]ခံခဲ့ဘူး၊ သူတို့ဟာ စိတ်ကူးယဉ်ဆန်လွန်းတယ်လို့ ထင်မြင်မိ [illegible]ယ်၊ ဒီတော့ မီးပုံးပျံပေါ်ကဆင်းလာတဲ့မိန်းမက ဒါဆိုရင်တော့ [illegible]သဘောပါပဲ၊ လူတွေဟာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်ရှိတယ်၊ [illegible] အပြစ်မပြောပါဘူး၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ [illegible] လောကပါလတစ်ယောက်ဖြစ်လာမယ်လို့ ကျွန်မယုံကြည် [illegible]တယ်၊ ကျွန်မကို သွားခွင့်ပြုပါဦးဆိုပြီး အမှောင်ထဲကို ဝင်ရောက် [illegible]ပျောက်ကွယ်သွားတယ်၊ နောက်တော့လည်း ကျွန်မဟာ အဲဒီအဖြစ် [illegible]ကို အိပ်မက်လို့ပဲထင်မြင်မိတယ်၊ အခုတော့ ရှင်လည်း [illegible]ပုံးပျံစီးတဲ့မိန်းမကို ရှာဖွေနေတဲ့လူဆိုတော့ ကျွန်မရဲ့အဖြစ်ဟာ [illegible]မက်မဟုတ်တာ သေချာသွားပြီ၊ ဒီလောက် ချောမောလှပနေတဲ့ [illegible]ဟာ လောကပါလအလုပ်ကိုလုပ်နေတယ်ဆိုတာ အလွန်ထူးဆန်း [illegible]ယ်၊ သူတို့ဟာ လူဆိုးလူမိုက်ယောကျ်ားသားကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှင်ဆိုင်ကြမှာလဲ၊ သူတို့မှာ အစွမ်းသတ္တိရှိတယ်ဆို တကယ်ပဲလား၊ ဘာပဲဖြစ်ဖြစ် ရှင် သူ့ကိုတွေ့အောင်ရှာဖို့ မလွယ်ဘူးထင်တယ် ”

ဟု ပြောလေ၏။ မိုးမြေက ခေါင်းခါယမ်း၍

“ ဘာပဲဖြစ်ဖြစ်၊ ကျုပ် စွဲမလျှော့ပါဘူး၊ သူ့ကို တွေ့အောင်ရှာမှာပါ၊ သူဟာ လောကပါလအလုပ်လုပ်တဲ့ လူ တော့ ကျုပ်မိတ်ဆွေ အဘိုးကြီးသုံးယောက်ရဲ့ပစ္စည်းကို ပြန်ပေးသင့်ပါတယ်၊ အဘိုးကြီးသုံးယောက်ဟာ သူ့အတွက် စိတ်ဆင်းရဲနေရရှာတယ် ”

ဟု ပြောလေ၏။ အငြိမ့်မင်းသမီး ခင်လှကြည်က

“ ရှင့်ရဲ့ စွဲလုံ့လဝီရိယကိုတော့ ချီးကျူးပါတယ်၊ ရှင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မီးပုံးပျံပေါ်က မိန်းမကို ရှာ တွေ့ရှိနိုင်မှာပါ၊ ရှင်အောင်မြင်ပါစေလို့ ကျွန်မဆုတောင်းပါတယ်

ဟု ပြောလေ၏။

ထို့နောက် အငြိမ့်မင်းသမီးနှင့် မိုးမြေသည် ထိုစေတီ လမ်းခွဲထွက်သွားလေ၏။ မိုးမြေသည် အငြိမ့်မင်းသမီးနှင့် တွေ့ဆုံ နောက် ယပင်းသူစာရုပ်လေးနှင့်ပတ်သက်၍ သဲလွန်စကို ရရှိ ဖြစ်သဖြင့် ဆက်လက်ရှာဖွေရန် ကြံစည်နေမိ၏။ မီးပုံးပျံပေါ် ဆင်းလာသော လူစွမ်းကောင်းမိန်းမကို မတွေ့တွေ့အောင် ရှာဖွေ ဆုံးဖြတ်လိုက်၏။





မိုးမြေသည် ထိုမြို့က ထွက်ခဲ့ပြီး လမ်းကြုံလိုက်ပါလာသော ထားသည် ကုန်များကိုချနေသဖြင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုနေ မိ၏။

ထို့နောက် ဗိုက်ထဲတွင် ဆာလောင်လာ၍ အသုပ်ဆိုင်လေး တစ်ဆိုင်သို့ဝင်ရောက်စားသောက်ခဲ့၏။

မိန်းမပျို ခေါက်ဆွဲသုပ်နေစဉ် ဆိုင်ရှေ့သို့ အင်္ဂလိပ်စစ်တပ်မှ ထားတစ်စီးထိုးဆိုက်လာပြီး ကုလားစစ်သားငါးယောက် ဆင်းလာ၏။

စစ်သားများသည် ဆိုင်ထဲသို့ဝင်၍ အသုပ်များကို မှာယူစား သောက်လေ၏။ စစ်သားငါးယောက်ထဲမှ တစ်ယောက်မှာ အရက် မူးလွန်နေ၏။

ထိုသူသည် အသုပ်ဖြင်ဆင်နေသော မိန်းကလေးကို ထိတပါး ရိကပါး နောက်ပြောင်ကျီစယ်နေလေ၏။

ကုလားစစ်သားများသည် ကျည်းမြောင်းလှသော အသုပ်ဆိုင် လေးတွင် တိုးဝှေ့၍စားသောက်နေသဖြင့် မိုးမြေသည် ခေါက်ဆွဲသုပ် ကို လက်စသပ်အောင် စားရလေ၏။

အရက်အမူးလွန်နေသော ကုလားစစ်သားသည် မိန်းမပျို၏ လက်ကိုဆွဲရန် ကြိုးစားနေစဉ် မိန်းကလေးက ရုန်းကန်လိုက်သဖြင့် ကုလားစစ်သား ယိမ်းယိုင်သွားလေ၏။ ၄င်းနှင့်အတူလိုက်ပါလာ သော လူများသည် ထိုသူကိုမဆွဲဘဲ ဝိုင်းဝန်း ရယ်မောကြလေ၏။

အရက်အမူးလွန်နေသော ကုလားသည် မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆို၍ ခေါက်ဆွဲထည့်သောဇွန်းကို တွန်းချကာ

" အသုပ်မကောင်းဘူး၊ ဘာအရသာမှမရှိဘူး၊ သိပ်ညံ့တယ်၊ ဒီကောင်မသုပ်တာ အရသာမရှိဘူး "

ဟု အော်ဟစ်ဆဲဆိုလေ၏။ မိုးမြေသည် ကုလားစစ်သား၏ အပြုအမူကြောင့် ဒေါသထောင်းခနဲ ဖြစ်သွားပြီး

" ဟေ့ကောင် ... ရပ်လိုက်စမ်း၊ မင်းအတော်မိုက်ရိုင်းတဲ့ ကောင်ပါလား၊ မင်းတို့မှာ ယဉ်ကျေးမှုမရှိဘူးလား၊ မြန်မာလူမျိုးမှန်ရင် မုန့်ဟင်းခါးတို့၊ အသုပ်တို့ မကြိုက်တဲ့လူက ခပ်ရှားရှားကွ၊ မင်းလုပ်ရပ် ကို ရပ်တန်းက ရပ်လိုက်ပါ "

ဟု ပြောဆိုလေ၏။ ထိုအခါ အရက်အမူးလွန်နေသော ကုလားစစ်သားသည် မိုးမြေကို ဒေါသထွက်သွားပြီး

" အရိုင်းအစိုင်းကောင်၊ မင်းငါတို့ကို ဒီလိုပြောဝံ့သလား၊ ငါတို့ဟာ ဗြိတိသျှစစ်တပ်က စစ်သားတွေကွ "

ဟု ပြောဆိုလေ၏။ မိုးမြေက ကုလားစစ်သားများကို မထီလေးစား ကြည့်၍

" ဟေ့ကောင်တွေ မင်းတို့ ဘာပဲဖြစ်ဖြစ်၊ မြန်မာလူမျိုး မိန်းမပျိုတစ်ယောက်ကို ကာကွယ်ရမဲ့ဝတ္တရားဟာ သတ္တိရှိတဲ့ မြန်မာ လူမျိုးတိုင်းမှာ တာဝန်ရှိတယ်၊ ဒါကြောင့် မင်းလိုကောင်မျိုးကို အမြန်ဆုံး ဘင်္ဂလားရောက်အောင် ပြန်ပို့ပေးရမယ် "

ဟု ဆိုကာ အသုပ်ခုံကိုလက်ဖြင့်ထောက်၍ ရိုင်းစိုင်းလှသော





ကုလားစစ်သား၏မျက်နှာကို ဖနောင့်ဖြင့် ပေါက်လိုက်လေ၏။

ကုလားစစ်သားမှာ မိုးမြေ၏တိုက်ခိုက်မှုကြောင့် အားခနဲ အော်ဟစ်ကာ မြေပေါ်သို့ ပက်လက်လန်လဲကျလေ၏။

ထိုအခါ ကျန်သောစစ်သားများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး အသုပ်စားနေရာမှ ရပ်ကာ မိုးမြေကို အော်ဟစ်ဆဲဆိုကြ လေ၏။

ထို့နောက် ကုလားစစ်သားများသည် မိုးမြေကို ဝိုင်းဝန်း တိုက်ခိုက်ကြလေ၏။ မိုးမြေသည် ကုလားစစ်သားတစ်ဦး၏ခေါင်းကို လက်သီးဖြင့်အားကုန်ထိုး၍ ကျန်တစ်ဦးကို ခြေဖြင့် အားကုန်တန် ကိုက်၏။

ကုလားစစ်သားများသည် သန်မာထွားကျိုင်းသော်လည်း မိုးမြေ၏ တိုက်ခိုက်မှုကို အလူးအလဲခံကြရ၏။

ထိုအခိုက်မှာပင် စစ်သားတစ်ဦးသည် အခြေအနေမဟန်မှန်း သိသဖြင့် ကားရှေ့ခန်းဆီသို့ပြေး၍ ကားထဲမှ ခြောက်လုံးပြူး သေနတ်ကိုယူ၍ မိုးမြေအား ချိန်လိုက်ကာ

" အရိုင်းအစိုင်းကောင် မလှုပ်နဲ့၊ ပစ်ထည့်လိုက်မယ် "

ဟုအော်ဟစ်လိုက်လေ၏။

မိုးမြေသည် သေနတ်ဖြင့် အချိန်ခံရသဖြင့် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်လေ၏။ ကုလားစစ်သားက မိုးမြေကို သေနတ်ဖြင့် ချိန်ရွယ် ရင်း တဟားဟား ရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား… မင်းက ငါတို့အင်္ဂလိပ်စစ်သားတို့ စော်ကားတဲ့ ဓားပြတစ်ယောက်ပဲ၊ ဓားပြကို ငါတို့ ပစ်သတ်ခွင့်ရှိ တယ်"

ဟုကြုံးဝါးကာ မိုးမြေအား သေနတ်ဖြင့် ပစ်ရန်ချိန်လိုက်၏။

ထိုအခိုက်မှာပင် ဂုတ်တစ်ချောင်းသည် လေထဲမှ ဝဲပျံလာပြီး ကုလားစစ်သား၏ သေနတ်ကိုင်လက်ကို ထိမှန်သဖြင့် သေနတ် လွတ်ကျသွားလေ၏။

ကုလားစစ်သားသည် အားခနဲအော်၍ လက်ထဲမှ သေနတ် လွတ်ကျသွားလေ၏။ ထိုစဉ် အသုပ်ဆိုင်နံ့အောက်မှ လူတစ်ဦး ထွက်ရှုန်းထလာပြီး

"နေလယ်ခင်း အေးအေး[illegible]အေး အိပ်ရမယ်အောက်မေ့ တယ်၊ အနှောင့်အယှက်တွေကူ တယ်များတာပဲ၊ အများက တစ်ယောက်သမားကို သေနတ်နဲ့ချိန်တယ်၊ အဲဒါမတရားမှုပဲ၊ ဂျူဝ် တလည်း မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်ဘူး၊ ဒါကြောင့် ဝင်ဝါရတာပဲ"

ဟုပြောကာ မြေပေါ်တွင် ကျနေသော သေနတ်ကို ကောက် ကိုင်လိုက်၏။

ကုလားစစ်သားများသည် အိပ်မှုန်စုန်ဖွားဖြင့် ထလာသော ထိုလူကို ကြောင်အမ်းအမ်းကြည့်နေလေ၏။

ထိုလူသည် ခြောက်လုံးပြူးသေနတ်ကို လှည့်ပတ်ကစား





[illegible]ပြီး ကုလားစစ်သားများဘက်သို့လှည့်၍ချိန်ကာ

"ဟေ့ကောင်တွေ… မလှုပ်နဲ့နော်၊ ငါ့ရဲ့လက်က [illegible]မြန်တယ်၊ ဆယ်ပေအကွာက ယင်ကောင်ကိုတောင် ထိအောင် [illegible]နိုင်တယ်"

ဟုကြုံးဝါးလိုက်ရာ ကုလားစစ်သားများသည် ထိတ်လန့် [illegible]လေ၏။

ထိုလူက ကုလားစစ်သားများကို သေနတ်ဖြင့်ချိန်၍

"ဟေ့ကောင်တွေ… မင်းတို့ ငါ့ရှေ့က အမြန်ဆုံး [illegible]ထွက်သွားစမ်း"

ဟုအော်ငေါက်လိုက်လေ၏။

ကုလားစစ်သားသည် သေနတ်ကို ကြောက်ရွံ့၍ ကားပေါ် [illegible] တက်ကြရလေ၏။

၎င်းတို့အားလုံး ကားပေါ်ရောက်သောအခါ ဒရိုင်ဘာသည် [illegible]မောင်းထွက်သွားတဲ့

"သေနတ်ပြန်ပေးပါ"

ဟုတောင်းလေ၏။

ထိုအခါ ဝင်ရောက်ကယ်တင်သောလူက တဟားဟား [illegible]ယ်မောလိုက်ပြီး

"ဟား ဟား ဟား… ကုလားတွေ အလုပ်ပြုတ်[illegible]တော့ [illegible]ကြောက်သွားပဲ၊ မင်းတို့ကို သနားလို့ ဒီတစ်ခါတော့ ပြန်[illegible]လိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါဆိုရင်တော့ မလွယ်ဘူး၊ သေဖို့သာပြင်ပေတော့ ”

ဟုကြိုးဝါးကာ ခြောက်လုံးပြူးသေနတ်ထဲမှ ကျည်ဆန်များကို ထုတ်၍ ပြန်ပေးလိုက်လေ၏။

ထိုအခါမှပင် ကားသည် အသုပ်ဆိုင်လေးရှေ့မှ ထွက်ခဲ့လေတော့၏။ မိုးမြေက ကယ်တင်ရှင်လူကိုကြည့်၍

“ အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ရှာ၊ ကုလားစစ်သားတွေ မှိုက်ရိုင်းလွန်းလို့ ဝင်ဆုံးမပေးတာပါ၊ ဒီကောင်တွေ သေနတ်ကို ထုတ်သုံးတော့ အခက်ကြုံသွားတယ် ”

ဟုပြောလေ၏။ ထိုအခါ ကယ်တင်ရှင်လူက ရယ်မော၍

“ ဟား ဟား ဟား... ချွဲတော့ ဒီလိုမထင်ပါဘူး ကိုယ့်လူမှာ အစွမ်းအစရှိပါတယ်၊ ကုလားစစ်သားတွေကို တစ်ရည်ရည်နဲ့ ယှဉ်ပြိုင်နိုင်မှာပါ၊ ချွဲအထင်တော့ ကုလားစစ်သားက သေနတ်နဲ့လှမ်းအချိန်မှာ ကိုယ့်လူက ဆိုင်အနောက်ကို ချွမ်းဝင်ပြီး ထွက်လိမ့်မယ်ထင်တယ် ”

ဟုပြောလေ၏။

မိုးမြေက သူ၏အကြံအစည်ကို ကယ်တင်ရှင်က သိနေသဖြင့် လွန်စွာအံ့ဩမိလေ၏။ ကယ်တင်ရှင်လူ၏အရည်အချင်းကို လျှော့မတွက်ရဲတော့ချေ။

ထိုစဉ် အသုပ်သည် မိန်းကလေးသည် အနီးသို့ရောက်ရှိလာပြီး





“ ရှင်တို့နှစ်ယောက်စလုံး ကျွန်မရဲ့ ကျေးဇူးရှင်တွေပါ၊ ရှင်တို့သာ မကူညီရင် ကုလားစစ်သားတွေရဲ့လက်က ကျွန်မတို့ဘဝဟာ တွေးစရာမရှိပါဘူး ”

ဟုပြောလေ၏။

ထိုအခါ ကယ်တင်ရှင်လူက မိန်းမချိုကိုကြည့်ရင်း

“ မင်း အသုပ်ဆိုင်လေးကိုပိတ်ပြီး ဒီမြို့ကထွက်သွားဖို့ အချိန်တန်ပြီ၊ ကုလားစစ်သားတွေ ရှုံးပြီးသွဲ့ပြီး နောက်တစ်ကြိမ် ဖော်ကားမှာသေချာတယ် ”

ဟုသတိပေးလေ၏။ ထိုအခါ မိုးမြေက ဝင်ရောက်၍

“ အစ်မရဲ့ မိဘဆွေမျိုးတွေ ဒီမြို့လေးမှာ မရှိဘူးလား ”

ဟု မေးလေ၏။

ထိုအခါ အသုပ်သည် မိန်းမချောလေးက

“ ကျွန်မဟာ မိဘတွေမရှိတော့တဲ့ တစ်ကောင်ကြွက်ပါ၊ ဒီမြို့လေးမှာ ကျွန်မရဲ့အဒေါ်ရှိတယ်ဆိုလို့လာခဲ့တာပါ၊ ဒါပေမဲ့ ကျွန်မရောက်ပြီး မကြာခင်မှာ အဒေါ်ဟာ လူကြီးရောဂါနဲ့ လူလောကက ထွက်ခွာသွားရှာတယ်၊ အဒေါ်မရှိတဲ့အချိန်မှာ ကျွန်မတစ်ယောက်တည်း အကြွေးတွေပတ်လည်ဝိုင်းပြီး ကျန်ရစ်ခဲ့တယ်၊ ကျွန်မအဒေါ်ဟာ ဆင်းရဲပေမဲ့ လောင်းကစားလုပ်ဖို့တော့ အတော်ဝါသနာပါတယ်၊ လောင်းကစားဖို့ ပိုက်ဆံမရှိရင် သူ့ရဲ့ဂုဏ်သိက္ခာနဲ့အသက်ကိုပေါင်ထားပြီး လောင်းကစားတွေ့ရှိတယ်၊ ကျွန်မအဒေါ်ဟာ အရှုံးတွန်းဘ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့မိန်းမတစ်ယောက်ပါ၊ တကယ်တော့ လောင်းတာစားချင်စိတ်ဟာ သူ့ရဲ့ဘဝကို ဆင်းရဲနွမ်းပါးအောင် တွန်းပို့လိုက်တာပါပဲ၊ အဒေါ်မရှိတော့တဲ့အချိန်မှာ ကျွန်မဟာ အကြွေးတွေ ပတ်လည်ဝိုင်းပြီး ကျန်ရစ်ခဲ့တယ်၊ အဒေါ်ရဲ့အကြွေးရှင်တွေဟာ ကျွန်မကို သိမ်းမယ်တကဲကဲလုပ်နေကြတယ်၊ တကယ်တော့ သူတို့ အားလုံး မယားကိုယ်စီရှိတဲ့ မြို့ဖျက်နာဖုံးတွေပါ "

ဟု ပြောလေ၏။ ထိုအခါ ကယ်တင်ရှင်လူက

" ပိုက်ဆံရှိတဲ့လူတွေဟာ တဖြည်းဖြည်း လောဘတွေ ပိုပိုကြီးလာကြတယ်ဗျ၊ သူတို့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေကို တိုးပွားချင်သထက် တိုးပွားချင်ကြတယ်၊ တိုးပွားဖို့အတွက်ဆိုရင် ပစ္စည်းဥစ္စာ တင်မကဘူး၊ မိန်းမပါတိုးချင်ကြတယ်၊ ဒါကြောင့် အသုပ်သည်လေးကိုတောင် သိမ်းပိုက်ဖို့ ကြိုးစားကြတာပဲ၊ ကျုပ်က ဒီဆိုင်မှာ အသုပ်လာစားရင်း အသုပ်သည် မိန်းကလေးရဲ့ သနားစရာကောင်းတဲ့ ဘဝကို မမျှော်လင့်ဘဲ သိခဲ့ရတယ်၊ အထွေးတဲ့မိန်းကလေးတစ်ယောက်ရဲ့ဘဝကို နမသားချင်း စာနာထောက်ထားမိတယ်၊ မိန်းကလေးရဲ့ နောက်မှာ မားမားမတ်မတ်ရပ်တည်မဲ့ ယောကျ်ားသားတစ်ယောက်မှ လည်း မရှိဘူး၊ ဒါကြောင့် ကျုပ်ဟာ သူ့ရဲ့ကြွေးရှင်တွေရဲ့ရန်ကို ကာကွယ်ဖို့အတွက် အသုပ်ဆိုင်လေးမှာ ကင်းသမားတစ်ယောက်လို စောင့်ရှောက်နေရတာပဲ၊ ဟော... အခုတော့ ကင်းသမားအိပ်ပျော်နေတုန်း မသိမသိုင် လူတစ်ယောက်က ကုလားတွေလက်က မိန်းကလေး





... အထူးအညီပေးလိုက်ရတယ်၊ လောကကြီးက အတော်ရယ်စရာ ...င်းပါလား၊ စောင့်နေတဲ့လူကမတွေ့ဘူး၊ မစောင့်တဲ့လူက ...တယ်၊ ဒီလိုပဲ ရှာတဲ့လူကမတွေ့ဘူး၊ မရှာတဲ့လူကတွေ့တယ်၊ ...ဘာ လောကကြီးရဲ့ဓမ္မတာပဲဗျ၊ မိန်းကလေးမှာတော့ အန္တရာယ်တွေ ...်သည်ဝိုင်းနေပြီ၊ ဒီမြို့မှာဆက်ပြီး မနေသင့်တော့ဘူး၊ မိန်းကလေး ...ဒေါ်ရဲ့အကြွေးတွေကိုတော့ မေ့ပစ်လိုက်ပါ၊ သူ့ရဲ့အကြွေးရှင်တွေ ...ာ ယောဒီအိမ်နဲ့မြို့ကိုလေလံတင်ပြီး ရောင်းလိုက်ကြလိမ့်မယ်၊ ...လည်း ဒီမြို့မှာ ဆက်နေဖို့မဖြစ်တော့ဘူး၊ ကုလားစစ်သားတွေရဲ့ ...ခဲ့တာကို ခံရလိမ့်မယ်၊ ယောဒီက မိတ်ဆွေလည်း နေစရာမရှိရင် ...လိုက်ခဲ့ပါ၊ ကျုပ်အတွက်ကတော့ ကမ္ဘာမြေကြီးမှာ နေစရာ ...ပါဘူး "

ဟု ပြောလေရာ မိုးမြေသည် ကယ်တင်ရှင်လူနှင့် လိုက်ပါ ...များ ဖြစ်ပေါ်လာ၏။ ကယ်တင်ရှင်လူမှာ ထူးဆန်းသော ...ဦးဖြစ်ပြီး သူရသတ္တိရှိပုံရ၏။

မိုးမြေသည် စွန့်စားလိုသူအချင်းချင်း ပူးပေါင်းနိုင်သည်ဟု ...ြည်လိုက်မိ၏။ ထို့ကြောင့် ကယ်တင်ရှင်လူနှင့် လိုက်ရန် ...ဘောတူလိုက်လေ၏။

အသုပ်သည်မိန်းကလေးသည် သူမ၏အထုပ်များကို သိမ်း...ည်းပြီးနောက် သူမ၏ဆွေမျိုးများရှိရာ အောက်ပြည်အောက်ရွာသို့ ...သွားမည်ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိုးမြေနှင့်ကယ်တင်ရှင်လူသည် မိန်းမချောလေးနှင့် လမ်းခွဲထွက်ခဲ့လေတော့၏။ မိုးမြေနှင့် ကယ်တင်ရှင်လူသည် မြို့ပြင်သို့ထွက်ခဲ့ရာ လော်လီကားကြီးတစ်စီးကိုတား၍ လိုက်ပါလာခဲ့၏။

လော်လီကားကြီး၌ ကုန်များပြည့်နေသဖြင့် ကုန်များ၏အပေါ်မှလိုက်ရ၏။ မိုးမြေသည် ကုန်များပေါ်မှ လိုက်ပါရင်း ကယ်တင်ရှင်လူဘက်သို့လှည့်ကာ

" ကျုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်နေတာတော့ ဟုတ်ပါပြီ၊ အခုချိန်ထိ တစ်ယောက်နာမည် တစ်ယောက်မသိရသေးဘူး "

ဟု မေးမြန်းလေရာ ကယ်တင်ရှင်လူက ရယ်မော၍

" ဟား ဟား ဟား… ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မိတ်မဆက်ရသေးတာ၊ ကျုပ်နာမည်က ပေသီးလို့ခေါ်တယ်၊ ခင်ဗျားနာမည်ကရော "

ဟု မေးမြန်းလေ၏။ ထိုအခါ မိုးမြေက သူ၏နာမည်ကို ပြောပြလိုက်လေ၏။ ကယ်တင်ရှင်လူက ခေါင်းတဆတ်ဆတ်ညိတ်၍

" မိုးမြေနဲ့ပေသီး၊ ပေသီးနဲ့မိုးမြေ၊ ဟား ဟား ဟား… ကျုပ်တို့နှစ်ယောက် ဒီအချိန်ကစပြီး မိတ်ဆွေဖြစ်သွားကြပြီ၊ ရှေ့ဆက်ပြီး စိတ်သဘောထားချင်း တိုက်တိုက်ဆိုင်ဆိုင်နဲ့ ရင်းနှီးခင်မင်စွာ နေထိုင်ပါစေလို့ ဆုတောင်းရမှာပဲ "

ဟု ပြောလေ၏။ မိုးမြေက ကယ်တင်ရှင်လူကိုကြည့်၍





" ဒီမှာ ကိုပေသီး… အခု ကျုပ်တို့ ဘယ်ကိုသွားကြမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက

" မန်းချောင်းနသောမှာရှိတဲ့ ကျုပ်ရဲ့တဲကိုသွားရမှာပါ၊ ဒါပေမဲ့ မြို့ကိုတော့ ဝင်လို့မဖြစ်ဘူး "

ဟု ပြောလေ၏။ မိုးမြေသည် ပေသီး၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" ဘာဖြစ်လို့ ကိုယ့်ရဲ့မွေးရပ်မြေကို ပြန်လို့မဖြစ်တာလဲ၊ မြို့မှာ မကောင်းမှုဒုစရိုက်တွေ လုပ်ခဲ့လို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက လှဲနေရာမှ အမန်းကတန်း ခုန်ထ၍

" ဟေ့လူ… ကျုပ်ရဲ့မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ မကောင်းမှုလုပ်ခဲ့လူလား၊ မြို့ကိုပြန်ဖို့မဖြစ်ဘူးဆိုတာက ဘုရားလူကြီးအမည်ခံပြီး လိမ်ညာလှည့်ဖြားနေတဲ့ လူကြီးတွေကြောင့်ဗျ "

ဟု ပြောလေ၏။ မိုးမြေက လူကြီး၏စကားကြောင့် အံ့ဩသွားမြင့်

" ဘုရားလူကြီးအမည်ခံပြီး လိမ်ညာလှည့်ဖြားနေတယ် ဟုတ်လား၊ ရှင်းစမ်းပါဦး၊ ခင်ဗျားစကားက စိတ်ဝင်စားဖို့သိပ်ကောင်းတယ်ဗျို့ "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက

" ကျုပ်တို့မြို့ တောင်ဘက်မှာ ရန်အောင်မြင်ဘုရားတစ်ဆူရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီစေတီလေးဟာ မြို့ကလူတွေ စိတ်ဝင်စားမှုနည်းတဲ့ ဆုတောင်း ပြည့် စေတီလေးပါ၊ ဒါပေမဲ့ ဒီစေတီလေးဟာ ကျုပ်တို့မြို့မှာရှိ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရေပ်ဒါယကာ ဘုရားလူကြီး ဦးအုန်းဖေကြောင့် အနီးအနားမြို့လေးတွေတိုင်အောင် ကျော်ကြား ခဲ့ရတယ်၊ အဲဒီတုန်းက ကျုပ်ဟာ မြို့ကဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ကပ္ပိယအနေနဲ့ နေထိုင်တဲ့ကာလပေါ့၊ ကျုပ်တို့မြို့ ရန်အောင်မြင်ဆုတောင်းပြည့်စေတီလေးက ကျောက်ဆစ်ရုပ်ပွားတော် ဟာ မြို့သူမြို့သားတွေ မပူဇော်တဲ့အတွက် စိတ်ထိခိုက်ရပြီး မျက်နှာ တော်က မျက်ရည်ကျရတယ်ဆိုတဲ့ သတင်းထွက်တယ်၊ ဒီသတင်း ထွက်ပြီး ဘာမှမကြာဘူး၊ မြို့ကလူတွေ ဒီဆုတောင်းပြည့်စေတီလေး ကို ရောက်လာကြတယ်၊ နောက်တော့ ရုပ်ပွားတော်ရဲ့ မျက်နှာ ကို ကြည့်ပြီး အမှန်တကယ် မျက်ရည်ကျနေတယ်ဆိုပြီး မျိုတင် ဖြစ်ကြတယ်၊ စေတီတော်လေးအတွက်လည်း အလှူငွေတွေ အများကြီး ထည့်ဝင်ကြတယ်၊ နောက်တော့ အနီးအနားမြို့ကလူ စေတီလေးကို ရောက်လာကြတယ်၊ ပြီးတော့ မျက်ရည်ကျ ကျောက်ဆင်းတုတော်လေးကိုကြည့်ပြီး အလှူငွေတွေ အများကြီး ထည့်ဝင်ကြတယ်၊ ဒါကြောင့် မထင်မရှား ရန်အောင်မြင်စေတီလေး ဟာ အနီးအနားမြို့တွေတိုင်အောင် ကျော်ကြားလာခဲ့တယ်၊ ကျောက်ဆစ်ရုပ်ပွားလေးဟာ မျက်နှာတော်ကို သေသေချာချာ ကြည့်ရင် မျက်ရည်ကျသယောင်ရှိတယ်၊ ဒါပေမဲ့





သေသေချာချာ စူးစမ်းကြည့်တော့ မျက်လုံးတော်ရဲ့အောက်မှာ အက်ကွဲကြောင်းလေးကို တွေ့ရတယ်၊ တကယ်တော့ အဲဒီအက်ကွဲ ကြောင်းဟာ သဘာဝအတိုင်းဖြစ်နေတဲ့ အက်ကွဲကြောင်းမဟုတ်ဘူး၊ လူတွေလုပ်ကြံဖန်တီးထားတဲ့ အက်ကွဲကြောင်းဖြစ်လိမ့်မယ်လို့ ငါယူဆတယ်၊ ဒီအက်ကွဲကြောင်းကို လုပ်ကြံဖန်တီးတဲ့ တရားခံကို လည်း ရိပ်စားမိခဲ့တယ်၊ သူဟာ ရေပ်ဒါယကာ၊ ကျောင်းဒါယကာ၊ ဘုရားလူကြီး ဦးအုန်းဖေပဲ၊ ရန်အောင်မြင်စေတီလေးရဲ့ဂုဏ်သတင်း တဟုန်ထိုးကျော်ကြားလာတဲ့အခါမှာ အလှူငွေတွေအားလုံးကို ထိန်းသိမ်းပေးရတဲ့လူဟာ ဦးအုန်းဖေလေ၊ ဦးအုန်းဖေဟာ ရေပ် ဒါယကာ၊ ကျောင်းဒါယကာလို့ အမည်ခံထားပေမဲ့ အလွန် လောဘကြီးတယ်၊ ရရှိတဲ့အလှူငွေတွေကို သူတစ်ယောက်ပဲ အောင့်ပိုင်စီးချင်တယ်၊ ဦးအုန်းဖေဟာ တပည့်တပန်းအင်အားလည်း တောင့်တင်းတယ်၊ သူ့ရဲ့တပည့်တွေက လူကောင်းတွေမဟုတ်ဘူး တစ်ခါတစ်ရံ တောနယ်တွေမှာတောင်လိုက်ပြီး ဓါးပြတိုက်တယ်လို့ ကြားတယ်၊ ဦးအုန်းဖေ ဘုရားကို လိမ်ညာလှည့်စားပြီး ခုတုံး လုပ်တာကို ငါမနှစ်သက်ဘူး၊ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်တယ် ”

ဟု ပြောလေရာ မိုးမြေက ခေါင်းညိတ်၍

“ ခင်ဗျားရဲ့သတ္တိကိုတော့ ချီးကျူးတယ်ဗျာ ”

ဟု ချီးကျူးလေ၏။ ထိုအခါ ပေသီးက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ငါဟာ သဂ္ဂိုကောင်းတာမဟုတ်ဘူးကွ၊ မတရားတာကို လက်ပိုက်ပြီး ကြည့်မနေနိုင်တာ၊ တစ်နေ့ နာမည်ကြီးဆရာတော် တစ်ပါးရဲ့ တရားပွဲတစ်ခုမှာ ဟန်ဆောင်ပြီးတရားနာနေတဲ့ ဦးအုန်းဖေကို ငါသွားတွေ့ခဲ့တယ်၊ ဒီတစ်ကြိမ်မှာတော့ ဦးအုန်းဖေကို ချောင်ပိတ်ဖမ်းပြီးတော့ ကျောက်ဆင်းတုလေးနဲ့ ပတ်သက်တဲ့ မဟုတ်မဟပ်သတင်းတွေကိုမဖြန့်ဖို့ သတိပေးခဲ့တယ်၊ သူဒွေး ဦးအုန်းဖေဟာ ငါ့လိုကပ္ပိယတစ်ယောက်ရဲ့ သတိပေးတာကိုခံရတော့ အတော်မခံချိမခံသာ ဖြစ်သွားခဲ့တယ်၊ ဒါပေမဲ့ ဒီကိစ္စကို ဟိုးဟိုးကျော် သွားမှာစိုးလို့ ငြိမ်သက်ပြီးနေခဲ့တယ်၊ နောက်တော့ မကြာပါဘူး ဦးအုန်းဖေရဲ့တပည့် လူဆိုးလူမိုက်တွေဟာ ငါ့ကိုရန်ရှာဖို့ ကြိုးစား တော့တာပဲ၊ ငါဟာ ဘုန်းကြီးကျောင်းရဲ့ အနောက်ဘက် သချိုင်းထဲမှာ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကိုစုပြီး စာသင်ပေးလေ့ရှိတယ်၊ အဲဒီတုန်းက ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကိုစုပြီး စာသင်ပေးရတဲ့ စိတ်ဟာ ဒီနေ့အထိ ဘယ်တော့မှမမေ့နိုင်ခဲ့ဘူး၊ ကလေးတွေဟာ ငါ့ရဲ့သချိုင်းကုန်းက ကျောင်းမှာ စာသင်ကြရတာကို အလွန် ပျော်ရွှင်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ စာသင်ရင်း အုတ်ဂူတွေကြားမှာ ဆော့ကစားနိုင်ကြတယ်၊ ငါဟာ ကလေးတွေကို ပုံပြင်တွေ၊ ဒဏ္ဍာရီတွေ အများကြီးပြောပြပြီး စာသင်လေ့ရှိတယ်၊ ငါပြောတဲ့ပုံပြင်တွေဟာ စိတ်အားတက်ကြွဖွယ်ကောင်းပြီး ကလေး တွေအတွက် အလွန်အကျိုးရှိပါတယ်၊ တစ်နေ့တော့ သချိုင်းထဲက





ဆင်ကျောင်းလေးကို ဦးအုန်းဖေရဲ့တပည့်တွေ ရောက်လာတယ်၊ သူတို့ဟာ စာသင်နေတဲ့ကလေးတွေကို ကြောက်လန့်အောင် မောင်း ထုတ်ကြတယ်၊ ငါဟာ အပြစ်မဲ့တဲ့ကလေးတွေဘက်က မခံနိုင်လို့ ကောင်တွေကို မောင်းထုတ်လိုက်တာ ခွေးပြေးဝက်ပြေး ပြေးသွားကြ တယ် "

ဟု ပြောလေရာ မိုးမြေက ကိုပေသီဘက်သို့လှည့်၍

" ခင်ဗျား ဘယ်ဆိုးလို့လဲ၊ လူဆိုးလူမိုက်တွေကို တစ်ကိုယ်တော် မောင်းထုတ်နိုင်တဲ့ အရည်အချင်းရှိသားပဲ "

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ ကိုပေသီးက လက်သီး ဆုပ်တာ

" ငါနေတဲ့ကျောင်းက ဆရာတော်နဲ့ ဦးပဉ္စင်းတွေဟာ ကျောင်းဘုန်းကြီးအသက်တွေကွ၊ ဘုန်းကြီးတွေဟာ ကိုယ်ခံပညာကို ကောင်းကောင်းနားလည်ကြတယ်၊ ကျောင်းမှာရှိတဲ့ ပေစာ၊ ပုရပိုက်စာတွေနဲ့ ပတ်သက်တဲ့စာတွေကိုလည်း ငါ အမြဲတမ်းလေ့လာ တယ်၊ ကိုယ်တိုင်လည်း အမြဲလေ့ကျင့်ခဲ့ဖူးတယ်၊ နောက်ပြီးတော့ ငါဟာ အလံလုပွဲတွေမှာ အမြဲတက်ထိုးတဲ့ လက်ဝှေ့သမား တစ်ယောက်ကွ "

ဟု ပြောလေ၏။ မိုးမြေက ကိုပေသီး၏စကားကိုဆက်၍

" ခင်ဗျားရဲ့ ဘုရားလူကြီး ဦးအုန်းဖေအကြောင်းကို ပြောပါဦး၊ စိတ်ဝင်စားဖို့ကောင်းလွန်းလို့ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ပေသီးက လက်သီးကိုဆု
" ဦးအုန်းဖေရဲ့တပည့်တွေ သချိုင်းထဲကို ဝင်လာ
အချိန်ကစပြီး ကလေးတွေ ကျောင်းမတက်ရဲတော့ဘူး၊ မိဘ
ကလည်း သူတို့ရဲ့ကလေးတွေကို ကျောင်းမလွှတ်ဝံ့တော့ဘူး၊ ဒါ
အနာဂတ်မှာ ဘဝကိုဦးဆောင်မဲ့ ကလေးတွေအတွက် ကြီးစွာသေ
ဆုံးရှုံးမှုလုပ်ငန်းကြီးစတယ်၊ ဒါကြောင့် ငါ့ရဲ့ကျောင်းကလေး
ဖျက်ဆီးတဲ့ ဦးအုန်းဖေရဲ့တပည့် လူဆိုးလူမိုက်တွေကို ပညာပြမ
ဆုံးဖြတ်လိုက်တယ်၊ ငါဟာ ပထမဦးဆုံး ဦးအုန်းဖေရဲ့ မဟုတ်မ
လုပ်ဆောင်ခင်းပြီး လိမ်ညာလှည့်ဖြားမှုကို ဖော်ထုတ်ဖို့ ဆုံးဖြ
လိုက်တယ်၊ ဦးအုန်းဖေရဲ့လုပ်ရပ်တွေကို ပထမဦးဆုံး သီချင်းတစ်
စပ်လိုက်တယ်၊ အဲဒီသီချင်းထဲက ကျောက်ဆင်းတုကို မျက်ရည်
တယ်ဆိုပြီး မဟုတ်မမှန် လုပ်ဆောင်ခင်းတယ်၊ ပြီးတော့ ဆင်းတုဒေ
ကရတဲ့ အလှူငွေတွေကို သိမ်းကျုံးယူပြီး စီးပွားရေး လမ်းဖြောင့်
ဘုရားလူကြီးအကြောင်းကို ရေးဖွဲ့ထားတယ်၊ ငါဟာ သီချ
တစ်ပိုဒ်ကို စိတ်တိုင်းကျစပ်ပြီးတဲ့အခါ မြို့ထဲက ရန်မျိုးအောင်ဆို
အရူးကို ခေါက်ဆွဲကြော်အဝကျွေးပြီး အဲဒီသီချင်းကို အလွ
ကျက်ခိုင်းတယ်၊ ရန်မျိုးအောင်ဟာ အရူးဆိုပေမဲ့ သီချင်းဆို အသ
ကောင်းတယ်၊ ဒီကောင်ဟာ စားစရာပြတ်လပ်တဲ့အခါ မြို့ထဲ
လူတွေကို ဇာတ်မင်းသားဦးဖိုးစိန်ကြီးရဲ့ သီချင်းတွေကိုဆိုပြီး အလှူ
လေ့ရှိတယ်၊ မြို့ကလူတွေကလည်း ရန်မျိုးအောင် အဆိုကောင်





နမြောတွန့်တိုခြင်းမရှိကြဘူး၊ နောက်ပြီးတော့ ရန်မျိုးအောင်ရဲ့
ထူးခြားချက်က သီချင်းကောင်းတွေကိုဖျက်ပြီးတော့ ပေါက်ကရ
စာသားတွေ ရွတ်ဆိုလေ့ရှိတယ်၊ သူဆိုတဲ့သီချင်းတွေကို သေသေချာချာ
နားထောင်ကြည့်ရင် ရယ်ဖို့လည်းကောင်းတယ်၊ တစ်ခါတစ်ရံ
လောကကြီးမှာဖြစ်ပျက်တဲ့ အဖြစ်အပျက်တွေကို သရော်ထားတာ
များပါတယ်၊ ရန်မျိုးအောင်ဟာ အရူးတစ်ယောက်ဖြစ်ပေမဲ့ သူ့ကို
လျှော့တွက်လို့မရဘူး၊ သူ့မှာ အတွေးအခေါ်ဒဿန ရှိတယ်၊
တကယ်တော့ အဲဒီတုန်းက အရူးရန်မျိုးအောင်ကို ခေါက်ဆွဲကြော်
ကျွေးပြီး ဘုရားလူကြီး ဦးအုန်းဖေကိုသရော်တဲ့ သီချင်းဆိုခိုင်းခဲ့ပေမဲ့
ငါ့ရဲ့သီချင်းဟာ ယုတ္တိမရှိရင် အရူးက ဆိုမှာမဟုတ်ဘူး၊ ဒီတော့
ခေါက်ဆွဲကြော်ကျွေးရုံနဲ့ သူသဘောကျမှာ မဟုတ်ဘူး၊ အခုတော့
ရန်မျိုးအောင်ဟာ ဘုရားလူကြီး ဦးအုန်းဖေကို မျက်စိစပါးမွေးစူးနေပုံ
ရတယ်၊ ငါစပ်ပေးတဲ့သီချင်းကို စိတ်ပါလက်ပါနဲ့ ကျက်မှတ်တယ်၊
ပြီးတော့ မြို့ထဲက လူစည်ကားတဲ့နေရာတွေမှာ လှည့်ပြီးဆိုတော့တာပဲ၊
တချို့လူတွေဟာ ရန်မျိုးအောင်ရဲ့သီချင်းကို သဘောကျပြီး တဝါးဝါး
တဟားဟား ရယ်မောကြတယ်၊ ရန်မျိုးအောင်ရဲ့သီချင်းဟာ
ဘုရားလူကြီးဦးအုန်းဖေကို တိုက်ရိုက်ထိပြီး လက်ရှိတကယ်ဖြစ်နေတာ
ကိုး၊ ဘုရားလူကြီးဦးအုန်းဖေဟာ အရူးရဲ့သီချင်းကိုကြားရတော့
အနာပေါ်တုတ်ကျသလိုဖြစ်ပြီး ဒေါ့ဒေါ့ခုန်သွားတယ်၊ သူ့တပည့်
တွေကိုလွှတ်ပြီး အရူးကို သီချင်းမဆိုဖို့ ရိုက်နှက်ခိုင်းတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မြို့လူထုက အရှေ့ရဲ့သီချင်းကို ကြားချင် တော့ ဝိုင်းပြီးဝှက်ပေးသား ကြတယ်၊ ရှန်မျိုးဆောင်ဟာ ဦးအုန်းဖေရဲ့ တပည့်တွေအလစ်မှာ သီချင်းတိုဆိုတယ်၊ မြို့သူမြို့သားတွေကလည်း သဘောကျပြီး ငွေစကြေးစလေးတွေ ချီးမြှင့်ကြတယ်၊ နောက်တော့ ဘုရားလူကြီး ဦးအုန်းဖေဟာ ဒီသီချင်းကိုစပ်ပေးတဲ့ လူဟာ ငါပဲလို့ သိသွားခဲ့တယ်၊ ဒါကြောင့် ငါ့အပေါ် ဝိုင်းပြီးရန်ပြုဖို့လာခဲ့တယ်၊ တစ်ညတော့ ငါနေထိုင်တဲ့ ဘုန်းကြီးကျောင်းရဲ့ ထမင်းချက်ဆောင်လေးမှာ မီးလောင်မှု ဖြစ်ပွားတယ်၊ ငါအိပ်ပျော်နေတုန်း မီးဟုန်းဟုန်းတောက်လောင်ခဲ့တဲ့ အတွက် အသက်ဘေးကလွတ်အောင် မနည်းထွက်ပြေးခဲ့ရတယ်၊ ကံကောင်းလို့ ဆရာတော့်ကျောင်းတောင် မီးထဲက လွတ်ခဲ့ရတယ်၊ အဲဒါ ဦးအုန်းဖေရဲ့တပည့် လူဆိုးလူမိုက်တွေကြောင့်ပဲ၊ ဆရာတော်နဲ့ ဦးပဉ္စင်းတွေဟာ ငါ့ရဲ့ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားတယ်ဆိုပြီး ငါ့အပေါ် အပြစ်မြင်ခဲ့ကြတယ်၊ ဆရာတော်ကြီးကိုယ်တိုင် ငါ့ကို ကျောင်းကနေမောင်းထုတ်ခဲ့တယ်၊ ငါဟာ ဆရာတော့်ကို ရှင်းမပြခဲ့ ပါဘူး၊ ဒါကြောင့် မြို့ကနေ ထွက်လာခဲ့တယ်၊ အံ့သြဖို့ကောင်းတာက လမ်းရောက်တော့ ကျောင်းက ဦးပဉ္စင်းကြီးပေးလိုက်တဲ့ ကောက်ညှင်း ထုပ်ကို ဖြေစားလိုက်တော့ ကောက်ညှင်းထုပ်ထဲမှာ ဝှမ်းစလေးနဲ့ ရေးထားတဲ့ စာလေးတစ်စောင်ကို မြင်ရတယ်၊ စာထဲမှာရေးထား တာက ဆရာတော်ကြီးရော၊ ဦးပဉ္စင်းတွေပါ ကျောင်းကြီးမီးလောင် တာ ငါ့မှာအပြစ်မရှိကြောင်း သိကြတယ်၊ ဒါပေမဲ့ ဘုရားလူကြီး





ဦးအုန်းဖေနဲ့ ငါ့ရဲ့ရန်ငြိုးရန်စကြီးမှာ စိုးရိမ်တဲ့အတွက် ငါ့ကို မောင်းနှင် ထုတ်ခဲ့တာပဲ၊ ငါဟာ မြို့ကထွက်ပြီး သမားရိုးကျအလုပ်တွေကို လုပ်ကိုင်ချင်တာနဲ့ ငါတို့နိုင်ငံကို ဗိုလ်ကျစိုးမိုးတဲ့ နယ်ချဲ့အစိုးရကို နှုတ်ပေးခဲ့တယ်၊ အင်္ဂလိပ်တပ်စွဲတဲ့ မြို့တွေမှာနေပြီး စစ်တန်းလျားတွေ ထို မီးရှို့ဖို့ကြိုးစားခဲ့တယ်၊ စစ်တပ်ရှိရာကို သွယ်တန်းထားတဲ့ ကြေးနန်းလိုင်းတွေကိုလည်း ဖျက်ဆီးပစ်ခဲ့တယ်၊ ငါ့ရဲ့ ဝယောဂကြောင့် အင်္ဂလိပ်စစ်တပ်ကကောင်တွေ ရှေ့မီးဒုက္ခကို အတော်ခံစားခဲ့ကြတယ်၊ မီးလောင်တဲ့အတွက် အင်္ဂလိပ်စစ်တန်းလျားတွေ တုန်လှုပ်သွားတတ် ဖြစ်သွားတယ်၊ မုန့်ဟင်းခါးဆိုင်မှာ မင်းနဲ့ရန်ဖြစ်တဲ့ စစ်သားတွေဟာ ငါပညာပေးခဲ့တဲ့ စစ်သားတွေပေါ့ ”

ဟု ပြောလေရာ မိုးမြေက ကိုပေသီးကို အထင်ကြီးဟန်ဖြင့် ကြည့်၍

“ ခင်ဗျားအတော်သတ္တိကောင်းတာပဲ၊ တစ်ကိုယ်တော် ချီစားခန်းဖွင့်ခံ့တယ်နော် ”

ဟု ပြောလေ၏။ ထိုအခါ ပေသီးက သက်ပြင်းချ၍

“ ငါ သတ္တိကောင်းတာမဟုတ်ပါဘူး၊ စွန့်စားချင်တဲ့ စိတ်ဓာတ်ကြောင့် ဒီလိုနေဖြစ်ခဲ့တာပါ ”

ဟု ပြောလေ၏။ ၎င်းတို့သည် လော်လီကားကြီးနှင့် လိုက်ပါပြီး ညနေစောင်းသောအခါ မြို့တစ်မြို့သို့ ရောက်လေ၏။ ထိုအခါ ပေသီးက



www.burmeseclassic.com

www.burmeseclassic.com



" ဒီမြို့ကိုရောက်ရင် ငါတို့ ကားပေါ်ကဆင်းကြမယ်ကွ၊ ငါတို့ရဲ့ခရီးလမ်းက ဆုံးပြီ "

ဟု ပြောလေ၏။ ထိုမြို့ကိုလွန်သောအခါ ဒရိုင်ဘာနှင့် စပယ်ယာကို အခကြေးငွေပေး၍ လမ်းခရီး၌ ဆင်းခဲ့လေ၏။

ထို့နောက် လယ်ကွင်းများကို ကျော်ဖြတ်၍ ခရီးဆက်ခဲ့လေတော့၏။ ၎င်းတို့သည် ရွာများကို ကျော်ဖြတ်၍ မန်းချောင်းအနီးရှိ တောကြီးထဲသို့ ဝင်ခဲ့၏။ မိုးမြေက ကိုပေသီးကိုကြည့်၍

" ကျုပ်တို့ လူတွေနဲ့ဝေးလာပြီဗျ၊ တောကြီးထဲကိုရောက်နေပြီ "

ဟု ပြောလေ၏။ ထိုအခါ ကိုပေသီးက

" လူတွေနဲ့ဝေးတဲ့ တောထဲကိုပဲ ဘာမင်သွားနေတာပဲ၊ ကျုပ်ဟာ လူတွေနဲ့ဝေးရာမှာ တစ်ကိုယ်တော် နေထိုင်လေ့ရှိတယ်၊ ကျုပ်တို့ ဒီအနီးပတ်ဝန်းကျင်ကလူတွေကတော့ တောပုန်းလို့ ခေါ်ကြတယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ပေသီးသည် တောတစ်နေရာရှိ လိုဏ်ဂူတစ်ခုအနီးသို့ ခေါ်ဆောင်သွားလေ၏။ ထိုလိုဏ်ဂူထဲတွင် ပေသီး၏ ပစ္စည်းကိရိယာများကို စုံလင်စွာ တွေ့ရလေ၏။

ပေသီးက လိုဏ်ဂူထဲသို့ လက်ငေ့ါယမ်းပြ၍

" ဒီနေရာဟာ တောပုန်းကြီးတစ်ယောက်ရဲ့ ဘုံဗိမာန်ကွ၊





ချပ်ဟာ အင်္ဂလိပ်စစ်တပ်က အကောင်တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြုပေးတယ်၊ အားလပ်တဲ့အချိန်တွေမှာ တောထဲမှာ အမဲလိုက်လေ့ ရှိတယ်၊ ဒီနေ့ညစာကိုတော့ သည်းခံလိုက်ပါဗျာ၊ နောက်နေ့ရောက် ရင် အမဲလိုက်ပြီး ခင်ဗျားအတွက် နေ့လယ်စာကောင်းကောင်း ကျွေးပါ့မယ် "

ဟုပြောလေ၏။ မိုးမြေက ခေါင်းခါယမ်း၍

" အစားအသောက်အတွက် ဒီလောက်အရေးမကြီးပါဘူး ဗျ၊ တောထဲရောက်နေတာပဲ၊ ရှိတာနဲ့စားတတ်ရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် တောထဲမှာနေရတဲ့ဘဝကို ကျုပ်သဘောကျတယ်၊ ကျုပ်ဘဝမှာ တစ်ခါမှ အခုလို တောထဲမှာမနေဖူးခဲ့ဘူး၊ အခုလို တောထဲမှာနေပြီး လုပ်စရာရှိတဲ့အလုပ်တွကို စနစ်တကျ တွေးတောကြံဆမယ်၊ ဘဝမှာ တွေးတောကြံဆမှုအတွက် ကိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတွေလိုတယ် ဗျ "

ဟုပြောလေ၏။ ထိုအခါ ပေသီးက

" ဒါဆိုရင်တော့ ဟောဒီတောကြီးက ခင်ဗျားရည်ရွယ်ချက် နဲ့ အံကိုက်ပဲ၊ ခင်ဗျားဘာသာ ကြံဖန်သလိုတွေးပြီး နေပေတော့"

ဟုပြောလေ၏။

ထိုနေ့ညဘက်တွင် မိုးမြေနှင့်ပေသီးသည် ရှေးဟောင်း ကောင်းဖြစ်များကို ပြောဆိုရင်း အချိန်ကုန်ရလေ၏။

ပေသီးက မိုးမြေဘက်သို့လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားဘဝရဲ့ရှည်ရှယ်ချက်ကို ပြောပြပါလား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးမြေက ငယ်စဉ်က တစ်မြို့လုံး၏ နိုင်းဖတ်ဘဝဖြင့် နေထိုင်ခဲ့သည်မှအစပြု၍ တရုတ်သူဌေး ဦးကျင်ဝှက်သည် သူ၏ဖခင်ဖြစ်ကြောင်း စသည့်အဖြစ်အပျက်များကို ပြောပြလေ၏။

ထို့အပြင် ဆေးဆရာကြီး ဦးသက်ရှည်ထံမှ ရရှိသော ရေးမြန်မာမင်းများကိုင်ဆောင်သော သန်လျက်တော်ကို ပြောပြလေ၏။

ထိုအခါ ပေသီးက

" ပုဂံမင်းကိုင်ဆောင်တဲ့ သန်လျက်ဆိုရင် ကျုပ်ကြည့်ချင်လိုက်တာဗျာ၊ ကျုပ်ကြည့်လို့ ရနိုင်ပါ့မလား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးမြေက ခေါင်းညိတ်၍

" ခင်ဗျားနဲ့ကျုပ်နဲ့က ဘဝင့်တွေပါဗျာ၊ ခင်ဗျားကို ကျုပ်မယုံနိုင်စရာမရှိပါဘူး၊ ခင်ဗျားကို ကျုပ်ပြပါ့မယ် "

ဟုပြောကာ သူ၏လွယ်အိတ်ထဲတွင် ထည့်ထားသော သန်လျက်တော်ကို ပြသလေ၏။ ပေသီးသည် ပုဂံမင်း၏သန်လျက်တော်ကို သေချာစွာကြည့်ရှုပြီးနောက် မိုးမြေလက်ထဲသို့ ပြန်လည်ပေးအပ်၏။

မိုးမြေက ဆက်လက်၍ မြို့တစ်မြို့ရှိ လူ့ဌစာအတိုးကြီးသုံးယောက်၏အကြောင်းကိုပြောပြလေ၏။





လူ့ဌစာကြီးသုံးယောက်ထံမှ အရုပ်လေးကို မီးပုံးပျံနှင့် မိန်းမချောလေးတစ်ယောက်က ငှားရမ်းကြောင်းကိုလည်းပြောပြ၏။

မိုးမြေ၏စကားဆုံးသောအခါ ပေသီးက မျက်မှောင်ကြုတ်၍

" မီးပုံးပျံပေါ်က မိန်းမချောလေးတစ်ယောက် ဆင်းလာတယ် ဟုတ်လား၊ အတော်အံ့သြဖို့ကောင်းတာပဲ၊ မီးပုံးပျံစီးတာကို ကြားဖူးတယ်၊ ဦးကျော်ရင်အကြောင်းကို စိတ်ဝင်စားလို့ သတင်းစာတွေထဲမှာ သေသေချာချာရှာဖတ်ကြည့်ပြီးပြီ၊ ဒါပေမဲ့ အခုလို မိန်းမလှလေးတစ်ယောက်က မီးပုံးပျံစီးတာကိုတော့ တစ်ခါမှ မကြားဖူးဘူး "

ဟုပြောလေ၏။

ထိုအခါ မိုးမြေက ခေါင်းညိတ်၍

" ဟုတ်တယ်၊ မိန်းကလေးတစ်ယောက် မီးပုံးပျံစီးတယ်ဆိုတာ ယုံနိုင်စရာတောင်မရှိဘူး၊ ဒါပေမဲ့ အဲဒီမိန်းကလေး မီးပုံးပျံစီးနိုင်တာကို သက်သေပြနိုင်တဲ့လူ နှစ်ဦးတောင်ရှိတယ်၊ လူ့ဌစာအတိုးကြီးသုံးယောက်အပြင် ခင်လှကြည်ဆိုတဲ့ အငြိမ့်မင်းသမီးတစ်ယောက်လည်းရှိတယ် "

ဟုပြောလေရာ ပေသီးက မျက်မှောင်ကြုတ်၍

" ဒါဆိုရင် အငြိမ့်မင်းသမီး ခင်လှကြည်ဆီက မီးပုံးပျံစီးတဲ့ မိန်းမချောနဲ့ပတ်သက်ပြီး သဲလွန်စမရဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။

ထိုအခါ မိုးမြေက ခေါင်းညိတ်၍

" အငြိမ့်မင်းသမီးဆိုက သဲလွန်စ ရသင့်သလောက် ရပါတယ်၊ မိုးပေါ်က မီးပုံးပျံနဲ့ဆင်းလာတဲ့ မိန်းမလှလေးဟာ အငြိမ့်မင်းသမီးခင်လှကြည်ကို အငြိမ့်ဆက်မကဖို့ပြောတယ်၊ သူမနဲ့ အတူ အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ပြီး အများကောင်းကျိုးတွေလုပ်ဖို့ ဆွယ်တရားဟောတယ်၊ သူတို့အဖွဲ့မှာ မိန်းကလေးတွေ အများကြီးရှိတဲ့ အကြောင်းပြောပြီး အငြိမ့်မင်းသမီးကို ဆွယ်ခဲ့တယ်၊ ဒါပေမဲ့ ခင်လှကြည်က နယ်ချဲ့ဆန့်ကျင်ရေးကိုမလုပ်ဘဲ အငြိမ့်ကဖို့ စိတ်အား ထက်သန်နေတော့ မိန်းမလှလေးရဲ့စကားကို နားမထောင်ခဲ့ဘူးတဲ့ "

ဟုပြောလေရာ ပေသီးက မျက်မှောင်ကြုတ်၍ ခဏစဉ်းစား လိုက်ပြီး

" ဒါဆိုရင် မီးပုံးပျံစီးလာတဲ့ မိန်းမဟာ အလွန်ကြောက်စရာ ကောင်းတဲ့ ပန်းကိုးပွင့်အဖွဲ့ကဖြစ်မယ်၊ သူတို့ဟာ အရည်အချင်းရှိတဲ့ လူတွေချည်းပဲ၊ သူတို့ဟာ ဗေဒင်အတတ်၊ ဆေးအတတ် စတဲ့ အတတ်ပညာမျိုးစုံကိုလည်း တတ်ကျွမ်းကြတယ်၊ မျက်လှည့်ပညာ၊ ရုပ်ပြောင်းရုပ်လွှဲပညာ စတဲ့ ပညာတွေလည်း တတ်မြောက်ကြတယ်၊ သူတို့အဖွဲ့ဟာ အင်္ဂလိပ်အစိုးရကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒုက္ခပေးနေ တာ ကြာပြီကွ၊ အင်္ဂလိပ်အစိုးရအရာရှိကြီးတွေဟာ အဲဒီမိန်းကလေး အဖွဲ့ကို အတော်ထိတ်လန့်ကြတယ် "





ဟုပြောလေ၏။

ထိုအခါ မိုးမြေက အံ့ဩဟန်ဖြင့် ပေသီးကိုကြည့်၍

" မိန်းကလေးတွေဖြစ်ပြီး ဘာလို့ ဒီလောက်အစွမ်းထက်နေ ကြတာလဲ၊ သူတို့ကို ဒီလိုအစွမ်းထက်တဲ့ပညာတွေကို ဘယ်သူက သင်ပေးတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ပေသီးက

" အဲဒီအဖွဲ့မှာ အဓိကကျတဲ့ မိန်းကလေးကိုးယောက်ကို ညီရှယ်ပြီး ပန်းကိုးပွင့်အဖွဲ့လို့ လူသိများကြတယ်၊ ပန်းကိုးပွင့် အဖွဲ့ရဲ့ခေါင်းဆောင်မိန်းမဟာ အလွန်ထူးခြားဆန်းကြယ်တဲ့မိန်းမကွ၊ သူမဟာ သိုင်းအတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ် စတဲ့ ထူးဆန်းတဲ့ အတတ်ပညာတွေကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်တယ်၊ ဒါပေမဲ့ သူမဟာ မြန်မာလူမျိုးတစ်ယောက် ဖြစ်ပေမဲ့ တိဘက်မှာ ကြီးပြင်းခဲ့တယ်လို့ သိရတယ်၊ သူ့ရဲ့ဆရာတွေ ဟာ တိဘက်လားမားဘုန်းတော်ကြီးတွေလို့ဆိုတယ်၊ ဒါကြောင့် သူမဟာ ထူးခြားဆန်းကြယ်တဲ့ အတတ်ပညာမျိုးစုံကို တတ်မြောက် နေတာဖြစ်တယ် "

ဟုပြောလေရာ မိုးမြေကအလွန်အံ့ဩဟန်ဖြင့်ကြည့်၍

" အဲဒီ ပန်းကိုးပွင့်အဖွဲ့ရဲ့ခေါင်းဆောင်မိန်းမဟာ ဘယ်မှာ နေသလဲ၊ ကျုပ်တို့လို တောထဲမှာပဲနေတာလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်၏။

ထိုအခါ ပေသီးကခေါင်းခါယမ်းလိုက်၍

" ဒီမိန်းမနာမည်ကို စန္ဒာဒေဝီလို့ ကြားဖူးတယ်၊ သူဟာ မြန်မာပြည်မြောက်ဖျားဒေသမှာရှိတဲ့ နှင်းဖုံးတောင်တန်းပေါ်မှာ နန်းတော်ကြီးဆောက်ပြီး သီးခြားနေတယ်လို့ သိရတယ်၊ အဲဒီဒေသမှာ ရှိတဲ့ ဒေသခံလူပုလေးတွေဟာ စန္ဒာဒေဝီကို တန်ခိုးရှင်မတစ်ယောက်လို ယုံမှတ်ပြီး ကိုးကွယ်ကြတယ်လို့ဆိုတယ် "

ဟုပြောလေရာ မိုးမြေက ပေသီးကိုကြည့်၍

" နေပါဦး၊ ခင်ဗျားက စန္ဒာဒေဝီဆိုတဲ့ မိန်းမရဲ့အကြောင်းကို ဘာလို့ဒီလောက်တောင်သိနေရတာလဲ၊ ဘယ်လိုများလှေလာထားတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ပေသီးက မျက်နှာင်ကြုတ်၍

" ငါဟာ ပန်းကိုးပွင့်နဲ့ပတ်သက်တဲ့အကြောင်းတွေကို မမျှော်လင့်ဘဲ သိခဲ့ရတာယ်ကွ၊ ပန်းကိုးပွင့်ဂိုဏ်းနဲ့ငါ ပတ်သက်သွားပုံက အတော်ထူးဆန်းပြီး ရယ်စရာလည်းကောင်းတယ်၊ တစ်ခါတုန်းက ငါဟာ ဟောဒီတောကြီးထဲမှာ တစ်ကိုယ်တည်း အမဲလိုက်ထွက်ခဲ့တယ်၊ ဒီလို အမဲလိုက်ထွန်းနေတုန်း သမင်တစ်ကောင်ကိုတွေ့လို့ လိုက်လံချောင်းမြောင်းနေတယ်၊ ဒီလိုချောင်းမြောင်းနေတုန်း သမင်ဟာ စမ်းချောင်းဘေးမှာ ရေသောက်ဆင်းဖို့ရောက်လာတာဖြစ်တယ်၊





ငါဟာ သမင်ရဲ့အနီးကို တိုးနိုင်သမျှ တိုးကပ်သွားပြီး ဖမ်းဆီးဖို့ကြိုးစားခဲ့တယ်၊ ဒီအချိန်မှာပဲ ငါ့ရဲ့ပေါ့လျော့မှုကြောင့် သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိသွားတယ်၊ သစ်ကိုင်းကျိုးသံကြောင့် သမင်ဟာ စမ်းချောင်းလေးက လန့်ပြီးထွက်ပြေးသွားတယ်၊ ငါဟာ သမင်ကို အမိဖမ်းဖို့ကြိုးစား မြားနဲ့ပစ်ခဲ့တယ်၊ ဒါပေမဲ့ ငါ့ရဲ့မြားချက်ဟာ သမင်ကို လွဲချော်သွားပြီး ချုံပုတ်တစ်ခုထဲကို ဝင်သွားတယ်၊ ဒီအခါမှ ချုံပုတ်ထဲက မိန်းကလေးတစ်ယောက်ရဲ့အော်သံကို ကြားရတော့ ငါဟာ အလွန်ထိတ်လန့်အံ့သြသွားတယ်၊ လူသူမရှိတဲ့ တောကြီးထဲမှာ မိန်းမတစ်ယောက်ရဲ့အော်သံကို ကြားရတယ်ဆိုတော့ ဘယ်လောက်များ အံ့သြဖို့ကောင်းသလဲ မင်းစဉ်းစားကြည့်ပေါ့ "

ဟုပြောလေ။

မိုးမြေက ခေါင်းညိတ်၍

" ဟုတ်တာပေါ့ဗျာ၊ တောခေါင်ခေါင်ထဲမှာ မိန်းမတစ်ယောက်ရဲ့ အော်သံကိုကြားရတယ်ဆိုတော့ နာနာဘာဝတွေများ ခြောက်လှန့်သလားလို့ ထင်ယောင်မှားမိမှာပေါ့ "

ဟုပြောလေ၏။

ထိုအခါ ပေသီးက ခေါင်းညိတ်၍

" ဟုတ်တာပေါ့ကွာ၊ ငါတော့ တောခြောက်ခံရပြီလားလို့တောင် စိတ်ထဲကထင်မိတယ်၊ ဒီအချိန်မှာပဲ ချုံပုတ်ထဲက ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ထွက်လာတယ်၊ မိန်းကလေးဟာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မြားနဲ့ပစ်တဲ့ တရားခံကိုလှည့်ပတ်ပြီး ရှာတယ်၊ နောက်တော့ လေး
မြားကို ကိုင်ထားတဲ့ ငါ့ကိုလည်းမြင်ရော ဒေါသတကြီးနဲ့ 'ရှင်ဟာ
အတော်သိက္ခာမရှိတဲ့လူပဲ၊ မိန်းကလေးတစ်ယောက် ချိုထဲဝင်နေတာကို
မြားနဲ့ ချောင်းပစ်ရတယ်ဆိုပြီး ရန်တွေ့တယ်၊ ဒီအခါမှာ မိန်းကလေး
ကိုကြည့်ပြီး ငါဟာ အားတုံ့အားနာဖြစ်သွားတယ်၊ ဒါကြောင့်
ရေသောက်ဆင်းတဲ့သမင်ကို ချောင်းပစ်ရင်း လမ်းချော်ပြီး ချိုထဲ
ဝင်သွားတာလို့ ရှင်းပြတယ်၊ ဒီအခါမှာပဲ တောထဲက မိန်းကလေး
နှစ်ယောက် ထပ်ပြီးရောက်လာတယ်၊ မိန်းကလေးတွေအားလုံး
ချောမောလှပကြတယ်၊ ငါဟာ တောခေါင်ခေါင်ကြီးထဲမှာ လှတဲ့
မိန်းကလေးသုံးယောက်ကို မြင်ရတော့ အတော်အံ့ဩသွားမိတယ်၊
မိန်းကလေးသုံးယောက်ကို ဥစ္စာစောင့်တွေများလားလို့ အထင်မှားပြီး
မေးမြန်းကြည့်တယ်၊ ဒါပေမဲ့ မိန်းကလေးတွေဟာ သူတို့ရဲ့ဘဝကို
လျှို့ဝှက်ထားခဲ့တယ်၊ ငါ့ရဲ့မေးခွန်းတွေကိုမဖြေဘဲ 'ကိုယ်နဲ့မဆိုင်တဲ့
ကိစ္စတွေမှာ မစပ်စုချင်ပါနဲ့' လို့ တစ်ချက်လွှတ်ပြောပြီး ပျောက်ကွယ်
သွားတယ်၊ ငါဟာ သူတို့နောက်ကို နောက်ယောင်ခံလိုက်ဖို့
ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ဘူး၊ ဒါပေမဲ့ ကံကြမ္မာဟာ ငါ့ဘက်က
အလေးသာတော့ တောထဲမှာ ဒုတိယအကြိမ်မြောက် မိန်းကလေးတွေနဲ့
ဆုံဆည်းခွင့်ရခဲ့တယ်၊ ဒုတိယအကြိမ်ပြန်ဆုံတာက လျှိုကြီးတစ်ခုရဲ့
အတွင်းမှာ၊ မိန်းကလေးတွေဟာ လျှိုထဲမှာ တစ်စုံတစ်ခုကို
ရှာဖွေနေကြလို့ ငါ့ကိုမမြင်နိုင်ကြဘူး၊ ငါဟာ သူတို့ကို စိတ်ဝင်စား





လွန်းလို့ သားကောင်ချောင်းသလို ချောင်းမြောင်းနေခဲ့တယ်၊ သူတို့ဟာ
တစ်စုံတစ်ရာကို သဲကြီးမဲကြီး ရှာဖွေနေကြလို့ ငါ့ကို မမြင်နိုင်ကြဘူး၊
သူတို့ဟာ လျှိုကြီးထဲက အပင်ငယ်လေးတွေကို သေသေချာချာ
စူးစမ်းပြီး ရှာဖွေနေတယ်၊ တချို့ အပင်ငယ်လေးတွေကိုနုတ်ပြီး
ကြည့်တယ်၊ ဒီတော့မှ ရှားပါးတဲ့ဆေးပင်ကို ရှာဖွေနေတယ်ဆိုတာ
ငါရိပ်စားမိတယ်၊ ငါဟာ ဆေးပင်တွေအကြောင်းကို နားမလည်
ပါဘူး၊ ဆေးပင်တွေနဲ့လည်း အကျွမ်းတဝင်မရှိဘူး၊ ဒါကြောင့် သူတို့
ဘာရှာနေတယ်ဆိုတာ ငါမသိဘူး၊ မိန်းကလေးသုံးယောက်ဟာ
အလွန်နက်နဲတဲ့တောကြီးထဲမှာ ခက်ခက်ခဲခဲ ရှာဖွေနေပုံထောက်ရင်
ဆေးပင်ဟာ အလွန်အဖိုးထိုက်တန်ပုံရတယ်၊ သူတို့ဟာ ဆေးပင်တွေ
ကိုရှာဖွေနေတာ ရက်တွေအတော်ကြာနေပြီ၊ မိန်းကလေးတွေဟာ
သူတို့ရှာဖွေနေတဲ့ဆေးပင်ကို မတွေ့ခဲ့ဘူး၊ ငါဟာ သူတို့နောက်က
နောက်ယောင်ခံပြီး လိုက်သွားခဲ့တယ်၊ သူတို့ဟာ မြို့ငယ်လေးတစ်မြို့ရဲ့
မြို့စွန်မှာရှိတဲ့အိမ်ကြီးကို ဦးတည်ပြီးသွားနေတယ်၊ ငါဟာ သူတို့ရှိတဲ့
အိမ်ကြီးကို ညဘက်ရောက်မှ ခိုးဝင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ည
ရောက်တဲ့အခါ အိမ်ကြီးရဲ့ခြံစည်းရိုးကို ကျော်ဖြတ်ပြီး အထဲ
ကိုရောက်သွားတယ်၊ အိမ်ကြီးရဲ့အောက်ထပ်မှာ မီးရောင်နဲ့
လင်းထိန်နေတယ်၊ အိမ်ကြီးရဲ့ပြတင်းပေါက်အနီးကို တိုးကပ်သွား
တော့ အလွန်ထူးဆန်းတဲ့မြင်ကွင်းကိုမြင်ရတော့ ငါဟာ အလွန်အံ့ဩ
သွားတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ပေသီးသည် သူ၏စကားကို ရပ်နားလေ၏။

မိုးမြေက ပေသီး၏စကားကို စိတ်ဝင်စားစွာ စောင့်မျှော်နေလေ၏။ ပေသီးက သူ၏စကားကို ဆက်ပြန်၏။

" အိမ်ရဲ့အောက်ထပ်တစ်ခုလုံးမှာ မီးရောင်စုံတွေနဲ့ လင်းထိန်နေတယ်ကွ၊ အိမ်ထဲမှာ ရောင်စုံဖယောင်းတိုင်တွေ အများကြီးထွန်းထားတယ်၊ ဖယောင်းတိုင်တွေရဲ့ အလင်းရောင်နဲ့ မိန်းကလေးသုံးယောက်နဲ့ လူလတ်ပိုင်းအရွယ် မိန်းမလှတစ်ယောက်ကို မြင်ရတယ်၊ မိန်းမလှဟာ အလွန်ကြီးမားတဲ့ သစ်သားစည်ကြီးထဲမှာ ထိုင်နေတာကို တွေ့ရတယ်၊ မီးဖိုပေါ်မှာတည်ထားတဲ့ ကြေးအိုးကြီးတစ်လုံးကို တွေ့ရတယ်၊ မိန်းမလှလေးတစ်ယောက်ဟာ ဆေးအိုးထဲကို ဆေးမြစ်ဆေးဥတွေ မပြတ်ထည့်ပေးနေတယ်၊ သူမရဲ့အနီးမှာ ရွှေရောင်သေတ္တာလေးကို ကိုင်ထားတဲ့ မိန်းကလေးရှိတယ်၊ ထူးဆန်းတဲ့မြင်ကွင်းကို ငါကြည့်နေတုန်းမှာပဲ မိန်းကလေးတစ်ယောက်ဟာ သေတ္တာထဲက ရွှေအပ်လေးကို ဇာတ်လိုက်ပြီး သစ်သားစည်ထဲမှာထိုင်နေတဲ့ မိန်းမလှလေးရဲ့ကျောပြင်က နေရာတွေကို ညင်ညင်သာသာလေး ထိုးဆိုက်လိုက်တယ်၊ ရွှေရောင်းဝင်နေတဲ့ မိန်းမလှလေးရဲ့ကျောပြင်မှာ ရွှေအပ်လေးတွေ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်သွားတယ်၊ အပ်စိုက်ပေးနေတဲ့ မိန်းကလေးဟာ ဆေးပညာကို အဆင့်တန်းမြင့်မြင့် တတ်ကျွမ်းထားပုံရတယ်၊ ဒီအချိန်မှာပဲ သစ်သားစည်ကြီးအနီးကို မိန်းကလေးတစ်ယောက်ရောက်လာပြီး ကြွေကရားကြီးထဲက အစိမ်းရောင်





အရည်တွေကို လောင်းထည့်ပေးတယ်၊ မိန်းကလေးသုံးယောက်ဟာ သစ်သားစည်ထဲက မိန်းမချောလေးကို ဝိုင်းဝန်းပြီး ဆေးကုသပေးနေပုံရတယ်၊ ငါစိတ်အထင်တော့ မိန်းမလှလေးဟာ အလွန်ထူးဆန်းတဲ့ ရောဂါတစ်မျိုးကို ခံစားနေပုံရတယ်၊ မိန်းမချောလေးဟာ ရောဂါဝေဒနာခံစားနေရပေမဲ့ သူ့ရဲ့ပုံသဏ္ဍာန်ဟာ လူမမာတစ်ယောက်နဲ့ မတူဘူး၊ ပကတိကျန်းမာနေတဲ့ လူတစ်ယောက်လိုပါပဲ "

ဟု ပြောလေရာ မိုးမြေက

" အဲဒီမိန်းကလေးဟာ မကျန်းမာလို့ ဆေးကုသနေတာ မဟုတ်ဘဲ သူ့ရဲ့ကိုယ်ခန္ဓာအသားအရည်လှပဖို့အတွက် ရှားပါးဆေးမြစ်တွေနဲ့ ဆေးစိမ်နေတာများ မဖြစ်နိုင်ဘူးလား "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက သက်ပြင်းချ၍

" သူ့ကိုယ်သူ အလှပြင်မယ်ဆိုရင် ဒီလို လူသူအရောက်အပေါက်နည်းတဲ့ အိမ်ကြီးမှာ အလှပြင်မလားကွ၊ ငါဟာ နောက်တော့ ဒီအိမ်ကြီးရှိတဲ့နေရာကို စုံစမ်းကြည့်တော့ ဒီအိမ်ကြီးမှာ သရဲခြောက်လို့ ဘယ်သူမှမနေရဲကြောင်း သိရတယ်၊ ဒီအချိန်ကစပြီး မိန်းမချောလေးတွေရဲ့သတင်းဟာ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ် "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်၍

" ဟင်... ဒါဆိုရင် မိန်းမချောလေးတွေနဲ့ ပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စကို ခင်ဗျား နောက်ထပ်မရတော့ဘူးပေါ့၊ သွားပါပြီဗျာ ကျွဝ်က မီးပုံးပျံစီးလာတဲ့ မိန်းမနဲ့ အဲဒီမိန်းကလေးတွေက ဆက်စပ်မှု မယ်လို့ ထင်နေတာဗျ ''

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ခေါင်းညိတ်၍

'' အဲဒီမိန်းကလေးတွေဟာ ပန်းကိုးပွင့်အဖွဲ့က မိန်းကလေး တွေ ဖြစ်မှာသေချာတယ်ကွ၊ မင်းပြောတဲ့ မီးပုံးပျံစီးတဲ့မိန်းမဟာ ပန်းကိုးပွင့်အဖွဲ့ထဲက ဖြစ်ပုံရတယ်၊ ဒါကြောင့် သူတို့အားလုံး ဆက်စပ်မှုရှိမှာပဲ ''

ဟု ပြောလေ၏။

ထိုအခါ မိုးမြေက ပေသီးကိုကြည့်၍

'' အဲဒီအိမ်ဟာ သရဲခြောက်ပြီး လူမနေဘူးဆိုတော့ အိမ်ကြီးရဲ့ပိုင်ရှင်က ဘယ်သူလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီးက

'' အိမ်ကြီးရဲ့ပိုင်ရှင်က စိတ်မနှံ့တဲ့ ဦးကြည်သိန်းဆိုတဲ့ အဖိုးကြီးကွ၊ ဦးကြည်သိန်းရဲ့ဘဝနောက်ကြောင်းကို စုံစမ်းကြည့်တော့ အတော်ထူးဆန်းတယ်၊ ဦးကြည်သိန်းဟာ သူ့မိန်းမကို သူပြန်သတ်ပြီး ထောင်ထဲဝင်ခဲ့တဲ့ အဘိုးကြီးပဲ၊ ဒါပေမဲ့ ဦးကြည်သိန်းဟာ မိန်းမ အတော်ကြောက်ရတယ်၊ ဦးကြည်သိန်းရဲ့မိန်းမဟာ ခေါင်းသိက်ဆိုး





အဘွားကြီးကွ၊ ဒီအဘွားကြီးဟာ အသက်ကြီးပေမဲ့ ရုပ်ကြီးနေသဲ ဝဲကွ၊ အရွယ်နဲ့မလိုက်အောင် ပစ္စည်းဥစ္စာမက်မောတယ်၊ နေ့စဉ် ငါးပိနဲ့ပဲစားပြီး ပိုက်ဆံစုတယ်၊ ပြီးရင် မြို့တက်ပြီး ရွှေကိုရွှေစလေးတွေ ဝယ်တယ်၊ အဘွားကြီးဟာ ဥစ္စာရူးကြီးကွ၊ ရွှေကိုရွှေစလေးတွေ ထည့်ထားတဲ့အိတ်ကြီးကို သွားလေရာမှာ တကောက်ကောက် ယူဆောင်သွားတယ်၊ ဦးကြည်သိန်းဟာ အဘွားကြီးရဲ့ မတရားနိုင်းစေ မှုကြောင့် မြို့ထဲမှာ တစ်နေကုန်လှည့်လည်ပြီး မြေပဲလိပ်ရောင်းတဲ့ အလုပ်ကို အရွယ်နဲ့မလိုက်အောင် လုပ်ရတယ်၊ တစ်နေ့တော့ အဘိုးကြီးဟာ မိုးတွေမိပြီး အိမ်ကို အစောကြီးပြန်လာတယ်၊ အဘိုးကြီးကိုကြည့်ပြီး အဘွားကြီးဟာ မြေပဲလိပ် မကုန်ရသေးဘူးလား ဆိုပြီး ဆူပူကြိမ်မောင်းတော့တာပဲ၊ နောက်ဆုံးမှာ ဒေါသထွက်နေတဲ့ အဘိုးကြီးဟာ အဘွားကြီးကို သည်းမခံနိုင်တော့ပဲ ရွှေကို ရွှေစတွေ ထည့်ထားတဲ့အိတ်နဲ့ အဘွားကြီးကို ဝိတ်ပေါက်လိုက်တယ်၊ ဒီအခါမှာ အဘိုးကြီးပစ်ပေါက်လိုက်တဲ့အိတ်ဟာ အဘွားကြီးရဲ့ ခေါင်းကိုမှန်ပြီး ဝရန်တာကတစ်ဆင့် လမ်းမပေါ်ကို ပြုတ်ကျသွား တယ်၊ အဘွားကြီးဟာ သူ့ရဲ့ခေါင်းကို ရွှေထုပ်ကြီးထိမှန်သွားလို့ မြင်မကောင်းအောင် နဖူးမှာ သွေးသံရဲရဲဖြစ်နေပေမဲ့ သူ့ရဲ့ ရွှေတွေ လမ်းမပေါ်မှာပြန့်ကျဲနေတာမြင်တော့ စိတ်မထိန်းနိုင်တော့ဘဲ ဝရန်တာ လက်ရန်းပေါ်ကနေ အောက်ကိုပြုတ်ကျသွားတယ်၊ အဲဒီတို နောက်တော့ အဘွားကြီးမျာ ရွှေငွေကိုဖက်ပြီး သေသွားတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကစပြီး အဲဒီအိမ်ကြီးဟာ သရဲခြောက်တယ်လို့ သတင်းကြီး တော့တာပါပဲ ”

ဟု ပြောလေ၏။ မိုးမြေက သက်ပြင်းချ၍

“ အသက်ကြီးမှ ရမ္မက်ကြီးတဲ့အဘွားကြီးတစ်ယောက်ရဲ့ ဇာတ်သိမ်းခန်းပေါ့ဗျာ၊ တကယ်တော့ သေသေချာချာစဉ်းစားကြည့်ရင် လူ့ဘဝဆိုတာ တိုတိုလေးပါဗျာ၊ လူတွေဟာ ကိုယ်ရောက်နေတဲ့ အသက်ကို သေသေချာချာ ပြန်စမ်းစစ်ကြည့်၊ ဒီအရွယ်ကို ရောက်လာတာ ခဏလေးပဲလို့ ထင်ရတယ်၊ ဒီအရွယ်မှာ ပညာရှာရမဲ့ အချိန်လား၊ ဥစ္စာရှာရမဲ့အချိန်လား၊ ဥစ္စာရှာခြင်းကို ရပ်တဲ့ပြီး တရားရှာရမဲ့အချိန်လားဆိုတာ သုံးသပ်ရမယ်၊ တရားမေ့ပြီး လိုက်စားရမဲ့အချိန်မှာ ကာမဂုဏ်အာရုံ လိုက်စားနေမယ်ဆိုရင်တော့ ဘဝဟာ အဓိပ္ပါယ်မရှိတော့ဘူး ”

ဟု ပြောလေ၏။ မိုးမြေ၏စကားကြောင့် ပေသီးက ခေါင်းတဆတ်ဆတ်ညိတ်၍

“ ဟဲ ဟဲ… မင်းမဆိုးဘူး၊ ရင်ထဲမှာ ဒဿနရှိသားပဲ လူဆိုတာ ဒဿနရှိမှလေးနက်တာကွ၊ ဒဿနရှိတဲ့လူဟာ ဘယ် ရင်ဆိုင်တဲ့နေရာမှာ ဝိုပြီးတော့တည်ငြိမ်တယ် ”

ဟု ပြောလေ၏။

ပေသီးက ဆက်လက်၍

“ ပန်းကိုးပွင့်က မိန်းကလေးတွေရဲ့ အဆက်အသွယ်ပြတ်သွား





သည်း စိတ်မညစ်ပါနဲ့ကွာ၊ ငါနဲ့သူတို့ဟာ မကြာခဏ ဖူးစာဆုံလေ့ရှိ တယ်၊ ဟဲ… ဟဲ ဒါလည်း ထူးခြားတဲ့တိုက်ဆိုင်မှုတစ်ခုပဲ၊ သူတို့နဲ့ငါ မကြာမီ ပြန်လည်ဆုံတွေ့ရမယ်လို့ ငါယုံတယ်၊ လောလောဆယ်တော့ ငါတို့နှစ်ယောက် တောထဲမှာ အမဲလိုက်ကြမယ်၊ စမ်းချောင်းထဲမှာ ရေကူးကြမယ်၊ အမဲလိုက်လို့ရတဲ့သားကောင်တွေကို မင်းကို တစ်နေ့ တစ်မျိုး မရိုးအောင် ငါချက်ကျွေးမယ်၊ တောထဲမှာမင်းရှိနေတုန်း ငါ့လို တောပုန်းတစ်ယောက်ရဲ့ နေထိုင်မှုဘဝပုံစံကို မင်းမြင်တွေ့ရ မယ်၊ တောထဲမှာနေရတဲ့ငါ့ဘဝဟာ သိပ်ပြီးရိုးရှင်းပါတယ်ကွာ၊ လူ့ဘဝမှာ ရိုးရိုးရှင်းရှင်းနေတာ အကောင်းဆုံးပါ၊ တရားမေ့တွေကို အနှင်ကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ ရိုးရှင်းနိုင်သမျှ ရိုးရှင်းအောင် နေထိုင် ကြတယ်၊ တချို့သော ယောဂီများတွေဟာ အမွေးနံ့သာတွေကို ရှောင်ရှားကြတယ်၊ အဝတ်အစားတွေကိုလည်း ဇီဝရကြီးနဲ့ဆန့်အောင် ဆင်ယင်ထားကြတယ်၊ တကယ်တော့ ယောဂီများတစ်ယောက်ဟာ အဝတ်အစား နှစ်စုံသုံးစုံရှိရင် လုံလောက်ပါပြီကွာ၊ သဘာဝအလိုအရ ယောဂီများစင်စစ်တစ်ယောက်မှာ ကြိုးစားရုန်းကန်မှုတွေ အများကြီး ရှိတယ်ကွ၊ ရှေးဟောင်းတရုတ်လူမျိုးတွေရဲ့ ယဉ်းယန်သဘောတရား အရ ဝိုသတ္တဝါတွေဟာ ကြိုးစားရုန်းကန်တယ်၊ အားထုတ်ကြိုးပမ်း တယ်၊ ခုခံကာကွယ်တယ်၊ ရှေ့ဆောင်လမ်းပြတယ်၊ ဒီလိုသတ္တဝါမျိုး တွေဟာ အလှအပနဲ့အပေါ်ယံကို စိတ်ဝင်စားနေပြီဆိုရင် သဘာဝ နဲ့ ဆန့်ကျင်သလိုဖြစ်နေပြီ၊ တကယ်တော့ သဘာဝတရားကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသတ္တဝါမျိုးမှ သန့်ကျင်လို့မရဘူး၊ သဘာဝနဲ့ လိုက်လျောညီထွေဖြစ်အောင်တော့ ကြိုးစားရမယ်၊ ကမ္ဘာဦးအစက ပေါ်ပေါက်ခဲ့တဲ့ ဒိုင်နိုဆောလို သတ္တဝါကြီးတွေတောင် သဘာဝနဲ့ လိုက်လျောညီထွေမနေနိုင်တဲ့အတွက် ဒီကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားခဲ့ရတယ်၊ ကမ္ဘာပေါ်မှာ နောက်ထပ်ပျောက်ကွယ်သွားရမဲ့ သတ္တဝါတွေ အများကြီးရှိသေးတယ် ”

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက ပေသီးကိုကြည့်၍

“ ခင်ဗျားရဲ့သဘောတရားတွေကို ကြိုက်သွားပြီ၊ ခင်ဗျားရဲ့ ကျုပ်ဟာ စိတ်ချင်းအတော်လေး တိုက်ဆိုင်တယ်၊ ကျုပ်လည်း ယောက်ျားတန်မဲ့ ဟန်ကြီးပန်ကြီးနိုင်တဲ့ကောင်တွေကို သိပ်မုန်းတယ်၊ ခင်ဗျားနဲ့ တောကြီးထဲမှာ အေးအေးဆေးဆေးနေဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ ”

ဟု ပြောလေတော့၏။

ထို့နောက်တွင်မူ မိုးမြေနှင့် ပေသီးသည် လောကကြီးကိုရှောင်၍ တောကြီးထဲတွင် ပျော်ရွှင်စွာနေထိုင်လေတော့၏။ ပေသီးသည် အမဲလိုက်ဝါသနာပါသူဖြစ်ပြီး မိုးမြေကိုခေါ်၍ တောထဲတွင် အမဲလိုက်ကြလေ၏။

ပေသီးသည် ကျွမ်းကျင်သောမုဆိုးကောင်းတစ်ဦးဖြစ်သဖြင့် ကျီငယ်တစ်ကောင်ကို ရရှိ၏။

ပေသီးသည် ကျီငယ်ကိုဖျက်၍ မိုးမြေအား မဆလာနိုင်နိုင်ဖြင့်





ဆီပြန်ဟင်းချက်ပြုတ်ပေးနေ၏။

ပေသီးသည် မုဆိုးကောင်းတစ်ဦးဖြစ်ရုံမက ဟင်းချက်ကောင်းသူတစ်ဦးလည်း ဖြစ်သောကြောင့် မိုးမြေသည် လွန်စွာ ထမင်းစားမြိန်၏။

မိုးမြေတို့သည် အားလပ်သောအချိန်များ၌ စမ်းချောင်းထဲတွင် အတူတူရေကူးကြ၏။

တောထဲတွင် နေထိုင်ပြီး လေးရက်မြောက်သောနေ့တွင် ပေသီးက

“ ငါတို့ အနီးဆုံးရွာကို ခဏသွားကြရအောင်၊ မိုးကွာပြတ်သွားပြီကွ၊ ဆန်ရော၊ ဆီရော၊ ငါးခြောက်ရော မရှိတော့ဘူးကွ ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ပေသီးနှင့် မိုးမြေသည် တောစပ်မှထွက်၍ အနီးဆုံး ရွာတစ်ရွာသို့သွားလေ၏။ ရွာကြီးတစ်ရွာသို့ ရောက်သောအခါ ရွာတောင်ပိုင်းရှိ ကုန်စုံဆိုင်သို့သွား၍ လိုအပ်သောစားနပ်ရိက္ခာများကို ဝယ်ယူလေ၏။

ပေသီးသည် ထိုသို့ဝယ်ယူပြီး ဆိုင်နံရံရှိ အနက်အသားတစ်ခုကို ကြည့်၍ မျက်လုံးပြူးကာ

“ ဟင်… ဒီလက်ဝါးပုံကို ဘယ်သူလာရေးသွားတာလဲ ”

ဟု ဆိုင်ရှင်ကို မေးမြန်းလေ၏။ မိုးမြေက လှမ်းကြည့်လိုက်သောအခါ ဆိုင်၏နံရံတွင် သွေးအနီရောင်ဖြင့် ရေးထားသော



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးပုံစံကို တွေ့ရပြီး လက်ဖဝါးပြင်၌ အနီစက်လေးငါးစက်ကို တွေ့ရလေ၏။

ပေသီး၏အမေးကြောင့် ဆိုင်ရှင်က ခေါင်းကုတ်၍

" ဟုတ်တယ်၊ ကျုပ်လည်း ဒီအနီရောင်လက်ဝါးကြီးကို တွေ့တာကြာပြီ၊ ကျုပ်ဆိုင်မှာ ဘယ်သူလာ လက်သရမ်းသွားလဲ မသိဘူး၊ ရွာထဲက ကလေးတစ်ယောက်ကပြောတော့ ခရီးသွား မိန်းမကြီးတစ်ယောက် လုပ်သွားတယ် ပြောတာပဲ "

ပေသီးသည် မိုက်ခနဲ ဖြစ်သွားပြီး

" ဟိုက်... ဒုက္ခပဲ၊ ကျုပ်အဒေါ်ရောက်လာပြီ၊ အဘွားကြီး ဘာကိစ္စအရေးကြီးလို့ တောထဲထိလိုက်လာတာပါလိမ့် "

ဟု ရေရွတ်လေ၏။ မိုးမြေက ပေသီးကို နားမလည်ဟန်ဖြင့် ကြည့်၍

"အနီရောင်လက်ဝါးကြီးကိုမြင်တာနဲ့ ခင်ဗျား အဒေါ်လို့ ဘာကြောင့် တထစ်ချပြောနိုင်တာလဲ၊ ရွာထဲက အရူးတစ်ယောက် လက်ကမြင်းပြီး လုပ်သွားတာရော မဖြစ်နိုင်ဘူးလား "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ခေါင်းခါယမ်း၍

" အရူးတစ်ယောက်ရဲ့ လက်ချက်မဟုတ်ပါဘူးဗျာ၊ ကျုပ်အဒေါ်ရဲ့လက်ချက်ဆိုတာ သေချာပါတယ်၊ ဒီအဘွားကြီးဖြစ်ကြောင်း သေချာအောင် ဒီအနီးပတ်ဝန်းကျင်မှာ လိုက်ကြည့်ကြရအောင် "





ဟု ပြောကာ ရွာအပြင်သို့ ထွက်၍ အနီးအနားပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်လေ၏။

ထိုအခါ ရွာထိပ်ရှိ မြင်းဖြူရှင်နတ်ကွန်း၏ အနောက်ဘက်တွင် လည်း အနီရောင်လက်ဝါးကြီးကို တွေ့ရလေ၏။

အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များတွင်လည်း အနီရောင် လက်ဝါးရာကြီးကို တွေ့ရပြန်၏။

ထိုအခါ ပေသီးက

" ဒီအဘွားကြီးရောက်နေတာ သေချာပါပြီကွာ၊ အဘွားကြီး တော့ ပြဿနာတစ်ခုတော့ ကြုံတွေ့နေပြီထင်တယ် "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက ပေသီးကို နားမလည် ဟန်ဖြင့် ကြည့်၍

" သေသေချာချာ ရှင်းပြပါဦးဗျာ "

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီးက သက်ပြင်းချ၍

" ဟဲ ဟဲ... ဒီအကြောင်းတွေကိုတော့ ပြောပြရမှာ နည်းနည်း ရှုပ်နေသလိုပဲ၊ ကျုပ်တို့အမျိုးတွေအားလုံးထဲက ယောကျ်ားတွေဟာ မိန်းမကြောက်ရတယ်ကွ၊ ဒါကြောင့် ကျုပ်တို့အမျိုးတွေရဲ့ သင်္ကေတ အမှတ်အသားအဖြစ် လက်ဝါးတံဆိပ်ကို အသုံးပြုကြတယ်၊ ဒီလို အသုံးပြုကြတာလဲ ကျုပ်တို့အမျိုးထဲက ယောကျ်ားတစ်ယောက် ကြောင့် ကျုပ်တို့အမျိုးရဲ့သင်္ကေတဟာ လက်ဝါးတံဆိပ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတော့တာပဲ၊ နောက်တော့ ကျုပ်တို့အမျိုးရဲ့ အလှူပြုတဲ့ မဏ္ဍပ်တွေ၊ စီးပွားရေး လုပ်ငန်းတွေမှာ လက်ဝါးတံဆိပ်ကို အသုံးပြုကြတယ် ”

ဟု ပြောလေရာ မိုးမြေက တဟားဟားရယ်မော၍

“ ဟဲ ဟဲ… ခင်ဗျားတို့အမျိုးရဲ့ အမှတ်အသားက ရယ်စရာကြီးပါလား၊ ဒါနဲ့ လက်ဝါးထဲမှာ ရေးထားတဲ့အစက်လေးငါးစက်က ဘာအဓိပ္ပါယ်လဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီးက ရယ်မော၍

“ တကယ်တော့ ဒီအနီစက် ငါးစက်ဟာ ပန်းပွင့်လေးငါးပွင့်ကွ၊ ဒါဟာ ကျုပ်တို့အမျိုးထဲမှာရှိတဲ့ ရှားရှားပါးပါး ယောကျ်ားတစ်ယောက်ကို ဂုဏ်ပြုထားတာ၊ ဘာဖြစ်လို့ ဂုဏ်ပြုထားရတာလဲ ဆိုတော့ သူဟာ မိန်းမကြောက်ရတဲ့ မျိုးနွယ်ဝင်တွေကြားထဲမှာ ရှားရှားပါးပါး မိန်းမငါးယောက်ကို တစ်ပြိုင်တည်းယူထားနိုင်လို့ပဲ ”

ဟု ပြောလေရာ မိုးမြေသည် ပေသီး၏စကားကို သဘောကျ၍ တဟားဟား ရယ်မောလေတော့၏။ မိုးမြေက

“ လက်ဝါးတံဆိပ်တွေဟာ ခင်ဗျားတို့မျိုးနွယ်ရဲ့ အမှတ်အသားဆိုတော့ ဟုတ်ပါပြီ၊ ဒီလက်ဝါးတံဆိပ်ရေးခဲ့တဲ့လူဟာ ခင်ဗျား အခေါ်ဆိုတာ ဘယ်လိုလုပ်သိသလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက





“ ငါ့အဒေါ်ကြီးက ရိုးမတောကြီးထဲမှာ ငါရှိနေတယ်ဆိုတာ စိုးရိမ်စိတ်စားမိပါတယ်ကွ၊ ဒါကြောင့် ငါ့ကိုတွေ့ချင်တော့ ရိုးမတောအနီးက ရွာတွေမှာ လက်ဝါးတံဆိပ်တွေ လိုက်ကပ်ထားတာပဲ၊ လွန်ခဲ့တဲ့နှစ်က မန္တလေးမဟာမြတ်မုနိဘုရားကြီးမှာ အဒေါ်နဲ့ဆုံတော့ ရိုးမတောအနီးက ရွာလေးတွေမှာ ဈေးထွက်ဝယ်ကြောင်း ပြောခဲ့ဖူးတယ်၊ ဒါကြောင့် ငါ့နောက်ကို ခြေရာခံပြီးလိုက်နိုင်တာ အဒေါ်ပဲဖြစ်မယ်လို့ ငါရိပ်စားမိတယ် ”

ဟု ပြောလေ၏။

ထိုအခါ မိုးမြေက သက်ပြင်းချ၍

“ ဒါဆိုရင် ခင်ဗျားအဒေါ်မှာ ခင်ဗျားနဲ့တွေ့ချင်တဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေပြီထင်တယ် ”

ဟု ပြောလေ၏။

ပေသီးက အဝေးဆီသို့ ငေးကြည့်၍

“ ဟုတ်တယ်၊ အဒေါ်မှာ အရေးကိစ္စတစ်ခုတော့ ရှိနေပြီထင်တယ်၊ ငါ့အထင်တော့ ဒီလောက်ဝေးလံတဲ့နေရာအထိ ငါ့ကို လိုက်ပြီးရှာတယ်ဆိုရင် ငါတို့မျိုးနွယ်မှာ အန္တရာယ်တစ်ခုခုတော့ ကြုံတွေ့နေရပြီထင်တယ် ”

ဟု ရေရွတ်ရင်း လက်သီးကိုဆုပ်လိုက်လေ၏။ ထိုအခိုက်တွင် ငှင်းတို့အနီးရှိ ခရပ်ပေါ်မှ

“ သိပ်ဟုတ်တာပေါ့ပေသီးရယ်၊ နင်မဆိုးဘူး၊ ဦးစားမြော်မြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းရှိတယ်၊ ငါတို့မျိုးနွယ်တွေမှာ ဒုက္ခနဲ့ကြုံတွေ့နေရပြီ ”

ဟူသောအသံကို ကြားရလေ၏။

ထိုအခါ ပေသီးသည် ဧရပ်ပေါ်သို့ ကြည့်လိုက်သောအခါ လွန်စွာမြင့်မားဝါသသော အမျိုးသမီးကြီးတစ်ဦး ဆင်း၍လာလေ၏။ ပေသီးက ထိုအမျိုးသမီးကိုကြည့်ရင်း

“ အဒေါ်... ”

ဟု အော်ဟစ်လိုက်လေ၏။ အမျိုးသမီးကြီးက ပေသီး၏ခေါ်သံကြောင့် မကျေမချမ်းကြည့်၍

“ ဟဲ့ကောင် ပေသီး... နင်ငါ့ကို အဒေါ်လို့ မှတ်မိနေသေးသလား၊ မင်းဟာ မိဘရှိပြီး မိဘနဲ့အတူမနေဘူး၊ ဘုန်းကြီးကျောင်းမှာသွားပြီး ကပ်ပွယ်လုပ်နေတယ်၊ ဘုန်းကြီးတွေဆီက အတတ်ပညာမျိုးစုံကို သင်ယူပြီး ကိုယ့်ကိုယ်ကိုဟုတ်လှပြီလို့ မှတ်နေတယ်၊ မြို့ကိုလည်း ပြန်မလာတော့ဘူး၊ ငါတို့မှာ ဘယ်လောက်ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့နေတယ်ဆိုတာ မင်းသိရဲ့လား”

ဟု ပြောလေ၏။ ထိုအခါ ပေသီးက မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

“ အဒေါ်တို့မှာ ဘာပြဿနာရှိလို့လဲ၊ ကျုပ်ကိုပြောပါ၊ ကျုပ်ဟာ အမျိုးအဆွေကိုစွန့်ပြီး တစ်ကိုယ်တည်းနေလာခဲ့တာ အတတ်ပညာမျိုးစုံကို သင်ယူချင်လို့ဗျ၊ သူတစ်ပါးကိုစွမ်းဆုံကို ကူညီ ဖြေရှင်းပေးခဲ့ပြီးပြီ၊ ကျုပ်တို့အမျိုးအဆွေရဲ့ပြဿနာကို ကျုပ် ကူညီ



ဖြေရှင်းပေးရမှာပေါ့၊ ဘယ်လိုပြဿနာကြုံနေလို့လဲ ”

ဟု ပြောလေ၏။

ထိုအခါ အဒေါ်ကြီးက

“ ဒီပြဿနာရဲ့အစဟာ နင့်အဖေ ဦးလောဘပဲ၊ နင့်အဖေကြောင့် ငါ့ယောကျ်ား ကိုအောင်မောင်း ဒုက္ခရောက်ခဲ့ရတယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက စိတ်လှုပ်ရှားစွာဖြင့်

“ ဘယ်လိုဒုက္ခရောက်တာလဲ၊ ဦးလေး ဦးအောင်မောင်း သေပြီလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ အဒေါ်ကြီးက ပေသီးကို မကျေမချမ်း ကြည့်၍

“ ဟဲ့ကောင်... နင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းနဲ့၊ ငါ့ ငါ့ယောကျ်ားဟာ ရှီးမြေကျပေါင်းသင်းပါမယ်လို့ ဘုရားမှာ သစ္စာဆိုပြီးသားဟဲ့၊ ငါ့ယောကျ်ားဟာ သေသွားတာမဟုတ်ဘူး၊ ပျောက်သွားတာ၊ ငါ့ယောကျ်ားပျောက်သွားတာလည်း ထူးဆန်းတယ်၊ အကယ်တော့ ငါ့ယောကျ်ားပျောက်သွားတာ နင့်အဖေဦးလောဘကြောင့် ဓါးစာခံ ဖြစ်သွားရတာပဲ ”

ဟု ပြောလေ၏။

အဒေါ်ကြီး၏စကားကြောင့် ပေသီးက စိတ်ဝင်စားစွာဖြင့် မေးမြန်းလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းမကြီးက

" နင်အမေဟာ ဆေးဆရာကြီးဖြစ်ပြီး ဘုရားတရားကို အလွန်ကြည်ညိုတယ်၊ ရပ်ရေးရွာရေးကိစ္စတွေမှာလည်း ရှေ့ဆုံးက ပါဝင်နေတယ်ဆိုတာ မင်းသိပြီးသားပဲ၊ ငါ့ယောက်ျား အောင်မောင်းကတော့ နင့်အမေနဲ့ အမြွာညီအစ်ကိုသာဖြစ်ပေမဲ့ အရာရာမှာ ဆန့်ကျင်ဘက်ပဲ၊ နင့်အမေက တစ်မြို့လုံးကလေးစားရတဲ့ ဆေးသမားတော်ကြီး ငါ့ယောက်ျားကတော့ အရက်သောက်၊ ဖဲရိုက်ပြီး မကောင်းမှုမျိုးစုံ အကုန်လုပ်တဲ့လူပဲ၊ သူတို့နှစ်ယောက်ဟာ စိတ်ဓာတ်ချင်း မိုးနဲ့မြေလို ကွာခြားကြပေမဲ့ အမြွာညီအစ်ကိုပီပီ တစ်ယောက်ကိုတစ်ယောက် အင်မတန်ချစ်ကြတယ်၊ နင့်အမေအတွက် ငါ့ယောက်ျားက ဓားစာဖြစ်သွားရတာပါ၊ ငါတို့မြို့မှာ နင့်အမေ ဆေးဆရာကြီး ဦးလောဘကို မနာလိုဝန်တိုဖြစ်နေတဲ့ ဘုရားလူကြီးအမည်ခံ စက်သူဌေးဦးသော်တာဆိုတဲ့ လူရှိတယ်၊ ဦးသော်တာဟာ အင်မတန်စိတ်ဓာတ်ယုတ်မာတယ်၊ နင့်အမေက ဘုရားတရားကြည်ညိုပြီး သီလ၊ သမာဓိရှိလို့ မြောချုံမှာ လူကြီးဖြစ်နေတာကို စက်သူဌေး ဦးသော်တာက မနာလိုမရှုစိတ်ဘူး၊ ဒါကြောင့် မြောချုံမှာ တရားအစည်းအဝေးပွဲတွေလုပ်ပြီဆိုရင် မင်းအမေ ဦးလောဘ မဖြေနိုင်တဲ့မေးခွန်းတွေ ကပ်သပ်ပြီး မေးလေ့ရှိတယ်၊ အဲဒီညက မြို့ပေါ်မှာရှိတဲ့ စေတီငယ်လေးတစ်ဆူကို ပြန်လည်ပြုပြင်ဖို့ အစည်းအဝေးလုပ်မဲ့ညဖြစ်တယ်၊ စက်သူဌေး ဦးသော်တာဟာ စိတ်ယုတ်မာရှိသူဖြစ်ပြီး အဲဒီညမှာ စေတီတော်လေး ပြုပြင်ဖို့အတွက်





နင့်အမေတစ်ယောက်တည်း လှူဒါန်းဖို့ တိုက်တွန်းလိမ့်မယ်၊ စက်သူဌေး ဦးသော်တာဟာ စိတ်ယုတ်မာရှိသူဖြစ်ပြီး ဂျပိုးကိုလည်း လိပ်ဖြစ်အောင် ပြောလေ့ရှိတယ်၊ လူတွေနားလည်အောင်လည်း မိန်းမတစ်ယောက်လို လှည့်ပတ်ပြီး ပြောတတ်တယ်၊ ဒါကြောင့် အဲဒီည အစည်းအဝေးကို နင့်အမေတက်ရင် ဦးသော်တာရဲ့ ထောင်ချောက်ထဲကို ရောက်မယ်ဆိုတာ ကြိုတင်ပြီး ရိပ်စားမိတယ်၊ နင့်အမေ ဦးလောဘက အဲဒီညက မြောချုံမှာလုပ်တဲ့ အစည်းအဝေးကို တက်ဖို့ အတော်လေးထိတ်လန့်နေတယ်၊ ဒီအကြောင်းကို ငါ့ယောက်ျား အောင်မောင်းကသိတော့ မကျေမချမ်းဖြစ်သွားတယ်၊ နင့်အမေဟာ သမားတော်ကြီးဖြစ်ပြီး သီလသမာဓိရှိလို့ တစ်မြို့လုံးက လေးစားကြပေမဲ့ ငါ့ယောက်ျားအောင်မောင်းလောက်တော့ သူတစ်ပါး ကျေလောက်အောင် မပြောတတ်ဘူး၊ ဒါကြောင့် ငါ့ယောက်ျားဟာ နင့်အမေကိုယ်စား အစည်းအဝေးကိုသွားဖို့ ကြံစည်တယ်၊ သူတို့နှစ်ယောက်ဟာ အမြွာညီအစ်ကိုတွေဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ခွဲမရအောင်တူညီတဲ့အတွက် နင့်အမေဝတ်နေကျ အဝတ်အစားတွေဝတ်ပြီးသွားမယ်ဆိုရင် မြောချုံကလူတွေ မရိပ်မိနိုင်ဘူး၊ အဲဒီညက ငါ့ယောက်ျား မြောချုံကိုရောက်တော့ ထင်တဲ့အတိုင်း စက်သူဌေး ဦးသော်တာရဲ့ထောင်ချောက်နဲ့ ရင်ဆိုင်ရတယ်၊ ဒါပေမဲ့ ငါ့ယောက်ျားအောင်မောင်းဟာ ဦးသော်တာထက် စကားအပြောအဆို လည်ဝယ်တဲ့အတွက် အလှူငွေတွေကို စက်သူဌေး ဦးသော်တာတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်း အရှားဆုံးထည့်လိုက်ရတယ် ”

ဟု ပြောလေ၏။

ပေသီးနှင့်မိုးမြေသည် အဒေါ်ကြီး၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ထို့နောက် အဒေါ်ကြီးက ဆက်လက်၍

“ အဲဒီညက မျှော်ရုံလူကြီးတွေနဲ့ အစည်းအဝေးမှာ ငါ့ယောကျ်ားဟာ စကားကို ရေပက်မဝင်အောင်ပြောပြီး အားလုံးရဲ့ ထောက်ခံမှုကို ရအောင်ယူခဲ့တယ်၊ အဲဒီညက ငါ့ယောကျ်ားဟာ ညဉ့်နက်တဲ့အခါကျမှ ဘုရားလူကြီးကိုနှုတ်ဆက်ပြီး မျှော်ရုံက ပြန်ခဲ့တယ်၊ ဒါပေမဲ့ ငါ့ယောကျ်ားဟာ ဒီအချိန်ကစပြီး အိမ်ကို ပြန်မရောက်တော့ဘူး၊ ပျောက်ချင်းမလှပျောက်သွားတယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက လက်သီးဆုပ်၍

“ ဒါဆိုရင် ဦးလေးအောင်မောင်း မရှိတော့ဘူးပေါ့၊ ဦးလေး ဘယ်ကိုရောက်သွားလဲ၊ အဒေါ်တို့ မစုံစမ်းဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ အဒေါ်က အဝေးဆီသို့ လှမ်းမျှော်ကြည့်၍

“ မစုံစမ်းဘဲ နေပါ့မလားဟယ်၊ သူဘယ်ကို ရောက်သွားသလဲ ဆိုတာ မရ ရအောင် စုံစမ်းခဲ့တာပေါ့၊ ဒီကိစ္စဟာ နင့်အဖေ ဆေးဆရာကြီးဦးလောဘနဲ့ ဆက်စပ်နေတယ်ဟဲ့၊ ဘာကြောင့်လဲ





ဆိုတော့ ငါ့ယောကျ်ားကို ဖမ်းသွားတဲ့လူတွေဟာ သူ့ကို အရက်သမား၊ ဖဲသမားလို့ထင်မြင်ပြီး ဖမ်းသွားကြတာမဟုတ်ဘူးဟဲ့၊ နင့်အဖေ သမားတော်ကြီး ဦးလောဘထင်ပြီး ဖမ်းသွားကြတာ၊ တကယ်တော့ နင့်အဖေရဲ့ရှုပ်ပြီးရှုပ်စတွေကို ငါ့ယောကျ်ားက ကြားထဲကနေ ခါးစာခံဖြစ်သွားခဲ့တာပဲ ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက မျက်မှောင်ကြုတ်၍

“ ကျုပ်အဖေမှာ ဘယ်လိုရှုပ်ပြီးရှုပ်စတွေ ရှိမှာလဲ၊ အဖေဟာ လူတွေကို ကယ်တင်နေတဲ့ ဆေးသမားတော်တစ်ယောက်ပဲ၊ ဦးလေး အောင်မောင်းကို အဖေလို့ထင်ပြီး ဖမ်းသွားတယ်ဆိုရင် အခုချိန်မှာ အဖေ့အတွက် အန္တရာယ်ရှိနေမှာပေါ့ ”

ဟု ပြောလေ၏။

ထိုအခါ အဒေါ်ကြီးက ခေါင်းညိတ်၍

“ နင့်အဖေဟာ ဒီအချိန်မှာ ဆေးဆရာကြီး ဦးလောဘအနေနဲ့ ရှိမနေဘူး၊ အရက်သမား၊ ဖဲသမား၊ ကြက်သမားအောင်မောင်းအနေနဲ့ပဲ မြို့ပေါ်မှာနေထိုင်တယ် ”

ဟု ပြောလေ၏။ အဒေါ်ကြီး၏စကားကြောင့် ပေသီးသည် မျက်လုံးပြူးသွားပြီး

“ ဟင်... ဒါဆိုရင် အဖေဟာ ဦးလေးအောင်မောင်းလို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နေပြီပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ အဒေါ်ကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ သူ့ရဲ့အသက်အန္တရာယ်အတွက် ဒီလိုကာကွယ်မှ ဖြစ်တော့မယ်၊ သေသေချာချာစဉ်းစားကြည့်ရင် ရယ်စရာလည်းကောင်းတယ်၊ နင့်အဖေဟာ တစ်သက်လုံး ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ဟန်ဆောင်ပြီး အများရဲ့ရှေ့မှာ နေခဲ့ရတယ်၊ အခုလို ဂုဏ်သိက္ခာတွေကို စွန့်လွှတ်ပြီး စိတ်လွတ်ကိုယ်လွတ်နေထိုင်ရတဲ့ဘဝကို သူနှစ်သက်လာတယ်၊ အရင်တုန်းက ဟန်ဆောင်ပြီး နေရတဲ့ဘဝဟာ အလွန်ပင်ပန်းတာပဲတဲ့၊ အခုတော့ သူ့ဘဝမှာ ဟန်ဆောင်လိမ်ညာမှုတွေ မရှိတော့ဘူး၊ အရာရာဟာ လွတ်လပ်ပွင့်လင်းသွားပြီ၊ အရာရာကို ရင်ထဲမှာရှိတဲ့အတိုင်း ပြောချင်မှ ပြောနိုင်ပြီ၊ အရက်မူးပြီး လမ်းဘေးမှာအိပ်ရတဲ့စည်းစိမ်ကို သူနှစ်သက်နေပြီ၊ ဘဝမှာ အများကြီးဟန်ဆောင်လာတဲ့သူဟာ ဟန်ဆောင်မှုတွေနဲ့ ဝေးတဲ့နေရာမှာ နေချင်ကြတာ မဆန်းပါဘူး "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက မျက်မှောင်ကြုတ်၍

" ဦးလေး ဦးအောင်မောင်းကို ကျုပ်အဖေအမှတ်နဲ့ ဖမ်းဆီးသွားတယ်ဆိုတော့ အဖေမှာ ရန်ငြိုးရန်စတွေရှိနေပြီလား "

ဟု မေးမြန်းလေ၏။

ထိုအခါ အဒေါ်ကြီးက ခေါင်းညိတ်၍



" သိပ်ရှိတာပေါ့၊ မင်းအဖေဟာ ဆေးသမားတော်ကြီးဆိုပေမဲ့ သူ့ကို အရှင်လတ်လတ် ငရဲပြည်ပို့ချင်တဲ့လူတွေ အများကြီးရှိပုံရတယ်၊ မင်းအဖေဟာ သူ့ညီအောင်မောင်းကို လူဆိုးတွေဖမ်းဆီးသွားပြီဆိုတာ သိတော့ အလွန်ထိတ်လန့်သွားဟန်ရှိတယ်၊ ဒါကြောင့် သူတစ်သက်လုံး လုပ်တဲ့ အလုပ်တွေကိုလုပ်ပြီး ဟန်ဆောင်ထားတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ ပေသီးက မျက်မှောင်ကြုတ်၍

" အဖေ့ရဲ့ရန်သူဆိုတာ ဘယ်သူလဲ၊ ကျုပ်သိချင်တယ်၊ ကျုပ်ကို မြန်မြန်ပြောစမ်းပါဗျာ "

ဟု ပြောလေ၏။ ထိုအခါ အဒေါ်ကြီးက သက်ပြင်းချ၍

" မင်းအဖေဟာ ပြိုင်စံရှားတဲ့ ဆေးဆရာကြီးတစ်ယောက်ပဲ၊ သူ့ရဲ့ ရန်ငြိုးရန်စဟာ ဆေးပညာနဲ့ပဲ ပတ်သက်နေတာပေါ့၊ တကယ်တော့ ဒီကိစ္စမှာ သေဆုံးသွားတဲ့ မင်းညီမလေးနဲ့လည်း ပတ်သက်နေတယ်"

ဟု ပြောလေ၏။

ထိုအခါ ပေသီးက အံ့ဩဟန်ဖြင့်ကြည့်၍

" ဘာ... ကျုပ်ညီမလေးနဲ့လည်း ပတ်သက်နေတယ် ဟုတ်လား၊ ညီမလေးသေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား၊ ကျုပ်ကို အမှန်အတိုင်း ပြောစမ်းပါဗျာ "

ဟု ပြောလေ၏။

ထိုအခါ အဒေါ်က အဝေးဆီသို့ ငေးကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



" မင်းဟာ မိသားစုမှာမနေဘဲ မြန်မာပြည်အရပ်ရပ်ကို လှည့်လည်နေတော့ မင်းညီမလေး ဘာဖြစ်နေတယ်ဆိုတာ မင်းမသိနိုင်ခဲ့ဘူး။ ငါတို့ဟာ ဒီအကြောင်းတွေကို မပြောခဲ့တာဟာ ရန်ငြိုးရန်စတွေ ရှည်မှာစိုးလို့ပဲ၊ တကယ်တော့ မင်းညီမလေးဟာ ငါတို့အားလုံး ဝိုင်းတားတဲ့ကြားကပဲ အင်္ဂလိပ်အစိုးရကို ပုန်ကန်တော်လှန်တဲ့ ယန်းကိုးပွင့်ဆိုတဲ့အဖွဲ့ထဲကို ဝင်သွားခဲ့တယ် "

ဟု ပြောလေရာ ပေသီးက အလွန်အံ့သြဟန်ဖြင့် ကြည့်၍

" ဘာ... ကျုပ်ညီမလေးဟာ ယန်းကိုးပွင့်အဖွဲ့ထဲကို ဝင်သွားခဲ့တယ် ဟုတ်လား၊ ဒါတွေကို ကျုပ်မသိခဲ့ရပါလား၊ ကျုပ်ကို အဒေါ်တို့ ဘာဖြစ်လို့ မပြောခဲ့တာလဲ၊ ဒါဆိုရင် ညီမလေးဟာ ဘာကြောင့် သေရတာလဲ၊ အဲဒီလူတွေကို ကျုပ်လက်စားချေမယ် "

ဟု လက်သီးဆုပ်၍ မေးမြန်းလေ၏။

ထိုအခါ အဒေါ်ကြီးက လက်သီးဆုပ်၍

" စိတ်ကိုလျှော့လိုက်စမ်းပါ ပေသီးရယ်၊ မင်းညီမလေးဟာ မိဘတွေတားထားတဲ့ကြားက ယန်းကိုးပွင့်အဖွဲ့ထဲကိုဝင်တယ်၊ ပြီးတော့ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်တဲ့အလုပ်တွေကိုလုပ်တယ်၊ ဒီလိုလုပ်ရင်းနဲ့ ရှမ်းပြည်နယ်ဘက်မှာ အင်္ဂလိပ်အစိုးရရဲ့ ပစ်ခတ်ဖမ်းဆီးခြင်းကို ခံလိုက်ရတယ်၊ ဒါကြောင့် မင်းညီမလေး အသက်ဆုံးခဲ့ရတာပဲ "

ဟု ပြောလေ၏။



ပေသီးက မျက်လုံးကိုမှိတ်၍ ဝမ်းနည်း ကြေကွဲဟန်ဖြင့် တခဏမျှ ငြိမ်သက်နေလေ၏။

ထို့နောက် ပေသီးက

" ဪ ညီမလေးဟာ အင်္ဂလိပ်နယ်ချဲ့တွေ လက်ချက်နဲ့ အသက်ဆုံးရတာပဲ၊ ဆက်ပြောပါဦးဗျာ "

ဟု ပြောလေ၏။

အဒေါ်ကြီးက ဆက်လက်၍

" မင်းအဖေဟာ သူ့ရဲ့သမီးကို ခေါ်ဆောင်သွားတဲ့ ယန်းကိုးပွင့်အဖွဲ့က လူတွေကို သိပ်စိတ်နာတယ်၊ ဒီမိန်းမတွေ မြူဆွယ်ပြီး ခေါ်ဆောင်သွားတဲ့အတွက် သူ့သမီး အသက်သေခဲ့ရတယ်လို့ ယူဆတယ်၊ ဒါကြောင့် ယန်းကိုးပွင့်အဖွဲ့ အကူအညီတောင်းတာကို လက်မခံခဲ့ဘူး၊ သမားတော်တစ်ယောက်ရဲ့စည်းကိုဖောက်ပြီး ယန်းကိုးပွင့်အဖွဲ့ထဲက လူတစ်ယောက်ကို ဆေးမကုဘဲ ထားခဲ့တယ်၊ ဒါကြောင့် သူတို့အဖွဲ့က မင်းအဖေကို ရန်ငြိုးဖွဲ့ခဲ့တာပဲ "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက လက်သီးဆုပ်၍

" ယန်းကိုးပွင့်အဖွဲ့ မိန်းမတွေ ရူးနေပြီလား၊ မြန်မာပြည်မှာ ကျုပ်အဖေတစ်ယောက်ပဲ ရှိတာလား၊ ဒီပြင် ဆေးဆရာတွေ အများကြီးရှိတယ်၊ သူတို့ကိုသွားပြီး ကုခိုင်းပါလား၊ ကျုပ်အဖေ ဆေးမကုလို့ ရန်ငြိုးဖွဲ့ရသလား "

——— စစေတာနာတာဝေ ———

www.burmeseclassic.com

www.burmeseclassic.com



ဟု မချိုတင်ကဲဟန်ဖြင့် ပြောလေ၏။ ထိုအခါ အဒေါ်ကြီးက ခေါင်းခါယမ်း၍

" ပန်းကိုးပွင့်အဖွဲ့ရဲ့ ခေါင်းဆောင်မိန်းကလေးဆီမှာ အလွန်ထူးဆန်းလျှို့ဝှက်ပြီး ကြောက်စရာကောင်းတဲ့ ရောဂါတစ်မျိုးကို ခံစားနေရတယ်၊ ဒီရောဂါမျိုးကို ကုသနိုင်တဲ့လူဟာ မင်းအဖေတစ်ယောက်ပဲ ရှိတယ်၊ ပန်းကိုးပွင့်အဖွဲ့ရဲ့ ခေါင်းဆောင်ကိုယ်တိုင်က ဆေးပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပေမဲ့ သူ့ကိုယ်မှာဖြစ်နေတဲ့ဝေဒနာကိုတော့ သူကိုယ်တိုင်ပြန်ပြီး မကုသနိုင်ခဲ့ဘူး ဒီဝေဒနာကို ကုသနိုင်တဲ့လူက မြန်မာပြည်မှာ မင်းအဖေတစ်ယောက်တည်းရှိတယ်လို့ ဆိုတယ်၊ ပန်းကိုးပွင့်အဖွဲ့ဟာ မင်းအဖေ ဦးလောဘဆီကို အကြိမ်ကြိမ်လာရောက်တွေ့ဆုံပြီး သူတို့လူနာကို ဆေးကုသပေးဖို့ တောင်းဆိုခဲ့တယ်၊ ဒါပေမဲ့ မင်းအဖေ ဦးလောဘဟာ သင်းအတွက် ပန်းကိုးပွင့်အဖွဲ့ကို ရန်ငြိုးရန်စထားပြီး ဘယ်တော့မှ ဆေးမကုပေးတော့ဘူးလို့ ငြင်းဆိုခဲ့တယ်၊ ပန်းကိုးပွင့်အဖွဲ့ဟာ မင်းအဖေကို အနုနည်းနဲ့ ခေါ်ဆောင်ခဲ့တာကြာပါပြီ၊ မင်းအဖေ စိတ်ဆိုးနေမှန်းသိလို့ အဖိုးတန်လက်ဆောင်ပစ္စည်း အများကြီးပေးပြီး သူတို့လူနာကို ဆေးကုပေးဖို့ တောင်းဆိုခဲ့တယ်၊ ဒါပေမဲ့ မင်းအဖေကတော့ ခေါင်းမာပြီး ဘူးဆိုရင်ဖရုံမသီးတတ်တဲ့ လူမျိုးဖြစ်တဲ့အတွက် ပန်းကိုးပွင့်အဖွဲ့ကို ငြင်းပယ်ခဲ့တယ်၊ ဒါကြောင့် ပန်းကိုးပွင့်အဖွဲ့ဟာ မင်းအဖေကို မရ,ရအောင် ဖမ်းဆီးခေါ်ဆောင်ဖို့ ဖြစ်လာတယ်





ဆင်တယ်၊ အခုတော့ မင်းအဖေကိုယ်တိုင် ငါ့ယောက်ျားအောင်မောင်းတော့ ပန်းကိုးပွင့်အဖွဲ့ထဲကို ပါသွားရှာပြီ"

ဟု ပြောလေ၏။ ထိုအခါ ပေသီးက မျက်မှောင်ကြုတ်၍

" ပန်းကိုးပွင့်အဖွဲ့ဟာ အရင်တုန်းက ကျုပ်နဲ့ ကောင်းကောင်းရှင်းရှင်း ရှိတယ်၊ ဒါပေမဲ့ အခုတော့ ကျုပ်တို့မျိုးနွယ်နဲ့ လာပြီးပတ်သက်နေပြီဆိုတော့ ထိပ်တိုက်တွေ့ကြပြီပေါ့၊ ဒီမိန်းမတွေဟာ အင်္ဂလိပ်အစိုးရကို တွန်းလှန်နေတယ်ဆိုပေမဲ့ သူတို့လုပ်ချင်တာကို မှားမိုက်မိုက် လုပ်လေ့ရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်အဖေကို ကာကွယ်ရမယ်၊ ကျုပ်အဖေဟာ ဆေးသမားတော်ကြီး တစ်ဦးဖြစ်တဲ့အတွက် သူဆေးမကုချင်တဲ့လူကို မကုသဘူးလို့ ငြင်းပယ်ခွင့်ရှိတယ် "

ဟု ပြောရင်း မိုးမြေဘက်သို့လှည့်ကာ

" ဒီမှာ မိုးမြေ၊ မင်းနဲ့ကျုပ် ရည်ရွယ်ချက်ချင်းတူသွားပြီ၊ မင်းလည်း ပန်းကိုးပွင့်အဖွဲ့ကို ရှာဖွေဖို့ ရည်ရွယ်ချက်ရှိတယ်၊ မီးပုံးပျံစီးလာတဲ့ မိန်းမဟာ အဘိုးကြီးသုံးယောက်ဆီက မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့တဲ့ ယမင်းသူစာရုပ်လေးကို ယူသွားပြီးပြန်မပေးခဲ့ဘူး မဟုတ်လား၊ ဒီတော့ မင်းနဲ့ကျုပ် နှစ်ယောက်ပေါင်းပြီး ပန်းကိုးပွင့်အဖွဲ့ကို ရှာဖွေကြမယ် "

ဟု ပြောလေ၏။

မိုးမြေသည် ပေသီး၏စကားကြောင့် စိတ်အားတက်ကြွသွားပြီး လက်သီးကိုဆုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းပြီ၊ ကျုပ်တို့နှစ်ယောက်ပေါင်းပြီး ပန်းကိုးပွင့်အဖွဲ့ကို
ရှာဖွေရင် တစ်နေ့နေ့မှာ ကျုပ်တို့နဲ့ ထိပ်တိုက်တွေ့မှာ သေချာတယ်
ဒီအခါကျရင် သူတို့အဖွဲ့နဲ့ မျက်နှာစုံညီ ဖြေရှင်းရတော့မှာပေါ့ "

ဟု ပြောလေ၏။

ထိုအခါ ပေသီး၏အဒေါ်က ဝင်ရောက်၍

" မင်းတို့နှစ်ယောက်ပေါင်းပြီး ပန်းကိုးပွင့်အဖွဲ့ကို ရှာဖွေကြ
တော့မယ်ပေါ့၊ ကောင်းတယ်၊ ကောင်းတယ်၊ မိန်းမတွေဖြစ်ပြီး
ဒီလောက်လူတွင်ကျယ်လုပ်နေတာ၊ နင်တို့ယောက်ျားတွေ ညံ့လိုက်
ပါနဲ့ နေရာချင်းတောင် လဲလိုက်ချင်တယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိုးမြေတို့သည် ပေသီး၏ ဇာတိမြို့သို့ သွား
ရောက်ရန် ပြင်ဆင်ကြလေ၏။

ပေသီး၏ဇာတိမြို့သို့ ကားတစ်တန် ရထားတစ်တန် သွား
ရောက်ရလေ၏။

လမ်းခရီး၌ မိုးမြေက

" ပန်းကိုးပွင့်ဂိုဏ်းဟာ ကျုပ်မိတ်ဆွေ လူ့ဖွစာအတိုင်း
သုံးယောက်ဆီက ဆေးကုသရာမှာ အစွမ်းထက်တယ်ဆိုတဲ့ ယ
ရွှေစင်ရုပ်လေးကို ယူသွားကြတယ်၊ ဒါဟာ ပန်းကိုးပွင့်ဂိုဏ်း
ခေါင်းဆောင်အမျိုးသမီးရဲ့ ရောဂါကိုကုသဖို့ဖြစ်မယ် ထင်တယ် "

ဟု ပြောလေ၏။ မိုးမြေ၏စကားကြောင့် ပေသီးက မျက်မှော





ကြုတ်၍

" ပန်းကိုးပွင့်ဂိုဏ်းရဲ့ခေါင်းဆောင်မိန်းမက ဘယ်လိုရောဂါမျိုး
ကို ခံစားနေရတာလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းတယ်၊ ကျုပ်
အထင်တော့ သူဟာ သူရဲ့ခြောက်တဲ့အိမ်ကြီးမှာတွေ့ရတဲ့ မိန်းမလှပဲလို့
ထင်မိတယ်၊ မိန်းမလှရဲ့ကျောပြင်လေးကို ရွှေရောင်အပ်ကလေးတွေ
ထိုးဆိုက်ပြီး ဆေးကုနေတာ ငါ့မျက်လုံးထဲက ဒီနေ့ထိမမေ့ဘူး၊ သူဟာ
ဘာဖြစ်လို့ ဒီလိုကြောက်စရာကောင်းတဲ့ရောဂါမျိုးကိုရနေတာလဲ "

ဟု ရေရွတ်လေ၏။

မိုးမြေသည် ပေသီးကို စကားမတုံ့ပြန်တော့ဘဲ အဝေးဆီမှ
မှိုင်းညို့ညို့တောင်တန်းကြီးများကိုသာ ငေးကြည့်နေမိတော့၏။

ပန်းအိမ် ကွန်ပျူတာ
သိုင်းအမှတ်(၇) မျက်နှာတတန်း ကျောက်မြောင်းဈေး



www.burmeseclassic.com

www.burmeseclassic.com



မိုးရထားနှင့် ကားလမ်းဆုံရာ မြို့တစ်မြို့၏ အရက်ဆိုင်လေး၌ ညနေစောင်းအချိန်ဖြစ်၍ လူများဖြင့် စည်ကားပြည့်နှက်နေ၏။

ထိုအရက် ဆိုင်လေး၏ ဒေါင့်တစ်နေရာတွင် အရက်သမား ငါးဦးရှိနေပြီး ၄င်းတို့အနက် ဖိန့်လိုလိုအဖိုးကြီးသည် ထိုခေတ်က လွန်စွာကျော်ကြားသော မင်းသားကြီးဖိုးစိန်၏သီချင်းကို အော်ဟစ် သီဆိုနေလေ၏။

ထိုအဘိုးကြီးသည် အရက်ဆိုင်၌ အသောင်းကျန်းဆုံးဖြစ်ပြီး အဘိုးကြီး၏သီချင်းသံကြောင့် ဆိုင်ထဲရှိ လူတစ်ယောက်က

" ဦးအောင်မောင်းတော့ ခုတစ်လော ဝိုပြီးသောင်းကျန်းလာ တယ်ဟေ့၊ အသက်ကြီးမှာ ဝိုပြီးပျက်စီးလာတဲ့ သဘောပေါ့ "





ဟု ပြောလေရာ ကျန်သောအရက်သမားများသည် တဝါးဝါး တဟားဟား ရယ်မောကြလေ၏။

ထိုအခိုက်မှာပင် ဆိုင်ဝရှိ ဆင်နှာမောင်းတံခါးပွင့်သွားပြီး ဆိုင်ထဲ သို့ လူနှစ်ဦး ဝင်ရောက်လာလေ၏။

ထိုသူနှစ်ဦးအနက် တစ်ဦးသည် ဆိုင်ထဲရှိလူများကို မျက်လုံး ဝေ့ကြည့်လိုက်ပြီး ဆိုင်ဒေါင့်တစ်နေရာတွင် ဦးဖိုးစိန်၏သီချင်း တစ်ပုဒ်ကို သီဆိုနေသော အဘိုးကြီးကို မချိတင်ကဲဟန်ဖြင့် ကြည့်၍

" အဖေ "

ဟု အော်ဟစ်ခေါ်လိုက်လေ၏။ ထိုအခါ သီချင်းသီဆိုနေသော အဘိုးကြီးသည် ဆိုင်ထဲသို့ ဝင်ရောက်လာသော လူနှစ်ဦးကို ကြည့် လိုက်ပြီး

" ဟား… ဟား… ဟား… ဘယ်သူများလဲမှတ်တယ်၊ ငါ့တူကလေး ပေသီးပါလား၊ ငါက မင်းအဖေ သူတော်တောင်းကြီး မဟုတ်ပါဘူးကွာ၊ အရက်သမား၊ ဖဲသမား၊ လူပေလူတေ အောင်မောင်းပါကွ "

ဟု ပြောလေရာ အရက်ဆိုင်သို့ဝင်လာသော လူနှစ်ဦးအနက် တစ်ဦးက သက်ပြင်းချလိုက်ပြီး

" ဦးလေးရယ် နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့တူလေး မြင်ရတဲ့အချိန်မှာ အရက်သောက်တာ ခဏရပ်ပြီးလိုက်ခဲ့စမ်းပါဗျာ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိန်လိုလိုလူကြီးက အရက်တစ်ခွက်ကို ခွပ်... မြည်အောင် မော့ချလိုက်ပြီး

" ဟား… ဟား… ဟား… ငါ့တူကလေး ပြန်ရော... လာပြီဆိုတော့လည်း အရက်ဝိုင်းက မိတ်ဆွေတွေနဲ့ခွဲပြီး တူလေး... လိုက်ရတော့မှာပေါ့၊ မိတ်ဆွေတို့ရေ၊ ဒီတစ်ညတော့ ကျုပ်... ခွင့်လွှတ်ပါဗျာ၊ ကျုပ်တူလေးနဲ့ လိုက်သွားတော့မယ် "

ဟု ဆိုကာ အရက်ဝိုင်းမှာ ဒယိမ်းဒယိုင် ထရပ်လေ၏။

ထိုအခါ ဝိန်လိုလိုလူကြီး၏ မိတ်ဆွေအရက်သမားများသည် ဆူညံစွာအော်ဟစ်၍ နှုတ်ဆက်ကြလေ၏။

ထို့နောက် ဝိန်လိုလိုလူကြီးသည် မိုးမြေနှင့်ပေသီးအား မြို့... စုတ်ချာသော တဲလေးဆီသို့ ခေါ်ဆောင်သွားလေ၏။ ထိုတဲအိမ်လေး... မီးအိမ်တစ်လုံး၏ အလင်းရောင်သာရှိပြီး အိမ်ထဲတွင် ပေသီး၏အ... ဆိုသော မိန်းမကြီးရှိနေလေ၏။

ထိုမိန်းမကြီးသည် ရေနွေးကြမ်း၊ ပဲလှော်၊ ထန်းလျက် စသည့်... စားသောက်ဖွယ်ရာများကို ပြင်ဆင်၍ မိုးမြေနှင့်ပေသီးကို ဧည့်... လေ၏။

ဝိန်လိုလိုလူကြီးသည် ဝါးကြမ်းခင်းလေး၌ ပိုးလိုးပက်လက်... လှဲအိပ်လိုက်လေ၏။

ပေသီးသည် သီလသမာဓိနှင့် ပြည့်စုံသော မိမိဖခင် ဆေးဆ... ကြီး ဦးလောဘကိုကြည့်၍ မယုံနိုင်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်...





" အဖေဘာယ်လိုဖြစ်တာလဲ၊ အဖေဘာဖြစ်လို့ ဒီလောက် ...ဆောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ရတာလဲ၊ အဖေဟာ ဒီမြို့ကလူတွေရဲ့ ...ယုံကြည်ကိုးစားရတဲ့ သမားတော်ကြီးလေ၊ သီလသမာဓိနဲ့ ပြည့်စုံတဲ့ သမားတော်ကြီးတစ်ယောက်လည်း ဖြစ်တယ် "

ဟု ပြောလေရာ အရက်မူး၍ လဲကျနေသော လူကြီးက ပေသီး ...ထို မျက်လုံးဖွင့်ကြည့်၍

" ပန်းကိုးပွင့်က မိန်းမတွေက သိပ်လည်တာကွ၊ ဒီတောင်ကို ...ဆော်ရုံတန်ရုံနဲ့ လှည့်စားလို့မရဘူး၊ အစတုန်းကတော့ သဏ္ဌာန်လုပ် ...သရုပ်တူအောင် ဟန်ဆောင်ရတာပေါ့ကွာ၊ ဒါပေမဲ့ ဟန်ဆောင်ရတဲ့ ...အရသာကို ကြိုက်သွားတယ်၊ ငါ့ဘဝတစ်လျှောက်လုံး ဂုဏ်သရေရှိ ...လူကြီးတစ်ယောက်အနေနဲ့ နေထိုင်ရတာ ပျင်းဖို့ကောင်းလိုက် တာ၊ ...အခု ငါ့ညီအောင်မောင်းဘဝလို စိတ်လွှတ်ကိုယ်လွှတ် နေထိုင်ကြည့် ...တော့ ပျော်စရာကောင်းတဲ့လောကကြီးကို သိလာရတယ်၊ ဆေး ...ဆရာကြီး ဦးလောဘကို တစ်မြို့လုံးကတော့ လေးစားကြည်ညို ...ကြပါတယ်၊ ဘုရားကျောင်းဒကာကြီးလို့ အများက အထင်ကြီး ...လေးစားဖို့အတွက် ငါကိုယ်ငါ ဟန်ဆောင်ခဲ့ရတယ်၊ သီလသမာဓိရှင် ...ကြီးလို့ နေထိုင်ခဲ့ရတယ်၊ ဒါကြောင့် ငါ့ရဲ့ဘဝမှာ အစွန်းအထင်း ...ဆိုတာ မရှိဘူး၊ ဒီလိုဘဝမျိုးရောက်အောင်လည်း ငါ့ကိုယ်ငါ ...ထိန်းသိမ်းနေခဲ့ရတယ်၊ ဟန်ဆောင်ခဲ့ရတယ်၊ ...ဘာယ်တော့ ...ဟန်ဆောင်မှုတွေ သိပ်များရင် စိတ်ကျဉ်းကျပ်မှုတွေ ဖြစ်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဝင်ပန်းနွမ်းနယ်လာတယ်၊ အခု ငါ လေးလေးနက်နက် စဉ်းစားကြည့်တယ်၊ လူတွေ ငါ့ကို ကြည့်ညိုလေးစားဖို့အတွက် ငါ့ဘဝတစ်လျှောက်လုံး ဟန်ဆောင်လာခဲ့ရတယ်၊ စိတ်ကျဉ်းကျပ်လာခဲ့ရတယ်၊ အခု ငါ့ဘဝရဲ့နေဝင်ချိန်လည်း နီးပြီ၊ ဆက်ပြီး ဟန်မဆောင်ချင်တော့ဘူး၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်ချင်တော့တယ် "

ဟု ပြောလေရာ ပေသီးက ဖခင်ဖြစ်သူကို နားမလည်ဟန်ဖြင့် ကြည့်၍ ခေါင်းခါယမ်းလိုက်ကာ

" ဘာပဲဖြစ်ဖြစ် လောကမှာ လူတစ်ယောက်ဟာ ဂုဏ်သိက္ခာရှိဖို့ အရေးကြီးတယ်လေ၊ အဖေဟာ တစ်မြို့လုံးရဲ့ လူရိုသေရှင်ရိုသေ ဘဝကို ရောက်နေတုန်းမှာ အခုလို လူပေလူတေကြီးတစ်ယောက် အဖြစ်ခံမှာလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဆေးဆရာကြီး ဦးလောဘက ခဏမျှ စဉ်းစားလိုက်ပြီး

" ငါဟာ ဆေးဆရာကြီးဦးလောဘ ဘဝနဲ့တော့ ဒီလိုဘဝမျိုးကို မနေစုံပါဘူးကွာ၊ ငါ့ဘဝဟာ အကျဉ်းကျနေတဲ့ လူသားတစ်ယောက်လိုပါပဲ၊ ငါဟာ လက်တစ်ဆုပ်စာလူတွေ ငါ့ကို အထင်ကြီးလေးစားဖို့အတွက် တစ်သက်လုံး ဟန်ဆောင်ခဲ့ရတယ်၊ တကယ်တော့ ဟန်ဆောင်တယ်ဆိုတာ ပင်ပန်းလွန်းပါတယ်၊ အခု ငါ့ဘဝနဲ့ ငါ့ညီဘဝဟာ ဘယ်သူဟာ လွတ်လပ်သလဲဆိုတာ သိခဲ့



တယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် အသက်ခြောက်နှစ်အရွယ် ကလေးတစ်ဦးသည် ဓာတ်ဆိမ်ကလေးအတွင်းသို့ ပြေးဝင်လာပြီး ဝိန်ရှည်ရှည်လူကြီးကို ခေါ်ကာ

" အဘိုး... အဘိုး ပြန်လာပြီ၊ အဘိုးအရက်မူးပြီး အိပ်တော့မလို့လား၊ မအိပ်ပါနဲ့၊ သမီးကို မုန့်ဖိုးပေးပါဦး "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ကလေးငယ်ကို ကြည့်၍ ချက်ချောင်းကြွက် လိုက်ပြီး

" ဒီကလေးမလေးက ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီး၏အဒေါ်က ကလေးမလေးကိုကြည့်၍

" ဒီကောင်မလေးက နင့်အဖေ မွေးစားထားတာကွယ်၊ ကလေးမလေးရဲ့ အမေကို နင့်အဖေ ဆေးကုပေးရင်း သမား မှားသွားသတ်ပြီး မွေးစားခဲ့တာပဲ၊ ဒီကလေးမလေးဟာ နင့်အဖေကို ဆေးဆရာကြီး ဦးလောဘလို့ သိထားတယ်၊ ဒီမြို့မှာ နင့်အဖေ ဆေးဆရာကြီးဟာ ငါ့ယောက်ျားဟန်ဆောင်နေကြောင်းကို ငါနဲ့ ကလေးမလေးပဲ သိကြတယ်၊ လူတွေအားလုံးကတော့ နင့်အဖေကို ငါ့ယောက်ျား ဆောင်ခေါင်းပဲလို့ ထင်မြင်နေကြတယ်၊ ဒီကလေးမ

www.burmeseclassic.com

www.burmeseclassic.com



လေးက အရွယ်နဲ့မလိုက်အောင် တတ်သိလိမ္မာတဲ့အတွက် နင့်အမေရဲ့ အသည်းကျော်လေးပဲ ”

ဟု ပြောလေ၏။ ထိုအခါ ပေသီးက ဖခင်ဖြစ်သူကို ကြည့်၍

“ ဦးလေးကို ဖမ်းဆီးသွားတဲ့ ပန်းကိုးပွင့်အဖွဲ့ဟာ အမေ့ကို မဆက်သွယ်ဘူးလား ”

ဟု မေးမြန်းလေ၏။ ဖခင်ဖြစ်သူက ခေါင်းခါယမ်း၍

“ သူတို့ အောင်မောင်းကို ဖမ်းသွားတာ တစ်လရှိပြီ ဒီနေ့အထိ မဆက်သွယ်ကြဘူး၊ ငါ့အထင်တော့ အောင်မောင်း သူ့ကိုယ်သူ ဆေးဆရာကြီး ဦးလောဘဟန်ဆောင်ပြီးနေတယ် ထင်တယ်ကွ၊ သူဟာ ဦးလောဘမဟုတ်ကြောင်း ငြင်းဆန်ရင် ပန်းကိုးပွင့်မိန်းကလေးတွေ ငါ့ကိုလာပြီဖမ်းဆီးကြမှာ သေချာတယ်၊ အခုတော့ အောင်မောင်းရဲ့ဟန်ဆောင်ထားမှုကြောင့် ငါ့ရဲ့ အသက် အန္တရာယ်နဲ့ ကင်းလွတ်နေရတာကွ၊ ဒီအတွက် ငါညီအောင်မောင်း ကျေးဇူးတင်ရမှာပဲ၊ ဒီကောင်ဟာ တစ်သက်လုံး လူမှန်းသူမှန်း မ အောင် ဆိုးသွမ်းခဲ့ပေမဲ့ ဒီတစ်ခါတော့ ငါ့အတွက် အနစ်နာခံ ပန်းကိုးပွင့်အဖွဲ့လက်ထဲမှာ နေရှာတယ် ”

ဟု ဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောလေ၏။ ထိုအခါ ပေသီး

“ နေပါဦးအဖေ၊ မြန်မာပြည်မှာ ဆေးသမားတော် ဒီလောက်များရက်နဲ့ ဘာဖြစ်လို့ ပန်းကိုးပွင့်ဂိုဏ်းက၊ အဖေ အတင်းအကျပ် အဖေ့ကို ဆေးကုခိုင်းရတာလဲ ”



ဟု ပြောလေ၏။ ဦးလောဘက သက်ပြင်းချ၍

“ ပန်းကိုးပွင့်ဂိုဏ်းက နယ်နယ်ရရ ဂိုဏ်းမဟုတ်ဘူးကွဲ့၊ သူတို့အဖွဲ့ထဲမှာ ဆေးပညာကို တဖက်ကမ်းခတ်အောင် ကျွမ်းကျင်တဲ့ သူတွေရှိတယ်၊ ငါ့အထင် ပန်းကိုးပွင့်အဖွဲ့ခေါင်းဆောင် မိန်းကလေး ခံစားနေရတဲ့ ဝေဒနာဟာ၊ အလွန်ဆိုးဝါးပုံရတယ်၊ ပန်းကိုးပွင့်အဖွဲ့က သူတွေဟာ သူတို့ခေါင်းဆောင်ရဲ့ဝေဒနာကို ပျောက်အောင်ကုသနိုင်တဲ့ သူဟာ မြန်မာပြည်မှာ ငါတစ်ယောက်ပဲရှိတယ်လို့ သိကြတယ် ”

ဟု ပြောလေရာ ပေသီးက ဖခင်ဖြစ်သူကို အံ့ဩဟန်ဖြင့် ကြည့်၍

“ အဖေမှာ သူတို့ ခေါင်းဆောင်ကို ပျောက်ကင်းအောင် ကုသနိုင်တဲ့ ဆေးနည်းတစ်လက် ရှိလိမ့်မယ်ထင်တယ် ”

ဟု ပြောလေ၏။

ထိုအခါ ဦးလောဘက ခေါင်းညိတ်၍

“ ပန်းကိုးပွင့်အဖွဲ့ရဲ့ ခေါင်းဆောင်ဟာ အလွန်ထူးဆန်းပြီး ကြားရခဲတဲ့ အဆိပ်တစ်မျိုးမိနေပုံရတယ်၊ ဒီအဆိပ်ကို ဖြေနိုင်ဖို့ အတွက် ကမ္ဘာပေါ်မှာ ကွယ်ပျောက်သွားပြီဖြစ်တဲ့ စန္ဒကူးနီကိုရမှ ဖြေနိုင်မယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ဖခင်ဖြစ်သူကို အံ့ဩဟန်ဖြင့်ကြည့်၍

“ ကမ္ဘာပေါ်မှာ ကွယ်ပျောက်သွားတဲ့ စန္ဒကူးနီကိုရမှ

www.burmeseclassic.com



ဖြစ်မယ်ဆိုတော့၊ ဒီမိန်းမရဲ့ဝေဒနာကို ကုသဖို့ ဘယ်လိုလုပ်မြန်
တော့မှာလဲ ''

ဟု ပြောလေ၏။

ပေသီး၏ ဖခင်က သက်ပြင်းချ၍

'' ကမ္ဘာပေါ်မှာ စန္ဒကူးနီအစား၊ အမျိုးအစားနဲ့ အနံ့အသ
တူတဲ့အသားတွေကို ရှာပြီး၊ စန္ဒကူးနီအဖြစ်အသုံးပြုကြတယ်
တချို့သော ဆရာတွေက ကမ္ဘာပေါ်မှာမရှိတော့တဲ့ နံ့သာနီပင် အ
ဝိတောက်နှစ်ကို အသုံးပြုကြတယ်၊ တချို့သောဆရာတွေ
ချေးကြီးပင်ကို နံ့သာနီအဖြစ် အသုံးပြုကြတယ်၊ တကယ်
စန္ဒကူးပင်ဟာ ကမ္ဘာပေါ်မှာ ကွယ်ပျောက်သွားပေမဲ့ သေး
အပင်တော့ မဟုတ်ဘူး၊ ကုက္ကိုပင်လို အပင်ကြီးမျိုးပဲ၊ အရွက်
ရှည်တယ်၊ အပွင့်ဟာ နီတယ်၊ အသားကလည်းနီတယ်၊ စန္ဒကူး
လွန်ခဲ့တဲ့နှစ်များစွာက အိန္ဒိယပြည်ရဲ့ တောင်ပိုင်းတစ်လျှော
တွေ့ရတတ်တယ်၊ အခုတော့ စန္ဒကူးနီ ကမ္ဘာပေါ်မှာ ကွယ်ပျော
သွားတာ ကြာခဲ့ပြီ၊ ဒါကြောင့် ငါတို့ မြန်မာသမားတော်ကြီးတွေ
စန္ဒကူးနီအစား တိန်းညက်ကို စန္ဒကူးနီအဖြစ် အသုံးပြုကြတ
တိန်းညက်ဟာ နံ့သာမျိုးနွယ်ဖြစ်ပြီးတော့ အသားနီတယ်၊ အပွင့်
အဝါရောင်၊ အသီးက ဘိုစားပဲလိုပဲ၊ ဒါပေမဲ့ ပန်းကိုးပွင့်အ
ခေါင်းဆောင် မိန်းကလေးရဲ့အဆိပ်ဝေဒနာကို ကုသနိုင်ဖို့အတွက်
ဒီလို အမျိုးအနွယ်တူတဲ့ နံ့သာနီပင်မျိုး သုံးလို့မဖြစ်ဘူး၊ စန္ဒကူး



အစ်ကို ရမှဖြစ်မယ် ''

ဟုပြောလေရာ ပေသီးက ဖခင်ဖြစ်သူကို နားမလည်ဟန်ဖြင့်
ကြည့်၍

'' ဒီလောက်ရှားပါးပြီး ကမ္ဘာပေါ်မှာ ကွယ်ပျောက်သွားတဲ့
စန္ဒကူးနီလို အပင်မျိုးရမှ ဒီမိန်းမရဲ့ဝေဒနာ ပျောက်မယ်ဆိုတော့
အဖေလည်း ဘယ်လိုလုပ် ဒီမိန်းမရဲ့ဝေဒနာကို ပျောက်အောင်လုပ်နိုင်
တော့မှာလဲ၊ အဖေ့မှာ စန္ဒကူးနီရှိလို့လား ''

ဟု အံ့ဩဟန်ဖြင့် မေးမြန်းလေ၏။

ထိုအခါ ပေသီး၏ဖခင်က ပေသီးကိုကြည့်၍

'' ပေသီး... မင်းကို ငါ ငယ်ငယ်တုန်းက ဆေးဆရာ
တစ်ယောက် ဖြစ်စေချင်ခဲ့တယ်၊ ဒါပေမဲ့ မင်းက ဆေးပညာကို
စိတ် ဝါသနာမပါခဲ့ဘူး၊ ဘဝတစ်လျှောက်လုံး မင်းလုပ်ချင်ရာတွေကို
လျှောက်လုပ်ခဲ့တယ်၊ စွန့်စားချင်တယ်ဆိုပြီး အိမ်ကနေ ထွက်သွား
တယ်၊ ဒါကြောင့် ငါဟာ ဘယ်လိုဆေးသမားတော်မျိုးလည်းဆိုတာ
မင်းမသိခဲ့ဘူး၊ ငါ ငယ်စဉ်က ငါ့ဆရာအရှင်မြတ်နဲ့ ဆေးပညာ
ရှာဖွေရင်း အိန္ဒိယပြည်ဘက်ကို ရောက်သွားခဲ့တယ်၊ အိန္ဒိယ
တောင်ပိုင်းမှာ လှည့်လည်ရင်း ရှားပါးဆေးပင်တွေကို ရှာဖွေကြတယ်၊
အဲဒီမှာ မျိုးတုံးပြီး ရှားပါးလုမတတ်ဖြစ်နေတဲ့ စန္ဒကူးနီ အပင်ကို
တွေ့ရှိခဲ့တယ်၊ တကယ်တော့ ငါနဲ့ ငါ့ဆရာဟာ ကံကောင်းလွန်းလို့
ရှားပါးဆေးပင်ကို တွေ့ရှိခဲ့တာပါ၊ ဒါပေမဲ့ ငါ့ဆရာဟာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ကောင်းသမား မဟုတ်ဘူး၊ ရှားပါးလှတဲ့ စန္ဒကူးပင် အရင်းကမယူဘဲ လိုအပ်သလောက်သာ ခုတ်ဖြတ်ယူခဲ့ကြတ အိန္ဒိယပြည်က ဆေးသမားတော်ကြီးတွေကိုလည်း စန္ဒကူး ရှိနေသေးကြောင်း ပြောပြခဲ့တယ်၊ ဒီအခါမှာ လောဘကြီးလွှ ဆေးသမားတော်ကြီးတွေက စန္ဒကူးပင်ကို အလုအယက် ဖြတ် ကြရာမှ စန္ဒကူးပင် ကွယ်ပျောက်ခဲ့ရတယ်၊ အလွန်အဖိုးထိုက်တ စန္ဒကူးပင်ဟာ အိန္ဒိယက လူကုံထံကြီးတွေနဲ့ မဟာရာဇာ ကြီးတွေဆီကို ရောက်ခဲ့တယ်၊ မြန်မာပြည်ကိုရောက်လာ စန္ဒကူးနီကိုတော့ ငါ့ဆရာက စန္ဒကူးနီနဲ့ ကုသပေးရမဲ့ တ လိုအပ်တဲ့လူနာတွေကိုပဲ ကုသပေးခဲ့တယ်၊ လူနာတွေကို အ အလတ်၊ အမြတ်မရွေးဘဲ လိုအပ်တဲ့အခါ ကုသပေးတယ်၊ ကိုယ်တိုင် ဆေးသမားတော်ဘဝကိုရောက်တော့ စန္ဒကူးနီနဲ့ ကုသ တဲ့ ရောဂါရှင်တွေကို ကုသပေးခဲ့တယ်၊ ဒါကြောင့် ငါ့ဆီမှာ ကျ စန္ဒကူးနီဟာလည်း တဖြည်းဖြည်း နည်းပါးလာခဲ့ရတယ်၊ နော မှာ စန္ဒကူးနီရဲ့အပိုင်းအစဟာ ကွမ်းသီးလုံးလောက်ပဲ ကျန်ခဲ့ တယ် ”

ဟု ပြောလေရာ ပေသီးက ဖခင်ဖြစ်သူကိုကြည့်၍

“ ဟင်... ဒါဆိုရင် အဖေ့ဆီမှာ၊ စန္ဒကူးနီ ရှိသေးတာ

ဟု မေးမြန်းလေ၏။

ထိုအခါ ဆေးဆရာကြီး ဦးလောဘက



“ အဖေ့ဆီမှာ စန္ဒကူးနီ မရှိတော့ပါဘူးကွာ၊ အဖေ့ရဲ့ နောက်ဆုံးကျန်ရစ်တဲ့ စန္ဒကူးနီလေးဟာ ထူးဆန်းစွာ ပျောက်ဆုံးသွား တယ်၊ မင်းညီမလေးသေခဲ့ရတာ ပန်းကိုးပွင့်အဖွဲ့ရဲ့ပရောဂတွေ အများကြီးပါတယ်ကွ၊ သူတို့ဟာ သမီးကို မိဘသဘောတူညီချက် မရတဲ့ ပန်းကိုးပွင့်အဖွဲ့ထဲဝင်ဖို့ ဆွယ်တရားဟောခဲ့တယ်၊ သမီးဟာ ပန်းကိုးပွင့်အဖွဲ့ထဲကိုရောက်လို့ ကုလားစစ်ပုလိပ်တွေရဲ့လက်ချက်နဲ့ အသက်သေဆုံးခဲ့ရတယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးကဖခင်ဖြစ်သူကို ကြည့်၍

“ ပန်းကိုးပွင့်အဖွဲ့ဟာ တစ်ခါတစ်ရံ သူတို့ လုပ်ချင်ရာကို မှတ်လုပ်တက်တာကလွဲရင် မျိုးချစ်အဖွဲ့ဝင်တွေပါ၊ ဒါပေမဲ့ သူတို့ဟာ ပြည်သူတွေနဲ့မနီးစပ်ပါဘူး၊ သိပ်ပြီးထူးဆန်း လျှို့ဝှက်လွန်းတယ်၊ ဒါနဲ့နေပါဦး၊ အဖေ့ဆီမှာ နောက်ဆုံးကျန်ခဲ့တဲ့ စန္ဒကူးနီလေးဟာဘာလို့ ပျောက်ဆုံးသွားရတာလဲ ”

ဟု မေးမြန်းလေ၏။ သမားတော်ကြီးဦးလောဘက သက်ပြင်း ချ၍

“ ဒီမေးခွန်းရဲ့ အဖြေကို အဖေလည်း ဒီနေ့အထိ ရှာမရခဲ့ဘူး၊ အဖေ့ရဲ့အိမ်ကြီးမှာ ဆေးမြစ်၊ ဆေးမှုန့်တွေထားတဲ့အခန်းဟာ သီးသန့်ရှိတယ်ဆိုတာ မင်းသိမှာပါ၊ ဒီအခန်းကိုပိတ်ထားတဲ့ တွ တံခါးကြီးကို အဖေတစ်ယောက်ပဲ သော့ကိုင်တယ်၊ အခန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွင်းဝင်တဲ့ပြဿနာလည်း မတွေ့ဘူး၊ ဒါပေမဲ့ စနူကူးနီလေး ကတော့ ပျောက်ချင်းမလှ ပျောက်နေခဲ့တယ်၊ ပန်းကိုးပွင့်အဖွဲ့က မိန်းကလေးတွေဟာ သူတို့ရဲ့ခေါင်းဆောင်ကို ကူသဖို့ အဖေ့ကို လက်ဆောင်ပစ္စည်းအမျိုးမျိုးပေးခဲ့တယ်၊ ဒီလိုနည်းနဲ့ စည်းရုံးလို့ မရတဲ့အခါမှာ အဖေ့ရဲ့ဆေးမြစ်တွေထားတဲ့အခန်းကို ဖောက်ထွင်း ဝင်ရောက်ခဲ့တယ်၊ ဒါပေမဲ့ သူတို့အခန်းကိုမဖောက်ခင်ကတည်းက အဖေ့ရဲ့ စနူကူးနီလေးက ပျောက်ဆုံးနေပါပြီ ''

ဟု ပြောလေ၏။ ထိုအခါ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင် နေသော မိုးမြေက

'' စနူကူးနီလေးကို ပန်းကိုးပွင့်အဖွဲ့က မယူဘူးဆိုရင် ပျောက် ဆုံးသွားတာ အတော်အံ့ဩဖို့ကောင်းတာပဲ၊ ဆရာကြီးဆီမှာ စနူကူးနီ ရှိတာ ဒီမြင်ဆေးဆရာကြီးတွေ သိသေးလား ''

ဟုမေးမြန်းလေ၏။ သမားတော်ကြီး ဦးလောဘက

'' ကျုပ်နဲ့ရင်းနှီးတဲ့ သမားတော်ကြီးသုံးယောက်တော့ သိပါ တယ်၊ ဒါပေမဲ့ သူတို့ဟာ သီလ သမာဓိရှိတဲ့ ဆေးဆရာကြီးတွေပါ၊ ဒီလို မကောင်းမှုဒုစရိုက်မျိုးကို လုပ်မှာမဟုတ်ပါဘူး၊ နောက်ပြီးတော့ ကျုပ်မှာရှိတဲ့ စနူကူးနီတွေကို သူတို့ကို တစ်ဝက်စီ ခွဲဝေပေးထား ပါတယ်''

ဟုပြောလေ၏။ ထိုအခါ ပေသီးက ဝင်ရောက်၍

'' ဘာပဲဖြစ်ဖြစ် ပန်းကိုးပွင့်အဖွဲ့ထဲမှာရောက်နေတဲ့ ဦးလေး





အောင်မောင်းကို မရရအောင် ပြန်ခေါ်မယ်၊ ပန်းကိုးပွင့်အဖွဲ့နဲ့တွေ့ပြီး အဖေ့မှာ စနူကူးနီမရှိတော့ကြောင်း ပြောပြမယ်၊ သူတို့ ယုံကြည်ဘူး ဆိုလည်း မတတ်နိုင်ဘူး၊ တိုက်ခိုက်ကြရုံပေါ့၊ ဟောဒီက ကျုပ် မိတ်ဆွေ မိုးမြေက ကျုပ်နဲ့အတူ လိုက်ပါလိမ့်မယ်၊ သူလည်း ပန်းကိုးပွင့်ဂိုဏ်းဝင်တွေကို တွေ့ချင်နေတဲ့လူပဲ ''

ဟု ပြောလေရာ ဆေးဆရာကြီး ဦးလောဘက မိုးမြေကို ကြည့်၍ အံ့ဩသွားလေ၏။

ထိုအခါ မိုးမြေက လူ၄စာကြီးသုံးယောက်ထံမှ ယမင်းသူစာ ရုပ်လေးကို မီးပုံးပျံပေါ်မှ ဆင်းလာသော မိုးနတ်သူစာဆိုသော မိန်းမက ရှာရမ်းသွားခြင်း အကြောင်းကိုပြောပြလေ၏။

ထိုမိန်းကလေးသည် ပန်းကိုးပွင့်အဖွဲ့မှဖြစ်နိုင်ကြောင်း ဆက်လက်ပြောဆိုလေ၏။

ထိုအခါဆေးဆရာကြီးဦးလောဘက မျက်မှောင်ကြုတ်၍

'' ယမင်းသူစာရုပ်လေး အကြောင်းကို ကျုပ်ကြားဖူးတယ်၊ ဒီအရုပ်လေးကို သစ်တနက်သားနဲ့ လုပ်ထားတယ်မဟုတ်လား လွန်ခဲ့ သောနှစ်အနည်းငယ်က ဆေးဆရာကြီးတစ်ဦးဟာ၊ ယမင်းသူစာရုပ် လေးအစွမ်းနဲ့ လူနာတော်တော်များများကို ပျောက်ကင်းအောင်ကုသ ပေးနိုင်တယ်လို့ ကြားဖူးတယ် ''

ဟု ပြောလေ၏။

ထိုအခါ မိုးမြေက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါတယ်၊ ဆရာကြီးကြားဖူးတဲ့ ယမင်းသူစာရွက်လေး ပါပဲ၊ ဒီအရွက်လေးရဲ့ပိုင်ရှင် အဖိုးကြီးသုံးယောက်ဟာ အသက်အရွယ် ထောက်လာလို့ အရွက်လေးကို ကိုယ်တိုင်မရှာဖွေနိုင်တော့ဘူး၊ ဒါကြောင့် ကျုပ်ကိုအကူအညီတောင်းပြီး ပန်းကိုးပွင့်ဂိုဏ်းက ယမင်းသူစာရွက်လေးကို ပြန်ယူနိုင်းတာပဲ "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ဝင်ရောက်၍

" ကျုပ်တို့ ပန်းကိုးပွင့်ရဲ့သဲလွန်စကို အမြန်ဆုံးရအောင်ရှာမယ်၊ ဒီမိန်းမတွေနဲ့ ကျုပ်တို့ တစ်နေ့မဟုတ် တစ်နေ့တွေ့မှာပါ၊ ဦးလေး ဦးအောင်မောင်းနဲ့ ပတ်သက်တဲ့သဲလွန်စကို အဖေမရဘူး လား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဆေးဆရာကြီး ဦးလောဘကဝင်ရောက်၍

" အဖေလည်း အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နေရင်း ငါ့ညီအောင်မောင်းရဲ့အကြောင်းကို စုံစမ်းနေခဲ့တယ်၊ ဒါပေမဲ့ ဒီနေ့ထိ သတင်းအစအနကို မရခဲ့ဘူး "

ဟု ပြောလေ၏။

ထို့နောက်ပေသီးက ခဏမျှ စဉ်းစားဟန်ဖြင့်

" အင်း... သိပြီ၊ ကျုပ်တို့ မြနန်းနွယ်ဆီသွားရမယ်၊ မြနန်းနွယ်ဆီက တစ်ဆင့် ဦးလေးရဲ့သဲလွန်စကို ရနိုင်တယ် "





ဟု ပြောလေ၏။

ထိုအခါ ဆေးသမားတော်ကြီး ဦးလောဘက

" မင်းရဲ့ အကြံအစည် ကောင်းတယ်၊ မြနန်းနွယ်ရဲ့ မင်းနဲ့ ပေါ်စဉ်တုန်းက ဘုန်းတော်ကြီး ဦးသောဝိတကျောင်းမှာ စာလိုက်တက် တွေဖြစ်တော့ မင်းအနေနဲ့ အကူအညီသွားတောင်းရင် ရနိုင်ပါတယ်၊ ဒါပေမဲ့ မြနန်းနွယ်က အမှန်တကယ် အကူအညီလိုအပ်တဲ့လူကိုမှ ကူညီပေးတယ်လို့ ကြားတယ် "

ဟု ပြောလေ၏။ ထိုအခါ ပေသီးက

" မနက်ဖြန်ကျရင် ကျုပ်တို့ မြနန်းနွယ်ဆီသွားကြမယ်၊ ဒီနေ့ အချိန်မရှိတော့ဘူး "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ တဲအိမ်ငယ်လေး၌ပင် ပေသီးတို့အိပ်စက်၍ ငြိမ်းဆိတ်ရလေ၏။

မိုးမြေသည် ပေသီးသွားတွေ့မည်ဆိုသော မြနန်းနွယ်ဆိုသည့် မိန်းမကို အလွန်စိတ်ဝင်စားနေမိ၏။ ထို့ကြောင့် အိပ်စက်မပျော်နိုင် သော ပေသီးဘက်သို့လှည့်ကာ

" ဒီမှာကိုပေသီး၊ မြနန်းနွယ်ဆိုတဲ့မိန်းမဟာ ဘာလဲ၊ သူက ဆေးဆရာမလား "

ဟုမေးမြန်းလေ၏။

ထိုအခါ ပေသီးက ခေါင်းခါယမ်းလိုက်၍



www.burmeseclassic.com

www.burmeseclassic.com



" မြနန်းနွယ်ဟာ အလွန်ထူးဆန်းတဲ့မိန်းမတစ်ယောက်ဖြစ်တယ်၊ ငယ်ငယ်တုန်းက သူနဲ့ကျုပ်ဟာ ဘုန်းကြီးကျောင်းမှာ စာအတူသင်ခဲ့ဖူးတယ်၊ မြနန်းနွယ်ဟာ ငယ်စဉ်ကတည်းက မိဘမဲ့မို့ သီလရှင်ကြီးတစ်ပါးက ခေါ်ယူမွေးစားခဲ့တယ်၊ အဲဒီနောက် မြနန်းနွယ်ကို မွေးစားတဲ့ သီလရှင်မကြီးဟာ အလှူခံရာမှအပြန် ကျောင်းရှေ့မှာ မြွေကိုက်ခံရလို့ မူးမေ့လဲသွားတယ်၊ မြနန်းနွယ်ဟာ သူ့ရဲ့ကျေးဇူးရှင် သီလရှင်ကြီး မြွေကိုက်ခံရတာကိုမြင်တော့ အတော်စိတ်ထိခိုက်ကြေကွဲခဲ့ရတယ်၊ နောက်တော့ ငါတို့မြို့မှာရှိတဲ့ အသပြာဆေးဆရာကြီး ဦးမြင့်မောင်ကိုသွားတွေ့တယ်၊ ဒါပေမဲ့ ဦးမြင့်မောင်က ပိုက်ဆံမပေးတဲ့လူနာကို ဆေးမကုဘူးလို့ သစ္စာဆိုထားတဲ့အတွက် မြနန်းနွယ်ခေါ်ရာကို လိုက်မလာခဲ့ဘူး၊ အဲဒီတုန်းက ငါ့အဖေ သမားတော်ကြီးဦးလေဘာဘာဟာလည်း ဒီမြို့မှာရှိမနေခဲ့ဘူး၊ မြနန်းနွယ်ဟာ မြွေဆိပ်တက်နေတဲ့ သီလရှင်ဆရာမကြီးကို ဆေးကုမဲ့သူမရှိလို့ အရူးမီးဝိုင်းဖြစ်ခဲ့ရတယ်၊ နောက်ဆုံးတော့ ကြံရာမရဖြစ်ပြီး သီလရှင်ဆရာမကြီး သတိပြန်မရလာမချင်း ဘုရားစင်ရှေ့ကမထဘူးဆိုပြီး ပရိတ်ရွတ်နေခဲ့တယ်၊ မြနန်းနွယ်ဟာ အသံမစဲ ပရိတ်ရွတ်တာ သုံးရက်သုံးည ဆက်တိုက်ပဲ၊ သုံးရက်ပြည့်တဲ့နေ့မှာ မြွေဆိပ်ကြောင့် သေလုမျောပါးဖြစ်နေတဲ့ သီလရှင်ဆရာမကြီးဟာ ပြန်ပြီး သတိပြန်လည်လာတယ်၊ ဒီတော့မှ မြနန်းနွယ်ဟာ ပရိတ်ရွတ်တာကိုရပ်ပြီး သီလရှင်ဆရာမကြီးကို ပြုစုခဲ့တယ်၊ ထူးခြားတာတစ်ခုက မြနန်းနွယ်





ဟာ အဲဒီအချိန်ကစပြီး အလွန်ထူးခြားတဲ့ အမြင်အာရုံတွေကိုရခဲ့တယ်၊ သူဟာ အနာဂတ်မှာဖြစ်မဲ့အကြောင်းအရာတွေကို ကြိုတင်ပြီး ပြောပြနိုင်ခဲ့တယ်၊ ငါတို့မြို့မှာ ကြွက်တွေကျလို့ လယ်မြေတွေ ပျက်စီးမဲ့အကြောင်းပြောတာ ဘယ်သူမှမယုံကြဘူး၊ နောက်တော့ ကြွက်အုပ်ကြီးကြောင့် လယ်မြေတွေ အများကြီးပျက်စီးတော့မှ သူ့စကားကို ယုံကြည်ကြတယ်၊ မြို့ပြင်က စေတီလေးကို ငလျင်လှုပ်ပြီး ပြိုကျမယ်ဆိုတာ ကြိုတင်ပြီးပြောနိုင်ခဲ့တယ်၊ အလွန်ကျန်းမာရေးကောင်းမွန်တဲ့ ဆရာတော်ကြီးကို ပျံလွန်တော်မူလိမ့်မယ်လို့ ပြောခဲ့တယ်၊ အဲဒီတုန်းက မြနန်းနွယ်ရဲ့စကားကို ဆရာတော်ကြီးကြားတော့ ဒေါသအိုး ပေါက်ကွဲခဲ့သေးတယ်၊ နောက်တော့ ဆရာတော်ကြီး မမျှော်လင့်ဘဲ ပျံလွန်တော်မူသွားတယ်၊ မြို့ပေါ်က လူတွေက သူ့စကားကို တဖြည်းဖြည်း ယုံကြည်လာကြတယ်၊ သူ့ဆီမှာလာပြီး အနာဂတ်ရဲ့အကြောင်းတွေကို မေးမြန်းဖို့ ကြိုးစားကြတယ်၊ ဒါပေမဲ့ မြနန်းနွယ်ကတော့ ဆင်းရဲ နွမ်းပါးပြီး ဒုက္ခရောက်နေတဲ့သူတွေကလွဲရင် ဘယ်သူ့ရဲ့အနာဂတ်ကိုမှ ဖော်ပြလေ့မရှိဘူး၊ သူဟာ ငွေကြေးဥစ္စာသက်သက်အတွက်လည်း အနာဂတ်ကို မပြောဘူး၊ ငါတို့ သူ့အိမ်သွားပြီး ပျောက်ဆုံးသွားတဲ့ ဆရာဦးအောင်မောင်းအကြောင်း မေးမြန်းဖို့ ကြိုးစားကြမယ် "

ဟုပြောလေ၏။

မိုးမြေသည် ပေသီးပြောပြသော မြနန်းနွယ်ဆိုသည့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို အလွန်စိတ်ဝင်စားနေမိ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ပေသီးတို့သည် မြနန်းနွယ် ရှိရာသို့ ထွက်ခဲ့လေ၏။

မြနန်းနွယ်သည် မြို့စွန်ရှိ တောင်ကုန်းလေးပေါ်တွင် တစ်ကိုယ်တည်း နေထိုင်သည်ဆို၏။ ပေသီးသည် တောင်ကုန်းလေးပေါ်သို့ ရှေ့မှ ဦးဆောင်၍တက်သွား၏။

တောင်ကုန်းပေါ်၌ သစ်ရိပ်ဝါးရိပ်များနှင့်အေးမြနေပြီး တဲအိမ်ကလေးတစ်လုံးကို မြင်တွေ့ရ၏။

တဲအိမ်ငယ်လေး၏ မလှမ်းမကမ်းတွင် တင်ပလ္လင်ခွေထိုင်၍ တရားကျင့်နေသော မိန်းမတစ်ယောက်ကို မြင်တွေ့ရ၏။

ထိုမိန်းမ၏ ကိုယ်ခန္ဓာသည် အလွန်တင့်တယ်လှပ၏။ ပေသီးတို့သည် ထိုမိန်းမ တရားကျင့်နေခြင်းကို အနှောင့်အယှက် ဖြစ်မည်စိုး၍ မလှမ်းမကမ်းမှ ထိုင်လိုက်ကြ၏။

ထိုအခိုက်မှာပင် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသော မြင်ကွင်းကြောင့် ပေသီးနှင့်မိုးမြေသည် အထိတ်တလန့် ဖြစ်သွားကြ၏။

မြင်ကွင်းမှာ လွန်စွာကြီးမားသော ကိုးတောင်ကျားကြီးတစ်ကောင်သည် ကျောက်တုံးအနောက်မှ ထွက်လာကာ တရားကျင့်နေသော မိန်းမ၏မနီးမဝေးတွင် ငြိမ်သက်စွာထိုင်နေကြောင်းတွေ့ရ၏။

ထိုကျားသည် ထူးဆန်းသောမိန်းမကို ရန်ပြုလိုခြင်း မတွေ့ရပေ။ မိုးမြေနှင့်ပေသီးသည် ကျားကြီးကိုကြည့်ရင်း အလွန်ထိတ်လန့်





တုန်လှုပ်နေကြ၏။

ထိုအခိုက်မှာပင် တရားကျင့်နေသောမိန်းမသည် အနည်းငယ် လှုပ်ရှားလာပြီး နောက်သို့လှည့်မကြည့်ဘဲ တည်ငြိမ်သောလေသံဖြင့်

" ရှင်တို့နှစ်ယောက်စလုံး ရှာဖွေနေတဲ့လူတွေချည်းပဲ၊ တကယ်တော့ လောကမှာ ရှာဖွေစရာမလိုဘူး၊ ရှာတဲ့လူဟာ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး၊ ရှာနေတဲ့လူရော အရှာခံရတဲ့လူရော မျဉ်းပြိုင်နှစ်ကြောင်းထဲမှာ ရှိနေကြတယ်၊ ဘယ်တော့မှဆုံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် အဖြေကိုတွေ့ချင်ရင် ရှာနေတာကို ရပ်ပါ "

ဟုပယောဂ္ဂဆန်ဆန် စကားကိုဆို၏။

" ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ဟာ ကျွန်မနဲ့ သိပေါင်းကျွမ်းပေါင်းထဲက ဖြစ်လိမ့်မယ်၊ ဟိုးငယ်စဉ်ကတည်းက တွေ့ဆုံဖူးတဲ့ ငယ်ကျွမ်းဆွေတွေပဲ၊ ဒီလူဟာ ကျွန်မရဲ့မိတ်ဆွေ ပေသီး ဖြစ်လိမ့်မယ်၊ နောက်တစ်ယောက်ကတော့ ရှေးဘုရင်လက်ထက် ကတည်းက နန်းစဉ်ပစ္စည်းတစ်ခုကိုကိုင်ဆောင်ပြီး ထိန်းသိမ်းပေးမဲ့ လူကိုလိုက်ရှာနေတယ်၊ ရှင်တို့ဟာ မိန်းကလေးတွေ အများကြီးပါတဲ့ အဖွဲ့တစ်ဖွဲ့အကြောင်းကို သိချင်လို့ ကျွန်မဆီလာခဲ့တာပဲ၊ တကယ်တော့ အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် အထင်မှားနေကြတာပါ၊ အဖြေမှန်ကိုသိရရင် အားလုံးရှင်းလင်းသွားကြလိမ့်မယ် "

ဟုပြောရင်း ထူးဆန်းသောမိန်းမသည် မိုးမြေရှိရာဘက်သို့ ဖြည်းညှင်းစွာလှည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးခြေနှင့်ပေသီးသည် ထိုမိန်းမကိုကြည့်ပြီး အလွန်စိတ်လှုပ်ရှားသွားကြ၏။ ထိုမိန်းမ၏မျက်နှာမှာ လွန်စွာကြည်လင်နေပြီး နုတ်သီးတမျှ ချောမောလှပနေ၏။

သူမ၏မျက်နှာသည် ပကတိ အေးမြနေလေ၏။ ပေသီးတို့သည် သူမပြောဆိုသမျှအားလုံး မှန်ကန်နေသဖြင့် လွန်စွာအံ့ဩနေကြ၏။

ထိုအခိုက်မှာပင် လေတစ်ချက် ဖေ့တိုက်လိုက်သဖြင့် သစ်ရွက်များ ခြေပေါ်သို့ တဖွဲဖွဲကြွေကျလာ၏။

ကြောက်မက်ဖွယ်ကိုးတောင်ကျားကြီးသည် မြနန်းနွယ်အနီးသို့ ကန္တကလျ လျှောက်လာပြီး ရပ်လိုက်၏။

မြနန်းနွယ်သည် ကျားကြီး၏ လည်ကုတ်ပေါ်သို့ လက်တင်ပြီး

“ ရှင်တို့နှစ်ယောက်စလုံး သူ့ကိုမကြောက်ကြပါနဲ့၊ ကျွန်မသေရောက်နေတဲ့အချိန်ကစပြီး ဒီကျားဟာ ကျားမဟုတ်တော့ဘူး၊ ကြောင်ကလေးတစ်ကောင်ဖြစ်သွားပြီ၊ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ရွာသူရွာသားတွေက ဒီကျားကို ဖမ်းမိပြီ သတ်မယ်တကဲကဲလုပ်နေကြတယ်၊ ကျွန်မလည်း သတ္တဝါတစ်ကောင်ရဲ့အသက်ကို ကယ်တင်ချင်တာနဲ့ တာဝန်ယူပြီး ဒီတောင်ပေါ်မှာ ခေါ်ထားတော့တာပဲ၊ တောင်ပေါ်ရောက်တဲ့အချိန်ကစပြီး ဒီကျားဟာ သက်သတ်လွတ်ပဲ စားတော့တယ်”

ဟုပြောလေ၏။

ထိုအချိန်မှာပင် ခိုဖြူလေးတစ်ကောင်သည် လေထဲတွင်ပျံဝဲလာပြီး မြနန်းနွယ်၏ပခုံးပေါ်တွင် ရပ်နားလိုက်၏။



မြနန်းနွယ်က ပေသီးတို့ကိုကြည့်၍

“ သတ္တဝါတွေအားလုံးကို ကျွန်မ မေတ္တာထားတယ်၊ ကျွန်မဘဝရဲ့အားလပ်တဲ့အချိန်တိုင်း မေတ္တာကမ္မဋ္ဌာန်းကို ကျွန်မစီးဖြန်းလေ့ရှိတယ်၊ မေတ္တာကမ္မဋ္ဌာန်းကို လေးလေးနက်နက်ပြုလုပ်တဲ့နောက်မှာ သတ္တဝါတွေအားလုံးက ကျွန်မကို ချစ်ခင်လာတယ် ”

ဟုပြောလေ၏။

ထိုအခါ ပေသီးက မြနန်းနွယ်ကိုကြည့်၍

“ ပျောက်ဆုံးသွားတဲ့ဦးလေးနဲ့ပတ်သက်ပြီး အခက်တွေ့နေတယ် မြနန်းနွယ်၊ ဦးလေးဘယ်မှာရှိနေသလဲ၊ သိရင်ပြောပြပေးပါ”

ဟုပြောလေ၏။

ထို့နောက် မြနန်းနွယ်က မျက်လုံးမှိတ်၍ ခဏမျှ နေလိုက်ပြီးနောက်

“ ရှင့်ဦးလေးဟာ မိန်းကလေးတွေနဲ့မပတ်သက်ဘူး၊ သူဟာ လောဘရမ္မက်ကြီးတဲ့ လူကြီးတစ်ယောက်ရဲ့လက်ထဲမှာ ရောက်နေတယ်၊ ဒီလူကြီးရဲ့မျက်နှာမှာ အနီရောင်တွေ အများကြီးမြင်ရတယ်၊ ဒီလူကြီးဟာ အင်မတန် ရက်စက်ကြမ်းကြုတ်မှုသသောဘဲ၊ နောက်ပြီးတော့ သူဟာ ဂမ္ဘီရပညာကို နည်းနည်းပါးပါးတတ်တယ်၊ ဒါပေမဲ့ တတ်တာကနည်းနည်း ဟန်ဆောင်နေတာက များများပါ၊ သူ့ရဲ့အောက်မှာ လက်အောက်ငယ်သားတွေလည်း အများကြီးရှိတယ်၊ သူတို့အားလုံး လူဆိုးလူသွမ်းတွေပဲ ”

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ ပေသီးက စိတ်လှုပ်ရှားဟန်ဖြင့်

" ဒါဆိုရင် သူတို့ဟာ လူဆိုးလူမိုက်အဖွဲ့တွေပေါ့၊ သူတို့ဘယ်မှာရှိနိုင်မလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ မြနန်းနွယ်က သက်ပြင်းချ၍

" သူတို့ဟာ ဒီဒေသနဲ့ မြောက်ဖူးစူးလောက်မှာရှိတယ်၊ သူတို့နေတဲ့နေရာဟာ တောကြီးမျက်မည်းထဲမှာပဲ၊ လောဘရမ္မက်ကြီးပြီး ဂန္ဓာရီပညာကို အနည်းအကျဉ်းတတ်တဲ့ လူကြီးက စိတ်ရောဂါရှင်ကြီးပဲ၊ ဒါပေမဲ့ သူ့ကို စိတ်ရောဂါရှင်ကြီးလို့ ဘယ်သူမှ မရိပ်မိကြဘူး သူ့ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်နေကြတဲ့သူတွေရှိတယ် "

ဟုပြောလေ၏။

ထိုအခါ ပေသီးက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် လက်ဖျစ်တီး၍

" ဟုတ်ပြီ၊ ကျုပ်သိပြီ၊ ဒီလူကြီးဟာ ရွှေလင်းယုန်ဆိုတဲ့လူကြီးပဲဖြစ်လိမ့်မယ်၊ ရွှေလင်းယုန်ဟာ ဂန္ဓာရီပညာကို တတ်မြောက်တယ်လို့ သတင်းကြီးတယ်၊ သူ့ရဲ့ တပည့်တွေကို ဓားပြီး တုတ်ပြီး ဆေး ထိုးပေးတယ်လို့လည်း ကြားဖူးတယ်၊ သူကိုယ်တိုင်လည်း သေနတ် မကျူးဘူးလို့ သိရတယ်၊ အဲဒီနယ်တစ်ဝိုက်မှာ သူ့ကို ဘုရား ဂူတစ်လုံးလို ကိုးကွယ်ကြတယ် "





ဟုပြောလေရာ မြနန်းနွယ်က ခေါင်းညိတ်၍

" ကျွန်မရဲ့အာရုံထဲမှာလည်း လင်းယုန်ငှက်တွေကိုမြင်နေရတယ်၊ ရှင်ပြောတဲ့ ရွှေလင်းယုန်ဆိုတဲ့လူပဲဖြစ်မယ်၊ ရှင့်ဦးလေးကို ခေါ်သွားတဲ့လူပဲ "

ဟုပြောလေ၏။

ထို့နောက်ပေသီးက မြနန်းနွယ်ကို နှုတ်ဆက်၍

" ကျုပ်တို့ကို သွားခွင့်ပြုပါ၊ အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် "

ဟုပြောလေ၏။

မြနန်းနွယ်က ခေါင်းခါယမ်းလိုက်၍

" ကျေးဇူးတင်စရာမလိုဘူး၊ သံသရာမှာ ကျင်လည်နေတဲ့သူ တွေဟာ ဘဝတစ်ခုမှာ ကျေးဇူးအတုံ့အလှည့်ရှိစမြဲပါ "

ဟုပြောရင်း မိုးမြေဘက်သို့လှည့်ကာ

" ရှင့်ဆီမှာရှိတဲ့ ပစ္စည်းတွေကို ထိန်းသိမ်းပေးခဲ့လို့ မကြာခင် ပေါက်လာမှာပါ "

ဟုတည်ငြိမ်သောလေသံဖြင့်ပြောလေ၏။

မိုးမြေသည် မြနန်းနွယ်၏ ချောမောလှပသော မျက်နှာကို ငေးကြည့်၍

" မြနန်းနွယ်ဟာ အသိဉာဏ်ကြီးတဲ့ မိန်းကလေးတစ်ယောက်ပဲလို့ ကျုပ်ယုံတယ်၊ ဒါကြောင့် ဘဝမှာ နေထိုင်တဲ့လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် လမ်းညွှန်စကား ပြောပါဦး "

ဟုပြောလေ၏။

ထိုအခါ မြနန်းနွယ်က မိုးမြေကိုကြည့်၍

" မြနန်းနွယ်အနေနဲ့ လမ်းညွှန်စကားမပြောချင်ပါဘူး လောကကြီးရဲ့ကိုယ်စား မေတ္တာရပ်ခံချင်တာပါ၊ ကိုယ့်အတ္တကို လျှော့ပြီး လူတွေကိုမျှပေးဖို့ ကြိုးစားပါ၊ လောကမှာ အားနည်းတဲ့လူတွေ အများကြီးရှိတယ်၊ အကူအညီမဲ့နေတဲ့ လူတွေလည်းရှိတယ်၊ သူတို့ ဆုံရင် မတုံ့မဆိုင်းတဲ့ အကူအညီပေးလိုက်ပါ၊ လူတွေအားလုံးကို ခွင့်လွှတ်ပြီး မေတ္တာထားနိုင်အောင် ကြိုးစားပါ၊ တကယ်တော့ လောကမှာ မေတ္တာတရားသာ သန့်စင်မွန်မြတ်ဆုံးပါ "

ဟုပြောလေ၏။ ထိုအခါ မိုးမြေက ခေါင်းညိတ်၍

" သံသရာထဲမှာ ကြုံဆုံခဲ့ဖူးတယ်ဆိုလို့ ကျေးဇူးတင်စကား မပြောတော့ပါဘူး၊ ကျုပ် လူတွေကို မေတ္တာထားတတ်အောင် ကြိုးစား ပါ့မယ် "

ဟုပြောလေ၏။

ထိုအခါ မြနန်းနွယ်က သာဓုသုံးခါခေါ်လေ၏။

ထို့နောက်တွင်မူ မိုးမြေနှင့်ပေသီးသည် မြနန်းနွယ်ရှိ တောင်ပေါ်မှ ဆင်းခဲ့လေ၏။

တောင်အောက်သို့ရောက်သောအခါ ပေသီးက ကားလ နတေးပေါ်ရှိ ကျောက်တုံးကြီးပေါ်တွင်ထိုင်၍





" ကျုပ်တို့မှာ အချိန်မရှိတော့ဘူး၊ နေမြန်သုံးရွှေလင်းယုန်ဆီကို သွားမှဖြစ်မယ် "

ဟုပြောလေ၏။

မိုးမြေက ကတ္တရာလမ်းမပေါ်တွင် ထိုင်ချလိုက်ပြီး

" ဆေးဆရာကြီး ဦးလောဘကို ပြန်မပြောတော့ဘူးလား "

ဟုမေးလေ၏။ ထိုအခါ ပေသီးက သက်ပြင်းချ၍

" ကျုပ်ရဲ့အမေဟာ ဘယ်လိုကိစ္စမျိုးမဆို တိုင်ပင်ဆွေးနွေးလို့ အမေဟာ အရာရာမှာ တွေဝေလွန်းတယ်၊ သူနဲ့တိုင်ပင်ရင် အစီအစဉ်တွေ ပျက်မှာပဲ "

ဟုပြောလေ၏။

မိုးမြေက ပေသီးကိုကြည့်၍

" ရွှေလင်းယုန်ရှိမဲ့အရပ်ကို ခင်ဗျား ခန့်မှန်းမိသလား "

ဟုမေးလေ၏။

ထိုအခါ ပေသီးက ခေါင်းညိတ်၍

" ကျုပ် ဒီလူကြီးရှိတဲ့အရပ်ကို ခန့်မှန်းလို့ရတယ်၊ သူ့ ကြောင်းကို ကျုပ် ကြားဖူးတာကြာပြီ၊ ဒီလူကြီးဟာ ဂမ္ဘီရဆရာ ယောင် ဘာယောင်ယောင်နဲ့ ဒုစရိုက်မှုတွေကို ကျူးလွန်တဲ့ ပဲ "

ဟုပြောလေ၏။ ထိုအခါ မိုးမြေက

" ခင်ဗျားနဲ့အတူ ကျုပ်လည်းလိုက်မယ်၊ မကောင်းမှု အမြိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့လူကို ခင်ဗျားနဲ့အတူ ကျုပ်လည်း ရင်ဆိုင်မယ် ''

ဟုပြောလေ၏။

ပေသီးက မိုးမြေကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

'' ကျုပ်တို့သွားမဲ့ခရီးက အန္တရာယ်သိပ်များတယ်၊ အ

အန္တရာယ်ကိုတောင် စိုးရိမ်ရတယ်၊ ဒါကြောင့် ခင်ဗျား ေ

ချာချာ စဉ်းစားပါ ''

ဟုပြောလေ၏။ ထိုအခါ မိုးမြေက

'' ကျုပ်လည်း မန်းကိုးပွင့်အဖွဲ့ကို လိုက်ရှာနေတဲ့

ရွှေလင်းယုန်ရဲ့ ဒုစရိုက်မှုတွေကိုမြို့ခဲ့ရင်း မန်းကိုးပွင့်အဖွဲ့နဲ့ ဆုံ

တာပဲ ''

ဟု ပြောလေ၏။

ထိုအခါ ပေသီးကခေါင်းညိတ်၍

'' တားလို့မရလည်း လိုက်ခဲ့ပေါ့ ကိုယ့်လူရယ်၊ ကျုပ်

အဖော်ရတာပေါ့၊ အန္တရာယ်နဲ့တွေ့ရင်လည်း တုံးတိုက်တိုက်

ကိုက်ကိုက် ရင်ဆိုင်ဖြေရှင်းကြတာပေါ့ ''

ဟု ပြောလေ၏။

ᨀᨀᨀ





ထို့နောက်တွင်မှ မိုးမြေတို့သည် ဘတ်စ်ကားကြီး တစ်စီးကို

စီး၍ ခရီးထွက်ကြပြန်၏။

မိုးမြေနှင့်ပေသီးသည် ခရီးသည်များကျပ်လွန်းသဖြင့် ဘတ်စ်

ခေါင်မိုးပေါ်သို့တက်ကာ လေတဟူးဟူးတိုက်သော အရသာကို

ခံကြလေ၏။

ညနေစောင်းသောအခါ ခရီးလမ်းဆုံးမြို့များသို့ ရောက်လေ

ပေသီးတို့သည် ဆာလောင်လာသဖြင့် မြို့ထဲရှိ ထမင်းဆိုင်သို့

ရောက်စားသောက်ကြလေ၏။

ထမင်းဆိုင်လေးသည် ဟောင်းနွမ်းစုတ်ပြတ်နေသော်လည်း

သောက်သူများနှင့် စည်ကားနေလေ၏။ ထမင်းဆိုင်၌ အရက်ပေါ

င်ရောင်းချကြောင်းတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်လေး၏ထူးခြားချက်မှာ တစ်တောင်လော
သော ဖင်မြင့်လေးပေါ်တွင် ကတ္တီပါကော်ဇောခင်း၍ အမျိုးသ
တစ်ဦးက စောင်းတီးနေခြင်းပင် ဖြစ်၏။

ခဏကြာလျှင် ချောမောလှပသော မိန်းမပျိုတစ်ဦး
ရောက်ရှိလာပြီး စောင်းတီးနေသော မိန်းမပျိုနှင့်တွဲဖက်ကာ သီ
သံဖြင့်ဆိုနေလေ၏။

ထိုအခါ မိုးမြေက

“ ဒီဆိုင်လေးဟာ အတော်ထူးဆန်းတာပဲ၊ ဆိုင်ကလေး
စုတ်ချာပေမဲ့ ဆိုင်ထဲမှာ စားတဲ့လူတွေနဲ့ ပြည့်ကျပ်နေတယ်၊ အ
သောက်တဲ့လူတွေလည်း ရှိတယ်၊ စောင်းတီးနေတဲ့ မိန်းက
သီချင်းဆိုနေတဲ့ မိန်းကလေးကိုလည်း ဘယ်သူမှ မနောက်ပဲကြ

ဟုပြောလေရာ ပေသီးက

“ ဒါတင် ဘယ်ကဦးမလဲ၊ စားပွဲထိုးလုပ်တဲ့ မိန်းကလေး
ယောက်ဟာလည်း မိန်းမချောတွေချည်းပဲ၊ ကျုပ်အထင်တော့
ငါးယောက်ဟာ ညီအစ်မတွေဖြစ်လိမ့်မယ်၊ ညီအစ်မငါးယော
ထမင်းဆိုင်နဲ့ အရက်ဆိုင်ကို တွဲဖက်ရောင်းတယ်၊ ဆိုင်
ယောကျ်ားသားဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး၊ သူ
မိန်းကလေးငါးယောက်ရောင်းတဲ့ဆိုင်ကို လာပြီးစားသော
လူတွေဟာအားလုံး ငြိမ်ငြိမ်သက်သက်ပဲ ရှိနေကြတယ်၊ တစ်ယော
မသောင်းကျန်းဝံ့ဘူး၊ ဒါဟာ အတော်ထူးဆန်းတဲ့အချက်ပဲ ”





ဟုပြောလေ၏။

ထိုအခိုက်မှာပင် မိန်းမပျိုလေးတစ်ဦးသည် မိုးမြေတို့
မှာယူထားသော ထမင်းနှင့်ဟင်းများကို စားပွဲဝိုင်းသို့ လာချပေးလေ၏။

မိုးမြေသည် မိန်းမပျိုလေးကို အရင်သုံးကြည့်၍ လေသံတိုးတိုး
ဖြင့်

“ ကျုပ်သိပြီ၊ သူတို့ဟာ ဝန်းတိုးပွင့်ဝိုထင်းက မိန်းကလေးတွေ
မဖြစ်နိုင်ဘူးလား ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက လက်ဖျစ်တီး၍

“ ဟာ... သိပ်ဖြစ်နိုင်တာပေါ့၊ ဝန်းထိုးပွင့်တမို့လို့
ဒီလိုနေနိုင်တာပေါ့၊ ဒီမိန်းမတွေကြည့်ရတာ ဘာတိုမှကြောက်ရွံ့တဲ့ပုံစံ
မတွေ့ရဘူး ”

ဟု ပြောလေ၏။

ထို့နောက်တွင်မှ မိုးမြေတို့သည် ထမင်းဆိုင်ထဲမှ ထြက်ထွက်လာ
ပြီးနောက် မြို့စွန်ရှိ စေတီငယ်လေးသို့သွားရောက်၍ နားနေကြ၏။

၄င်းတို့သည် ထမင်းဆိုင်ရှိ မိန်းကလေးများကို ဝန်းထိုးပွင့်
မိန်းကလေးများအဖြစ် မသင်္ကာဖြစ်သဖြင့် ထိုနေ့ညတွင် ဆိုင်သို့ခိုးဝင်
ရန် ကြံစည်ကြ၏။

ပေသီးတို့သည် ညဆယ်နာရီခန့်ရှိသောအခါ ထမင်းဆိုင်
ရှိရာသို့ တိတ်တဆိတ်ထွက်ခဲ့၏။ မြဲအနီးသို့ ရောက်ရှိ၍ တိုးထပ်



www.burmeseclassic.com

သွားပြီး မြို့ထဲသို့ကြည့်လိုက်သောအခါ မီးလင်းနေဆဲဖြစ်ကြောင်း တွေ့ရ၏။

ထမင်းဆိုင်မှာ ပိတ်လိုက်ပြီဖြစ်သော်လည်း အိမ်ထဲ၌ မီးအလင်းရောင်များကို မြင်ရ၏။ ပေသီးတို့သည် ထမင်းဆိုင်၏နံရံသို့ ပြေးကပ်လိုက်ကြ၏။

ထိုစဉ် ဆိုင်ထဲမှ လွန်စွာသာယာနာပျော်ဖွယ်ကောင်းသော ရှေးသီချင်းတစ်ပိုဒ်ကို သီဆိုနေဟန်ကြားရ၏။

မိုးမြေသည် ပြတင်းပေါက်မှတစ်ဆင့် ဆိုင်ထဲသို့ ချောင်းကြည့်လိုက်သောအခါ ပတ္တလား၊ စောင်း တို့ဖြင့် မိန်းကလေးငါးယောက် သီချင်းသီဆိုနေကြောင်း သိရ၏။

ပေသီးက မိုးမြေဘက်သို့လှည့်၍

" ဒီကောင်မလေးတွေဟာ ပန်းကိုးပွင့်တွေဆိုတာ သေချာနေပြီ၊ ပန်းကိုးပွင့်တွေဟာ စာပေ ဂီတတွေကို ဝါသနာပါတယ်ကွ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် မြင်းခွာသံများကိုကြားရပြီး ဆိုင်ရှေ့သို့ ရထားလုံးတစ်စီး ထိုးဆိုက်လာကြောင်း တွေ့ရ၏။

ရထားလုံး ဆိုင်ရှေ့သို့ရောက်သောအခါ ပေသီးတို့သည် အိမ်နံရံကိုကွယ်၍ ချောင်းကြည့်လိုက်သောအခါ ရှမ်းဘောင်းဘီနှင့် လူနှစ်ဦးသည် ရထားလုံးပေါ်မှ ဆင်းလာပြီး ဆိုင်ထဲဝင်လာကြောင်း တွေ့ရ၏။





ထိုလူနှစ်ဦး ဆိုင်ထဲသို့ရောက်လာသောအခါ မိန်းမချောငါးဦးတို့ သည် သီချင်းသီဆိုတီးမှုတ်နေခြင်းကို ရပ်တန့်လိုက်၏။ ထိုအခါ နှစ်ဦးသည် ချောမောလှပသော မိန်းကလေးတစ်ဦး၏ရှေ့တွင်ရပ်၍

" သီချင်းတွေ၊ စောင်းတွေတီးပြီး အချိန်တွေဖြုန်းနေရုံး တို့ကို ဒီမှာထားတာ အပျော်ထားတာ မဟုတ်ဘူး၊ ရန်သူရဲ့ င်းကို သိချင်လို့ကွ၊ ဆရာကြီးရွှေလင်းယုန်က မင်းတို့ဆီက င်းကိုမရလို့ စိတ်ပူနေတယ် "

ဟု ပြောလေ၏။

ထိုလူ၏စကားကြောင့် မိုးမြေနှင့်ပေသီးသည် အံ့သြလွန်းသဖြင့် ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေ၏။

ထမင်းဆိုင်ရှင် မိန်းကလေးများသည် ပန်းကိုးပွင့်အဖွဲ့မှ လေးများမဟုတ်ဘဲ ရွှေလင်းယုန်၏ အစေအပါးမိန်းကလေးများ လေ၏။

ရွှေလင်းယုန်၏စောင့်ရှောက်မှုကြောင့် ထမင်းဆိုင်ရှင် လေးများသည် မည်သူ့မျှ မနှောင့်ယှက်ဝံ့ခြင်းဖြစ်တန်ရာ၏။

ထိုအချိန်တွင် ဆိုင်ထဲရှိ စောင်းတီးသောမိန်းကလေးက ဝင်ရ တ်လူကိုကြည့်၍

" ကျွန်မတို့ ဂီတ အနုပညာကို ဝါသနာပါတာအဖြစ်လား တို့ သီချင်းဆိုနေပေမဲ့ ကိုယ့်တာဝန် ကိုယ်ကျေအောင်လုပ်နေသ ကျွန်မတို့မြို့ကို လူစိမ်းနှစ်ယောက် ရောက်လာတယ်၊

www.burmeseclassic.com



အဲဒီလူနှစ်ယောက်ရဲ့ အမူအရာကို ကြည့်ရတာ မသင်္ကာစရာကောင်း တယ်၊ သူတို့ ဒီမြို့ကို ရောက်လာတာ ရည်ရွယ်ချက်တစ်ခုရှိပုံရ ဒါကြောင့် သူတို့နေတဲ့နေရာကို စုံစမ်းကြည့်တော့ မြို့ပြင်က စေတီ နေထိုင်ကြောင်း သိရတယ်၊ ရှင်တို့ သူတို့နှစ်ယောက်ကို စောင့်ကြ ပါ ''

ဟု ပြောလေ၏။

မိုးမြေနှင့်ပေသီးသည် ၎င်းတို့၏အကြောင်းကို ပြောဆိုကြ ကြားရသဖြင့် ပြတင်းပေါက်နားသို့ တိုးကပ်၍ နားစွင့်လိုက်ကြ

ပင်နီအင်္ကျီဝတ်လူများသည် မိုးမြေတို့ကို စောင့်ကြည့်ရ ပြောဆိုကာ ဆိုင်ထဲမှ ပြန်လည်ထွက်ခွာရန်ပြင်၏။

မိုးမြေက ထိုလူများ၏အမူအရာကိုကြည့်၍

'' ဒီလူတွေဟာ ဒုစရိုက်သမားကြီး ရွှေလင်းယုန်ရဲ့တ တပည့်တွေ ဖြစ်ပုံရတယ်၊ သူတို့နောက်က ကျုပ်တို့ နောက်ယေ ကြည့်ရင် ကောင်းမယ် ''

ဟု ပြောလေ၏။

ပေသီးသည် မိုးမြေ၏စကားကို သဘောတူဟန်ဖြင့် ရှ ဘောင်းဘီဝတ်လူနှစ်ဦး၏ ရထားလုံးရှိရာသို့ တိုးကပ်ရန် ကြ၏။

ခဏကြာလျှင် ရှမ်းဘောင်းဘီဝတ်လူနှစ်ဦးသည် ရထား ရာသို့ ပြန်ရောက်လာပြီး ရထားလုံးကို စတင်မောင်းနှင်နိုင်းလို





မိုးမြေတို့သည် မှောင်ရိပ်ကိုခိုနေရာမှ ရထားလုံးနောက်သို့ ပြေးတပ်ကာ ခိုဆွဲ၍တက်လိုက်ကြ၏။ ရထားလုံးမောင်းကုလားသည် အရက်မူးနေသောကြောင့် မိုးမြေတို့ ခိုဆွဲလိုက်လာခြင်းကို မသိချေ။

ရထားလုံးသည် အချပ်ချပ် တချင်ချင် အသံပေး၍ မြို့ပြင်သို့ မောင်းထွက်သွား၏။ အတန်ကြာအောင် မောင်းနှင်ပြီးသောအခါ ရှမ်းဘောင်းဘီဝတ်လူနှစ်ဦးသည် ရထားလုံးကိုရပ်နိုင်း၍ ဆင်းသွား လေ၏။

သူတို့နှစ်ဦးသည် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထွန်း၍ တောလမ်းအတိုင်း လျှောက်သွားကြ၏။ အတန်ကြာအောင် သွားလာပြီးနောက် ခပ်လှမ်းလှမ်းတွင် မီးတုတ်အလင်းရောင်များကို တွေ့ရ၏။

မိုးမြေတို့လည်း ၎င်းတို့၏အနောက်မှ ခြေသံမကြားအောင် တိတ်တဆိတ်လိုက်ခဲ့ကြ၏။ မီးတုတ်အလင်းရောင်များသည် စေတီပျက်လေးတစ်ဆူမှ ထွက်နေခြင်းဖြစ်၏။

မိုးမြေတို့သည် ချုံပုတ်များကို အကာအကွယ်ပြု၍ စေတီ၏ အနီးသို့ တိုးကပ်သွား၏။ စေတီလေးပေါ်တွင် ရှမ်းဘောင်းဘီဝတ် လူငါးဦးရှိ၏။

၎င်းတို့အားလုံး မားရှည်ကိုယ်စီ ကိုင်ဆောင်ထား၏။ ပင်နီ အင်္ကျီဝတ်လူနှစ်ဦးက လူအများကို လက်ဖြင့်ရမ်း၍

'' ဒီနေ့တော့ ညဉ့်နက်နေပြီ၊ ငါတို့အားလုံး စခန်းပြန်ကြမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ၄င်းတို့အားလုံး တောထဲဝင်သွားလေ၏။

၄င်းတို့သည် ခရီးဆက်ရင်း တဖြည်းဖြည်း တောင်မြင့်ကြီး တစ်ခုပေါ်သို့ တက်သွားလေ၏။

ထိုသူများသည် ညအချိန် ခရီးဆက်နေသော်လည်း တောလမ်းခရီးကို ကျွမ်းကျင်ပုံရ၏။

အတန်ကြာသွားလာပြီးမှ ပင်နီအကျႌနှင့်လူသည် အနောက်မှ တစ်စုံတစ်ရာကို ကြားဟန်ဖြင့် ရပ်လိုက်ပြီး လှည့်ကြည့်လိုက်၏။ ထိုအခါ မိုးမြေသည် ပေသီးကို ကမန်းကတန်း ချုံပုတ်ထဲသို့ ဆွဲချလိုက်ရ၏။

ပေသီး၏ သစ်ကိုင်းခြောက်နင်းသံကို ပင်နီအကျႌဝတ်လူ ကြားသွားပုံရ၏။ ကျန်သော ပင်နီအကျႌဝတ်လူက

" ဘာဖြစ်လို့လဲ "

ဟုမေးမြန်းလေရာ ထိုလူက မိုးမြေတို့ရှိရာ ချုံပုတ်ထဲသို့ စူးစိုက်ကြည့်၍

" ကျုပ်တို့နောက်က တောတိုးသံကြားလိုက်ရသလားလို့ပါ"

ဟုပြောလေ၏။

ထိုအခါ ရှမ်းဘောင်းဘီဝတ်လူက

" တောကောင်တွေဖြစ်မှာပါ ဆရာရယ် "

ဟုပြောလိုက်သောအခါမှပင် ပင်နီအကျႌဝတ်လူသည် ရှေ့သို့ ခရီး ဆက်ခဲ့လေ၏။





မိုးမြေတို့လည်း သတိကြီးစွာထား၍ ထိုလူများနောက်မှ ဆက် လိုက်ခဲ့လေ၏။

အတန်ကြာအောင် သွားလာပြီးနောက် ပင်နီအကျႌဝတ်လူသည် သူ၏တပည့်များကို လက်ကာပြလိုက်ပြီး

" ငါတို့နောက်က တစ်စုံတစ်ယောက် နောက်ယောင်ခံလိုက် လာတယ်လို့ ခံစားရတယ်၊ ဒါကြောင့် မင်းတို့ သတိဝီရိယထားပြီး ခရီးဆက်ကြပါ "

ဟုပြောလေ၏။

မိုးမြေနှင့်ပေသီးတို့သည် ထိုသူများ ရပ်တံ့သွားသဖြင့် သစ်ပင် တစ်ပင်ကို အမှီပြု၍ ပုန်းအောင်းနေရ၏။

မိုးမြေတို့လည်း ပိုမိုသတိထားကာ ရန်သူများ၏နောက်မှ လိုက် ရလေ၏။

တစ်နေရာသို့ရောက်သောအခါ သစ်ပင်ပေါ်မှ လူနှစ်ဦး ရုတ်တရက် ခုန်ဆင်းလာသဖြင့် မိုးမြေနှင့်ပေသီးတို့သည် တိုက်ခိုက်ရန် ခြင်ဆင်လိုက်ရ၏။

ရန်သူနှစ်ဦးသည် ကျောတွင် လွယ်ထားသော ဓားရှည်များကို ဆွဲထုတ်၍ မိုးမြေနှင့်ပေသီးအား ဝင်ရောက်တိုက်ခိုက်လေ၏။

မိုးမြေသည် ရန်သူ၏ဓားကိုင်လက်ကိုချုပ်ကိုင်၍ ဝမ်းဗိုက်တွင် ဆောင့်ကန်ကာ ကိုင်ပေါက်လိုက်၏။ ပေသီးမှာလည်း ရန်သူတစ်ဦးအား အောင်မြင်စွာ ဓားဖြင့်ခုတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရန်သူမှာ အွတ်ခနဲအော်၍ မြေပေါ်သို့ လဲကျလေ၏။ ထိုအခိုက်မှာပင် ပေသီးက ရန်သူ၏မေးရိုးအား ခြေဖြင့် ဆောင့်ကန်လိုက်လေ၏။

ထိုအချိန်တွင် မိုးမြေသည် ရန်သူအား အပေါ်စီမှခွစီး၍ နောက်စေ့အား တံတောင်ဖြင့်ထောင်းလေရာ ရန်သူသည် လဲကျသွားလေ၏။

ရန်သူနှစ်ဦးလဲကျသွားသောအခါ မိုးမြေက

" ရန်သူခေါင်းဆောင်က ကျုပ်တို့နောက်ယောင်ခံလိုက်လာတာ သိသာယရှိသွားတယ်၊ ဒါကြောင့် ဒီနှစ်ကောင်ကို တင်းပုန်းချပြီး ထားခဲ့တာပဲ၊ ကျုပ်တို့ ရှေ့ဆက်သတိထားရတော့မယ် "

ဟု ပြောလေ၏။

ပေသီးက ဝင်ရောက်၍

" ဒီကောင်တွေရဲ့ တိုက်ခိုက်ရေးပညာက မဆိုးဘူးကွ၊ ငါတို့ သတိထားရမယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိုးမြေနှင့်ပေသီးတို့သည် တဖြည်းဖြည်း တောင်တက်လမ်းအတိုင်း တက်ခဲ့လေ၏။ တောင်သည် တဖြည်းဖြည်း မြင့်တက် သွား၏။

တစ်နေရာသို့ရောက်သောအခါ မိုးမြေသည် မသင်္ကာသဖွယ် အရိပ်အရောင်ကို မြင်တွေ့သဖြင့်





" ပေသီး... သတိထား "

ဟု လှမ်း၍အော်ဟစ်လိုက်၏။

ထိုအခိုက်မှာပင် ချုံပုတ်ကြီးအနောက်မှ ဓါးရှည်ကိုင်လူနှစ်ဦး ထွက်လာပြီး မိုးမြေနှင့်ပေသီးကို ဝင်ရောက်တိုက်ခိုက်လေ၏။

ရန်သူများသည် ဓါးရေးကျွမ်းကျင်သူများဖြစ်သော်လည်း မိုးမြေတို့သည် ၎င်းတို့ထက် ပိုမိုကျွမ်းကျင်သူများဖြစ်သဖြင့် မထွဋ်နိုင်ဘဲ အရှုံးပေးလိုက်ရလေ၏။

မိုးမြေတို့သည် ရန်သူများအား မှေ့မြောအောင် တိုက်ခိုက်လိုက်ပြီးနောက် သတိထား၍ တောင်တက်လမ်းကို တက်ခဲ့ကြလေ၏။

သို့သော် နောက်ပိုင်းတွင် ရန်သူများကိုမတွေ့ရဘဲ တောင်ထိပ်သို့ ရောက်ခဲ့လေ၏။

တောင်ပေါ်တွင် သစ်ပင်ကြီးငယ်များရှိပြီး တောင်၏ [illegible]နေရာတွင် မီးအလင်းရောင်များ ထွက်နေကြောင်း တွေ့ရ

မိုးမြေတို့သည် ထိုနေရာသို့ တဖြည်းဖြည်း ချဉ်းကပ်ခဲ့လေ၏။ ၎င်းတို့သည် ကျောက်ဖျာကြီးတစ်ချပ်ကို အကာအကွယ်ပြု၍ မီးရောင်ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်ခဲ့လေ၏။

ထိုအခါ မြင်တွေ့ရသောမြင်ကွင်းကြောင့် နှစ်ယောက်စလုံး အံ့သြသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ကျယ်ဝန်းသော ကွက်လပ်တစ်ခု တွင် လူတစ်ယောက်သည် ရွှေရောင်ဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်နေသော ငှက်လှောင်အိမ်ကို ကိုင်ဆောင်ထားလေ၏

ထိုလှောင်အိမ်ထဲတွင် ကြက်တူရွေးငှက်လေးတစ်ကောင်ရှိ၏ မိုးမြေတ ဆော့တီးတိုးဖြင့်

" အတော်တူးဆန်းတဲ့မြင်ကွင်းပဲ၊ ကြက်တူရွေးကို ရွှေ လှောင်အိမ်ထဲ ထည့်ထားတယ်၊ ဒီကြက်တူရွေးက ဘာများအစွမ်း သတ္တိရှိလို့လဲ"

ဟု ပြောလေ၏။

ထိုအခါ မေသီးက ခေါင်းညိတ်၍

" ဟုတ်တယ်ကွ၊ ကြက်တူရွေးလှောင်အိမ်ကို ကိုင်ထားတဲ့ လူကလည်း ထူးခြားတယ်၊ သူ့ရဲ့ဆံပင်က ကျောလယ်လောက်ထိ ရှည်နေတယ်၊ ဒီလူဟာ လူဆိုးလူမိုက်ကြီး ရွှေလင်းယုန်ဆိုတဲ့ လူများ ဖြစ်နေသလား "

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာပင် အဖြူရောင်ဝတ်စုံနှင့်လူက ငှင်းကို ဝိုင်းဖွဲ့ ကြည့်ရှုနေသူများဘက်သို့လှည့်၍

" ခင်ဗျားတို့ ရှေ့ဆက်လုပ်ရမဲ့အလုပ်တွေကို ဆရာကြီး ရွေးထားတဲ့ ကြက်တူရွေးက ပြောပြလိမ့်မယ်၊ ရွှေကြက်တူရွေး ပြောတဲ့စကားကို ခင်ဗျားတို့ သေသေချာချာမှတ်ထားပါ၊ ဆရာကြီး ဟာ သိပ်ပြီးတော်ကျတယ်၊ သူ့ရဲ့တပည့်တွေ တစ်ယောက်နဲ့တစ်ယောက် သစ္စာဖောက်မှာစိုးတဲ့အတွက် လက်အောက်ငယ်သားတွေကို





ရွှေကြက်တူရွေးကတစ်ဆင့် ပြောခိုင်းတယ် "

ဟု ပြောလေ၏။

ထို့နောက် ရွှေကြက်တူရွေးဘက်သို့ လှည့်၍

" ရွှေကြက်တူရွေး ခင်ဗျား၊ ဆရာကြီးရဲ့ ခိုင်းစေချက်တွေကို ညွှန်ကြားပေးပါ "

ဟု တောင်းဆိုလေ၏။ ကြက်တူရွေးက ဝတောက် လူ တစ်ယောက် အသံဖြင့်

" မြန်မာပြည်အနှံ့က ပိုက်ဆံချမ်းသာတဲ့ သူဌေးသူကြွယ်တွေ ရဲ့အိမ်တွေကို စုံစမ်းထားရမယ်၊ တတ်နိုင်ရင် သူတို့အိမ် တွေရဲ့ ရာဝင်လူထွက်နဲ့ စီးပွားရေးအခြေအနေတွေအားလုံးကို စာရင်း ပြုထားရမယ်၊ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုရဘူး၊ ဒါဟာ သိမထိ သည်းကမ်းပဲ၊ ပစ္စည်းဥစ္စာတွေကို ခွဲဝေပြီး ငါ့ရဲ့တပည့်တွေကို အခြမ်းပေးမယ်၊ ကျန်တဲ့အစိတ်အပိုင်းတွေကိုတော့ အလှူဒါနတွေ ပြုကြမယ်၊ ငါတို့အားလုံးဟာ သာသနာတော်ပြန့်ပွားရေးအတွက် တစ်တပ်တစ်အား ပါဝင်လှုပ်ရှားရမယ်၊ သီလ သမာဓိရှိအောင် ကြိုးစားကြမယ်၊ လူတွေအားလုံးကို မေတ္တာထားကြမယ်၊ ဆင်းရဲသား တွေကို ကူညီထောက်ပံ့ပေးကြမယ်၊ သူဌေးသူကြွယ်တွေ ခေါင်းပုံဖြတ် ခြတ်ထုတ်တာ ရပ်ဆိုင်းနိုင်းရမယ် "

ဟူသော အမိန့်များကို ရှည်လျားစွာ ပြောပြလေ၏။

ငှင်း၏အမိန့်များကို ဝိုင်းဖွဲ့ထိုင်နေသောလူအများတို့ တရို



www.burmeseclassic.com

www.burmeseclassic.com



တသေဖြင့် မှတ်စုများယုတ်၍ မှတ်သားနေကြောင်း တွေ့ရ… ကြက်တူရွေးသည် ရှည်လျားသောအမိန့်များကို ပြောဆိုရ… နောက်ဆုံးတွင်

" မြန်မာပြည် အနှံ့အပြားမှာရှိတဲ့ ဆရာကြီးတပည့်… အားလုံး နိုဝင်ဘာလဆယ့်ခုနစ်ရက် ဆရာကြီးမွေးနေ့မှာ ဆုံနေကြ… ရဲ့ ဆုံနေကြနေရာ ကိုးသချိုင်းမှာ ဆုံတွေ့ကြမယ်၊ အဲဒီမှာ ဆုံတွေ့… ဆုတောင်းပွဲတွေ လုပ်မယ်၊ ပရိတ်တွေရွတ်မယ်၊ ဆင်းရဲသားတွေ… အလှူဒါနတွေလုပ်မယ်၊ ဒီပွဲမှာ ဆရာကြီးကိုယ်တိုင်ရောက်လာ… ကောင်းချီးဩဘာပေးလိမ့်မယ် "

ဟူသော စကားကိုဆိုလေ၏။

မိုးမြေက ပေသီးဘက်သို့လှည့်၍

" ဒါဆိုရင် နိုဝင်ဘာလ ဆယ့်ခုနစ်ရက်မှာ ဆရာ… ရွှေလင်းယုန်ကို ထိပ်တိုက်တွေ့ရမယ်၊ ဒီလိုတွေ့တဲ့အချိန်မှာ ခင်… ဦးလေးရဲ့သဲလွန်စကိုလည်း ရလိမ့်မယ်၊ ကျုပ်တို့ဒီကနေ အမြန်… ထွက်ခွာကြစို့၊ နိုဝင်ဘာလ ဆယ့်ခုနစ်ရက်နေ့ကို သချိုင်းကို အ… သွားပြီး စောင့်နေကြမယ် "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ဝင်ရောက်၍

" ဟုတ်တယ်၊ ကျုပ်တို့ အရောက်သွားကြမယ်၊ ဒီတော… မရိပ်မိခင် ကျောက်ဖျာကြီးနားက ခွာကြမယ် "





ဟု ဆိုကာ ကျောက်ဖျာကြီးအနောက်မှ တဖြည်းဖြည်း ဆုတ်ခွာကြလေ၏။

ထို့နောက် တောင်အောက်သို့ အသံမကြားအောင် ပြန်ဆင်းခဲ့လေတော့၏။ ၎င်းတို့သည် တောင်ခြေသို့ အန္တရာယ်ကင်းစွာ ပြန်လည်ရောက်ရှိခဲ့လေတော့၏။

ပန်းအိစ် ကွန်ပျူတာ
ဆိုင်အမှတ်(၇) မျက်နှာစာတန်း ကျောက်မြောင်းဈေး



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေတို့သည် နိဝင်ဘာလ ဆယ့်ခုနစ်ရက်နေ့သို့ရောက်ရန် ရက်အနည်းငယ်သာ လိုတော့သဖြင့် ကိုးသချိုင်းရှိရာမြို့သို့ ကြိုတင်ရောက်ရှိရန်အတွက် ထိုမြို့သို့ ထွက်ခဲ့လေ၏။

ကိုးသချိုင်းရှိရာမြို့သို့ရောက်သောအခါ မြို့တစ်နေရာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝင်ရောက်တည်းခိုကြ၏။

ထိုကျောင်းရှိ ဆရာတော်ကြီးမှာ လွန်စွာသဘောမနောကောင်း ပုံရပြီး ကျောင်း၌ ရှေးဟောင်းပစ္စည်း အမြောက်အမြားကို စုဆောင်းထားကြောင်း တွေ့ရ၏။

မိုးမြေနှင့်ပေသီးသည် ရှေးဟောင်းပစ္စည်းများ ရှာဖွေစုဆောင်းခြင်းကို ဝါသနာပါသူဖြစ်သဖြင့် ကျောင်းအတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်သည့်အကြောင်းကို မကြာခဏ မေးမြန်းကြ၏။



ထိုအခါဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများ၏ နောက်ကြောင်း ရာဇဝင်နှင့်ဖော်ထုတ်ခဲ့သော ခုနစ်သဏ္ဌာရာစ်များကိုပါ ထောင်းမွန်စွာ ရှင်းလင်းပြ၏။

မိုးမြေသည် ဆရာတော်ကြီး၏ ကျောင်းတွင်သုံးရက်ခန့် နေထိုင်ပြီးနောက် ဆရာတော်ကြီး၏ သီလသမာဓိကို လေးစားသွားပြီး ပေသီးအား

" ဒီမှာပေသီး၊ ကျုပ်လက်ထဲမှာရှိတဲ့ ပုဂံမင်းကိုင်ဆောင်ခဲ့တဲ့ သန်လျက်တော်ကို၊ ဆရာတော်ကြီးဆီမှာ အပ်နှံခဲ့ရင် မကောင်းဘူးလား "

ဟု ပြောလေ၏။

ထိုအခါပေသီးက မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားပြီးနောက်

" ဆရာတော်ကြီးဟာ ရှေးဟောင်းပစ္စည်းနဲ့ပတ်သက်လို့ အထူး ဝါသနာပါတယ်ဆိုတာ ကျုပ်ယုံတယ်၊ ရှေးဟောင်းပစ္စည်းတွေကို အညီး တန်ဖိုးထားပြီး ထိန်းသိမ်းနေတယ်ဆိုတာ လက်ခံတယ်၊ ဒါပေမဲ့ ပုဂံမင်းရဲ့သန်လျက်တော်ကို ဆရာတော်ကြီးဆီမှာ လုံခြုံအောင် ထိန်းသိမ်းနိုင်ပါ့မလား၊ အဲဒါကို ကျုပ်စဉ်းစားနေမိတယ်၊ ပုဂံမင်းရဲ့ သန်လျက်တော်ဟာ အလွန်အဖိုးတန်တယ်၊ ဆရာတော်ကြီးဆီမှာ ထိန်းနိုင်ဘူးဆိုရင် မသမာသူတွေလက်ထဲကို ရောက်သွားမှာပဲ"

ဟု ပြောလေ၏။ မိုးမြေက တခဏမျှ စဉ်းစားပြီး ခေါင်းညိတ်

www.burmeseclassic.com



၍

" အင်း... ဟုတ်တယ်၊ ဆရာတော်ကြီးဆီမှာ ပုဂံခေတ်ရဲ့ သန်လျက်တော်ကို လုံလုံခြုံခြုံ သိမ်းဆည်းထားနိုင်မှာမဟုတ်ဘူး၊ ဒီသန်လျက်တော် ဆရာတော်ကြီးဆီရောက်ရင် ဆရာတော်ကြီးဆီမှာ အန္တရာယ်တွေပတ်လည်ဝိုင်းသွားမှာ သေချာတယ်၊ တော်ပါပြီဗျာ၊ သန်လျက်တော်ကို မအပ်နှံတော့ပါဘူး "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိုးမြေတို့သည် နိဝင်ဘာလ ဆယ့်ခုနစ်ရက်နေ့ တဖြည်းဖြည်းနီးကပ်လာသဖြင့် ကိုးသချိုင်းရှိရာသို့ သွားရောက် ကြည့်ရှုလေ၏။

ထိုအခါ ကိုးသချိုင်းသည် အခြားသောမြို့များရှိ သချိုင်းများ ထက် ပို၍ထူးခြားကြောင်းတွေ့ရ၏။

ကိုးသချိုင်းရှိရာနေရာသည် အခြားသောမြို့များရှိ သချိုင်းများ ထက် ကျယ်ဝန်းကြောင်းတွေ့ရ၏။

ကိုးသချိုင်း၏အလယ်တွင် လွန်စွာကြီးမားသော ဇရပ်ပျက်ကြီး တစ်ဆောင်ရှိ၏။ ထိုဇရပ်ကြီးမှာလည်း အခြားသောမြို့များရှိ ဇရပ်များ ထက် ကြီးမားကျယ်ဝန်းကြောင်း တွေ့ရ၏။

ဇရပ်ကြီး၏ အောက်ခြေတွင် ကမ္ပည်းစာတမ်းကို တွေ့ရ၏။ ထိုကမ္ပည်းစာတမ်းအရ ဇရပ်ကြီးကို အင်္ဂလိပ်မြန်မာ တတိယစစ် ကာလကဝင် တည်ဆောက်ခဲ့ကြောင်းတွေ့ရ၏။



မိုးမြေတို့သည် ဇရပ်ပတ်ဝန်းကျင်ကို ကြည့်ရှုပြီးနောက် ဘုန်းကြီးကျောင်းသို့ ပြန်ခဲ့ကြလေ၏။

ထို့နေ့ညနေ၌ ပေသီးက

" ကျုပ်တို့ သချိုင်းကိုတော့ သွားကြည့်ပြီးပြီ၊ ရွှေလင်းယုန်ရဲ့ တပည့်တွေ မရောက်သေးတာတော့ သေချာတယ်၊ ကျုပ်မှာ အကြံ တစ်ခုရလာခဲ့တယ်၊ ကျုပ်တို့ သချိုင်းအနီးပတ်ဝန်းကျင်မှာပဲ သုဘရာဇာအဖြစ်နေကြရင် မကောင်းဘူးလား "

ဟု ပြောလေ၏။

ထိုအခါ မိုးမြေက ခေါင်းခါယမ်းလိုက်ပြီး

" ဟာ... ကျုပ်တော့ သုဘရာဇာမလုပ်ချင်ပါဘူးဗျာ၊ အလောင်းတွေမြေမြှုပ်ရမှာ ကျုပ်မသတီဘူးဗျ "

ဟု ပြောလေ၏။ ပေသီးက

" ဒါဆိုရင် သချိုင်းဇရပ်မှာနေတဲ့ သူတောင်းစားတွေ လုပ်ရင် မကောင်းဘူးလား "

ဟု ပြောလေ၏။

ထိုအခါ ပေသီးကိုကြည့်၍ မိုးမြေက

" ကျုပ် သူတောင်းစားတော့ မလုပ်ချင်ဘူးဗျာ၊ သူများဆီက ထိုင်ဆံကို ပတ်ချွဲနှပ်ချွဲလုပ်ပြီး ကျုပ်မတောင်းချင်ဘူး "

ဟု ပြောလေ၏။

ခဏကြာပြီးနောက် မိုးမြေက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟာ… ဟုတ်ပြီ၊ ကျုပ်တို့ သုဘရာဇာလည်း လုပ်စရာမလို ဘူး၊ သူတောင်းစားလည်း လုပ်စရာမလိုဘူးဗျ၊ သချိုင်းပတ်ဝန်းကျင် မှာနေတဲ့ ဆင်းရဲသားဟန်ဆောင်ကြရင် မကောင်းဘူးလား "

ဟု ပြောလေရာ ပေသီးကလည်း မိုးမြေ၏စကားကို သဘော တူလေ၏။

ထိုအခါ ပေသီးက

" ဟုတ်ပြီ၊ ဒါဆိုရင် ငါတို့နှစ်ယောက် မရှိဆင်းရဲသား ဟန်ဆောင်ကြမယ်၊ သချိုင်းအနီးမှာနေတဲ့ မရှိဆင်းရဲသား တောင်သူ လယ်သမားပေါ့ကွာ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိုးမြေနှင့်ပေသီးသည် ဆရာတော်ကြီးအား နှုတ်ဆက်၍ ဒီအရပ်မှာ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောလေ၏။

ဆရာတော်ကြီးသည် စိတ်သဘောထားကောင်းမွန်ပြီး ဇော်ရွေ သူဖြစ်သဖြင့် ဤအရပ်သို့ရောက်သည့်အခါတိုင်း လာရောက်တည်းခို နိုင်ကြောင်း ပြောလေ၏။

မိုးမြေတို့သည် ဆရာတော်ကြီး၏ ကျောင်းမှ မြို့ပြင်သချိုင်း ဆီသို့ ထွက်ခဲ့၏။ သချိုင်းသို့ရောက်လျှင် ရေကန်ကြီးကိုကြည့်၍ စိတ်ကူးပေါက်ပြီး ငါးမျှားတံ၊ ပလိုင်းစသည်တို့ကို ရှာဖွေပြီး ငါးမျှား ကြလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ သချိုင်းအနီးသို့





ဆော်လီကားကြီးတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ ရှမ်းဘောင်းဘီ ဝတ်လူများ ဆင်းလာလေ၏။

ထိုလူများသည် ဆရာကြီးရွှေလင်းယုန်၏တပည့် လူဆိုးလူမိုက် များ ဖြစ်နေလေ၏။ ထိုလူများသည် ရေပေါ်သို့တက်၍ အမှိုက်များ ကို လှဲကျင်းကြလေ၏။

၄င်းတို့သည် ရေပေါ်၌ သန့်ရှင်းရေးပြုလုပ်ပြီးနောက် ရေ အနောက်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းကြလေ၏။

ထိုလူများသည် ရေအိုင်ကြီး၌ငါးမျှားနေသော မိုးမြေနှင့် ပေသီးတို့ကြည့်ကာ

" ဟေ့လူတွေ၊ ခင်ဗျားတို့ ငါးမျှားမနေနဲ့၊ ပိုက်ဆံရချင်ရင် ကျုပ်တို့နဲ့အတူ ကူလုပ်ပေး "

ဟု ပြောလေ၏။

ထိုအခါ မိုးမြေနှင့် ပေသီးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပေသီးက

" ပိုက်ဆံရမယ်ဆို ဘာအလုပ်မဆိုလုပ်မယ်ဗျာ "

ဟု ပြောလိုက်ရာ ရွှေလင်းယုန်၏တပည့် လူဆိုးလူမိုက်တစ်ဦး က

" ပိုက်ဆံတင်မကဘူး၊ ခင်းတို့ကို အစားအသောက်လည်း ကျွေးမယ်၊ ရေပ်ကိုလာပြီး ငါတို့ခိုင်းတာကိုသာ လုပ်နေ "

ဟု ပြောလေ၏။ မိုးမြေနှင့်ပေသီးတို့သည် ဆင်းရဲသားများ



www.burmeseclassic.com

www.burmeseclassic.com



သဋ္ဌာန် ရှစ်ဖျက်ထားသဖြင့် ၄င်းတို့ကို တံငါသည်များဟု ထင်မြင်ဖွယ် ရ၏။

ရွှေလင်းယုန်၏တပည့်များသည် ၄င်းတို့အား ဧရာဝတီကမ်းကျဉ်းရှိ အမိုက်များကို လှဲကျင်းနိုင်းလေ၏။

အမိုက်များလှဲကျင်းပြီးသောအခါ ၄င်းတို့နှင့်အတူ မြို့လယ်ရှိ တုန်ဝုံဆိုင်ကြီးသို့ ခေါ်ဆောင်သွားပြီး အုန်းသီး၊ ငှက်ပျောသီးများကို ထမ်းနိုင်းလေ၏။

ထို့နောက် အုန်းပွဲငှက်ပျောပွဲများ ပြင်ဆင်ရန် ပန်းများ ဖယောင်းတိုင်များ စသည်တို့ကို ဝယ်ယူလေ၏။ ထိုအချိန်အထိ သချိုင်းသို့ ဆရာကြီး ရွှေလင်းယုန်ရောက်ရှိမလာသေးချေ။

ညနေစောင်းသောအခါ သချိုင်းအတွင်းသို့ အမိုးဖွင့်ထားသော ဂျစ်ကားတစ်စီး ဝင်ရောက်လာလေ၏။ ထိုဂျစ်ကား၏ခေါင်းခန်းတွင် တတ္တိပါကော်ဇောခင်းထားပြီး ရင်ဖုံးအင်္ကျီ၊ ချိတ်လုံချည်ဝတ်ဆင်ထားသော ဆရာကြီး ရွှေလင်းယုန် ရောက်လာလေ၏။

ဆရာကြီးရွှေလင်းယုန်နှင့်အတူ ဂျစ်ကားပေါ်တွင် သူ၏တပည့်များ လိုက်ပါလာကြောင်း တွေ့ရလေ၏။ ပေသီးက အမိုက်များကို လှဲကျင်းနေရာမှ မိုးမြေဘက်သို့လှည့်၍

" ရွှေလင်းယုန်ဆိုတဲ့ အရူးကြီးလာပြီဟေ့၊ ကြည့်စမ်းပါဦး ဂျစ်ကားရဲ့ထိပ်မှာလည်း ရွှေထီးနှစ်လက်မိုးထားတယ်၊ ကားရှေ့ခန်းမှာ ကော်ဇော်ခင်းပြီးတော့ ရင်ဖုံးအင်္ကျီကြီးနဲ့ မိန့်မိန့်ကြီးထိုင်နေတယ်





ဒီလူကြီးကြည့်ရတာ အရူးကြီးနဲ့မတူဘူးပေါ့ "

ဟု ပြောလေရာ မိုးမြေက

" ဟုတ်ပါ့ဗျာ၊ ဒီလူကြီးက သူ့ကိုယ်သူ ဘုရင်များအောက်မေ့နေလားမသိပါဘူး၊ သူ့တပည့်တွေအားလုံးကလည်း ဘုန်းကြီးရှုးနဲ့ လှေလှူးလိုပါပဲ၊ ရူးပဲရူးနိုင်လွန်းတယ်ဗျာ "

ဟု မှတ်ချက်ချလေ၏။ ထိုအချိန်တွင် ရွှေလင်းယုန်၏ တပည့်များသည်

" ဆရာကြီးကျန်းမာပါစေ… ဆရာကြီးချမ်းသာပါစေ "

ဟု ပေါကြောင်ကြောင် ရွှေးကြွေးကြလေ၏။ ထိုအခါ ဆရာကြီး ရွှေလင်းယုန်က တပည့်များကို လက်ပြန်ပြ၍

" ဆရာကြီးလည်းချမ်းသာမယ်၊ ကမ္ဘာကြီးလည်း ချမ်းသာမယ်၊ အချမ်းသာဆုံးလူတွေထဲမှာ ငါ့တပည့်တွေ ထိပ်ဆုံးကပါမယ် "

ဟု အော်ဟစ်လိုက်ရာ သူ၏တပည့်များက လက်သီးလက်မောင်းတန်း၍

" ပေးတဲ့ဆုနဲ့ပြည့်ပါစေ "

ဟု အော်ဟစ်ကြပြန်၏။

ထို့နောက်တွင်မှ ဆရာကြီး ရွှေလင်းယုန်သည် ဂျစ်ပေါ်သို့ တက်၍ ကော်ဇောခင်းထားသောနေရာတွင် တက်၍ထိုင်လေ၏။

ထိုအခါ ဆရာကြီး၏တပည့်များသည် အနီးတွင် ဝိုင်းအုံ၍ ခြေဆုပ်လက်နယ် ပြုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဆရာကြီးရွှေလင်းယုန်သည် တပည့်များအား ပေါကြောင်ကြောင်တရားများကို စတင်ဟောကြားလေ၏။

ငှင်း၏တရားများတွင် သူသည် ဆင်းရဲသားများ၏ကယ်တင်ရှင် ဖြစ်ကြောင်း၊ မကြာမီ ကမ္ဘာစစ်ကြီးဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးတော့မည့် အတိတ်နိမိတ်များကို မြင်တွေ့ရကြောင်း၊ ထိုသို့ ကမ္ဘာစစ်ကြီးဖြစ်သော် သူ၏တပည့်များသည် စစ်၏အန္တရာယ်များကို မမြင်တွေ့ရဘဲ အေးချမ်းသာယာစွာ နေထိုင်ရမည်ဖြစ်ကြောင်း။ သူ၏အစွမ်းသတ္တိမပါဘဲ အင်္ဂလိပ်နယ်ချဲ့ကို မတွန်းလှန်နိုင်ကြောင်း။ တစ်ချိန်ကျလျှင် မိမိကိုယ်တိုင်ဦးဆောင်၍ နယ်ချဲ့အင်္ဂလိပ်ကို မြန်မာပြည်မှမောင်းထုတ်မည်ဖြစ်ကြောင်း စသည်ဖြင့် ယုံနိုင်ဖွယ်မရှိသော စကားများကို ပြောလေ၏။

ထို့အပြင် မိမိ၏တပည့်များကို အထက်ပုဂ္ဂိုလ်များက အစဉ်သဖြင့် ကူညီစောင့်ရှောက်နေကြောင်း၊ မည်သည့်ရန်အန္တရာယ် အစက်အခဲကိုမျှ ကြောက်စရာမလိုကြောင်း စသည်ဖြင့် ပြောဆိုပြန်၏။

ထို့နောက်တွင်မူ ရွှေလင်းယုန်၏ ပေါကြောင်ကြောင်တပည့် တစ်ဦးက သိမ်ရှိုင်းတွင်ပြုလုပ်မည့် အစီအစဉ်များကို အာပေါင် အာရင်းသန်သန်ဖြင့် ပြောပြလေ၏။

ဆရာကြီးရွှေလင်းယုန်က ယနေ့တွင် ဝိဇ္ဇာများကို မိမိ ကိုယ်တိုင်ပူဇော်၍ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များကို ဖေးမြန်းမည်





ဖြစ်ကြောင်း ပြောဆိုလေ၏။

မိုးမြေနှင့်ပေသီးသည် ငှင်းတို့၏အရူးကြောင်ကြောင် အပြုအမူ များကို ကြည့်ရှု၍ ရယ်ချင်စိတ်များကို မနည်းထိန်းချုပ်ထား ရလေ၏။

ညသို့ရောက်သောအခါ ရွှေလင်းယုန်၏တပည့်များသည် ရေပ်ပေါ်တွင် အုန်းပွဲ၊ ငှက်ပျောပွဲများကို ပြင်ဆင်လေ၏။ ထို့နောက် တွင်မူ ရွှေလင်းယုန်သည် အနီရောင်ကတ္တီပါဝတ်စုံကြီးကို ဝတ်ဆင် ၍ အထက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်လေ၏။

ထို့နောက် မျက်လုံးမှိတ်၍ တုန်ယင်ဟန်ပြုကာ အထက် ပုဂ္ဂိုလ်များ၏ အဝိန့်ကို နာခံလေ၏။ ထိုအချိန်တွင် မိုးမြေနှင့်ပေသီး တို့သည် ရေပ်အနောက်ဘက်ပိုင်းတွင် ရှိရှိလေးထိုင်ပြီး ငှင်းတို့၏ ဒိုင်းစရျက်များကို စောင့်မျှော်နေရ၏။

စကြာလျှင် ဆရာကြီးရွှေလင်းယုန်သည် အိပ်စက်တော့ မည်ဖြစ်ကြောင်း ပြောသဖြင့် ငှင်း၏တပည့်များသည် ရေပ်ပေါ်တွင် ရှာနှင့် ခြင်ထောင်များကို ပြင်ဆင်ပေးရလေ၏။

ဆရာကြီးရွှေလင်းယုန် တခေါခေါ အိပ်ပျော်သွားသောအခါ သူ၏တပည့် လူဆိုးလူမိုက်များလည်း အိပ်စက်ကြလေ၏။ ထိုအခါမှပင် မိုးမြေတို့လည်း အိပ်စက်ရလေ၏။

ငှင်းတို့သည် နံနက် အရုဏ်တက်အချိန်သို့ အိပ်ရာမှထကြ ၏ လူဆိုးလူမိုက်များနှင့်အတူ ထမင်းဟင်းများ ချက်ပြုတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းများမှာ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးပိကြော်၊ ချဉ်ပေါင်ဟင်း စသည်ဖြင့် စုံလင်လှ၏။

ထိုဟင်းများကို ရွှေလင်းယုန်၏တပည့်များသာကမ ဆင်း... သား ပြည်သူများအား အလှူအတန်းပြုလုပ်မည်ဖြစ်၏။ မနက် မိုးလင်း၍ ရွှေလင်းယုန် အိပ်ရာမှနိုးသောအခါ သူ၏တပည့်များ သည် ရွှေလင်းယုန်အား ခွမ်းတော်ကပ်သလို ကပ်ကြ၏။

ထို့နောက် ရွှေလင်းယုန်သည် အနီရောင်ကတ္တီပါဝတ်စုံကြီး ကို ဝတ်ဆင်၍ အုန်းပွဲ၊ ငှက်ပျောပွဲများရှေ့တွင်ရပ်ကာ အထက် ပုဂ္ဂိုလ်များ၏အမိန့်ကို နာခံပြန်၏။

ပြီးနောက် ရွှေလင်းယုန်သည် ပေါကြောင်ကြောင်ဖြင့် ခေါင်း ကြီးကိုထုကာ

“ အောင်ပြီ… အောင်ပြီ… အောင်ပြီ ”

ဟု အော်ဟစ်လေ၏။

ရွှေလင်းယုန်၏ တပည့်များကလည်း အူကြောင်ကြောင်နှင့် လိုက်လံအော်ဟစ်ကြလေ၏။

ထို့နောက် ထမင်းဟင်းများကို ဆူညံစွာအော်ဟစ်၍ စား သောက်ကြလေ၏။ ထိုအချိန်တွင် သချိုင်းအတွင်းသို့ ဆင်းရဲသား ကလေး၊ လူကြီးများ ရောက်ရှိလာကြ၏။

ရွှေလင်းယုန်၏တပည့်များသည် ၎င်းတို့စားသောက်ပြီးသော အခါ ထိုလူများကိုခေါ်ယူ၍ ကျွေးမွေးလေ၏။ ရွှေလင်းယုန်၏တပည့် များသည် အလှူပြုလုပ်သည်ဆိုသော်လည်း ဖွယ်ဖွယ်ရာရာ ပြင်ဆင် ကျွေးမွေးခြင်းမဟုတ်ဘဲ ၎င်းတို့၏အကျန်များကို ကျွေးမွေးခြင်း ဖြစ်၏။

ထိုအချိန်တွင် မိုးမြေနှင့် ပေသီးသည် ရေပ်အနောက်တွင် ထိုင်၍ ရွှေလင်းယုန်အား အပိုင်ကိုင်ရန်နည်းလမ်းများကို ကြံစည် နေလေ၏။

မိုးမြေက လေသံတိုးတိုးဖြင့်

“ ရွှေလင်းယုန်ရဲ့တပည့်တွေ အောက်မှာအလုပ်လုပ်နေတုန်း ကျုပ်တို့ ရွှေလင်းယုန်ကြီးကို အပိုင်ကိုင်နိုင်ရင်ကောင်းမယ်၊ ရွှေ လင်းယုန်ကြီးကို ဓါးစာခံလုပ်ပြီး ခင်ဗျားဦးလေး ဦးအောင်ဆောင်း ဘယ်မှာရှိသလဲဆိုတာ မေးမြန်းရမယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ရေပ်ပေါ်သို့ကြည့်လိုက်ရာ ရွှေလင်းယုန် သည် ကတ္တီပါဝတ်ရုံကြီးကို ဝတ်၍ အုန်းပွဲ၊ ငှက်ပျော ပွဲများရှေ့တွင် တရားထိုင်နေဟန်ရှိ၏။

မိုးမြေက ရွှေလင်းယုန်၏အမူအရာကို ကြည့်၍

“ ဒီကောင်ကြီး အုန်းပွဲ၊ ငှက်ပျောပွဲရှေ့မှာ တရားထိုင်နေတာ မဟုတ်ဘူးဗျ၊ မနက်စောစောထရလို့ အိပ်ချင်မူးတူးဖြစ်ပြီး အိပ်ငိုက်နေ တာ ကျုပ်တို့ ဒီအခွင့်အရေးကို အရယူပြီး ဒီကောင်ကြီးကို ဖမ်းဆီးထုတ်ရ မယ် ”





www.burmeseclassic.com

www.burmeseclassic.com



ဟု အကြံပြုလေ၏။

ထိုအခါ ပေသီးလည်း မိုးမြေ၏အကြံအစည်ကို သဘောတူသွားပြီး ရေပ်အနီးသို့ တိုးကပ်သွားကြလေ၏။

ထို့နောက် တရားထိုင်နေသော ရွှေလင်းယုန်အနီးသို့ တိုးကပ်သွားပြီး ဘယ်ညာဝိုင်းရံကာ ဓါးရှည်နှစ်လက်ဖြင့် ခုတ်ပိုင်းရန် ရွယ်လိုက်၏။

ပေသီးနှင့်မိုးမြေသည် ရွှေလင်းယုန်၏လည်ကုတ်ပေါ်တွင် ဓါးကိုယ်စီမိုး၍

" လူယုတ်မာကြီး မလှုပ်နဲ့ "

ဟု အော်ဟစ်လိုက်လေ၏။

ထိုအခါ တရားထိုင်နေသော ရွှေလင်းယုန်ကြီးသည် မိုးမြေနှင့်ပေသီးကို မျက်လုံးဖွင့်ကြည့်ပြီး ထိတ်လန့်သွားလေ၏။

ရေပ်အောက်တွင် အလှူပြုလုပ်နေသော ရွှေလင်းယုန်၏ တပည့်များလည်း လွန်စွာထိတ်လန့်သွားကြလေ၏။ ထိုအခါ ရွှေလင်းယုန်က မိုးမြေနှင့်ပေသီးကို အထိတ်တလန့်ကြည့်၍

" ဟင်... ဟင် မင်းတို့ဘာလုပ်တာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက

" ဘုရားလိုလို တရားလိုလိုနဲ့ သူတော်ကောင်းဟန်ဆောင်နေတဲ့ လူယုတ်မာကြီး၊ ကျုပ်ဦးလေး ဦးအောင်မောင်းဘယ်မှာလဲ၊ ပြောစမ်း "





ဟု မေးမြန်းလေ၏။

ထိုအခါ ရွှေလင်းယုန်က မိုးမြေနှင့် ပေသီးကို တစ်လှည့်စီကြည့်၍

" ဟင်... အောင်မောင်းဟာ မင်းတို့ဦးလေးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ကျုပ်ဟာ ဆေးဆရာကြီး ဦးလောဘရဲ့သားအရင်းပဲ၊ ခင်ဗျားတို့ ကျုပ်အဖေမှတ်ပြီးဖမ်းသွားတဲ့ ကျုပ်ဦးလေး အောင်မောင်း ဘယ်မှာလဲ "

ဟု မေးလေ၏။

ထိုအခိုက်မှာပင် ရေပ်အောက်တွင် အလှူလုပ်နေသော ရွှေလင်းယုန်၏တပည့်များသည် လက်နက်ကိုယ်စီဖြင့် ရေပ်အနီးသို့ တိုးကပ်လာ၏။

မိုးမြေက ထိုသူများဘက်သို့လှည့်၍ ဓားရှည်ကိုမြှောက်ကာ

" ဟောလူတွေ ရပ်လိုက်စမ်း၊ ခင်ဗျားတို့ ရှေ့ဆက်တိုးရင် ဒီလူယုတ်မာကြီး လည်ပင်းအပြတ်ပဲ "

ဟု ခြိမ်းခြောက်လိုက်လေ၏။

ထိုအခါ ရွှေလင်းယုန်၏တပည့်များသည် ရှေ့တိုးရမည်နောက်ဆုတ်ရမည်း ဖြစ်သွားလေ၏။

ထိုအချိန်တွင် ရွှေလင်းယုန်၏ တပည့်သုံးဦးသည်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကိုယ်စီဖြင့် ရေပ်ပေါ်သို့ လျှင်မြန်စွာ ခုန်တက်လိုက်

မိုးမြေသည် ထိုမြင်ကွင်းကိုမြင်သောအခါ ရေပ်လက်

ပေါ်သို့ ကျော်တက်နေသော ရန်သူတစ်ဦးအား ပြေး၍ ခြေဖြင့်တ

ဆောင့်ကန်လိုက်လေ၏။

ထိုအခါ ရန်သူမှာ အားခနဲ အော်ဟစ်ပြီး ရေပ်အောက်

ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေ၏။ ကျန်သောရန်သူတစ်ဦး

ရေပ်ပေါ်သို့ ရောက်လာပြီး ပေသီးအား ဓားဖြင့်ခုတ်လေ၏။

မိုးမြေက ရန်သူ၏ဓားကို မိမိ၏ဓားဖြင့် ပြန်လည်ခုခံ

ထိုသူ သည် လက်မောင်းတွင် ဓားစိုက်ခံရပြီး ရေပ်လက်ရန်းပေါ်

ဝမ်းလျားမှောက်ကျသွားလေ၏။

မိုးမြေက ရန်သူ၏ခြေနှစ်ချောင်းအား ကိုင်ကာ အော

ဆောင့်တွန်းချလိုက်ရာ ထိုသူမှာလည်း ရေပ်အောက်သို့ ပြုတ်ကျ

လေ၏။

ထိုအချိန်တွင် လှံရှည်ကိုင်သော ရန်သူတစ်ဦးသ

ရေပ်ပေါ်သို့ ရောက်လာပြီး ပေသီးအား ဝင်ရောက်တိုက်ခိုက်

ကြိုးစားလေ၏။

မိုးမြေသည် ပေသီးအား အကာအကွယ်ပြု၍ ရန်သူ

ဓါးရှည်ဖြင့် ပြန်လည်တိုက်ခိုက်လေ၏။ ရန်သူသည် မိုးမြေ

တိုက်ခိုက်မှုများကို မခံနိုင်ဘဲ တဖြည်းဖြည်း နောက်သို့ဆုတ်သွား

ရေပ်လှေကားထစ်များသို့အရောက်တွင် မိုးမြေ၏ ခြေ





ကြောင့် လှေကားထစ်များအောက်သို့ ဒလိမ့်ခေါက်ကွေးကျသွား

လေ၏။

ပေသီးသည် လှုယုတ်မာကြီး၏လည်ဝင်းတွင် ဓါးတင်ထား

သဖြင့် ပေသီးက ဓါးကိုမြှောက်၍ ရွှေလင်းယုန်၏တပည့်များဘက်သို့

လှည့်ကာ

" ဟော့လူတွေ ရပ်လိုက်စမ်း၊ ရွှေလင်းယုန်ကြီး လည်ဝင်း

ပြတ်ချင်လို့လား၊ ဟော့ဒီမှာကြည့် "

ဟု ဆိုကာ ရွှေလင်းယုန်၏လည်ပင်းကို ခုတ်ဖြတ်ရန်

ပြင်လိုက်သည်။ ရွှေလင်းယုန်ကြီးသည် အလွန်ထိတ်လန့်သွားပြီး

တမန်းကာတန်း လက်ကာ၍

" အမယ်လေး... မလုပ်... မလုပ်ပါနဲ့မောင်ရင်ရယ် "

ဟု တောင်းပန်လေ၏။

ထို့နောက် ၄င်း၏တပည့်များဘက်သို့လှည့်၍

" ဟေ့ကောင်တွေ တစ်ယောက်မှမလာကြနဲ့၊ ငါ့ရဲ့လည်ဝင်း

ပြတ်သွားမယ်၊ ငါဟာ ရန်သူတွေကို လည်စင်းပေးနေတာ မဟုတ်ဘူး

ဘွ၊ အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ အမိန့်အရ ငြိမ်သက်ပြီး သည်းခံနေ

တာပါ "

ဟု အော်ဟစ်လိုက်ရာ မိုးမြေနှင့်ပေသီးသည် ရွှေလင်း

ဆုကြောင်ကြောင်အပြုအမူကြောင့် ဟားတိုက်၍ ရယ်မောသိုက်

လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေသီးက တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ဘာအထက်ပုဂ္ဂိုလ်ကြီးတွေက သည်းခံရမယ်ဟုတ်လား၊ တော်တော်သဘောထားကြီးတဲ့ အထက်ပုဂ္ဂိုလ်ကြီးတွေပါလား၊ အင်းပေါ့လေ… မေတ္တာရှင်ကြီးတွေဆိုတော့ သဘောထားကြီးနိုင်ရမှာပေါ့၊ ခင်ဗျားဟာ အင်္ဂလိပ်အစိုးရထိုးတော်လှန်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးလိုလို၊ ဘိုးတော်ကြီးလိုလိုနဲ့ မကောင်းမှု ဒုစရိုက်မျိုးစုံကို ကျူးလွန်နေတဲ့ လူယုတ်မာကြီးပဲ၊ ခင်ဗျားလိုလူမျိုးကို အသေမသတ်ဘဲ ပုလိပ်လက်အပ်လိုက်တာပဲ ကောင်းတယ် "

ဟု ပြောလိုက်ရာ ရွှေလင်းယုန်ကြီးသည် ပိုမို၍ ထိတ်လန့်လာပြီး

" ဒီမှာမောင်ရင်၊ ကျုပ်ပြောတာ နားထောင်စမ်းပါဦး မောင်ရင့်ရဲ့ဦးလေးကို မောင်ရင့်အဖေ ဦးလောဘက အောက်မေ့လို့ ကျုပ်တို့ စခန်းမှာပဲ သူ့ကို ရက်ပေါင်းများစွာ ချုပ်နှောင်ထားခဲ့တယ်၊ မောင်ရင့်ဦးလေး ကျုပ်တို့ဆီမှာ နေထိုင်စဉ် အေးချမ်းသာယာစွာ နေထိုင်ဖို့ ကျုပ်တို့ အစွမ်းကုန်ကြိုးစားခဲ့တယ်၊ ကျုပ်တို့ဟာ မောင်ရင့်ဦးလေးကို ဆေးဆရာကြီးဦးလောဘလို့ပဲ ထင်မှတ်ခဲ့တယ် "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက

" နေပါဦး ခင်ဗျားတို့က ကျုပ်အဖေကို ဘာဖြစ်လို့ဖမ်း တာလဲ၊ ကျုပ်အဖေနဲ့ ခင်ဗျားတို့ ဘာရန်ငြိုးရန်စရှိလို့လဲ "





ဟု မေးမြန်းလေ၏။

ထိုအခါ ရွှေလင်းယုန်က

" စိတ်မဆိုးပါနဲ့ မောင်ရင်ရယ်၊ မောင်ရင့်အဖေ ဆေးဆရာကြီး ဦးလောဘနဲ့ ကျုပ်တို့ဟာ ရန်ငြိုးရန်စမရှိပါဘူး ဒါပေမဲ့ ကျုပ်တို့အဖွဲ့နဲ့ ပန်းကိုးပွင့်အဖွဲ့က မိန်းမတွေနဲ့တော့ ရန်ငြိုးရန်စရှိတယ် ဒီမိန်းမတွေဟာ မောင်ရင့်အဖေကို သိပ်ပြီးတော့ လက်ရဖမ်းဆီးချင်နေတယ်၊ ဒါကြောင့် ကျုပ်တို့က သူတို့ရဲ့အလုပ်ကို ဖျက်ဆီးချင်တဲ့အတွက် မောင်ရင့်အဖေကို ကြားကနေ ဝင်ထိန်းသိမ်းထားတဲ့ သဘောပဲ "

ဟု ပြောလေ၏။

မိုးမြေသည် တစ်စုံတစ်ရာကို သဘောပေါက်လွယ်သွားဟန်ဖြင့်

" ဟေ့လူကြီး… ခင်ဗျားဘာမှ မုသားတွေပြောမနေနဲ့၊ ခင်ဗျားတို့ရဲ့ ယုတ်မာတဲ့ရည်ရွယ်ချက်ကို ကျုပ်သိတယ်၊ ခင်ဗျားတို့ဟာ ဆေးဆရာကြီး ဦးလောဘကိုဖမ်းပြီး ဓါးစာခံလုပ်မလို့ မဟုတ်လား၊ ခင်ဗျားတို့လိုချင်တဲ့ပိုက်ဆံရရင် ဆေးဆရာကို ပန်းကိုးပွင့်လက်အပ်မယ်မဟုတ်လား၊ ခင်ဗျားတို့ဟာ လူသတ်၊ ဓါးပြတိုက်နေတဲ့ လူယုတ်မာကြီးတွေပဲ၊ ပြီးတော့ ဘိုးတော်လိုလို၊ သူတော်စင် သူတော်မြတ်လိုလိုနဲ့ အုန်းပွဲ၊ ငှက်ပျောပွဲတွေရှေ့ချပြီး ဝိဇ္ဇာတွေကို တိုင်တည်တယ်တဲ့၊ ဘာဝိဇ္ဇာတွေလဲ၊ ခင်ဗျားတို့ဟာ လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတယ်၊ ကိုယ့်ကိုယ်ကိုလည်း လိမ်နေတယ်၊ ခင်ဗျားလိုလူမျိုးဟာ ဟိမဝန္တာမှာ တရားသွားအားထုတ်စရာ မလိုဘူး၊ ခင်ဗျား တရားသွားအားထုတ်ရမှာက အင်းစိန်ထောင်ထဲမှာပဲ ”

ဟု ပြောလေရာ ဆရာကြီး ရွှေလင်းယုန်သည် မျက်စိမျက်နှာပျက်သွားလေ၏။

ထိုအခိုက်မှာပင် လူအုပ်ထဲမှ

“ မိတ်ဆွေတို့ပြောတာ သိပ်မှန်တယ်၊ ဒီလူကြီးဟာ အင်းစိန်ထောင်ထဲမှာပဲ သွားနေသင့်တယ် ”

ဟူသောအသံကို ကြားရပြီး ကောင်းဘွိုင်ဆန်ဆန် လူတစ်ဦးသည် ဣန္ဒြေရရ ဇရပ်ဆီသို့ လျှောက်လာ၏။ ထိုလူ၏ ရဲဝံ့ပြီးယောကျ်ားပီသသော အမူအရာကြောင့် ရွှေလင်းယုန်၏တပည့်များသည် မတားဆီးဝံ့တော့ဘဲ လမ်းဖယ်ပေးလိုက်ရ၏။

ထိုလူသည် ဇရပ်ပေါ်သို့ရောက်သောအခါ ကုတ်အင်္ကျီထဲမှ ခြောက်လုံးပြူးသေနတ်တစ်လက်ကို ထုတ်ယူလိုက်ပြီး ရွှေလင်းယုန်၏ ဦးခေါင်းကို ချိန်လိုက်လေ၏။

ထို့နောက် မိုးမြေနှင့်ပေသီးတို့ဘက်သို့ လှည့်ကာ

“ ကျုပ်က အင်းစိန်စီအိုင်ဒီကပါ၊ ဆားပုလင်းမင်းအောင်လို့ခေါ်တယ်၊ ရွှေလင်းယုန်ဆိုတဲ့ ဘာသာရေးအမည်ခံ လူယုတ်မာကြီးကို သဲလွန်စမရသေးလို့ ကြိုးရှည်ရှည်နဲ့လှန်ထားတာ၊ အခုတော့ ဒီလူကြီးကို ဖမ်းဆီးဖို့ သက်သေခိုင်ခိုင်မာမာရပြီ ”





ဟု ပြောကာ ခြောက်လုံးပြူးသေနတ်ကို ဇရပ်ခေါင်မိုးပေါ်သို့ ဒိုင်းခနဲပစ်လိုက်ရာ ရွှေလင်းယုန်၏တပည့်တပန်းများသည် ထိတ်တလန့် ဖြစ်သွားကြလေ၏။

၄င်းတို့သည် ဆရာကြီးအခြေအနေမလှသဖြင့် ထိုနေရာမှ လစ်ပြေးရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် အုတ်ဂူများအနောက်မှ ပုလိပ်အဖွဲ့များရောက်လာပြီး ရွှေလင်းယုန်၏ တပည့်များကို ဖမ်းဆီးလိုက်ကြလေ၏။

ဆားပုလင်းမင်းအောင်ဆိုသော စုံထောက်သည် လွန်စွာအွန်ခေ့ပုံရပြီး ရွှေလင်းယုန်ကို ဖမ်းဆီးရန် စနစ်တကျ ပြင်ဆင်ထားပုံရ၏။

ဆားပုလင်းမင်းအောင်က မိုးမြေနှင့် ပေသီးကိုကြည့်၍

“ ခင်ဗျားတို့နှစ်ယောက်ရဲ့ သူရသတ္တိကို ချီးကျူးပါတယ်၊ ခင်ဗျားတို့ရဲ့ဦးလေး ဦးအောင်မောင်းအတွက်လည်း မပူပါနဲ့၊ ကျုပ်တို့ဘက်က လူတိုင် လွှန်ခဲ့တဲ့ရက်အနည်းငယ်က ကယ်တင်ပြီး ပြန်လွှတ်ပေးလိုက်ပါပြီ၊ ရွှေလင်းယုန်တို့အဖွဲ့ဟာ ဆေးဆရာကြီး ဦးလောဘကို ဖမ်းဆီးပြီး ပန်းကိုးပွင့်အဖွဲ့ကို ရောင်းစားမလို့ပဲ ”

ဟုပြောလေ၏။

ထို့နောက် ပေသီးသည် သူ၏ဦးလေးဖြစ်သူ ရန်သူလက်မှလွတ်သွားကြောင်းသိရ၍ စိတ်လက်ပေါ့ပါးသွားလေ၏။

ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်နှင့် ပုလိပ်များသည်



www.burmeseclassic.com

www.burmeseclassic.com



တရားခံများကို စစ်တပ်လော်လီကားကြီးနှင့်တင်၍ ထွက်ခွာရန် ပြင်ဆင်ကြလေ၏။

မိုးမြေနှင့်ပေသီးသည် ဘဲချိုင်းကုန်းအဝသို့ပင် ပုလိပ်များကို လိုက်လံပို့ဆောင်ပေးလေ၏။

ဆားပုလင်းမင်းအောင်က

" ခင်ဗျားတို့အတွက် အလွန်အရေးကြီးတဲ့သတင်းတစ်ခုကို ပြောခဲ့ဦးမယ်၊ ပန်းကိုးပွင့်အဖွဲ့ဟာ ရှမ်းပြည်နယ် ဝက်ဝံမြို့နှင့်အ လိုဏ်ဂူကြီးထဲမှာ ရှိနေကြတယ်၊ ဒီအချိန်ဟာ ပန်းကိုးပွင့်အဖွဲ့ရဲ့ အလွန်အရေးကြီးတဲ့အချိန်ကို ရောက်နေတယ်၊ ပန်းကိုးပွင့်အဖွဲ့ရဲ့ ခေါင်းဆောင် စန္ဒာဒေဝီနဲ့ ကျုပ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံတွေ့ဖူးတယ်၊ အဲဒီတုန်းက သူနဲ့အလောင်းအစားပြုတဲ့နေရာမှာ ကျုပ်ရှုံးနိမ့်သွားခဲ့ဖူးတယ်၊ သူ့ကို ရှုံးနိမ့်ခဲ့တဲ့အတွက် သုံးနှစ်အတွင်း သူနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ဝင်မပါရဘူးလို့ ကတိပြုခဲ့ရတယ်၊ ဒါကြောင့် ခင်ဗျားတို့ကိစ္စမှာ ဝင်မပါနိုင်တာ ကျုပ်စိတ်မကောင်းပါဘူး၊ ပန်းကိုးပွင့်ဂိုဏ်းက နယ်ချဲ့ကိုတော်လှန်တာကလွဲလို့ မကောင်းတဲ့အလုပ်ကို လုပ်လေ့မရှိပါဘူး၊ တိုင်းပြည်ကိုချစ်တဲ့သူတွေပါ၊ ဒါပေမဲ့ တစ်ခါတစ်ရံတော့ သူတို့ရဲ့လုပ်ရပ်တွေဟာ ဥပဒေဘောင်နဲ့ လွတ်ထွက်သွားတာရှိတယ်၊ သိပ်မဆိုးဝါးဘူးဆိုရင်တော့ ကျုပ်တို့ မျက်လုံးမှိတ်ထားလို့ရပါတယ်၊ ခင်ဗျားတို့ လိုက်ရှာနေတဲ့ မီးပုံးပျံစီးတဲ့ စန္ဒာဒေဝီဆိုတဲ့မိန်းမဟာ ပန်းကိုးပွင့်အဖွဲ့ရဲ့ခေါင်းဆောင် စန္ဒာဒေဝီအစစ်





မဟုတ်ဘူးဗျ၊ စန္ဒာဒေဝီရဲ့ညာလက်ရုံးတပည့် ဝန္နတာဆိုတဲ့မိန်းမပဲ ဖြစ်တယ်၊ စန္ဒာဒေဝီရဲ့ကျန်းမာရေးအခြေအနေဟာ အခုအချိန်မှာ အလွန်ဆိုးဝါးတယ်လို့သိရတယ်၊ စန္ဒာဒေဝီနဲ့တွေ့ရင် ကျုပ်က သတင်းမေးတယ်လို့ပြောလိုက်ပါ "

ဟုပြောလေ၏။

ထိုအခါ ရွှေလင်းယုန်တို့ လူဆိုးအဖွဲ့ကို ဖမ်းဆီးသွားသော လော်လီကားကြီးသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။

ပုလိပ်အဖွဲ့၏ လော်လီကားကြီးထွက်ခွာသွားသောအခါ ပေသီးက

" ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်ဟာ အတော်လုံး သိနေတာပဲ၊ ကျုပ်တို့လုပ်ရပ်တွေအားလုံး သူသိနေတယ်၊ ဒါကြောင့်လည်း သူဟာ နိုင်ငံကျော်စုံထောက်တစ်ယောက်ဖြစ်နေတာပေါ့ "

ဟုအံ့ဩဟန်ဖြင့်ပြောလေ၏။

ထိုအခါ မိုးမြေကလည်း ဝင်ရောက်၍

" ဟုတ်ပါ့ဗျာ၊ ကျုပ်တို့ မီးပုံးပျံစီးပြီးလာတဲ့ စန္ဒာဒေဝီဆိုတဲ့ မိန်းမကိုရှာနေတာလည်း သူသိနေတယ်၊ မီးပုံးပျံစီးတဲ့မိန်းမဟာ စန္ဒာဒေဝီအစစ်မဟုတ်ဘူးတဲ့၊ ပန်းကိုးပွင့်ဂိုဏ်းရဲ့ခေါင်းဆောင် စန္ဒာဒေဝီဟာ ရောဂါဝေဒနာတစ်ခုကို အပြင်းအထန် ခံစားနေရတယ်လို့ ဆိုတယ်၊ မီးပုံးပျံစီးတဲ့မိန်းမဟာ ကျုပ်မိတ်ဆွေ လူ့ဗွေဇာ်ဂိုဏ်းကြီး သုံးယောက်ဆီက ယမင်းသူဇာအရုပ်လေးကို ငှားယူသွားတာ

www.burmeseclassic.com



စန္ဒာဒေဝီနဲ့ပတ်သက်လိမ့်မယ်၊ ယမင်းသူစာရွဝ်လေးရဲ့အစွမ်းကို အသုံးချပြီး စန္ဒာဒေဝီကို ဆေးကုသတဲ့နေရာမှာ အသုံးချလိမ့်မယ် ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်ကို ကျူပ်တို့ကျေးဇူးတင်ရမယ်၊ သူ့ရဲ့သတင်းကြောင့်သာ ရှမ်းပြည်နယ် ဝက်ဝံမြို့မှာရှိတဲ့ စန္ဒာဒေဝီတို့နေရာကို သိရတာပဲ ”

ဟုပြောလေ၏။

၆၀ ဖန်စာ၊ ဘာကြံပေးစာချုပ်း ရေးသားလိုပါလျှင်

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း ကျောက်မြောင်း ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ထို့နောက်တွင်မူ မိုးမြေတို့သည် ရှမ်းပြည်နယ် ဝက်ဝံမြို့လေးသို့ [illegible]တက်ခဲ့ကြလေ၏။

ဝက်ဝံမြို့သို့ရောက်သောအခါ ညမှောင်ရီသန်းစပြုနေပြီ [illegible]ဖြင့် မြို့ထဲရှိ ခေါက်ဆွဲဆိုင်လေးတွင် ဝင်ရောက်စားသောက်ကြ[illegible] ထိုဆိုင်လေး၌ ညအိပ်ရန် ခွင့်တောင်းရလေ၏။

ခေါက်ဆွဲဆိုင်ရှင် လင်မယားမှာ သဘောကောင်းလှသဖြင့် [illegible]တို့အား ခေါက်ဆွဲဆိုင်၌ အိပ်စက်ရန် နေရာများပြုလုပ်ပေး[illegible] မိုးမြေသည် ဝက်ဝံမြို့စွန်တွင်ရှိသော လိုဏ်ဂူကြီးအကြောင်း[illegible] မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆိုင်ရှင်ယောကျ်ားက

" ဒီလိုဏ်ဂူကြီးဟာ ဝက်ဝံမြို့နဲ့ အတော်လှမ်းတဲ့ တောစပ်မှာ ရှိတယ်၊ ဟိုးအရင်တုန်းကတော့ ဒီလိုဏ်ဂူကြီးမှာ လူဆိုးဓားပြတွေ ခိုအောင်းတယ်လို့ သတင်းကြီးတယ်၊ နောက်တော့လည်း လူဆိုးဓားပြတွေ မရှိတော့ပါဘူး၊ တောလိုက် မုဆိုးတွေဟာ ဒီလိုဏ်ဂူကြီးထဲမှာ အနားယူလေ့ရှိတယ်၊ တောလိုက် မုဆိုးတွေနဲ့ စခန်းချတဲ့အရပ်ကြီးပေါ့၊ ခင်ဗျားတို့နှစ်ယောက်က ဒီလိုဏ်ဂူကြီးအကြောင်းကို ဘာလို့မေးရတာလဲ "

ဟုမေးလေ၏။

ထိုအခါ မိုးမြေက လိုဏ်ဂူကြီးအကြောင်းကို အခြားသော မုဆိုးများထံမှ ကြားဖူးနားဝရှိသဖြင့် မေးမြန်းခြင်းဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဆိုင်ရှင်ယောကျ်ားက

" ဟုတ်တယ်၊ ဒီလိုဏ်ဂူကြီးရဲ့သက်တမ်းကတော့ ရှေး နှစ်ပေါင်းများစွာကတည်းကပဲ၊ ဒီလိုဏ်ဂူကြီးထဲမှာ လင်းနို့ငှက်တွေ အများကြီး ခိုအောင်းနေတယ်၊ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက လွန်ခဲ့တဲ့ တစ်လဝန်းကျင်လောက်က လင်းနို့တွေဟာ ကျုပ်တို့ ဝက်ဝံမြို့ထဲကို ရောက်လာကြတယ်၊ သူတို့အားလုံး လိုဏ်ဂူကြီးထဲကို မပြန်ကြဘူး ဒါကြောင့် ကျုပ်တို့မြို့မှာ အခုဆို လင်းနို့ငှက်တွေ အရမ်းပေါတာပဲ "

ဟုပြောလေ၏။





ထိုအခါ မိုးမြေတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း လိုဏ်ဂူကြီး၏ထူးခြားမှုကို မှတ်သားလိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဆိုင်ရှင်လင်မယားကို နှုတ်ဆက်၍ လိုဏ်ဂူကြီးရှိရာသို့ ခရီးဆက်ခဲ့လေ၏။

မိုးမြေတို့သည် ဝက်ဝံမြို့ကို ကျော်လွန်ပြီးနောက် တောလမ်းအတိုင်း ခရီးဆက်ကြလေ၏။

လမ်း၌ ထင်းခွေနေသူများကို မေးမြန်း၍ လိုဏ်ဂူကြီးရှိရာသို့ တရွေ့ရွေ့ သွားခဲ့လေ၏။

နေ့လယ်သို့ရောက်သောအခါ ၎င်းတို့၏ ခရီးလမ်း၌ မုဆိုးဖြစ်ဟန်တူသော လူတစ်ဦးကိုတွေ့ရသဖြင့် ရပ်တန့်ပြီး လိုဏ်ဂူကြီးရှိရာအရပ်သို့ မေးမြန်းလေ၏။

မိုးမြေ၏အမေးကြောင့် မုဆိုး၏မျက်နှာ ကွက်ခနဲပျက်သွားပြီး

" ခင်ဗျားတို့ လိုဏ်ဂူကြီးရှိရာကို သွားမလို့လား၊ စေတနာ ကောင်းနဲ့ပြောရရင် လိုဏ်ဂူကြီးရှိရာကို မသွားစေချင်ဘူး၊ ဒီလိုဏ်ဂူ ကြီးမှာ အခု ထူးဆန်းတဲ့လူတွေရောက်နေတယ်၊ သူတို့ရောက်တဲ့ အချိန်ကစပြီး ဒီဂူကြီးထဲမှာ နှစ်ပေါင်းများစွာနေခဲ့တဲ့ လင်းနို့ငှက်တွေ တောင် မနေဝံ့တော့ဘူး၊ အခု လိုဏ်ဂူကြီးထဲက လင်းနို့တွေဟာ ဝက်ဝံမြို့ထဲကို ရောက်ကုန်ကြပြီ၊ ဒါဟာ အတော်ကြောက်စရာ ကောင်းတဲ့အချက်ပဲ၊ ကျုပ်ဟာ မုဆိုးတစ်ယောက်ပါ၊ အခွင့်[illegible]ပါ တယ်၊ လွန်ခဲ့တဲ့လက တောကောင်ကိုလိုက်ရင်းနဲ့ လိုဏ်ဂူကြီးအထိ



www.burmeseclassic.com

www.burmeseclassic.com



တို ရောက်သွားတယ်၊ အဲဒီအခါမှာ လိုဏ်ဂူကြီးထဲက အင်မတန်
ချောမောလှပတဲ့မိန်းကလေးသုံးယောက် ထွက်လာတယ်၊ ခင်ဗျားတို့
စဉ်းစားကြည့်၊ ဒီလိုတောခေါင်ခေါင်လိုဏ်ဂူကြီးထဲမှာ မိန်းမလှလေး
တွေ ဘယ်လိုလုပ်ရှိနေမှာလဲ၊ ဒီမိန်းမတွေဟာ နာနာဘာဝတွေ
ပဲဖြစ်လိမ့်မယ်၊ ကျုပ်တို့ မုဆိုးတွေလည်း အခုတလော လိုဏ်ဂူကြီး
ပတ်ဝန်းကျင်မှာ ချောမောလှပတဲ့မိန်းမလှလေးတွေ တွေ့ရတယ်
လိုဏ်ဂူကြီးထဲမှာ လင်းနို့တွေမနေတော့တာ ဒီမိန်းမတွေကြောင့်ပဲ
အခု ခင်ဗျားတို့ ဒီအတိုင်းရှေ့ဆက်သွားရင် လိုဏ်ဂူကြီးကို ရောက်
သွားလိမ့်မယ်၊ လိုဏ်ဂူကြီးကို ရှောင်ကွင်းပြီးသွားပါဗျာ ”

ဟုစေတနာဖြင့် အကြံပြုလေ၏။

မိုးမြေတို့သည် မုဆိုးကို နှုတ်ဆက်၍ ခရီးဆက်ကြပြန်၏။

တောလမ်းတစ်နေရာ၌ မုဆိုးများနားနေသော တဲအိမ်ငယ်လေး
တွင် လှန်ထားပေါင်းနွမ်းသော မုဆိုးအဝတ်အစားများကို တွေ့ရှိရ
၏။ ထိုအခါ မိုးမြေက

“ ကျုပ်တို့ မုဆိုးအယောင်ဆောင်လိုက်ကြရင် ကောင်းမယ်
ထင်တယ်၊ ဒါဆိုရင် ပန်းကိုးပွင့်မိန်းမတွေ သံသယဖြစ်မယ်မထင်ဘူး
လောလောဆယ် ကျုပ်တို့ရဲ့အဝတ်အစားတွေက သိပ်ပြီး သစ်လွင်နေ
တယ် ”

ဟုပြောလေ၏။

ထိုအခါ ပေသီးက သဘောတူဟန်ဖြင့် တဲငယ်လေး၏နံရံတွင်





ချိတ်ထားသော မုဆိုးများ၏ ပေါင်းနွမ်းသော အဝတ်အစားများကို
ယူ၍ ဝတ်ဆင်ကြလေ၏။

ကံကောင်းထောက်မစွာဖြင့် တဲအိမ်နံရံတွင် ချိတ်ဆွဲထားသော
ဒူးလေးတစ်လက်ကိုလည်းတွေ့ရလေ၏။

ထို့ကြောင့် ဒူးလေးနှင့်ပစ်ရန် မြားများကိုပါ ယူဆောင်လာ၏။

၎င်းတို့သည် ရှေ့ဆက်ပြီး ခရီးဆက်ခဲ့ကြလေ၏။

အတန်ကြာအောင် လျှောက်လှမ်းပြီးနောက် တသွင်သွင်စီးဆင်း
နေသော စမ်းချောင်းလေးကို မြင်တွေ့ရ၏။

မိုးမြေတို့သည် စမ်းချောင်းလေးအတွင်းမှ ရေကို ခပ်၍ ဖျော်ဖျော
သစ်လိုက်ကြလေ၏။

ထိုအခိုက်မှာပင် စမ်းချောင်း၏အထက်မှ မျောပါလာသော
ပန်းပွင့်လေးများကို မြင်ရ၏။

ထိုအခါ ပေသီးက လေသံတိုးတိုးဖြင့်

“ စမ်းချောင်းအထက်မှာ လူရှိလိမ့်မယ်၊ ဒီမှာ ပန်းပွင့်ကြွေ
လေးတွေနဲ့အတူ ခေါင်းစည်းကြိုးလေးလည်း မျောပါလာတယ်၊
ဒါဆိုရင် ပန်းကိုးပွင့်မိန်းမတွေ ရှိနေမှာသေချာတယ် ”

ဟု ပြောလေ၏။

ထိုအခါ မိုးမြေနှင့်ပေသီးတို့သည် သတိကြီးစွာထားရင်း
စမ်းချောင်းအထက်သို့ တက်ခဲ့ကြလေ၏။

၎င်းတို့သည် အသံမကြားရအောင် တရွေ့ရွေ့တက်ရင်း စမ်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတစ်နေရာသို့ရောက်သောအခါ မိန်းကလေး၏ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်သံ၊ ရယ်မောသံများကို ကြားရလေ၏။

ငှင်းတို့သည် ကျောက်တုံးကြီးတစ်တုံးကို အကာအကွယ်ပြု၍ စမ်းချောင်းအတွင်းမှမြင်ကွင်းကို ကြည့်လိုက်သောအခါ စမ်းချောင်းထဲတွင် မိန်းကလေးငါးယောက် ရေမိုးချိုးနေကြ၏။ ငှင်းတို့သည် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ရင်း ပျော်ရွှင်စွာ ရေမိုးချိုးနေကြလေ၏။

မိုးမြေတို့သည် ပန်းကိုးပွင့်မိန်းကလေးများရှိရာ လိုဏ်ဂူကြီးနှင့် နီးကပ်လာကြောင်း သတိပြုမိကြ၏။ ထို့ကြောင့် ရှေ့ဆက်ပြီး သတိကြီးစွာထားပြီး ခရီးဆက်ကြလေ၏။

တစ်နေရာသို့ရောက်သောအခါ သစ်ပင်တစ်ပင်ကြီး၏နောက်ကွယ်မှ နေရောင်ဖြင့် လက်ခနဲမြင်ရသောကြောင့် နှစ်ယောက်စလုံး ပုန်းကွယ်လိုက်ကြလေ၏။

ထိုအခါ သစ်ပင်အောက်တွင် စားကိုင်ထားသော ပန်းကိုးပွင့်မိန်းကလေးနှစ်ဦးကိုမြင်တွေ့ရလေ၏။ ငှင်းတို့သည် သစ်ပင်ကိုရှောင်ပြီး ခရီးဆက်ခဲ့ကြလေ၏။

မိုးမြေနှင့်ပေသီးသည် ချုံများကိုတိုးပြီး တစ်နေရာသို့ရောက်သောအခါ မြေကွက်လပ်ကြီးကို မြင်တွေ့ရပြီး ထိုမြေကွက်လပ်ကြီးအလှမ်းကြည့်လိုက်သောအခါ လွန်စွာကြီးမားသော လိုဏ်ဂူကြီးတစ်လုံးကို မြင်တွေ့ရလေ၏။

ထိုအခါ မိုးမြေက ပေသီး၏ပခုံးကို နှိမ့်ချလိုက်ပြီး





" လိုဏ်ဂူကြီးကိုရောက်ပြီဗျ၊ ကျုပ်တို့ ပန်းကိုးပွင့်တွေနဲ့ [illegible]ဆုံးနေရာကို ရောက်နေပြီ၊ ဒီနေရာမှာပဲ ပုန်းခိုပြီးအခြေအနေကို [illegible]င့်ကြည့်ကြရမယ် "

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ရေချိုးရာမှ ပြန်လာသော ပန်းကိုးပွင့်[illegible]ကလေးများသည် ငှင်းတို့အနီးမှ ဖြတ်သွားလေ၏။

မိုးမြေတို့သည် ကိုယ်ကိုရှိ၍ ချုံပုတ်အတွင်း၌ ပုန်းကွယ်နေကြ[illegible]

မိုးမြေတို့သည် ချုံပုတ်အတွင်း၌ ပုန်းကွယ်ရင်း လိုဏ်ဂူအတွင်း[illegible] ချောင်းမြောင်းကြည့်သောအခါ လိုဏ်ဂူအနီး၌ ပန်းကိုးပွင့်[illegible]ကလေးများရှိနေကြောင်း တွေ့ရ၏။

မိုးမြေက ပန်းကိုးပွင့်ဝိုဏ်းဝင် မိန်းကလေးများကိုကြည့်၍

" မိန်းကလေးတွေအားလုံး ချောမောလှပတဲ့လူတွေချည်းပဲ[illegible]အရွယ်ကလည်း ငယ်ငယ်လေးတွေပဲရှိသေးတယ်၊ သူတို့အား[illegible]ကို ဘယ်လိုလူက စနစ်တကျ စုစည်းထားတာပါလိမ့် "

ဟုရေရွတ်လေ၏။ ထိုအခါ ပေသီးက

" သူတို့အားလုံးကို အုပ်ချုပ်တဲ့ စန္ဒာဒေဝီဆိုတဲ့ မိန်းမ[illegible]သီးတစ်ယောက်လို ချောတယ်လို့ ကြားဖူးတယ်၊ သူဟာ အ[illegible]ညီသတ္တိရှိတယ်၊ မိန်းကလေးတွေကို စုစည်းပြီး [illegible]တော်လှန်ဖို့ကြိုးစားနေတဲ့မိန်းမပဲ၊ ဒီမိန်းမဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မြောက်စွန်းဒေသမှာနေထိုင်တယ်လို့ ကြားဖူးတယ်၊ သူဟာ သိုင်းပညာ ရှပ်ပြောင်းရှပ်လွှဲပညာ၊ ဆေးအတတ်၊ နေဒဂင်အတတ် စတဲ့ အတတ်ပေါင်းစုံကို တတ်တယ်ကွ၊ သူဟာ မြန်မာလူမျိုးတစ်ယောက် မဟုတ်ဘူးလို့လည်း ကြားဖူးတယ် ''

ဟုပြောလေရာ မိုးမြေက စိတ်ဝင်စားဟန်ဖြင့်

'' ဘာလို့ ပန်းကိုးပွင့်အဖွဲ့လို့ ခေါ်တာလဲဗျ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ပေသီးက

'' ပန်းကိုးပွင့်လို့ခေါ်တာက သူတို့အဖွဲ့ကို စဖွဲ့တုန်းက ချောမောလှပတဲ့ အပျိုစင်မိန်းမချောလေးကိုးယောက်နဲ့ စပြီးဖွဲ့ခဲ့တာကွ အဲဒီစန္ဒာဒေဝီဆိုတဲ့မိန်းမဟာ အပျိုစင်မိန်းကလေးတွေကို အောက်ပြည် အောက်ရွာကိုလွှတ်ပြီး ဗြိတိသျှအစိုးရကို ဒုက္ခအမျိုးမျိုးပေးစေခဲ့တယ် ဗြိတိသျှအစိုးရဟာ မိန်းကလေးတွေရဲ့ မာယာပရိယာယ်အမျိုးမျိုးနဲ့ နှိပ်စက်မှုကြောင့် အတော့်ကိုဘေးဒုက္ခကြုံခဲ့ရတယ်ကွ ''

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ၄င်းတို့ရှိရာချုံပုတ်သို့ ပန်းကိုးပွင့်အဖွဲ့မှ မိန်းကလေးတစ်ဦး ဦးတည်ပြီးလျှောက်လှမ်းလာသဖြင့် နှစ်ယောက်စလုံး ချက်လုံးပြူးသွားကြ၏။

ပေသီးက မိန်းကလေးကိုကြည့်၍

'' ဟာ... ငါတို့ကို မြင်သွားပြီထင်တယ်၊ ချုံပုတ်ရှိရာကို တန်းပြီး လျှောက်လာတယ် ''

ဟု ပြောလေ၏။ မိုးမြေက မိန်းကလေး၏ အမူအရာကို ကြည့်၍ လေသံတိုးတိုးဖြင့်

'' ဒီမှာ ကျုပ်တို့ ချုံထဲမှာပုန်းနေတာဗျ၊ ကျုပ်တို့ကို အလွယ်တကူ မမြင်နိုင်ပါဘူး၊ ဒီမိန်းမ ဘာဖြစ်လို့ ဒီနေရာကိုတန်းပြီး လျှောက်လာရတာလဲ ''

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာပင် မိန်းကလေးသည် ချုံပုတ်အရှေ့သို့ ရောက်ရှိလာလေ၏။ မိုးမြေနှင့်ပေသီးသည် မိန်းကလေး၏အမူအရာကြောင့် ချုံပုတ်ထဲမှ ထွက်ပြေးရန် ကြံစည်ကြ၏။

သို့သော် မိန်းကလေးသည် ချုံပုတ်ထဲသို့တိုးဝင်လာပြီး မိုးမြေကို အနီးတွင် ထိုင်ချလိုက်၏။ ထိုသို့ ထိုင်ချရင်း မိုးမြေနှင့်ပေသီးကို မြင်သောအခါ အထိတ်တလန့်ဖြင့် အော်ဟစ်ရန် ပြင်လိုက်၏။

မိုးမြေသည် အခြေအနေမဟန်တော့သဖြင့် မိန်းကလေး၏ လည်တံအား လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ခုတ်လိုက်ရာ မိန်းကလေးသည် မေ့မြောသွားလေ၏။

ပေသီးက မိန်းကလေး၏ကိုယ်ကို ချုံပုတ်ထဲသို့သွင်း၍

'' ငါတို့ရှိတဲ့နေရာကို တန်းပြီးလျှောက်လာတာ ရုတ်တရက်တော့ ထိတ်လန့်သွားတယ်၊ တကယ်တော့ ဒီမိန်းကလေးဟာ ချုံပုတ်ထဲမှာ အပေါ့အပါးသွားမလို့ကွ ''







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ မိုးမြေက

" ကျုပ်တို့ ပန်းကိုးပွင့်မိန်းကလေးတစ်ယောက်ကို တိုက်ခိုက်လိုက်ပါပြီ၊ ကျုပ်တို့ ရှောင်ပုန်းနေလို့မဖြစ်တော့ဘူး၊ ရှေ့တိုးမှဖြစ်တော့မယ် "

ဟု ပြောလေရာ ပေသီးက ခေါင်းညိတ်ထောက်ခံ၍ လိုဏ်ဂူကြီး အနီးသို့ တိတ်တဆိတ် တိုးကပ်သွားလေ၏။

လိုဏ်ဂူအဝသို့ရောက်သောအခါ မှောင်ရိပ်ကျသောနေရာတွင် နှစ်ယောက်သား ပုန်းခိုလိုက်ကြ၏။ ထိုသို့ ပုန်းခိုနေစဉ် ပန်းကိုးပွင့် မိန်းကလေးတစ်ဦးသည် အမှောင်ရိပ်ရှိရာသို့ ဦးတည်လျှောက်လှမ်းလာပြီး မိုးမြေတို့ပုန်းခိုနေသော ကျောက်တုံးကြီးပေါ်တွင် ထိုင်လိုက်ကြ၏။

မိုးမြေတို့သည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ မိန်းကလေးနှစ်ယောက်အား ပါးစပ်ပိတ်၍ ကျောက်တုံးအောက်သို့ ဆွဲချလိုက်၏။

ထိုအခါ မိန်းကလေးနှစ်ယောက်သည် မထင်မှတ်ဘဲ တိုက်ခိုက်ခြင်း ခံရသဖြင့် ကျောက်တုံးအနောက်သို့ ပြုတ်ကျသွားပြီး မိုးမြေနှင့် ပေသီး၏ပွေ့ဖက်ခြင်းကို ခံလိုက်ရ၏။

မိုးမြေက မိန်းကလေးနှစ်ဦး မေ့မြောသွားသောအခါ ပေသီးဘက်သို့ လှည့်၍

" ဒီမိန်းကလေးတွေဟာ လူဆိုးတွေမဟုတ်ဘူးဗျ၊ သူတို့ကို ကျုပ်တို့ သက်ညှာမှဖြစ်မယ် "





ဟု ပြောလေ၏။ ထိုအခါ ပေသီးက ခေါင်းညိတ်၍

" မိန်းကလေးတွေဆိုရင် ကျုပ်က အလိုလိုသဘောကျပြီးသားပါ၊ သူတို့မေ့မြောနေရာက သတိရလာရင် ခနောက်စိမ်းခေါ်မှာ မှာကြည့်ရင်တောင် တွေ့မှာမဟုတ်ဘူး "

ဟု ပြောလေ၏။

မိုးမြေတို့သည် မိန်းကလေးနှစ်ဦးကို တိုက်ခိုက်ပြီးသောအခါ လိုဏ်ဂူ၏အတွင်းဘက်သို့ ချဉ်းကပ်သွားကြ၏။ ထိုအခါ လိုဏ်ဂူ၏ အတွင်းဘက်၌ ကျယ်ဝန်းသော မြေကွက်လပ်ကြီးရှိကြောင်း သိရ၏။

၎င်းတို့သည် မြေကွက်လပ်ရှိရာသို့ တိုးဝှေ့ပြီးကြည့်ရှုသောအခါ အထဲ၌မြင်ရသော မြင်ကွင်းကြောင့် အလွန်အံ့သြသွားလေ၏။ လိုဏ်ဂူထဲတွင် သလွန်တစ်ခုကိုတွေ့ရပြီး ထိုသလွန်ပေါ်တွင် မိန်းမတစ်ဦး လဲလျောင်းနေလေ၏။

ထိုမိန်းမသည် ပန်းကိုးပွင့်ဂိုဏ်း၏ခေါင်းဆောင် စန္ဒာဒေဝီဆိုသော မိန်းမပင် ဖြစ်ပေလိမ့်မည်။ ထို့အပြင် ကျောက်ဂူ၏ တစ်နေရာတွင် လူတစ်ဦးကို ကြိုးဖြင့်တုတ်နှောင်ထားကြောင်း တွေ့ရ၏။

ပေသီးသည် ထိုလူကိုမြင်သောအခါ အလွန်အံ့သြသွားပြီး

" ဟင်... ကျုပ်ဦးလေး ဦးအောင်မောင်းပါလား၊ ဦးလေး ဦးအောင်မောင်းကို ပန်းကိုးပွင့်ဂိုဏ်းက မိန်းမတွေ ဖမ်းချုပ်ထားမိပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု အံ့သြဟန်ဖြင့် ရေရွတ်လေ၏။ မိုးမြေက ထိုသူကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" နေပါဦး၊ ဒီလူက ခင်ဗျားဦးလေး ဦးအောင်မောင်းဆိုတာ သေချာလို့လား၊ ကျုပ်အထင်တော့ ခင်ဗျားအဖေ ဆေးသမားတော်ကြီး ဦးလောဘဖြစ်မယ်ထင်တယ် "

ဟု ပြောလေရာ ပေသီးသည် အလွန်အံ့သြထိတ်လန့်သွားလေ၏။ ပေသီးက

" ဘာ… ကျုပ်အဖေ သမားတော်ကြီး ဦးလောဘ ဟုတ်လား။ ဒီလူကြီးက ကျုပ်ဦးလေး ဦးအောင်မောင်းမဟုတ်ဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ မိုးမြေက

" ပန်းကိုးပွင့်ပိုအင်းက ခင်ဗျားတို့ပြောသလို အရှည်အရှင်းရှိမယ်ဆိုရင် လူယုတ်မာကြီးရွှေလင်းယုန် ဖမ်းဆီးထားတာ ခင်ဗျားအဖေမဟုတ်ဘဲ ခင်ဗျားဦးလေးပဲ ဖြစ်မယ်ဆိုတာ ရိပ်စားမိနိုင်တယ်။ ကျုပ်အထင်တော့ ပန်းကိုးပွင့်တွေဖမ်းထားတာ သမားတော်ကြီး ဦးလောဘ ဖြစ်လိမ့်မယ်၊ ခင်ဗျားတို့သားအဖချင်းပဲ၊ ကိုယ့်အဖေကို အဖေမှန်း သေသေချာချာ မသိနိုင်ဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက လက်ဖျစ်တီး၍

" ဟုတ်ပြီ၊ ကျုပ်အဖေနဲ့ ကျုပ်ဦးလေးကို ခွဲခြားနိုင်တဲ့ အချက်တစ်ချက်ရှိတယ်၊ အဲဒါက သူတို့နှစ်ယောက်ရဲ့ ဆံပင်ပုံစံပဲ၊ ဦးအောင်မောင်းဟာ အမြဲတန်း ကျုပ်အဖေထက် ဆံပင်ပိုပြီးရှည်တယ်။



ကျုပ်အဖေကတော့ ဦးအောင်မောင်းထက် အမြဲတမ်း ဆံပင်တိုပြီးတိုတယ်၊ အဖေက သပ်သပ်ရပ်ရပ်ကြိုက်တာကိုး "

ဟု ပြောလေ၏။ မိုးမြေကလည်း

" ဒါဆိုရင် ဒီလူကြီးဟာ ဆေးသမားတော်ကြီး ဦးလောဘ ဟုတ်မဟုတ် ခင်ဗျား သေသေချာချာကြည့်လေဗျာ "

ဟု ပြောလေ၏၊ ပေသီးသည် သေသေချာချာကြည့်ပြီးနောက် စိတ်လှုပ်ရှားဟန်ဖြင့်

" ဟာ… ဟုတ်တယ်၊ ဒါဟာ ကျုပ်အဖေ သမားတော်ကြီး ဦးလောဘပဲ၊ ပန်းကိုးပွင့်က မိန်းမတွေက အတော်ဆိုးနေပါလား။ ကျုပ်အဖေလို သူတော်ကောင်း ဆေးဆရာကြီးကိုတောင် ဖြန်ဖေးချုံနေကြပြီ "

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက သက်ပြင်းချ၍

" သူတို့ခေါင်းဆောင်ရဲ့ အသက်အန္တရာယ်ကို အတော်နိုးမှိန်းပြီး ခင်ဗျားအဖေကို အတင်းအဓမ္မဖမ်းဆီးပြီး ဆေးကုနိုင်းတာ ဖြစ်မယ် "

ဟု ပြောလေ၏။

မိုးမြေသည် ထိုသို့ပြောဆိုရင်း လိုဏ်ဂူဝသို့ မျက်လုံးထားကြည့်သောအခါ သလွန်ညောင်စောင်း၏ရှေ့တွင် ရွှေတာလစ်နှင့်တင်ထားသော ယမင်းသူတရုပ်လေးကို တွေ့ရလေ၏။

မိုးမြေက စိတ်လှုပ်ရှားဟန်ဖြင့်

www.burmeseclassic.com

“ဟာ… ဟိုမှာ ကျုပ်မိတ်ဆွေ လူ့ရှစ်ကြီးသုံးယောက်ရဲ့ ယမင်းသူဇာရုပ်လေးပဲ၊ ဒီအရုပ်လေးကို ကျုပ်ဓါတ်ပုံထဲမှာ မြင်ဖူးတယ်၊ ပန်းကိုးပွင့်ခေါင်းဆောင်ရဲ့ သလွန်ညောင်စောင်းထိပ်က ရွှေကလပ်ပေါ်မှာ သေသေချာချာကြည့်၊ ယမင်းသူဇာရုပ်လေးကို တွေ့ရပြီ”

ဟု ပြောလေ၏။ ထိုအခါ ပေသီးက

“ဟင်… ကျုပ်အဖေကို ချုပ်နှောင်ထားတဲ့နေရာနေရာမှာလည်း မြေအိုးကြီးတစ်အိုးပါလား၊ မြေအိုးကြီးကို အောက်က မီးတွေထိုးထားတယ်၊ မြေအိုးထဲမှာ အဖိုးတန်ဆေးမြစ်ဆေးဥတွေ ရှိမယ်ထင်တယ်”

ဟု တအံ့တသြ မှတ်ချက်ချလေ၏။

ထိုအခိုက်မှာပင် ပန်းကိုးပွင့်အဖွဲ့မှ မိန်းမလှတစ်ဦးသည် သလွန်ညောင်စောင်းထက်တွင် လဲလျောင်းနေသော ၄င်းတို့၏ ခေါင်းဆောင် စန္ဒာဒေဝီသခင်မအနီး သွားရောက်ကြည့်ရှုနေလေ၏။

ထိုမိန်းမသည် ပန်းကိုးပွင့်ဂိုဏ်း၏ ဒုတိယခေါင်းဆောင် ဂန္ဓမာဆိုသော မိန်းမပင်ဖြစ်၏။ ထိုမိန်းမသည် စန္ဒာဒေဝီ၏ ကရုဏာသက်ဟန်ဖြင့် သွေးကြောများကို စမ်းသပ်စစ်ဆေးကြည့်၏။

ထိုအခိုက်မှာပင် ပန်းကိုးပွင့်အဖွဲ့ဝင် မိန်းကလေးသုံးဦးသည် ရွှေရောင်သေတ္တာလေးတစ်လုံးကို ယူဆောင်လာကာ သွေးစမ်းနေသော မိန်းမအနီးတွင် ရပ်တန့်လိုက်လေ၏။

ထိုမိန်းမသည် ရွှေရောင်သေတ္တာထဲမှ ရွှေအဆိပ်လေးများကို





ထုတ်၍ စန္ဒာဒေဝီ၏ကိုယ်ခန္ဓာအား အသာအယာထိုးနှိပ်ပေးလေ၏။

ထိုနောက် ကြိုးဖြင့်တုတ်နှောင်ခံရသော သမားတော်ကြီး ဦးလောဘအနီးသို့ လျှောက်လှမ်းလာပြီး

“ဒီမှာ ဦးလောဘ… ရှင်ဟာ သမားတော်တစ်ယောက်ဖြစ်နေပြီးတော့ ဒီလောက်တောင် အကြင်နာတရား ခေါင်းပါးလှရသလား။ ကျွန်မတို့သခင်မဟာ အင်မတန်စိတ်သဘောထားမြင့်မြတ်တဲ့ မိန်းမတစ်ယောက်ပါ၊ သူဟာ လူတွေအားလုံးရဲ့အသက်ကို ကယ်တင်ဖို့ ကြိုးစားခဲ့တယ်၊ တိုင်းရင်းသားတွေကို နယ်စပ်ဓါးပြတွေရဲ့ရန်က ကာကွယ်ပေးခဲ့တယ်၊ ဆင်းရဲနွမ်းပါးသူတွေကို ကူညီခဲ့တယ်၊ သခင်မဆီမှာ ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်အပြည့်ရှိတယ်၊ ပန်းကိုးပွင့်အဖွဲ့ကိုဖွဲ့ပြီး အင်္ဂလိပ်အစိုးရကို တွန်းလှန်ခဲ့တယ်၊ သခင်မရဲ့ အစီအမံကြောင့် အင်္ဂလိပ်အစိုးရဟာ ဘေးဒုက္ခအမျိုးမျိုးကို ကြုံတွေ့ရတယ်၊ ဒီလိုလူမျိုးအပေါ်မှာ ရှင်ဟာ ဆေးသမားတော်တစ်ယောက်ဖြစ်ပြီး ရန်ငြိုးဖွဲ့ရသလား၊ ရှင့်ရဲ့ တစ်ဦးတည်းသောသမီးလေးကို ကျွန်မတို့အဖွဲ့က ပန်းကိုးပွင့်အဖွဲ့ဝင်ဖို့ စည်းရုံးသိမ်းသွင်းခဲ့တာ မှန်တယ်၊ ဒါပေမဲ့… ရှင့်သမီးလေးဟာ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့တာပါ၊ နယ်ချဲ့အလိုတော်ရိတွေကို တွန်းလှန်ချေမှုန်းခဲ့ရတာပဲ၊ ရှင် ဂုဏ်မယူဘူးလား၊ ဒီအတွက်တော့ ကျွန်မတို့သခင်မကို ရန်ငြိုးမဖွဲ့ပါနဲ့ရှင်၊ သခင်မအတွက် လိုအပ်တဲ့ဆေးကုသနည်းစနစ်ကို ကုနိုင်တဲ့လူဟာ ကမ္ဘာပေါ်မှာ ရှင်တစ်ယောက်ပဲရှိတော့တယ်၊ သခင်မ



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကုသဖို့အတွက် စန္ဒာကူးဆေးအစစ်ကိုသာရမယ်ဆိုရင် ရှင့်ထို ဆယ်သက်စားမကုန်တဲ့ စည်းစိမ်ဥစ္စာကိုပေးမှာပါ ”

ဟု တောင်းပန်လေ၏။ ထိုအခါ ဆေးသမားတော်ကြီး ဦးလောဘ က ခေါင်းခါယမ်းလိုက်၍

“ ဒီမှာ မိန်းကလေး၊ ကျုပ်ဟာ ဆေးသမားတော်တစ်ယောက်ပါ၊ မင်းတို့အဖွဲ့ကို ကျုပ်ရဲ့တစ်ဦးတည်းသော သမီးလေးနဲ့ ပတ်သက်ပြီး ရန်ငြိုးဖွဲ့ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ကျုပ်ရဲ့စိတ်က ဒီလောက်ထိ မယုတ်ညံ့ဘူး၊ မင်းတို့ခေါင်းဆောင် စန္ဒာဒေဝီကိုလည်း သူခံစားရတဲ့ ဝေဒနာက သက်သာပျောက်ကင်းစေလိုတဲ့ စေတနာရှိတယ်၊ ဒါပေမဲ့ ကမ္ဘာပေါ်မှာရှားပါးဆုံးဖြစ်တဲ့ စန္ဒကူးအနှစ်ဟာ ကျုပ်ဆီမှာ မရှိတော့ဘူး၊ ဒီဆေးမြစ်ဟာ သူတစ်ပါးရဲ့ ခိုးယူခြင်းကို ခံလိုက်ရတယ်၊ ဒီအတွက် ကျုပ် အလွန်နှမြောတမ်းတဖြစ်မိတယ်၊ ကျုပ်ဆီမှာ ခင်ဗျားတို့ စန္ဒာဒေဝီသခင်မကို ပေးစရာ စန္ဒကူးအနှစ် မရှိတော့ဘူး ”

ဟု ပြောလေ၏။ ထိုအခါ ဂန္ဓမာက ခေါင်းခါပြ၍

“ ရှင့်ရဲ့ရန်ငြိုးရန်စဟာ အတော်ကြီးပါလား၊ ဦးလောဘ… ရှင့်မှာ သမားတော်တစ်ယောက်ရဲ့စိတ်ထားမရှိဘူး၊ သခင်မဟာ ဒီဒဏ်ရာကို အလကားရခဲ့တာမဟုတ်ဘူး၊ နယ်စပ်ဒေသမှာရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတစ်ယောက်ကို အင်မတန်အဆိပ်ပြင်းတဲ့ပင့်ကူတစ်ကောင်က ကိုက် လိုက်မိတယ်၊ သခင်မဟာ ကလေးငယ်အတွက် ကရုဏာသက်လွန်းလို့ ဒီဒဏ်ရာကို လွဲပြောင်းယူခဲ့တာ၊ သခင်မဟာ သူတစ်ပါးအတွက် ရှုံ့လွှတ်



အနစ်နာခံခဲ့လို့ ဒီဒဏ်ရာကိုရခဲ့တာပါ၊ ဒါကြောင့် ရှင့်ရဲ့ရန်ငြိုးရန်စတွေကို မေ့ပစ်ပြီး သခင်မရဲ့အသက်ကိုကယ်ပါ၊ ကျွန်မ အရူးအသွတ်တောင်းပန်ပါ တယ်၊ သခင်မသာ အသက်ရှင်ခွင့်ရမယ်ဆိုရင် ကျွန်မတို့အဖွဲ့က ရှင့်အတွက် ဘာမဆို ဖြစ်အောင်လုပ်ပေးပါ့မယ် ”

ဟု တောင်းပန်လေ၏။

ထိုအခါ ဆေးဆရာကြီး ဦးလောဘက ခေါင်းခါယမ်းလိုက်၍

“ ခက်တာပဲ မိန်းကလေးရယ်၊ မင်းတို့က ကျုပ်ပြောတဲ့စကားကို မှ လက်မခံကြတာကိုး၊ ကျုပ်က စိတ်သဘောထားသေးသိမ်တဲ့ သမားတော် တစ်ယောက်မဟုတ်ဘူး၊ ကျုပ်အရှေ့မှာ ရောဂါဝေဒနာကို အပြင်းအထန် ခံစားနေရတဲ့ လူနာကိုမြင်ရင် ကျုပ် ဆေးမကုဘဲမနေနိုင်ဘူး၊ ကျုပ်သမီးလေး အတွက် ရန်ငြိုးရန်စဖွဲ့ချင်ဖွဲ့မယ်၊ ဒါပေမဲ့ ကျုပ်ဟာ ဆေးသမားတော် တစ်ယောက်ရဲ့ စိတ်ဓါတ်ပျောက်မသွားဘူး၊ ကျုပ်မှာ စန္ဒကူးအနှစ် တကယ်မရှိတော့လို့ပါ၊ ကျုပ်စကားကိုယုံပါ ”

ဟု ပြောလေ၏။

ထိုအခါ ပန်းကိုးပွင့်အဖွဲ့ ခုတိယခေါင်းဆောင် မိန်းကလေး၏မျက်နှာ တင်းမာသွားပြီး ဒေါသတကြီးဟောက်ခေါက်ကာ

“ တောက်… ရှင်ဟာ လူယုတ်မာကြီး၊ ရှင့်မှာ လူစိတ်မရှိဘူး၊ နာမည်ကျော်ဆေးသမားတော်ကြီးတစ်ယောက်လုပ်နေပြီး ဒီလောက်တောင် ရန်ငြိုးရန်စရှိရသလား ”

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမ၏ခါးကြားမှ ဓါးရှည်ကိုထုတ်၍ ဆေးသမားတော်ကြီး ဦးလောဘ၏လည်ကုတ်ပေါ်သို့ တင်လိုက်ကာ

" ဒီမှာ... ကျွန်မရဲ့သခင်မ အသက်သေရရင် ရှင့်ကိုလည်း လွှတ်ပြည်မှာ မထားဘူး။ ကျွန်မ ရှင့်ကို အသေသတ်ပစ်မယ် "

ဟု ခြိမ်းခြောက်လိုက်လေ၏။ ထိုအခါ ဆေးဆရာကြီးဦးလောဘက ခေါင်းခါယမ်းလိုက်၍

" မင်းတို့ဟာ ကျုပ်စကားကိုမှ မယုံတာပဲကိုး၊ ကျုပ် သေရမှာ မကြောက်ပါဘူး။ မင်းတို့လုပ်ချင်ရာကိုသာ လုပ်လိုက်၊ ဆေးသမားတော် တစ်ယောက်ဟာ အမှန်တရားဘက်ကနေ အသက်စေ့သေစ်သွားတာ မင်းတို့ မြင်တွေ့ရလိမ့်မယ် "

ဟု ရဲရင့်သောအမူအရာဖြင့် ပြောလေ၏။ ထိုအခါ စိတ်ဆတ်အေး ရှိသော မိန်းကလေးတစ်ဦးသည် ချူခက်များပါရှိသော ကြာပွတ်တစ်လက် ကို ယူဆောင်လာပြီး

" အစ်မရယ်... ရွှေပြည်အေးတရားဟောနေတာ ကြာပါတယ်။ အဲဒီလူကြီးကို ကြာပွတ်စာကျွေးလိုက်ရင် သူ့ဆီမှာ ဝှက်ထားတဲ့ ဆေးထူး အနှစ်တွေ ထွက်လာမှာပါ "

ဟု ပြောကာ ဆေးဆရာကြီးအား ကြာပွတ်နှင့်ရိုက်ရန် ချိန်ရွယ် လိုက်၏။

ထိုအခါ ၎င်းတို့၏လုပ်ရပ်ကို တစ်ချိန်လုံး ချောင်းမြောင်းကြည့် နေသော ပေသီးသည် မနေနိုင်တော့ပဲ ထိုင်ရာမှထ၍



" ယောကောင်မတွေ... ကျုပ်အမေကို မထိနဲ့၊ နောက်ဆုတ်လိုက်စမ်း "

ဟု အော်ဟစ်ကာ လှူဒုပ်ထဲသို့ ပြေးဝင်သွားလေ၏။ မိုးမြေလည်း ပေသီးနောက်မှ လိုက်ဝင်သွားရ၏။

ထိုအခါ ဦးလောဘက ပေသီးကိုကြည့်၍

" ဟင်... သား... သား လိုက်လာတယ် "

ဟု အံ့ဩဟန်ဖြင့် ပြောလေ၏။ ထိုအခါ ပန်းကိုးပွင့်ဂိုဏ်းဝင် မိန်းကလေးများသည် သဘောပေါက်သွားပြီး မိုးမြေနှင့်ပေသီးကို ကြည့်၍

" သြော်... ရှင်တို့က သူ့ရဲ့ကောင်းတွေကိုး၊ လူယုတ်မာ ဆေးသမားတော်ကြီးကို ကယ်တင်ဖို့ လိုက်လာခဲ့တာပေါ့၊ ဒီမှာ ကျွန်မတို့ဟာ ဒုစရိုက်သမားတွေ မဟုတ်ဘူး။ ဒါပေမဲ့ သခင်မအတွက် ထိုအပ်လို့ လူသတ်ရမယ်ဆိုရင် သတ်ဖို့ဝန်မလေးဘူး၊ ရှင့်အဖေ ဆေးသမားတော်ကြီးက သမားတော်စိတ်မရှိဘူး၊ အင်မတန် စိတ်ခါတ် ဆုတ်ညှိုတယ် "

ဟု ပြောလေ၏။

ထိုအခါ ပေသီးက ပန်းကိုးပွင့်မိန်းကလေးများကို ဒေါသ ထကြီး ကြည့်၍

" မင်းတို့က တယူသန် သိပ်ဆန်လွန်းတယ်၊ ငါ့အဖေဆီမှာ ဆေးထူးအနှစ်မရှိတော့တာ တကယ်အမှန်ပဲကွ၊ မင်းတို့ဟာ မိန်းမခေဝီ

www.burmeseclassic.com



ကို တရားလွန်ကိုးကွယ်ပြီး အမှန်တရားကို မမြင်နိုင်ဘူး ဖြစ်နေကြတယ်၊ ငါ့အဖေကို အခုချက်ချင်းလွှတ်ပေး ”

ဟု တောင်းဆိုလေ၏။

ထိုအခါ စန္ဒာဒေဝီ၏ လက်ထောက်မိန်းကလေးက

“ လုံးဝလွှတ်မပေးနိုင်ဘူး၊ ရှင့်အဖေဆီက စန္ဒကူးအနံ့ မရမချင်း ရှင်တို့အားလုံး ဒီလိုဏ်ဂူထဲက အသက်ရှင်ရက် ပြန်ထွက်သွားရမယ်မထင်နဲ့၊ ကျွန်မတို့ သခင်မအတွက် ဘာမဆို လုပ်ရဲတယ် ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးက လက်သီးဆုပ်၍

“ ဒီမှာ၊ ငါတို့ကလည်း ငါ့တို့အဖေအတွက်၊ ဘယ်ကိစ္စကိုမဆို စွန့်စားဖို့အသင့်ပဲ ”

ဟု ဆိုကာ ဖခင်၏အနီးသို့ တိုးကပ်ရန်ပြင်လိုက်၏။

ထိုအခါ ပန်းကိုးပွင့်အဖွဲ့ဝင် မိန်းကလေးနှစ်ယောက်သည် ပေသီးကို ဝင်ရောက်တိုက်ခိုက်လေ၏။

ထိုအချိန်မှစ၍ မိုးမြေနှင့်ပေသီးတို့သည် ပန်းကိုးပွင့်အဖွဲ့ဝင် မိန်းကလေးများနှင့် တိုက်ခိုက်ရလေ၏။

ပန်းကိုးပွင့်ဂိုဏ်းဝင်မိန်းကလေးများသည် ကိုယ်ခံပညာကို ကျွမ်းကျင်ကြသော်လည်း မိုးမြေနှင့် ပေသီး၏ပညာနှင့် မယှဉ်နိုင်သဖြင့် တဖြည်းဖြည်း အထိအခိုက် များလာလေ၏။





မိုးမြေတို့သည် ပန်းကိုးပွင့်မိန်းကလေးများအား အသက် အန္တရာယ်မထိခိုက်အောင် သတိထား၍ တိုက်ခိုက်၏။ နောက်ဆုံးတွင် ပန်းကိုးပွင့်ဂိုဏ်း၏ ဒုတိယခေါင်းဆောင်မိန်းကလေးသည် ဓါးရှည် နှစ်လက်ကို ကိုင်၍ ဝင်လာ၏။

ဂန္ဓမာနှင့် မိုးမြေသည် ထိပ်တိုက်ရင်ဆိုင်ရပြီး၊ သူမ၏ ကိုယ်ခံ ပညာမှာ အလွန်ကောင်းကြောင်းတွေ့ရ၏။

ထိုအချိန်တွင် ပေသီးမှာလည်း ပန်းကိုးပွင့်ဂိုဏ်းက အဆင့်မြင့် သော မိန်းကလေးတစ်ဦးနှင့် အပြင်းအထန် တိုက်ခိုက်နေရ၏။

ကျန်သော မိန်းကလေးအချို့မှာ ထိခိုက်ဒဏ်ရာရသွားသဖြင့် တိုက်ပွဲအတွင်းမှ နောက်ဆုတ်သွားကြလေ၏။

ပေသီးနှင့်တိုက်ခိုက်နေသော မိန်းကလေးမှာ ဆူးခက်များပါ သော ကြာပွတ်ကို ကိုင်တွယ်ကစားပြီး သူမရဲ့ကြာပွတ်ကစားဟန်မှာ အလွန်ကြောက်မက်ဖွယ်ကောင်း၏။

သူမ ကိုင်စွဲထားသော ကြာပွတ်မှာ ဆူးခက်များနှင့်ခြစ်မိလျှင် စန္ဒာကိုယ်တစ်ခုလုံး စုတ်ပြတ်သွားနိုင်လေ၏။

စန္ဒာဒေဝီ၏လက်ထောက် ဂန္ဓာမာ၏ ဓားရှည်နှစ်လက်မှာ လည်း အလွန်ကြောက်မက်ဖွယ်ကောင်း၏။

မိုးမြေသည် သူမတို့ကို သတိကြီးစွာထား၍ ခုခံကာကွယ်ရလေ ၏။ ၎င်းတို့၏ တိုက်ခိုက်မှုဒဏ်ကြောင့် လိုဏ်ဂူတစ်ခုလုံး ထိခိုက် နာကျင်သံ၊ ပြိုလဲသံ၊ ဓားသံဖြင့် ဆူညံပွက်၍ နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် သတိမေ့နေဟန်ရှိသော စန္ဒာဒေဝီသခင်မ သည် သတိပြန်လည်လာပြီး တိုက်ခိုက်နေသူများကို ကြည့်ကာ လတ်တာပြု၍

" အားလုံး ရပ်လိုက်စမ်း၊ ငါ့အတွက် ဘာကြောင့် ဒီလောက် သွေးချောင်းစီးတဲ့တိုက်ပွဲတွေ ဖြစ်ချင်ရတာလဲ၊ လူတစ်ယောက်သေဖို့ ရှင်ဖို့အတွက် မွေးကတည်းက ကံကြမ္မာက အကုန်ပါလာပြီးသား၊ ငါ့အတွက်ကြောင့် မင်းတို့တိုက်ခိုက်လို့ ငါအသက်ရှင်ခွင့်ရမယ် ဆိုရင်လည်း မင်းတို့ကြောင့် မဟုတ်ဘူး၊ ကံကြမ္မာက အလိုလို ပါလာပြီးသားတွယ်၊ ဒါကြောင့် သွေးချောင်းစီးတိုက်ပွဲတွေကို ရပ်လိုက်စမ်းပါ "

ဟုအမိန့်ပေးလိုက်ရာ ပန်းကိုးပွင့်ဂိုဏ်းဝင် မိန်းကလေးများ သည် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ကြလေ၏။

ထို့နောက် ပန်းကိုးပွင့်ဂိုဏ်းချုပ်၏လက်ထောက် ဂန္ဓမာက သခင်မဘက်သို့လှည့်၍

" အို… ဘာပဲဖြစ်ဖြစ် သခင်မအတွက်ဆို ကျွန်မတို့ ဘာပဲလုပ်ရလုပ်ရ လုပ်မယ်၊ ဒီဆေးသမားတော်ကြီးဟာ ဆေးသမား တော်တစ်ယောက်ရဲ့ မြင့်မြတ်တဲ့စိတ်မရှိဘူး၊ ကျွန်မတို့အဖွဲ့ကို ရန်စထားပြီး၊ စန္ဒကူးအနှစ်ကို ထုတ်မပေးတာဘဲ၊ ဒါကြောင့် သူတို့ဆီက ကျွန်မ မရရအောင် တောင်းခွင့်ပြုပါ "

ဟု ပြန်လည်တောင်းပန်လေ၏။



ထိုအခါ စန္ဒာဒေဝီသခင်မက ခေါင်းခါယမ်းလိုက်၍

" ဒီလိုလုပ်ဖို့ မင်းကို ငါခွင့်မပြုနိုင်ဘူး၊ ငါ့အတွက်နဲ့ သွေးချောင်းစီးတိုက်ပွဲတွေ မတိုက်စမ်းပါနဲ့၊ ငါအသက်ရှင်ပြီး ကျန်တဲ့လူတွေ အသက်သေကုန်ရင် ဘာထူးတော့မှာလဲ၊ လူ တစ်ယောက်ရဲ့အသက်တစ်ချောင်းထက် ကျန်တဲ့လူတွေအားလုံးရဲ့ အသက်တွေနဲ့ လဲလှယ်တော့မှာလား "

ဟု ပြောလေ၏။

ထိုအခါ ဂန္ဓမာဆိုသော မိန်းကလေးက

" ဒါဆိုရင် ကျွန်မတို့ရဲ့တိုက်ပွဲကို သခင်မရဲ့အမိန့်အရ ရပ်လိုက် တော့မယ်၊ ဒါပေမဲ့ ကျွန်မမှာ ဒီလူကြီးတွေကို အကြပ်ကိုင်ဖို့ အကြံအစည်တစ်ရပ် ကျန်သေးတယ်၊ ဒီလိုမျိုးအသုံးချလိုက်ရင် ဒီလူကြီးတွေမခံနိုင်ပါဘူး၊ သခင်မအတွက် လိုအပ်တဲ့ စန္ဒကူးအနှစ်ကို ထုတ်ပေးရမှာပါ "

ဟု ပြောရင်းသူမ၏တပည့်တစ်ယောက်ကို မျက်ရိပ်ပြလိုက်ရာ သူမ၏တပည့်သည် လိုဏ်ဂူထဲသို့ဝင်သွားလေ၏။

ခဏကြာလျှင် ထိုမိန်းမသည် ကလေးငယ်တစ်ဦးကို လက်ဆွဲ ခေါ်လာပြီး ကလေးငယ်၏လည်ပင်းကို ဓါးမြှောင်ဖြင့်ထောက်ထား လေ၏။

ထိုကလေးငယ်ကိုမြင်သောအခါ ဆေးဆရာကြီး ဦးသလာဘ သည် မျက်နှာကွက်ခနဲ ပျက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



" ငါ့မြေးလေးဥမ္မာပါလား၊ မင်းတို့ ရက်စက်လှချည်လား။ အပြစ်မဲ့တဲ့ကလေးတစ်ယောက်ကိုတောင် ဓါးစာခံလုပ်ပြီး လိုဏ်ဂူကြီးထဲမှာ ခေါ်ထားသေးတယ် "

ဟု မုန်းတီးဟန်ဖြင့်၊ ပြောဆိုလေ၏။

ထိုအခါ မိုးမြေနှင့်ပေသီးလည်း ကလေးငယ်ကို ကြည့်၍ သနားကရုဏာသက်သွား၏။

ထိုကလေးငယ်သည် ဆေးသမားတော်ကြီးဦးလောဘ၏ မြေးစားထားသော ကလေးငယ်လေးဖြစ်၏။ ထိုအခါ ပန်းကိုးပွင့်အဖွဲ့၏ ဒုတိယခေါင်းဆောင်မိန်းမက

"ကဲ… ဦးလောဘ၊ ရှင့်ဆီမှာရှိတဲ့ စန္ဒကူးအနှစ်ကို ထုတ်ပေးမလား၊ ယောဒီကလေးကို အသေခံမလား "

ဟု မေးလေ၏။ ထိုအခါ ဦးလောဘက

" မင်းတို့ အတော်ယုတ်ညံ့လှချည်လား "

ဟု အော်ဟစ်ပြောဆိုလေ၏။ သို့သော် ပန်းကိုးပွင့်ဂိုဏ်းဝင်မိန်းမက တဟားဟား ရယ်မော၍

" ဟား… ဟား… ဟား… ကျွန်မတို့ကို ယုတ်ညံ့တယ်လို့ဆိုဆို သခင်မအသက်ရှင်ဖို့အတွက် လုပ်ရမှာပဲ၊ ရှင်ဟာ ရန်ငြိုးရန်စကြီးလွန်းအားကြီးတယ်၊ ဒါကြောင့် ရှင့်မြေးလေးကို ဘေးဒုက္ခမရောက်စေချင်ရင် စန္ဒကူးအနှစ်ကို ထုတ်ပေးပါ "

ဟု ပြောကာ ထိုကလေးငယ်အား ဓါးဖြင့် ထောက်ထားခြင်း





ထို လွှတ်ပေးလိုက်သောအခါ ကလေးငယ်သည် ဘိုးဘိုးဟု အော်ဟစ်ကာ ဆေးဆရာကြီး ဦးလောဘဆီသို့ ပြေးလေ၏။

ထို့နောက် ဦးလောဘအား ဖက်ထားလိုက်လေ၏။ ဦးလောဘသည် ကြိုးတုတ်ခံထားရသော လက်နှစ်ဖက်ဖြင့် ကလေးငယ်အား ပြန်လည်ပွေ့ဖက်ထားလိုက်ပြီး

" မြေးလေး၊ မြေးလေး၊ အဘိုးအတွက်နဲ့ ငါ့မြေးလေး ဓါးစာခံဖြစ်ရရှာတယ် "

ဟု ဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ပေသီးသည် စိတ်မထိန်းနိုင်တော့ပဲ အနီးရှိ ကျောက်တုံးကြီးပေါ်သို့ လွှားခနဲခုန်တက်ပြီး ကလေးငယ်ကို ကယ်တင်ရန် ဦးလောဘရှေ့သို့ တစ်ပတ်ကျွမ်းပစ်ပြီး ခုန်ချလိုက်၏။

ပန်းကိုးပွင့်ဂိုဏ်းမှ ခေါင်းဆောင်ဖြစ်သူ ဂန္ဓမာဆိုသော မိန်းမသည် လွန်စွာလျင်မြန်ပြီး ကျောက်တုံးပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ ကျလာသော ပေသီးအား ဆီးကြို၍ ဓါးနှစ်လက်ဖြင့် တိုက်ခိုက်လိုက်သောအခါ ပေသီးသည် ရှေ့မတိုးသာပဲ နောက်သို့ ပြန်လည်ဆုတ်ခွာလိုက်ရလေ၏။

ပေသီးသည် ဒေါသတကြီးဖြင့်

" ခင်ဗျား အတော်ယုတ်မာတဲ့မိန်းမပဲ၊ ဒါလား နယ်ချဲ့ကိုအားကိုးတဲ့မိန်းမ၊ ခင်ဗျားတို့က ဉာဏ်နီဉာဏ်နက်တွေများတယ်၊ ယုတ်မာကောက်ကျစ်တယ်၊ အပြစ်မဲ့တဲ့ကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဓါးစာခံ လုပ်ထားတယ်၊ အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့ လူတွေပဲ ''

ဟု ပြောလေ၏။ ထိုအခါ ဂန္ဓမာဆိုသော မိန်းမသည် တဟားဟား ရယ်မော၍

'' ဟား… ဟား… ဟား… ရှင်ဘယ်လိုပဲထင်ထင် ကျွန်မတို့ ဂရုမစိုက်ဘူး၊ ကျွန်မတို့ သခင်မအတွက် ကျွန်မတို့အသက်ကို ဘာပဲလုပ်ရလုပ်ရ လုပ်ဝံ့တယ်၊ ကျွန်မတို့ဟာ မိန်းမလူဆိုးကြီးတွေရယ် လို့ ရာဇဝင်တွင်ရင် တွင်သွားပါစေ၊ သခင်မအတွက်ဆိုရင် ကျွန်မတို့ လူဆိုးအဖြစ်ခံနိုင်တယ် ''

ဟု ပြောလေ၏။

မိုးမြေနှင့်ဇေသီးသည် ခန္ဓာကိုယ်များတွင် ဒဏ်ရာကိုယ်စီရ၍ သွားသဖြင့် ပန်းကိုးပွင့်အဖွဲ့မှ ကိုယ်လွတ်ရုန်းပြီး တိုက်ခိုက်လျက် ပြေးနိုင်၏။

ဆေးသမားတော်ကြီး ဦးလောဘနှင့် မြေးကလေးမှာ ဓါးစာခံ ဖြစ်နေသောကြောင့် အခက်တွေ့နေ၏။

ထိုစဉ် ပန်းကိုးပွင့်ဂိုဏ်း၏ ဂန္ဓမာဆိုသောမိန်းမက ဦးလောဘ ၏ အနီးတွင်ရောက်နေသော ကလေးငယ်ကို ချုပ်ကိုင်လိုက်ပြီး ထိုနေရာမှ ဆွဲခေါ်လေ၏။

ကလေးငယ်သည် သမားတော်ကြီး ဦးလောဘကို ဖက်ထား လိုက်ပြီး



'' ဘိုးဘိုးရဲ့ပဲနေမယ်၊ ဘိုးဘိုးရဲ့ပဲနေမယ်၊ ကျွန်မကို မခေါ်ပါနဲ့ ကျွန်မကို မခေါ်ပါနဲ့၊ အခေါ်ရယ် တောင်းပန်ပါတယ်၊ ဘိုးဘိုးရဲ့ပဲ နေပါရစေ ''

ဟု သနားစဖွယ် အော်ဟစ်တောင်းပန်လေ၏။

ဂန္ဓမာဆိုသော မိန်းမသည် ကလေးငယ်၏အော်ဟစ်သံကြောင့် စိတ်ချက်ချင်း တွေဝေသွားသလိုရှိသော်လည်း အံကိုကြိတ်၍

'' ဟဲ့ကောင်မလေး စကားမရှည်နဲ့၊ ဒီကိုပြန်လာစမ်း ''

ဟု ဆိုကာ ကလေးငယ်အား တရွတ်တိုက်ဆွဲခေါ်သွားလေ၏။

ကလေးငယ်သည် တရွတ်တိုက်ဆွဲခေါ်ခြင်းခံရသဖြင့် ဂန္ဓမာ၏ အထံသို့ပါလာလေ၏။ ကလေးငယ်သည် သနားစဖွယ် ငိုယို၍ တောင်းပန်ရှာ၏။

ကလေးငယ်သည် ဆေးများကို ကျိုစဝ်ထားသော မြေအိုးကြီး ကို အတင်းလက်ဖြင့် ဖက်ထားလိုက်ပြီး ဂန္ဓမာ၏လက်မှ ရုန်းကန် လေ၏။

မြေအိုးကို အောက်မှ မီးထိုးထားသောကြောင့် ပူလောင်နေ သော်လည်း ကလေးငယ်သည် သူမ၏ရှိသမျှအင်အားလေးဖြင့် မြေအိုး နှုတ်ခမ်းကို အတင်းဆုပ်ကိုင်ထားရှာ၏။

ဂန္ဓမာသည် ကလေးငယ်၏အပြုအမူကို ကြည့်၍ စိတ်မထိန်း နိုင်တော့ဘဲ ဟောက်ခေါက်လိုက်

'' ဟောက်… ဒီကောင်မလေး အတော်ခေါင်းမာတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



လာစမ်းဆိုတာ မရှာဘူးလား ”

ဟု ဒေါ်သတကြီး အော်ဟစ်ကာ ကလေးငယ်အား ဆောင့်ချလိုက်ရာ ကလေးငယ်သည် ဂန္ဓမာ၏လက်တွင်ပါလာပြီး မြေကြီးပေါ်သို့ ဝမ်းလျားမှောက်လဲသွားလေ၏။

ထိုအခိုက်မှာပင် သလွန်ပေါ်၌ လဲလျောင်းနေသော စန္ဒာဒေဝီသခင်မသည် လဲလျောင်းနေရာမှ ထ၍ရပ်လိုက်ပြီး သလွန်ညောင်စောင်းထိပ်ရှိ ငွေရောင်ဓားရှည်တစ်လက်ကို ဆွဲထုတ်ကာ

“ ဂန္ဓမာ… ညည်းရပ်လိုက်စမ်း၊ ငါ့စကားကို မနာခံဘူးလား၊ ယန်းကိုးပွင့်ဝိုဏ်းမှာ ငါ့စကားကို ဘယ်သူပယ်ရှားဝံ့လို့လဲ၊ အခုတော့ ငါက ရောဂါဝေဒနာနဲ့ အိပ်ရာမှာလဲနေပြီဆိုတော့ ညည်းက ငါ့စကားကို ပယ်ရှားဝံ့နေပြီပေါ့ ”

ဟု ပြောလိုက်ရာ ဂန္ဓမာသည် သူမအား ဓါးရှည်ဖြင့် ချိန်ရွယ်ထားသော စန္ဒာဒေဝီကိုကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

“ မဟုတ်ဘူး သခင်မ၊ မဟုတ်ဘူး၊ ကျွန်မ သခင်မရဲ့ စိုးရိမ်လွန်း လို့ပါ၊ သခင်မအတွက် ကျွန်မတို့အားလုံး အသေခံဖို့ အသင့်ပဲ၊ သခင်မကို ကျွန်မတို့ရှိနေရက်နဲ့ ဘယ်လိုမှ အသေမခံနိုင်ဘူး ”

ဟု ပြောလေ၏။ ထိုအခါ စန္ဒာဒေဝီက ဂန္ဓမာကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး





“ မင်းတို့အားလုံး မှားနေပြီ၊ တကယ်တော့ သေခြင်းရှင်ခြင်းဆိုတာ လုပ်ယူလို့မရဘူး၊ ဒီကမ္ဘာလောကကြီးကို ငါရောက်ပြီဆိုကတည်းက သေခြင်းရော ရှင်ခြင်းရော ငါ့မှာရှိနေပြီပဲ၊ သေခြင်းနဲ့ရှင်ခြင်းကို မင်းတို့လည်း လုပ်လို့မရဘူး၊ ငါလည်း လုပ်လို့မရဘူး၊ လူတစ်ယောက်ဟာ ဘယ်အချိန်မှာ ရှင်မယ်၊ ဘယ်အချိန်မှာ သေမယ်ဆိုတာ ကံကြမ္မာက အလိုလိုစီမံထားပြီးသားပဲ၊ ဒါကြောင့် မင်းတို့အားလုံး ငါ့အတွက် ကြိုးစားရုန်းကန်နေတာကို ရပ်လိုက်ပါ၊ ငါ့ရဲ့အမိန့်ကို မနာခံဘူးဆိုရင် မင်းတို့ကို ငါကိုယ်တိုင် အပြစ်ပေးရလိမ့်မယ်၊ ယန်းကိုးပွင့်ဝိုဏ်းက အပြစ်ဒဏ်ဘာလဲဆိုတာ မင်းတို့အားလုံး သိပြီးသားပဲ၊ ငါ့စကားကို နားမထောင်တဲ့လူဟာ သေဒဏ်ပဲ ”

ဟု ပြောလိုက်ရာ ဂန္ဓမာဆိုသောမိန်းမသည် စန္ဒာဒေဝီသခင်မထံ ရှိဝေသောမျက်လုံးများဖြင့် ကြည့်၍ မျက်ရည်များစီးကျလာပြီး ရှုံ့မဲ့စိတ်ထိခိုက်ကြေကွဲဟန်ဖြင့်

“ ကျွန်မတို့ သခင်မကို အဆုံးအရှုံးမခံနိုင်ဘူး၊ သခင်မ မရှိရင် ကျွန်မတို့ဘဝဟာ အဓိပ္ပါယ်မရှိတော့ဘူး ”

ဟု ပြောလေ၏။ ထိုအခါ စန္ဒာဒေဝီက ခေါင်းခါယမ်းလိုက်ပြီး

“ ဘဝမှာ လျှောက်ဖို့လမ်းမရှိဘူး၊ လျှောက်ခြင်းပဲရှိတယ်၊ လူဆိုတာ လမ်းမရှိတဲ့လမ်းမှာ လျှောက်လှမ်းနေတဲ့ မရေရာသေချာတဲ့သတ္တဝါ တစ်ယောက်ပါ၊ ဒါကို မင်းတို့အားလုံး သိနားလည်ပါ၊ ဘဝမှာ လမ်းမရှိဘူး၊ ဒါကြောင့် လျှောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေကို လှမ်းမျှော်ကြည့်ဖို့ မကြိုးစားနဲ့၊ မင်းတို့ကြည့်ရင် မောတာပဲ အဖတ်တင်လိမ့်မယ်၊ ကဲ… မင်းတို့ အားလုံး ငါ့စကားကို နားထောင်ပြီး ဆေးဆရာကြီးနဲ့ သူ့ရဲ့မြေးလေးကို ပြန်လွှတ်ပေးလိုက်ပါ၊ မင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရသွားတဲ့ ညှိသည် နှစ်ယောက်ကိုလည်း တောင်းပန်ပြီး ဆေးကုသပေးလိုက်ပါ၊ ငါ သေသွားခဲ့ရင်တောင် ပန်းကိုးပွင့်ဂိုဏ်းဟာ အမည်းစက်မထင်စေနဲ့၊ မင်းတို့ရဲ့ လုပ်ရပ်ကြောင့် ပန်းကိုးပွင့်ဂိုဏ်း အမည်းစက်ထင်ခဲ့ရင် ငါတို့ရဲ့ဂုဏ်သိက္ခာ ကျဆင်းလိမ့်မယ် ”

ဟု ပြောလေရာ ပန်းကိုးပွင့်ဂိုဏ်း၏ ဒုတိယခေါင်းဆောင် ဂန္ဓမာဆိုသော မိန်းမသည် မည်သို့မျှမတတ်နိုင်တော့ပဲ သူမလက်ထဲရှိ ဓါးကို မြေပြင်ပေါ်သို့ ထိုးစိုက်လိုက်ပြီး တအင့်အင့် ရှိုက်ငိုနေလေ၏။

ကျန်သော မိန်းကလေးအားလုံးလည်း စိတ်ထိခိုက်ကြေကွဲဟန် ဖြင့် ငိုယိုကြလေ၏။ ပန်းကိုးပွင့်ဂိုဏ်းဝင် မိန်းကလေးများသည် ဦးလောဘအား ချည်နှောင်ထားသော ကြိုးများကို ပြန်လည်၍ ဖြည်ပေးလိုက်လေ၏။

ထိုအခါ သမားတော်ကြီး၏မြေးမလေးသည် သမားတော်ကြီး ကို ပြေးဖက်ပြီး ဝမ်းနည်းကြေကွဲဟန်ဖြင့် ငိုယိုလေ၏။

သမားတော်ကြီး ဦးလောဘသည် ဝေဒနာခံစားနေရသော စန္ဒာ ဒေဝီကို ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်လေ၏။ စန္ဒာဒေဝီသည် စိတ်လှုပ်ရှားမှုကြောင့် သူမ၏နှုတ်ခမ်းမှ သွေးများအန်ကျလာပြီး





သလွန်ညောင်ခေါင်းပေါ်တွင် လဲနေရ၏။

သမားတော်ကြီး ဦးလောဘသည် စန္ဒာဒေဝီအတွက် သနား ကရုဏာသက်လှ၏။ မိမိတတ်ကျွမ်းသော ဆေးဆရာအတတ်ဖြင့် စန္ဒာဒေဝီကို ကယ်တင်ပေးချင်သော်လည်း လွန်စွာရှားပါးသော စန္ဒကူးအနှစ်မှာ မိမိ၌မရှိတော့ချေ။

ထိုအခိုက်မှာပင် ဆေးဆရာကြီး ဦးလောဘသည် ဆေးရည် များကို စိမ်ထားသော မြေအိုးအတွင်းသို့ ကြည့်လိုက်ပြီး စိတ်လှုပ်ရှား ဟန်ဖြင့်

“ ဒီမြေအိုးထဲက ဆေးတွေ ဘာကြောင့်အရောင်ပြောင်းသွား ရတာလဲ၊ ဘာဖြစ်တာလဲ မသိဘူး၊ ထူးဆန်းလိုက်တာ ”

ဟု ဆိုကာ မြေအိုးအနီးသို့ ပြေးသွားလေ၏။ ထို့နောက် မြေအိုးအတွင်းရှိ ယောက်ချိုကြီးဖြင့် မြေအိုးအတွင်းရှိ ဆေးရည်များကို မွှေပြီးခပ်လိုက်၏။

ထို့နောက် ဆေးရည်များကိုကြည့်ကာ အလွန်စိတ်လှုပ်ရှား ဟန်ဖြင့်

“ ဟာ… မြေအိုးထဲမှာ စန္ဒကူးအနှစ်တွေရောက်နေတယ်၊ ဘယ်လိုရောက်လာတာလဲ ”

ဟု ဆိုကာ ပန်းကိုးပွင့်ဂိုဏ်းဝင် မိန်းကလေးများဘက်သို့ လှည့်၍

“ ဟော့ဒီမှာ… ဒီဆေးရည်နဲ့ မင်းတို့သခင်မရဲ့အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကယ်လို့ရနေပြီကွ ”

ဟု ဝမ်းသာအားရ အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ ဂန္ဓမာဟူသော မိန်းမသည် မြေအိုးအနီးသို့ စိတ်လှုပ်ရှားဟန်ဖြင့် ပြေးလွှားလာပြီး

“ ဘာ… ရှင် ဘာပြောတယ်၊ ဒီဆေးရည်တွေနဲ့ ကျွန်မတို့ သခင်မအသက်ကို ကယ်လို့ရနေပြီ ဟုတ်လား၊ ဆေးထဲမှာ စန္ဒကူးအနှစ်မပါဘဲ ဘယ်လိုလုပ် သခင်မရဲ့အသက်ကို ကယ်လို့ရမှာလဲ”

ဟု နားမလည်ဟန်ဖြင့် ပြန်လည်မေးမြန်းလေ၏။ ထိုအခါ သမားတော်ကြီး ဦးလောဘက

“ ဟော့ဒီဆေးရည်ကို ကြည့်စမ်း၊ ဆေးရည်ရဲ့ အရောင်ဟာ အနီရောင်သမ်းနေပြီ၊ ဒီဆေးရည်အနံ့ကိုကြည့်စမ်း၊ အဲဒါ စန္ဒကူးဆေးရဲ့အနံ့ကွ၊ ဒီဆေးထဲမှာ စန္ဒကူးအနှစ်ရှိနေပြီ၊ ဟော့ဒီဆေးရည်ကို တိုက်လိုက်ရင် မင်းတို့သခင်မ ခံစားနေရတဲ့ ဝေဒနာ ပျောက်ကင်းသွားလိမ့်မယ်၊ သခင်မကို အမြန်ဆုံးသာ တိုက်လိုက်ပေတော့ ”

ဟု ပြောလေ၏။

ထိုအခါ ပန်းကိုးပွင့်ဂိုဏ်းမှ မိန်းကလေးများသည် မြေအိုးအနီးတွင် ဝိုင်းအုံလာပြီး အလွန်အံ့ဩဟန်ဖြင့်

“ ဟောဒီမြေအိုးထဲမှာ ဘယ်လိုလုပ် စန္ဒကူးအနှစ်တွေ ရောက်နေရတာလဲ၊ ကျွန်မတို့ သခင်မရဲ့ဝေဒနာကို မကြည့်ရက်နိုင်တဲ့ နတ်ကောင်းနတ်မြတ်တွေက မြေအိုးထဲကို စန္ဒကူးအနှစ်တွေ လာထည့်





သွားတာလား ”

ဟု အံ့ဩဟန်ဖြင့် ရေရွတ်ကြလေ၏။ ထို့နောက် [illegible] သဖြင့် ဆူညံစွာ အော်ဟစ်ကြွေးကြော်ကြ၏။

ထိုအခါ ဂန္ဓမာဆိုသော မိန်းမသည် မြေအိုးထဲရှိ [illegible] ကို ကြွေပန်းကန်လေးထဲသို့ ခပ်ထည့်၍ စန္ဒာဒေဝီအား [illegible] ဖြင့်ဆင်လေ၏။

ထိုသို့ ဖြင့်ဆင်ရင်း မြေအိုးထဲမှ အနီရောင်ပုတီးစေ့လေးများကို တွေ့၍ ဆွဲထုတ်လိုက်ပြီး ဆေးရည်ကို ခပ်လိုက်၏။ ထိုပုတီးစေ့လေးများကို သူမ ကောင်းစွာမှတ်မိ၏။

ထိုပုတီးစေ့လေးများသည် ဆေးသမားတော်ကြီး၏ မြေးမလေး ဥမ္မာ၏လက်ကောက်ဝတ်တွင် ဝတ်ဆင်ထားသော ပုတီးလေးဖြစ်၏။ ဦးလောဘသည် ဂန္ဓမာ၏လက်ထဲတွင်ရှိသော ပုတီးလုံးလေးများကို ကြည့်၍

“ ဟင်… ဒီပုတီးလုံးလေးတွေဟာ ကျုပ်ရဲ့မြေးမလေးလက်က ပုတီးလုံးလေးတွေပဲ ”

ဟု ဆိုကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေ၏။ ထို့နောက် စိတ်လှုပ်ရှားဟန်ဖြင့်

“ ဟာ… ကျုပ်သိပြီ၊ ခုနတုန်းက ကျုပ်မြေးမလေးကို ဂုဏ်သော တစ္ဆေတိုက်ဆွဲခေါ်သွားခဲ့တယ် မဟုတ်လား၊ အဲဒီတုန်းက မြေးမလေးဟာ မြေအိုးကို ဖက်ထားတယ်လေ၊ မြေအိုးကိုဖက်ထားရင်းနဲ့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်မှာဝတ်ဆင်ထားတဲ့ ပုတီးစေ့လေးတွေဟာ မြေဖိုးထဲကို ပြုတ်ကျသွားတော့ ဖြစ်မယ်၊ ဒါဆိုရင် မြေးမလေးရဲ့ပုတီးကုံးလေးတွေထဲမှာသီထားတဲ့ ပုတီးလုံးလေးတွေထဲက စန္ဒကူးနံ့ပါသွားတယ်ထင်တယ် ”

ဟု ပြောလေ၏။ ထိုအခါ ဦးလောဘ၏ မြေးမလေးက ဝင်ရောက်လာပြီး

“ ဒီလိုပါ ဘိုးဘိုး၊ တစ်ခါတုန်းက သမီးရဲ့ပုတီးလက်ကောက်လေး ကြိုးပြတ်သွားတယ်၊ ဒီလိုကြိုးပြတ်သွားတော့ ပုတီးလေးကိုဆက်ဖို့ ဘိုးဘိုးရဲ့ဆေးသိုလှောင်ခန်းထဲကို ရောက်သွားတယ်၊ ဒီအခါမှာ ဆေးသိုလှောင်ခန်းထဲက ပိုးကြိုးအနီလေးကိုရလို့ ပုတီးကုံးကို ကြိုးပြန်ဆက်နိုင်ခဲ့တယ်၊ ဒီလိုဆက်ရင်း အလွန်မွေးကြိုင်တဲ့ အနီရောင်ဆေးမြစ်တုံးလေးကို မြင်တာနဲ့၊ ကြိုက်လွန်းလို့ ဆေးမြစ်တုံးလေးကို အပေါက်ဖေါက်ပြီး ပုတီးမှာ သီထားခဲ့တယ်၊ အဲဒီအချိန်ကစပြီး သမီးရဲ့ပုတီးလက်ကောက်လေးဟာ အရမ်းမွှေးတာပဲ၊ သမီးဟာ ပုတီးလေးရဲ့အနံ့ကို ကြိုက်လွန်းလို့ ပြယ်သွားမှာစိုးပြီး ကြိုက်လွန်းလို့ ထုတ်မဝတ်ဘဲ သိမ်းထားခဲ့တယ်၊ ဒီပုတီးလေးကို အခုမှပြန်ဆွဲရတာပဲ”

ဟု ပြောလေ၏။

ထိုအခါ ဆေးသမားတော်ကြီးသည် အားလုံးကို သဘောပေါက်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ

“ ဪ ကျုပ်ရဲ့အလွန်အဖိုးတန်တဲ့ စန္ဒကူးနီလေးကို





သူခိုးခိုးခံရပြီထင်တာ၊ တကယ်တော့ သူခိုးခိုးမခံရဘဲ ကျုပ်မြေးလေးရဲ့လက်က ပုတီးလက်ကောက်လေးထဲကို ရောက်နေတာကိုး။ ဒါကြောင့်ကျုပ်ရဲ့ ဆေးသိုလှောင်ခန်းဟာ သူခိုးတွေရဲ့ ဖောက်ထွင်းတဲ့လက်ရာမတွေ့ရဘဲနဲ့ စန္ဒကူးဆေးနှစ်လေးဟာ ပျောက်ဆုံးသွားခဲ့တာကိုး၊ အခုတော့ စန္ဒာဒေဝီအတွက် အလွန်လိုအပ်တဲ့ စန္ဒကူးဆေးအနှစ်ရတဲ့အတွက် အလွန်ကောင်းသွားပြီ၊ စန္ဒာဒေဝီ အသက်မသေနိုင်တော့ဘူး ”

ဟု ပြောလေ၏။ ထို့နောက် စန္ဒာဒေဝီရှိရာသို့ သွားရောက်ကြည့်ရှုလေ၏။

ထိုအချိန်တွင် စန္ဒာဒေဝီသည် ဂန္ဓမာတိုက်သော ဆေးရည်များကို တစ်ဇွန်းနှစ်ဇွန်းသောက်သုံးပြီး ရောဂါဝေဒနာများ သက်သာသွားသလိုရှိ၏။

စန္ဒာဒေဝီသခင်မသည် လှဲနေရာမှ အားယူ၍ထထိုင်လိုက်ပြီး

“ စန္ဒကူးဆေးရဲ့အစွမ်းဟာ အလွန်ထူးခြားတာပဲ၊ ကျွန်မဆေးကို တစ်ခွက်ပဲ သောက်ရသေးတယ်၊ ရောဂါဝေဒနာတွေအတော်သက်သာသွားတယ်၊ ရင်ထဲမှာ အသက်ရှူမဝသလို ဖြစ်နေတာတွေလည်း တဖြည်းဖြည်း ရှောပါးသွားတယ် ”

ဟု ပြောလေ၏။

ထိုအခါ ဆေးသမားတော်ကြီး ဦးလောဘက ခေါင်းညိတ်၍

“ စန္ဒကူးဟာ အဆိပ်တကာတို့ရဲ့ ဘုရင်ပဲ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ရောဂါဝေဒနာ သက်သာပျောက်ကင်းရတာပဲ ”

ဟု ပြောလေ၏။

မိုးမြေနှင့်ပေသီးသည် စန္ဒာဒေဝီသခင်မ၏ ထူးဆန်းသော ထံကြွမှုကိုကြည့်၍ များစွာအံ့ဩနေမိ၏။

မိုးမြေကသက်ပြင်းချ၍

“ စန္ဒာဒေဝီသခင်မရဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် သူ့အတွက်လိုအပ်တဲ့ စန္ဒကူးဆေးအနှစ်ဟာ သူ့ဆီကို တိုက်တိုက်ဆိုင်ဆိုင် ရောက်သွားရတာပဲ ”

ဟု ပြောလေ၏။

ထိုအခါ ပေသီးကလည်း ဝင်ရောက်၍

“ ဟုတ်တယ်၊ စန္ဒာဒေဝီသခင်မအတွက် နတ်ကောင်းနတ်မြတ်တွေက၊ စန္ဒကူးဆေးအနှစ်ကို ရှာဖွေပေးလိုက်တယ်လို့တောင် ပြောနိုင်တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ စန္ဒကူးဆေးအနှစ်က ကလေးမလေး ဥမ္မာဆီကို ရောက်နေတာကိုး၊ အတော်အံ့ဩဖို့ကောင်းတယ်၊ စန္ဒာဒေဝီရဲ့ရောဂါဝေဒနာ ပျောက်ကင်းသွားပြီဆိုရင် ခင်ဗျားရှာနေတဲ့ ယမင်းသူစာရုပ်လေးကို ပန်းကိုးပွင့်ပိုင်းက ပြန်ပေးမှာပဲ ”

ဟု ပြောလေ၏။ ထိုအခါ မိုးမြေက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ကျုပ်မိတ်ဆွေလူ့ဥစာကြီးသုံးယောက်ဆီက ငှားရမ်းသွားတဲ့ ယမင်းသူစာရုပ်လေးကို ပြန်ရလိမ့်မယ်၊ စန္ဒာဒေဝီဟာ ယမင်းသူစာရုပ်လေးအစွမ်းနဲ့ ဆေးကုစရာမလိုတော့ဘူး၊ ကျုပ်ရဲ့





တာဝန်တစ်ရပ်တော့ ပြီးပြီပေါ့ ”

ဟု ပြောလေ၏။ ထိုအခါ ပေသီးကဝင်ရောက်၍

“ ခင်ဗျားရှာဖွေနေတဲ့ ယမင်းသူစာရုပ်လေးကို ပြန်ရတာတော့ ဟုတ်ပါပြီ၊ ခင်ဗျားဆီမှာ သိမ်းထားတဲ့၊ ပုဂံမင်းကိုင်ဆောင်ခဲ့တဲ့ သန်လျက်ဆိုတာကို ခင်ဗျားဘယ်သူ့ဆီမှာ အပ်နှံမှာလဲ၊ အခုအချိန်အထိ ယုံကြည်စိတ်ချရတဲ့လူမတွေ့သေးဘူးလား ”

ဟု မေးမြန်းလေ၏။

ထိုအခါ မိုးမြေကခေါင်းညိတ်၍

“ တွေ့ပါပြီဗျာ၊ ပုဂံမင်းကိုင်ဆောင်ခဲ့တဲ့ သန်လျက်တော်ကို ထိန်းသိမ်းနိုင်တဲ့သူဟာ တစ်ခြားလူမဟုတ်ဘူး၊ စန္ဒာဒေဝီသခင်မပဲ၊ သူမဟာတိုင်းပြည်နဲ့လူမျိုးကိုချစ်တယ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံတယ်၊ နောက်ပြီးတော့ သူ့လက်ထဲမှာရောက်နေတဲ့ သန်လျက်ကိုလည်း ထိန်းသိမ်းနိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်၊ ဒါကြောင့် စန္ဒာဒေဝီသခင်မကို သန်လျက်တော်အပ်နှံဖို့ ဆုံးဖြတ်လိုက်ပြီ ”

ဟု ပြောလိုက်ရာ ပေသီးက ခေါင်းတဆက်ဆက်ညိတ်၍

“ ခင်ဗျားရဲ့ အကြံသိပ်ကောင်းတယ် ”

ဟု ထောက်ခံလိုက်လေတော့၏။

မိုးမြေသည် သူ့ဘဝ၏ အဓိကတာဝန်ကြီးနှစ်ရပ်ပြီး ဆုံးသွားသဖြင့် စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးသွားသယောင် ရှိလေ၏။ ညသို့ဝင်ဖြစ်စေ သူ၏များထဲတွင် စန္ဒာဒေဝီပြောသော



www.burmeseclassic.com

www.burmeseclassic.com



" ဘဝအတွက် လျှောက်ရန်လမ်းမရှိ "

ဟူသော စကားသည့် ပဲ့တင်ထပ်၍ နေလေတော့၏။ လျှောက်ရန်လမ်းမရှိသော ဘဝအတွက် သူတို့ မည်သို့ဆက်လျှောက်ကြမည်နည်း။

မည်သို့ပင်ဖြစ်စေ သူတို့အားလုံး ဘဝဟူသောလမ်းတွင် ဆက်လျှောက်နေဦးမှာ သေချာ၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

အားလုံးအတွက်
မင်းမြတ်သူရ

www.burmeseclassic.com